
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုဏ္ဏာမိ

## ရူးကြသူများ


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၂၅၀၈၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၁၃၁၀၀၇

၂၀၀၇ ခုနှစ် ဒီဇင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၃၃) စေတနာOFFSET
အမှတ်(၅၉) (၁၉)လမ်း ရန်ကုန်။


### နိုင်ငံတော်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ပုဏ္ဏာမိ

# ရူးကြသူများ




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ဗရုတ်

"သူ့အိမ်က လူကြီးတွေကော ..."

"တစ်ယောက်မှ မရှိတော့ဘူးကွ ... အားလုံးထွက်သွားကုန်ကြပြီ ... အိမ်မှာ သူ့တစ်ယောက်တည်းပဲကျန်တာ ... သူလည်း သိပ်မကြာခင်ပဲ အပြင်ထွက်တော့မဲ့ပုံပဲ ... ပြင်ဆင်နေတာ အကျပဲကွ ..."

"ထူးခြားချက် ဘာရှိလဲ ..."

"သူ့လက်ထဲမှာ လိပ်စာကတ်ပြားလေး တစ်ခုတွေ့တယ် ... ကောက်ကိုင်ကြည့်လိုက် ... ပြန်ချထားလိုက် ... လုပ်စရာရှိတာ သွားလုပ်လိုက် ... ပြန်လာယူပြီး ကြည့်လိုက် ... ပြန်ချထားလိုက် လုပ်နေတယ် ... ငါထင်တာတော့ သူအခု အပြင်ထွက်တော့မဲ့ပုံ ပေါက်နေတာ ... အဲဒီလိပ်စာကတ်ဆီကိုပဲ သွားမဲ့ပုံပဲ ...။ ငါထင်ရင် လွဲခဲ့ပါတယ် ... အဲဒါပဲ ဖြစ်မှာပါ ..."

"ဒါတော့ မင်း ပြောမှလား ... ဒီလောက်ကတော့ လူတိုင်းမှန်းနိုင်တဲ့ ကိစ္စမျိုးပဲ ..."

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထဲမှ ... ကျော်မျိုးရဲ့ ဆဲသံတစ်ချက် ထွက်ပေါ်လာပါသည်။

"ငါတို့ အခုလာခဲ့မယ်"

"ငါတို့ ... ? ... ဘယ်သူတွေလဲ ... မင်းတို့ ဘာလုပ်မလို့လဲ ..."

"ငါတို့ပါဆိုမှ အားလုံးပဲပေါ့ ... ဘာလုပ်မလို့လဲ ဆိုတာကတော့ အစီအစဉ်က 'အရှင်'ပဲ ... ဟိုကောင်နဲ့တွေ့ပြီးမှ ဖြစ်လာသလို မီးစင်ကြည့် ကကြမှာပဲ"

"ဟာ ... ဟော့ကောင် ... မင်းတို့"

"မင်းအသံက သိပ်သဘောမတူချင်တဲ့ လေသံ ထွက်နေပါလား ကျော်မျိုး"

"အေးလေ ... မင်းပဲ စဉ်းစားကြည့်ဦး ... ငါက အဲဒီကောင်နဲ့ အိမ်နီးချင်းတွေ ဖြစ်နေကြရတဲ့ဟာ ... နောင်အရှည်တစ်သက် ဒီမျက်နှာနဲ့ ဒီမျက်ခွက် ဆက်ရင်ဆိုင်နေကြရဦးမှာ ...။ သူ့ကိုချောက်ချချင်နေတဲ့ အုပ်စုထဲ သူ့အိမ်နီးချင်း တစ်ယောက်ပါ, ပါနေတယ်ဆိုရင် ... အနေအထားက ဘယ်သိပ်မိုက်မလဲ ... ဒီကောင်ကလည်း နောင်ဆို ... အထူးသဖြင့် ဂရုပြုပြီး ... ငါ့ကိုပဲ အာရုံစိုက်နေတော့မှာ ... မင်းလိုချင်တဲ့ အနီးကပ်လှုပ်ရှားမှုသတင်းမျိုး ... ဘယ်လိုလုပ် ရနိုင်တော့မှာလဲ ..."

"ဟာ ... အေး ... ဟုတ်တယ်။ ဒါဆို ငါတို့လှုပ်ရှားမှဲ့ အစီအစဉ်ထဲ မင်းမပါနဲ့တော့ ကျော်မျိုး ... မင်းအိမ်မှာ မင်းပဲ ... ငြိမ်ငြိမ်နေ ..."



ကျော်မျိုးက သက်ပြင်းကြီးတစ်ချက်ကို တယ်လီဖုန်းထဲသို့ သိသိသာသာကြီး မှုတ်ထည့်လိုက်သဖြင့် ... "စီတြ"က ခပ်မဲ့မဲ့ တစ်ချက်ပြုံးဖြစ်လိုက်ပါသည်။ "စီတြနှင့် ပေါင်းသင်းမိကာမှ သူတို့သားလေးတွေ ပျက်စီးရတာ"ဟု ဆော်ဒါအားလုံးရဲ့ အမေတွေ တက်ညီလက်ညီ ... ကိုယ်စီ မှတ်ချက်ချထားကြတာသည် ... နည်းနည်းတော့ မခံချင်စရာ ကောင်းနေပေမဲ့ ... ပြောသူတွေမှာ အမှား၊ အလွန်မရှိ။ တကယ့်တကယ်ကလည်း ထိုနည်းလည်းကောင်း ... ကောန်အမှန်ပင် ဖြစ်လေတာကိုး ...။

"ကျော်မျိုး"အစချီသော ... ဒီရန်ကုန်က သူငယ်ချင်းတစ်သိုက်တို့သည် ... လူငယ်တွေပီပီ ဟေးလားဝါးလား ကိုယ်စီရှိချင်ကြတာကလွဲလို့ ... မိဘအဆုံးအမ မကင်းကြသော မိကောင်းဖခင် သားသမီးတွေချည်း ဖြစ်ကြလေရာ ... သူတို့ရဲ့ ဟေးလားဝါးလားကိုယ်စီဟာ စီတြ လောက် ဗရုတ်ကျကျ၊ အီလုံး ထွေလုံး၊ ရန်ဖြစ်သန်သန်၊ အငြိုးကြီးကြီး၊ ကပ်တီးကပ်ဖဲ့၊ စိတ်ပုပ်ကောက်ကျစ် ... ဆိုတာမျိုးတွေ တစ်ယောက်မှကို မပါ။ စီတြကသာ ...။

စီတြက မန္တလေးက မိဘနှစ်ပါးနှင့် ရန်ကုန်က အဘိုးအဘွားများထံ တစ်လှည့်စီ၊ တစ်ရာသီစီ သွားလာနေထိုင်နေရင်း ... ရန်ကုန်မှာရော မန္တလေးမှာပါ တွဲဖက်ညီတဲ့ သူငယ်ချင်းများ ရှိရုံသာမက ... ရန်သူတော် အငြိုးအတေးများလည်း... နှစ်မြို့လုံးမှာ အပြည့် ...။

ငယ်ကတည်းက ကျောင်းဖွင့်ရက်တွေဆို မိဘများ ရှိရာ မန္တလေးမှာ၊ နွေကျောင်းပိတ်တွေ၊ ကျောင်းပိတ်ရက်ရှည်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဆို ရန်ကုန်က အဘိုးအဘွားများဆီမှာနေရင်း အဘွားတို့အိမ်သေားခြံက "ဖင်မောင်"နှင့် ပုလင်းတူ ဘူးဆို ... ပလဲနံ့ပသင့်ကြရာ ကစကာ ... ကျော်မျိုး၊ ဖင်မောင်၊ ဝဏ္ဏ စသည့်ကောင်တွေပါသော ...(သူတို့မိခင်များ အဆိုအရ ... လူလိမ္မာလေးတွေ)အုပ်စုထဲ အလိုလိုနေရင်း ... ဗိုလ်ကိုဖြစ်လို့ ...။

ဗရုတ်သုတ်ခ အကြံအစည်ကောင်းများကလည်း ... စိတြရဲ့ခေါင်းထဲကချည်း တသွင်သွင် ထွက်ပေါ်နေကြတော့တာကိုး ...။

အဲဒီအကြံအစည်တွေနောက် ဝမ်းသာအားရ လိုက်ပါနေကြရင်း ... ကျော်မျိုးတို့ ဝဏ္ဏတို့အုပ်စုဟာ "ဗရုတ်"အုပ်စုအဖြစ် အသိုင်းအဝိုင်းကြားမှာ၊ ဝန်းကျင်မှာ၊ ကျောင်းမှာ၊ ထင်ရှားကျော်စောလာကြသည်။

ခုဆို ပိုဆိုးတာက (၁၀)တန်းဖြေဆိုပြီးချိန်မှာ စိတြက နိုင်ငံခြားဘာသာသင်တက္ကသိုလ်မှာ "ကိုရီးယား"ဘာသာတွဲကို ယူလိုက်ပြီး ရန်ကုန်သို့ပဲ အပြီးပြောင်းလာကာ ကျောင်းတက်နေရလေပြီဆိုတော့ ... သူတို့ရဲ့မိဘများ ခမျာလည်း ... တခြားမကောင်းမှု ဒုစရိုက်တွေ ကင်းကြတဲ့ သူတို့သားရတနာတွေကို ... ဒီဗရုတ်သုတ်ခ အလုပ်တွေကြောင့်ပဲ ... မျက်ခြည်မပြတ်၊ မျက်စိဒေါက်ထောက် ကြည့်နေရတော့တဲ့ဘဝသို့ ရောက်ကုန်ကြတော့တာပေါ့လေ ...။

ဒီကနေ့အဖို့[illegible]ဘာ့ စိတြတို့ရဲ့ [illegible]ရုတ်သုတ်ခပရောဂျက်တွေထဲမှာ ... ဒီတစ်ခါ အစီအစဉ်က အကြီးစားတောင်ဖြစ်နိုင်သည်။



"**အာယု**"ဆိုတဲ့ သတ္တဝါဟာ စိတြနှင့်ဆို ဘယ်လိုရေစက်မှန်းကို မသိ ...၊ ငယ်ကတည်းက တအောင်းစေးနှင့် မျက်ချေး ... မြင်လိုက်တာနဲ့ကို ကြည့်မရကြတဲ့ ပဋ္ဌာန်းဆက် ပါလာတဲ့ကောင်မျိုးပင် ဖြစ်ရမည်။ တကယ်ဆို မန္တလေးမှာဆိုရင် မိဘချင်းက စီးပွားဖက်၊ အိမ်တွေက ခြံချင်းကပ်ရပ်။

ဇာတ်လမ်းကို အသားပါအောင် ပြောရ[illegible]မယ်ဆိုရင် "မီးဝင်မီးထွက် ... ဖွားဖက်တော်"ဟုတောင် ဆိုနိုင်ပါရက်နဲ့ ... မတည့်လိုက်ကြတာဟာဆိုရင် ... စကားမပြောတတ်သေးသည့်အရွယ် ... ဥမမည် စာမမြောက် ဘဝတွေကပင် ... လူကြီးတွေလစ်ရင် ... ယှဉ်ချထားမိတဲ့ ကလေးနှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် အငြိုးတကြီး ကုတ်ဖဲ့ ကိုက်ဖြတ်ထားတတ်ကြသည်မှာ ... လက်သည်းရာတွေ အစင်းလိုက်၊ သွားရာတွေ အကွင်းလိုက်နှင့်ပါတဲ့ ...။

ရန်ကုန်က စိတြရဲ့ ဗရုတ်အဖွဲ့တော်သားများဟာ မန္တလေးက အာယုကို အကြားနဲ့တင် မျက်မုန်းကျိုး၊ အမြင်ကတ်။ မန္တလေးက အပေါင်းအပါများသည်လည်း တွေ့ရင်တွေ့သလို ... အကွက်သာရင် သာသလို တွယ်ကြနက်ကြ၊ ဇာတ်လမ်းများကြ ...။ အာယုကလည်း စိတြနှင့် "ဘက်ညီ"သည်ဟု ပြောလို့ရနိုင်တဲ့ ကောင်မျိုးပင်။

တစ်ခုခုများ အခြေအတင် ရှိကြပြီဆို ... သူချည်းခံနေရတာတော့ မဟုတ် ...။ သူကျော သူနိုင်၊ ကိုယ်လစ်ကိုယ်ခံအနေအထားမျိုး ဖြစ်နေရအောင် ... မန္တလေးက သူ့အုပ်[illegible] လည်းနည်းတာ၊ ခေတာမှ ... မဟုတ်တာ ...။

www.burmeseclassic.com

www.burmeseclassic.com



ဟဲ ဟဲ ဟဲ ဟဲ …။ သို့သော်လည်း ကံကကွာလေတော့ … ငယ်ကတည်းက နှစ်မြို့မှာ ခွနေထားတဲ့ စိတြလိုတော့ ဒီကောင်က ရန်ကုန်မှာ"အုပ်"မရှိဘူးလေ …။ ဒီတော့ ခုလို … မန္တလေးဆေးတက္ကသိုလ်ကနေ … ရန်ကုန်ဆေးတက္ကသိုလ်(၁)ကို … တတိယနှစ်ကျောင်းသားဘဝနဲ့ ကျောင်းပြောင်းရောက်ရှိလာချိန်မှာ ဒီအကောင်ဟာ ဘယ်နည်းနဲ့မဆို ဘက်ပဲ့ကာ စိတြရဲ့အကွက်အကွင်းများ အောက်သို့ပဲ ကွိခနဲလေး ရောက်ရှိလာရပြီပေါ့ …။

"မောင်စိ"တဲ့ …။

စိတြရဲ့အမည်ဟာ … တန်ခူးလဖွားမို့ စိတြနက္ခတ်နဲ့ယှဉ်မွေးတဲ့အတွက် "စိတ်တရ"လို့ အသံထွက်တဲ့ "စိတြ"ဖြစ်ကြောင်း … သိသိကြီးနဲ့ စကားစတတ်ကတည်းက … စိတြအတွက် ဒီကောင်ရဲ့ အခေါ်အဝေါ်ဟာ "မောင်စိ"တဲ့ …။

စိတြရဲ့မိဘများပါ … ရှုံ့ရှုံ့မဲ့မဲ့နှင့်ပင် ရယ်မောကြရကာ … မကြိုက်ကြောင်း … မတားသာလောက်တဲ့ အခေါ်အဝေါ်မို့ … စိတြခမျာ သူ့နာမည် "အာယု"ဆိုတဲ့ "အသက်ရှည်ခြင်း"ကို ဘယ်လိုများ ဖျက်လိုဖျက်ဆီး လုပ်နိုင်ပါ့မလဲ … လို့ တွေးတောကြံစည်လိုက်ရတာ …။ နှစ်ယောက်သား ကိုရင်ဝတ်ကြတုန်းကတော့ … အသက်ရှည်ခြင်းအတွက် အကောင်းဆုံး "အမည်ဖျက်"ဟာ "အသက်တိုခြင်း" "အပ္ပါယု"ဖြစ်ကြောင်း ပါဠိလိုကလေး အနည်းငယ်သိလာရတဲ့အတွက် … "အပ္ပါယု၊ အပ္ပါယု"နဲ့ လိုက်,လိုက် ခေါ်လိုက်တာ …။ ဆရာတော်ကြီးဆီလည်းရောက်၊ ကြိမ်ဒဏ်လည်းသင့်။ မိဘချင်းလည်း မျက်စိပျက်မျက်နှာပျက်နဲ့ … မိတ်ပျက်ကြရတော့မလို့ …။



စိတြ အဖို့တော့ ကြိမ်ဒဏ်နှစ်ထပ်ကွမ်းပေါ့လေ။ အဲဒီကနေမှ … "မောင်စိ"ဆိုတာအတွက် တန်ပြန်အကောင်းဆုံးလက်ဆောင်ဟာ "ငအာ"ဟုပဲ စိတြက တိတိကျကျ သတ်မှတ်ခေါ်ဝေါ်ခဲ့ရတော့တာပါ …။

အဲဒီကောင် "ငအာ"လည်း ရန်ကုန်မှာ အခြေချရတော့မယ်ဆိုလို့ … စုံစမ်းလိုက်ရတာ … တိုက်တိုက်ဆိုင်ဆိုင်များရှိချင်တော့ … ဒီကောင် နေထိုင်ကျောင်းတက်ရမဲ့ … ဦးလေးအဒေါ်အိမ်ဟာ … စိတြတို့ အုပ်ထဲက ကျော်မျိုးနဲ့မှ ခြံချင်းကပ်ရက် ဖြစ်နေသည်။ ကပ်ရက်မှ … သူ့အခန်းနဲ့ ကျော်မျိုးရဲ့အခန်းဟာ … ဘေးတိုက် …။ ဝါသနာပါမယ်ဆိုရင် ပြတင်းကိုယ်စီဖွင့်ပြီး စကားလက်ဆုံကျနေကြရင်တောင် ရလောက်သည် …။

တမင်တကာကြီး ပုန်းကွယ်ချောင်းမြောင်း အကဲခတ်နေမယ်ဆိုရင် … တစ်ယောက်ရဲ့အခန်းတွင်း လှုပ်ရှားမှုကို ကျန်တစ်ယောက်က … ရပ်မြင်သံကြား ဖွင့်ကြည့်နေသလိုကို … အတိုင်းသားကွက်ကွက်ကွင်းကွင်း မြင်နေရလောက်နိုင်တာမျိုး ဖြစ်လေသည်။

ဒါကို ဒီကောင်က မရိပ်မိသေး …။ စိတြရဲ့တစ်ကွက်ကျော ဖြစ်လေသည် …။ တစ်နေ့က ဒီကောင် ရန်ကုန်သို့ရောက်လာသည်။ ဒီနေ့ စိတြတို့မှာ အစီအစဉ်တွေ ရှိနေပြီးပြီ …။

စိတြက ငအာ့ဦးလေး အဒေါ်များရဲ့ ခြံဝင်းထဲသို့ ကားကို ဒီတိုင်းပဲ ပေါ်တင်မောင်းဝင်သွားလိုက်သည်။ နောက်ဆုံးအခေါက် … စိတြ မန္တလေးက ရန်ကုန်အပြန်မှာ ရန်ကုန်အိမ်က အဘိုးအတွက် … အိမ်ကထည့်ပေးလိုက်တဲ့ "ဆင်ခြောက်ကောင်"ဓိနပ်ဟာ … အဘိုးက ဝမ်းပန်းတသာနဲ့ လက်ဆောင်ဘူးကိုဖွင့်

www.burmeseclassic.com

www.burmeseclassic.com



လိုထိတာမှ စုတ်ပြတ်နေတဲ့ ရာဘာဖိနပ်ဟောင်းတစ်ရန်ပဲ ဖြစ်နေခြင်းဟာ … "အော့"လက်ချက်မှန်း မပြောလည်း သိသာနေသည့်ပဲမဟုတ်လား …။ ပိုဆိုးတာက အဲဒီရာဘာဖိနပ်စုတ်ကြီးမှာ … ခွေးချေးက ထပ်သုတ်ထားလိုက်သေးသည် …။

သင်းကတော့ စိတြေအတွက် လက်ဆောင်ဟု ရည်ရွယ်တာနေမှာပေါ့ …။ သို့သော်လည်း လူကြီးသူမကိစ္စမို့ … စိတြေမှာ အဘိုးထံမှ မျက်မာန်တော်ရှခြင်းကို တစ်လကြာလောက် ခံစားလိုက်ရတဲ့အပြင် … ပြန်သိသွားကြတဲ့ မန္တလေးက မိဘများကလည်း "အော့ လက်ချက်ပါ"ဆိုတာကို ဘယ်လိုမှ ရှင်းပြလို့မရ …။ သက်သေက မခိုင်လုံလေတာမို့ …

"လူကြီးများ … စ,စရာ ရှားလို့ … ဗရုတ်ကျချင်ရင် … ဒီပြင်မှာကျ …၊ နောက်တစ်ခါ ဒါမျိုး မရှိမသေ မလေးမစားနဲ့ဆိုရင် … မင်းကို ရန်ကုန်မှာ မထားဘူး …"ဟု ရာဇသံပေးခြင်းကိုပါ ခံလိုက်ရတာလေ။

စိတြေရဲ့ကားသံကြောင့် အိမ်ထဲမှ အော့ ထွက်ပေါ်လာကာ … တံခါးမကြီးနားသို့ ရောက်လာပါသည်။

"ဘာကိစ္စလဲ မသိဘူး"

ကားပေါ်က ဆင်းလာကြတဲ့ ရွယ်တူကောင်ကလေးသုံးယောက်ကို ကြည့်ပြီး ဇဝေဇဝါဟန်နဲ့ မေးလိုက်တဲ့ အော့ဟာ တော့်က ကျချင်တော့ … တစ်ခါမှ မမြင်ဘူးတဲ့ လူစိမ်းတွေကို တံခါးသော့ဖွင့်၊ သံပန်းတံခါးလည်း ဆွဲဖွင့်ကာ ကြိုလိုက်မိရက်သား ဖြစ်နေပါပြီ …။ ဓားပြ၊ သူခိုး၊ မကောင်းကြံမဲ့ ကောင်မျိုးတွေသာဆို ခံရတော့မယ် ဒီကောင် …။



အေးလေ … မထူးပါဘူး … ခုလည်းပဲ မကောင်းတော့ကြံမဲ့ကောင်မျိုးတွေပါပဲ …။ အောက ကားမောင်းသူနေရာကနေ နောက်ဆုံးမှ ဆင်းလာတဲ့ မျက်မှန်နက်တပ် စိတြေကိုအမြင်မှာတော့ … မျက်ခုံးတွေ မျက်မှောင်တွေ တွန့်ခနဲ ဖြစ်သွားပြီးမှ … သံပန်းတံခါးကို မြန်မြန်ပြန်ဆွဲပိတ်ဖို့ ပြင်ပါသည် …။

သို့သော် … မမီပါလေတော့ …။ စိတြေ တစ်ယောက်မျက်မှန်ပါ ဆွဲချွတ်ပြီးသွားချိန်မှာမှ "မောင်စိ"ဟု အကျယ်ကြီးအော်လိုက်မိသည့် အောသည် … သူ့အိမ်ထဲသို့ တိုးဝှေ့တွန်းတိုက်ဝင်ရောက်လာကြသည့် … သူစိမ်းရွယ်တူ သုံးလေးယောက်တို့ရဲ့အလယ်မှာ … တစ်ယောက်တည်းကလေး ရောက်ရှိလို့ သွားရပါပြီ …။

"… …"

အောက ဒေါသတကြီး တစ်ချက် ဆဲရေးလိုက်ရင်းက သူ့ကို တိုးတိုက်ဝင်လာသည့် ဝဏ္ဏနှင့် ဇင်မောင်တို့ရဲ့ ရင်ဘတ်တွေကို လက်နှစ်ဖက်နှင့် ဆောင့်ဆောင့်ပြီး တွန်းထုတ်ပစ်လိုက်သည်။

"မောင်စိ … မင်း ဒါဘာသဘောလဲ …"

စိတြေကား … အကြံအစည် မည်မည်ရရ ဘာမှမရှိ …။ ဘာသဘောမှ ပါမလာပါ …။ သို့ပေမဲ့လည်းပဲ ရွယ်တူလူငယ်ချင်း ကျောကျော့ရှမောမောပုံစံနှင့် ရင်ဘတ်တွေ ပိတ်တွန်းခံလိုက်ရတဲ့ ဝဏ္ဏတို့မှာတော့ အစီအစဉ် ရှိသွားကြပုံပင် …။ ဝဏ္ဏနှင့် ဇင်မောင့်ကို မျက်ရိပ်ပြကာ … အော့ကို အတင်းဝင်လုံးလိုက်ကြသည်။ သုံးယောက်လုံး … ဖိနပ်ချွတ်ခန်းကလေးထဲတွင် ဝုန်းခနဲ

www.burmeseclassic.com

www.burmeseclassic.com



လဲပြိုသွားကြကာ ... နှစ်ယောက်တစ်ယောက် လုံးထွေးနေကြရင်း ခဏအကြာမှာတော့ ... သနားစရာ အောဟာ ဝဏ္ဏနဲ့ ဇင်မောင်တို့နှစ်ယောက်ကြားမှာ ... ပြုတ်တူခိုင်ခိုင်တွေနှင့် အညှပ်ခံထားရသလိုမျိုး ဖြစ်နေပေပြီ ...။

ဝဏ္ဏက စိတြကို တစ်ခုခု ဆက်လုပ်ဖို့ မျက်ရိပ်ပြပြန်သည်။

"ဟားဟားဟား ... မင်း နောက်ဆုံးလုပ်တတ်တော့တာက လူအင်အားသုံးပြီး အနိုင်ကျင့်ဖို့ တစ်နည်းပဲ ရှိတော့တာလား ... မောင်စိ ... လေးစားတယ်ကွာ ..."

လူက လှုပ်မရတော့ပေမဲ့ ပါးစပ်တော့ လှုပ်လို့ရနေသေးတဲ့ အောက စိတြကို ပြက်ရယ်ပြု လှောင်ပြောင်လိုက်သည်။ စိတြကား ဝဏ္ဏ တွက်ထားသလို လူကြမ်းဆန်ဆန် ဒဏ်ရာအနာတရပြုဖို့အထိ ခေါင်းထဲမှာ မရှိပါချေ။ ကိုယ်နဲ့မဆိုင်တဲ့ အိမ်တစ်အိမ်ပေါ်တက်ပြီး လက်ရဲဇက်ရဲနိုင်ကြတာသည်ပင် ... ဥပဒေကို အတော်ကြီး ချိုးဖောက်မိရာ ကျနေပြီ ...။

အိမ်ကလူကိုပါ ရိုက်ပုတ်ထုထောင်းသွားသေးတယ်ဆိုရင် ... ခံလိုက်ရတဲ့ အောက ... အကြောင်းကြောင်းကြောင့် "တေးမှတ်"ရုံ မှတ်ပြီး ငြိမ်နေမယ်ထား ...။ အိမ်ရှင်လူကြီးတွေအဖို့ကတော့ ဘယ်နည်းနဲ့မှ လက်သင့်ခံ ကျေနပ်နေမှာ မဟုတ်တဲ့ကိစ္စမျိုးပေ ...။ အကျယ်အကျယ်တွေ ... ဆက်တိုက်ဖြစ်ပွားကုန်ကာ ... ရုံးရောက် ဂါတ်ရောက်ဆိုရင် ... ဇင်မောင်တို့ရဲ့ လူကြီးတွေကို မပြောနဲ့ ကိုယ့်အိမ်က လူကြီးတောင် ... ကိုယ် ဘယ်လိုရှင်းနိုင်ပါ့မလဲ ... စိတြမှာ အကြံဉာဏ်တောင်း ... မရှိ။



"တိတိ ... တိတိ"

ဘောင်းဘီအိတ်ထဲမှ ... လက်ကိုင်ဖုန်းကလေး မြည်လာပါသည်။ ကောက်ကိုင်ယူကြည့်နေစရာမလို ...၊ ဟိုဘက်ခြမ်းက နေ အကုန်မြင်နေရတဲ့ ကျော်မျိုးရဲ့လက်ချက်၊ သတိပေးစကားဆိုချင်တာမျိုးပဲ ဖြစ်လိမ့်မည်။ စိတြက အောကို ဝိုင်းချုပ်ကြစဉ်ကလည်းမပါ ... ခုထိလည်း အူကြောင်ကြောင် ဖြစ်နေဆဲ ... ရန်လင်းနိုင်ကို ခေါင်းတစ်ချက် ဆတ်ပြလိုက်ကာ ...

"မင်း အပြင်သွားမလို့ ရှူးစမိုး ပြင်နေတုန်း ... အင်္ကျီတွေ ညစ်ပတ်တွန့်ကျေကုန်တာနဲ့ ... ဆင့်ခြောက်ကောင်က ဘဝပြောင်းပြီး ရာဘာဖိနပ် ဖြစ်နေတာနဲ့ ချေလိုက်ရမယ်ဆိုရင်တောင် ... ချေးပါသုတ်ထားတဲ့ ကိစ္စတစ်ခုကတော့ ကျန်နေသေးတာပဲနော ... အော ..."

စိတြက အော့ ဘောင်းဘီခါးပတ်ကွင်းတွေထဲက ခါးပတ်ကို "ဖြန်း"ခနဲ ဆွဲဖြုတ်ယူလိုက်ကာ ရန်လင်းနိုင်ကို ပစ်ပေးလိုက်ရင်း ..."သူ့ခြေထောက်တွေကို ခိုင်ခိုင်တုပ်ကွာ ... ခိုင်ဖို့က အရေးကြီးတယ် ... သွေးလေ မလျှောက်လို့ ခြေထောက်တွေ မည်းပုပ် Gangrene ဖြစ်ပြီး ဖြတ်ပစ်ရမလား ... ဘာလားက အရေးမကြီးဘူး ... သိတယ်နော် ..."ဟုပါ ပြောလိုက်သည်။

"ဟဲ ဟဲ ဟဲ ဟဲ ... တကယ့်လူဆိုးဂိုဏ်းခေါင်းဆောင်ကြီး တစ်ယောက်ရဲ့ နောက်ဆွဲ ချေးကုန်းနဲ့တောင် နည်းနည်းပါးပါး တူလာပြီ ..."

ပါးစပ်ပဲ လှုပ်လို့ရသည့် အောက ပါးစပ်ကိုတော့ အဆက်မပြတ် အသုံးပြုနေသည်။ စိတြက ညှော်ခန်းထဲ လှစ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက်ကာ … ခန်းဆီးစရှည်ကြီး တစ်ခုကို ဆွဲဖြုတ် …။ လှုပ်ရှားရသည့် အော့ကို … (သင်းအတန်တန် ရှန်းကန်တွန်းထိုးနေသည့်ကြားက)အထပ်ထပ်ပတ် …၊ ခြေထောက်ကို တုပ်လို့ပြီးသွားသည့် ရန်လင်းနိုင်ကလည်း လာဝင်ကူလေတာမို့ လေးယောက် ကစ်ယောက် ဘယ်လိုမှ မတုတ်နိုင်စွာ … ခန်းဆီးစကြီးမှာ … သူ့တစ်ကိုယ်လုံးကို "မမီကောင်"တစ်ယောက်လို ခပ်ကျပ်ကျပ် … ကျစ်ကျစ်တုပ်တုပ် … ရစ်ပတ်လို့ သွားခဲ့ပါပြီ …။

"တစ်ခုခုနဲ့ သေချာစည်းခဲ့မှ ရမယ် …"

"ကြိုးက ဘယ်ကရမှာလဲ"

"မင်းခါးပတ်လည်း ချွတ်လိုက်လေ … စိတြ … မြန်မြန်လုပ် …"

"ဖြစ်မလား … သဲလွန်စ ချန်သလို ဖြစ်နေမှာပေါ့ … မင်းအဘ …"

"ခုကော မင်းရုပ်ကြီးကို မင်းအကောင်က သိမနေတာမို့လား"

"ဒါပေမဲ့ … ငါလာလုပ်သွားတယ်လို့ သူ ဘယ်လိုမှ သက်သေမပြနိုင်စေရဘူး … သူ့တုန်းကလိုပေါ့ …။ တိုင်ချင်တဲ့ဆီ တိုင်လေ … ဘယ်မလဲ သက်သေဆိုရင် … ပြီးနေတာပဲ …"

ဝဏ္ဏရော ဇင်မောင်တို့ ရန်လင်းနိုင်တို့ တစ်အုပ်လုံး တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင်တွေ ဖြစ်နေကာ … ခဏကြာတော့ … ဇင်မောင်က ဘယ်ကမှန်းမသိ … စက်ဘီးသော့ခတ်သည့် ရောင်စုံနိုင်လွန်ကြိုးနှင့် သော့ခလောက်လေးပါတွဲလျက်



ရလာပါသည်။ ခန်းဆီးစနှင့် မမီကောင် ဖြစ်နေသည့် အော့ကို စက်ဘီးချည်သည့်ကြိုးနှင့် ထပ်စည်းကာ သော့ပါခတ်လိုက်ကြလေသည်။

"ဟဲ ဟဲ ဟဲ ဟဲ"

ထူးခြားတာက "တဟဲဟဲ" ဖြစ်နေကြသည့် တစ်အုပ်စုလုံးထဲ … အော့ရဲ့ ရယ်သံလည်း ပါနေခြင်းပင် …။ မတတ်သာတော့လို့ မာန်လျှော့ကာ ခံနေရပေမဲ့ အသည်းယား ခံခက်တာရော …၊ လူငယ်တွေပီပီ လျှင်သူ့ဦးသူ"သာ"စတမ်း လုပ်ရပ်တွေကို ရယ်ချင်နေတာရောက အော့ရဲ့ ရယ်သံတွေထဲမှာ ထင်းထင်းကြီး ပါနေသည် …။

"မင်း ဒီလိပ်စာလေးဆီ … ခုပဲသွားမလို့ မဟုတ်လား … ငါပဲသွားပေးလိုက်ပါ့မယ်ကွာ အော … စိတ်ချထားပါ"

အိမ်တံခါး လာဖွင့်ကတည်းက သူ့လက်ထဲကိုင်,ပါလာပြီး … ရှန်းရင်းဆန်ခတ်တွေ ဖြစ်စဉ်မှာ ကြမ်းပေါ်ပြုတ်ကျနေသည့် လိပ်စာကတ်လေးတစ်ခုကို … စိတြက ကုန်းကောက်ပြီး အော့ကို ပြောလိုက်သည်။ ဒီတစ်ခါမှာတော့ အားနေသည့် ပါးစပ်က ဘာမှထွက်မလာတော့သော်လည်း … အော့မျက်ဝန်းတွေက တဖျပ်ဖျပ်လက်ကာ … အရောင်တွေ အမျိုးမျိုးပြောင်းပြီး … အရိပ်တချို့လည်း ဖြတ်ပြေးသွားကြလေသည်။

"ဟော့ကောင်တွေ … သေချာမ,သယ်ပြီး … ဆိုဖာရှည်ပေါ်တင်ပေးခဲ့ကြပါကွ … ဖြည်းဖြည်း … ဖြည်းဖြည်း …။ ဟော့ … အော … လူကြီးတွေ အိမ်သားတွေ ပြန်မလာခင် … တစ်ရေးတစ်မောလောက် အိပ်လိုက်ပေါ့ကွ …

www.burmeseclassic.com

www.burmeseclassic.com



အဲကွန်း(Air-con)တွေ ဖွင့်ပေးထားခဲ့ရမလား ... နို့မို့ ... မင်း အိုက်နေမယ်ထင်တယ်"

ဇင်မောင်က ရုပ်ရှင်တွေထဲကအတိုင်း ... တစ်အုပ်စုလုံးနှင့် ထိမိ ကိုင်မိသမျှ နေရာတိုင်းကို အိတ်ထဲက လက်ကိုင်ပဝါထုတ်ကာ ... ဟိုသုတ်သုတ်၊ ဒီသုတ်သုတ် လိုက်လုပ်နေလေသည် ...။ ရန်လင်းနိုင်က ဇင်မောင့် ခေါင်းကို ပိတ်တွန်းကာ ...

"မင်းအဘ စိတြရဲ့ရုပ်ကြီး ဒီတိုင်း အတိုင်းသားနဲ့ ... မင်းကိုလက်ဗွေနဲ့ဖမ်းမှ ... ရ,ရမှာလား ..."

ပြောရင်းက အောဘက်လည်း မျက်စိတစ်ချက်မှိတ်ပြကာ ...

"မင်းကို ငါတို့က ငယ်ငယ်လေးတည်းက ကြားဖူး သိဖူးနေတာကွ ... မင်းလိုလူကတော့ ...'ဘက်'မဆန်တဲ့ ရဲတိုင်အမှုဖွင့်တဲ့နည်းမျိုးနဲ့တော့ တန်မပြန်ဘူး မဟုတ်လား ..."

စိတြက သူငယ်ချင်းအားလုံးရဲ့ ကျောကုန်းတွေကနေ အသီးသီးလိုက်တွန်းထုတ်ကာ ... အိမ်တံခါးမကြီး သံပန်းတံခါးကို အပြင်ကနေ လက်ပြန်လျှိုပြီး သော့ပြန်ခတ်ပေးလိုက်ပါသည်။ သော့တွဲကို ဧည့်ခန်းထဲထိ ပစ်ပေါက်ကာ ပြန်ထည့်ပေးလိုက်တော့ ... ဧည့်ခန်းထဲမှ ..."မောင်စိ xxx"ဆိုတဲ့ ဆဲသံကြီးတစ်ချက် ထွက်လာပြန်လေသည်။

စိတြက "တခွိခွိ"ရယ်ရင်း လက်ထဲက လိပ်စာကတ်လေးကို တစ်ချက် ပြန်ကြည့်လိုက်သည်။

"ဦးခင်မောင်လွင် ... ဒေါ်အေးအေးသိ ... အမှတ်(...) တက္ကသိုလ်ရိပ်သာလမ်းသွယ် ..."



"မင်း တကယ်သွားမလို့လား"

"လိပ်စာကဒ်နဲ့ ဘာနဲ့ဆိုတော့ သူ့ဖားသား၊ မားသားကြီးတွေ ခိုင်းလိုက်တဲ့ ကိစ္စမျိုး ဖြစ်နိုင်တယ်ကွ ...။ ဟိုကောင်ဝတ်စားထားတာလည်း ကြည့်ဦး ...။ အကြောင်းကိစ္စမရှိရင် ရေတောင် ခုနစ်ရက်တစ်ပတ်လောက် မချိုးချင်တဲ့ကောင်မျိုးက ခုတော့လည်း ကြော့လို့ ... ဆိုတော့ ..."

"တစ်ယောက်တည်း သွားကွာ ... အဲဒီကိစ္စကတော့ ... မင်းကောင် တစ်ကောင်တည်း အိမ်မှာရှိနေတုန်း ဝင်ကြိရတာလောက် လွယ်မဲ့ပုံ မရဘူး ... မတော်လက်ကောက်နဲ့ ရှုံနေရဦးမဲ့ပုံပဲ ..."

စိတြက ပြုံးစိစိ လုပ်နေလျှင် ဇင်မောင်က ..."တကယ့် ဗရုတ်ကောင်ကွာ ..."ဟု ထောပနာ ပြုလိုက်လေသည်။

○ ✧ ○

www.burmeseclassic.com

www.burmeseclassic.com



## သူမိုး

"အပြင်မသွားနဲ့ဦးလေ ... မေမေတို့က ထွက်ခဲ့ကြဦးလို့ လှမ်းခေါ်လိုက်မှ ခက်နေဦးမယ် ..."ငယ်"မရှိဘူး ... အပြင်သွားတယ် ... လို့ "မ"က ဘယ်လိုလုပ်ပြီးပြောရမလဲ ..."

"ဟာ ... မ,ကလေ အဲဒါတွေပေါ့၊ ကိုယ့်မိဘအရိပ်အကဲ ... ကိုယ် အကဲမခတ်တတ်တာ ... မေမေတို့လား ... ဒီလို ပေါကြောင်ကြောင် လူတစ်ယောက်ကို အရေးအရာလုပ်ပြီး ...'သမီးတွေ ထွက်ခဲ့ကြပါဦး'လို့ လှမ်းခေါ်မှာ ...။ ကျွတ် ... အရေးမပါတာ ...။ ကိုယ့်ဘာသာ အပြင်ထွက်ချင်တာတောင်မှ သူ မပြန်မချင်း မထွက်ရသေးဘဲ ထိုင်စောင့်နေရအောင် ... သူက ဘာလဲ ... ငယ်တို့က ဘာလဲ ... မရဘူး ... သွားမှာပဲ ..."

ငယ်ကား အပြင်ထွက်ချင်တာကနည်းနည်း ...။ အစ်မဖြစ်သူ "မ"ကို ဂျစ်ကန်ရရင်ပြီးရောက ခပ်များများ ဖြစ်ပေသည်။



ထစ်ခနဲရှိ ဘယ်သူ့စိတ်ကောက်ကောက် ... ဂျစ်တိုက်ပစ်လိုက်ရမှ ....ဆိုတဲ့ ငယ်က ... ခုလောလောဆယ်မှာတော့ ဘယ်သူ့ကို ခေါင်းစဉ်တပ် ဦးတည်ပြီး စိတ်လုပ်ရမည် မသိဘဲ ... ကိုယ့်ဘာသာ တစ်ယောက်တည်း မကျေမနပ် မကြည်မလင်က ဖြစ်ချင်နေသည်။

ဘယ့်နှယ်တော် ...။ မိဘများ အချင်းချင်း တိုင်ပင်ညှိနှိုင်းနေကြတဲ့ တီးတိုးဆွေးနွေးပွဲကို ကိုယ်တိုင်ပဲ ခိုးဝှက်ချောင်းမြောင်းနားစွင့်ထားတုန်းက ... အပြောအဆို အစီအစဉ်ကတစ်မျိုး ...၊ ကိုယ်တိုင်ကြုံရမြင်လိုက်ရတော့ စိတ်ကုန်ချင်စရာ ဖြစ်ရတာက တစ်သွယ် ...။ လုံးလုံးလျားလျားကြီး ဖြောင့်ဖြောင့်ကြီးကို ဆန့်ကျင်နေတော့တာပါ ...။

"မန္တလေးက ကိုတင်ဦးတို့ သားကလေးကို ရန်ကုန်ဆေးတက္ကသိုလ်ကို ပြောင်းတက်ခိုင်းဖို့ အစီအစဉ် ရှိတယ်လို့ ကိုတင်ဦးဆီက ဖုန်းရတယ် အေးအေး ...။ ရန်ကုန်မှာ ကိုတင်ဦးရဲ့ ညီနဲ့ညီမတို့ ရှိကြတယ် ဆိုပေမဲ့ ... ကိုခင်မောင်လွင်တို့ အနေနဲ့ကလည်း လူကြီးအရာ၊ အုပ်ထိန်းသူနေရာမှာနေပြီး မပြတ်ကြည့်ရှု စောင့်ရှောက်ထားပေးဖို့ အပ်ပါတယ်တဲ့ ..."

"အဒေါ်ရင်း၊ ဦးလေးရင်းတွေ ရှိရက်နဲ့ ... အဲဒါကဘာသဘောတဲ့လဲ ..."

"အိုကွာ ... မင်းကလည်း ... ဒီလောက်စကားခင်းရင်သိပေါ့ကွာ ... ကိုတင်ဦးတို့ ဒေါ်နီလာမြင့်တို့ဆိုတာ ... ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



နဲ့စာရင် မင်းနဲ့တောင် ငယ်ပေါင်းတွေ ပိုဆန်နေသေးတာ မဟုတ်လား ... အေးအေးရာ ...”

“အို ... ဒါပေမဲ့ ... အကြောင်းမသိ၊ ဘာမသိ ...”

“ဟင် ! မင်းတို့ချင်းလောက် အကြောင်းသိကြတာရှိဦး မလား ...”

“အဲဒါကို ပြောတာမဟုတ်ပါဘူး ... သူတို့သားလေးဆိုတာက ငယ်တည်းကနေ ခုထိ သေချာကို မမြင်ဖူး မသိဖူးရသေးတာ ... နောက်ဆုံး မြင်ထားတာတောင် ငါးတန်းလေးလောက် ရှိသေးတာ ...။ ဘယ်လိုကောင်ကလေးလဲ၊ မိဘကတော်ပေမဲ့ သားကတော်ရဲ့လား ...၊ ပြောမနိုင်ဆိုမရ ထဲကများ ဖြစ်နေမလား ...၊ အပိုးမှ ကျိုးရဲ့လား ...၊ အကျင့်စရိုက်နဲ့ စာရိတ္တကကော ... ဘယ်လိုရှိပါ့မလဲ ...။ အေးတို့တွေ ဘာတစ်ခုမှ,မှ သိမထားကြတာပဲ ... ကိုလွင်ရဲ့ ...”

“အေးပါကွာ ... သူတို့ကလည်း ‘မပြတ်ကြည့်ရှုပေးထားပါ’ ဆိုပြီး အဝင်အထွက်ကောင်းအောင်ပဲ ပြောထားကြသေးတဲ့ သဘောပါ ...၊ ဘာမှ တိတိလင်းလင်းမှ ဆိုလာတာမှ မဟုတ်တာ ...”

“ဒါပေမဲ့ ကိုလွင်ပဲ ခုနကပြောတော့ ... ဆိုနေသလိုလိုကြီးပဲကို ...”

“ဆုတ်သာတက်သာ ရှိအောင်၊ နှစ်ဖက် အကဲခတ်နေနိုင်အောင် လုပ်ထားမဲ့သဘော နေမှာပေါ့ ...။ ဒါပေမဲ့ သိပ်



ကြီးဆိုးဆိုးသွမ်းသွမ်းထဲကတော့ ဟုတ်မထင်ပါဘူး ... ဆေးတက္ကသိုလ်ကျောင်းသား ဆိုသကိုးကွ ...”

“အေးလေ ... ကိုတင်ဦးတို့ နီလာတို့ သားသမီးဆိုတော့လည်း ... သိပ်ပျက်ပျက်စီးစီးထဲက ဖြစ်နေဖို့ မရှိပါဘူး ... မိကြီးဖကြီး အုပ်ထိန်းတဲ့ မျိုးကြီးဆွေကြီးတွေထဲကပဲ ... အစဉ်အဆက် စည်းကမ်းကလနားလေးတွေလည်း ရှိကြပါတယ် ... ကြည့်ကြသေးတာပေါ့ ...”

“ခုမှ တတိယနှစ် လာတက်ရမှာဆိုတော့ ...”

“မ,ထက်တော့ နှစ်နှစ် သုံးနှစ် ငယ်နေမှာပေါ့ ... မသင့်တော်ပါဘူးထင်တယ် ...”

“ဟင်း ... မင်းသမီးအငယ် ပေါက်ကျော်မ အတွက်လို့ ရည်မှန်းပြီး ကြည့်,ကြည့်ရမှာကတော့ တစ်ဖက်က မိဘတွေကိုတောင် မျက်နှာပူစရာက ကောင်းနေသေးတော့တယ်”

ဒီလိုစကားတွေကို ကြားထားပြီးကတည်းက “ငယ့်” အတွက် အင်တာဗျူးလာရမဲ့ ဆေးကျောင်းသား မန္တလေးသားဆိုတာ ဘယ်လိုဟာမျိုးပါလိမ့် ... လို့ ငယ်က စိတ်ဝင်တစား သိချင်လွန်းရပါပြီ ...။ “သားပေး သမီးယူ အစပ်အဟပ်”ဆိုတဲ့ ပုံစံခွက်ကြီးထဲက ဇာတ်လမ်းရိုးဟောင်းကြီး တစ်ခုကို သဘောကျ လက်ခံချင်လို့တော့ ဘယ်ဟုဘ်ပါ့မလဲ ...။

ငယ့်ဘော်ဒါတွေသာ ဒီသတင်းကို ပြန်ကြားလိုက်ကြရရင် ... အတင်းကြီး ခါးကလိထိုးပြီး ဖျစ်ညှစ်ရယ်ကြတော့

www.burmeseclassic.com

www.burmeseclassic.com



မှာ အသေအချာ ဆိုတော့ ... သဘောမကျတဲ့ပြင် ကန့်ကွက်ဆန့်ကျင်ချင်စိတ်တောင်မှ ရှိသေး ...။ ဒါပေမဲ့ ... ဘာရယ်မဟုတ် ... ဒီလိုပဲ စိတ်ဝင်စားသွားလို့ကို စိတ်ဝင်စားတာ ...။ ခပ်မိမိ၊ ရုပ်ဖြောင့်ဖြောင့်၊ ဘော်ဇာ၊ ဆေးကျောင်းသားဆိုရင် ... ဖြစ်မဖြစ်ကနောက်ထား ... ငယ်တို့က ဘော်ဒါတွေကြားထဲ လက်မလေးတထောင်ထောင်နဲ့ ခေါင်းကို မော့ပြထားလိုက်ဦးမှာ။

အထူးသဖြင့်ကတော့ အမိကပြိုင်ဘက်ကြီးသဖွယ်ဖြစ်တဲ့ ... **"လရောင်ဝင်း"**ရဲ့ ရှေ့မှာဆိုရင်လေ ... ဟဲဟဲ ...။ လရောင်ဝင်းကား အခြားသူတော့ မဟုတ်ပါ ...။

ငယ်နဲ့ဆို ညီအစ်မမှ တစ်ဝမ်းပဲ ကွဲသေးတဲ့ ညီအစ်မသူငယ်ချင်း ...၊ ဘယ်တုန်းကမှ တစ်စက္ကန့်ပြည့်အောင် အတူတည့်ဖူးတယ်ရယ်လို့ မရှိသေးသလို ခွဲနေလို့လည်း မရတဲ့ "မတည့်အတူနေ"တွေပင် ...။

ဖေဖေဦးခင်မောင်လွင်ရဲ့ အစ်ကိုဖြစ်တဲ့ ငယ်တို့ဘကြီး ဦးခင်မောင်ဝင်းမှာက အဲဒီ လရောင်ဝင်း တစ်ယောက်ပဲ တစ်ဦးတည်းသော သမီးကလေးရှိတာမို့ ... အလိုလိုက်ထားသလောက် လွှတ်ဆိုးနေလေတဲ့ သူငယ်မဟာ ... ဒီဘက်က ငယ်နဲ့မှလာ,လာပြီး ထိပ်တိုက်တွေ့နေလေတော့တာလည်း ... အဆန်းတော့ မဟုတ်ပါပေ ...။

ငယ်တို့မှာက "ငယ်နဲ့မ"ညီအစ်မနှစ်ယောက် ရှိကြပေမဲ့ ... အကြီးဖြစ်တဲ့ "မ"က တအားအေးဆေးနူးညံ့ကာ စိတ်ကောင်း နှလုံးကောင်းကလေးနဲ့ကိုး ...။ မ,အဖို့ကတော့ လောက



ကြီးထဲမှာ လရောင်နဲ့မှမဟုတ် ... ဘယ်သူနဲ့မှကို ထိပ်တိုက်ဖြစ်, ရစရာ အကြောင်းမှ မရှိတာ။

ငယ့်မှာတော့လေ ... "မန္တလေးက သူဌေးသား ဆေးကျောင်းသား"ဆိုတာနဲ့တင် လရောင် အပေါ် လက်မထောင်နိုင်တော့မယ် ထင်တာ ...။ ရောက်လာတော့ ကြည့်ဦး ...။

နေပါဦး ...။ မန္တလေးဆိုတာ ... ဒီလောက်မြို့ကြီးပြကြီး ... နဲ့ ခေတ်မီတိုးတက်နေတဲ့ မြို့တော်တစ်ခုပဲ မဟုတ်ဘူးလား ...။ အဲဒီလိုဆိုရင် ... ခေတ်မီမြို့တော်တစ်ခုက သူဌေးသား၊ ဆေးကျောင်းသားတစ်ယောက်ဟာ ... အဲဒီလောက်ပဲ ... "အောက်ပလောက်"၊ "တုံးပလုံး"၊ "ရွှဲပလဲ"၊ နေတဲ့ပုံမျိုးကြီး ဖြစ်နေစရာ အကြောင်းများ ရှိသေးတယ်တဲ့လား ...။

နဂိုရုပ်ကို ပြောတာ မဟုတ်ပါဘူး ...။ (နဂိုရုပ်ကလည်း ဘယ်လိုရှိမယ်မှန်းတောင် မှန်းမရနိုင်လောက်ပါဘူး ... သူ့မျက်နှာတစ်ဝက်လောက်က သူနဲ့မတော်တရော်၊ အရွယ်ကြီးဆိုဒ်ကြီး မျက်မှန်အနက်ကြီးနဲ့ ဖုံးနေသလို ဖြစ်နေတဲ့ဟာ) အသားကညိုညို ...။ ဆံပင်က အုန်းဆီတွေနဲ့ ရွှဲနစ်ပိုပြား ...။ (အို ... အုန်းဆီမှ အုန်းဆီ ...။ လာငြင်းမနေကြနဲ့ ...။ Hair cream တွေ၊ Hair coat တွေ၊ Tonic တွေ တစ်ခုမှမဟုတ် ...။ အုန်းဆီမှ အုန်းဆီ ...။ ချောင်းကြည့်နေရင်းတောင် အနံ့ကရလာသလိုလို ရှိနေတာ ...)။

Body fit ရုပ်တွေ ခေတ်စားနေချိန်မှာ သူ့ဘော်ဒီဖြစ်ကတော့ ... သူ ခုနစ်နှစ်သားလောက်ကတည်းက လွှင့်မပစ်

www.burmeseclassic.com

www.burmeseclassic.com



ရက်သေးဘဲ ဆက်သိမ်းထားတဲ့ အင်္ကျီတစ်ထည်ကိုမှ အကောင်းထားပြီး ပြန်ကောက်စွပ်လာခဲ့လို့ ကျုပ်သပ်နေတဲ့ ပုံမျိုးကြီးနဲ့ပါ ...။ အဲဒါကိုမှ ဟိုးလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က တောသားကြီးတွေစတိုင်အတိုင်း ... လက်ရှည်ကို ကြယ်သီးမတပ်ဘဲ ဖိုးရိုးဖားရားကြီးနဲ့ လက်ကွဲ ...။ အရောင်ကား အဝါ ...။

အဲဒါကို မကျေနပ်နိုင်သေးဘဲ ... ပုဆိုးချက်ပြုတ်စတိုင်ကို လိမ္မော်ရောင် ... ရခိုင်ပုဆိုးနဲ့ တွဲစပ်လာသေးသည် ...။ ခန်းဆီးအထူကြီးတွေ ပိန်းနေစေနေအောင် ချထားတဲ့ ဧည့်ခန်းထဲ ဝင်ထိုင်မိတဲ့အထိ သူ့မျက်နှာ တစ်ဝက်ထက် ကျော်နေသေးသော မျက်မှန်နက်ကို မချွတ်ချင်သေးတာကလည်း ဘာသဘောမှန်းကို မသိပါချေ ...။

အေးဆေးတည်ငြိမ်သော၊ မေမေတို့ဆီက သားပေးသမီးယူ တီးတိုးစကားတွေကို ကြားထားပုံမရသော မ,ပင်လျှင်ထူးခြားသော ဧည့်သည်ရဲ့ အဆင်အသွေးကို ရယ်ချင်စိတ်ရှုပ်နေပုံရလျှင် ... ငယ်ကား ဆိုဖွယ်ရာမရှိတော့ပြီ ...။ ဖေဖေအိမ်မှာမရှိချိန်မို့ ကြို့ဆိုဧည့်ခံနေကြရသော မေမေနှင့် မေမေ့အစ်မကြီး "ကြီးကြီး"တို့ဆိုလျှင်လည်း ... စိတ်မသက်မသာ၊ အံ့ဩတကြီးနှင့် မျက်နှာတွေက အတော်ကြီးကို မသာယာကြပြီ။

"အဟမ်း ... ဦးတင်ဦး ဒေါ်နီလာမြင့်တို့ရဲ့သား ... အာယုပါခင်ဗျ ..."

"သြော် ... အေးကွယ် ... မောင်အာယု အကြောင်းတော့ ဦးတင်ဦးက ကြိုဖုန်းဆက် အကြောင်းကြား မိတ်ဆက်ပေး



ထားပါတယ် ... ဒါနဲ့ ... နီလာတို့ရော ... နေကောင်းကြတယ်နော် ..."

"အဟမ်း ... ကောင်းပါတယ် ...။ ဝရုန်းသုန်းကားကြီးထွက်လာရတော့ လက်ဆောင်ပစ္စည်းတွေတော့ ... အိမ်မှာမေ့ကျန်ရစ်တယ် .."

"အို ... ကိစ္စမရှိပါဘူး ... လက်ဆောင်တွေ ဘာတွေကမလိုပါဘူးကွယ် ... အန်တီတို့က နေ့လယ်လောက်မှ အေးဆေးလာမယ် ထင်နေတာ ... ညက ဖုန်းဆက်ထားတုန်းကတော့ နေ့လယ်လောက်မှ လာမယ်ဆိုသလားလို့ ... အဲဒါကြောင့် အန်တီ့ခင်ပွန်းက ဒီမနက်ပိုင်း ကိစ္စလေးတစ်ခုကိုအမီ ခဏသွားလိုက်ဦးမယ် ဆိုပြီး ထွက်သွားလို့ မရှိတာ။ မနက်ပိုင်း ရောက်လာမယ်လို့ မထင်ဘူး ..."

"အဟမ်း ... အစီအစဉ်မရှိကြီး ရောက်လာတာဆိုတော့ ကြာကြာနေဖို့ အားနာပါတယ် ..."

"သြော် ... ကိစ္စမရှိပါဘူး ... နေ့လယ်မှ လာမယ်ဆိုသလားလို့ပါ"

"အဟမ်း ... ဒါဖြင့် ကျွန်တော် ပြန်လိုက် ..."

"ဟဲ့ ... ဘယ်ဟုတ်မလဲ ...။ ခုမှရောက်တာ ... အန်တီတို့က ဧည့်သည်ကို ဧည့်ဝတ်မကျေရာ ကျပါ့မယ် ...။ အန်ကယ်လည်း ခုပဲပြန်ရောက်မှာပါ ... စောင့်တွေ့သွားလိုက်ပါဦး ..."

စကားတစ်ခွန်း စ,ကာနီးတိုင်း "အဟမ်း ... အဟမ်း" နဲ့ သူ့လည်ချောင်းထဲ ဘာဝင်ငြိနေလို့ လည်ချောင်းမရှင်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေမှန်း မသိနိုင်သူဟာ ... ရောက်မယ်မှ မကြံသေး ... ဖင်တကြွကြွ ရှိနေတဲ့အပြင် ... ပြုံးစိစိကလည်း နေရင်းထိုင်ရင်း နိုင်နေသလားလို့ပါ ...။

သေချာတာ တစ်ခုကတော့ ငယ်တို့မေမေ ဒေါ်အေးအေးသီဟာ ဒီလိုမျိုး ပေါကြောင်ကြောင် လူတစ်ယောက်နဲ့တော့ သူ့သမီး ငယ့်ကို ဘယ်လိုမှ သဘောမျှနိုင်မှာ မဟုတ်ခြင်းပင် ...။ သူ့ဘာသာ ငယ်ပေါင်းတွေရဲ့သား မက,လို့ သိကြားမင်းရဲ့သား ဖြစ်ဖြစ်ပေါ့ ...။

ငယ့်ဘာသာ တစ်ယောက်တည်း မကျေနပ် မကြည်လင်နေရခြင်းမှာ "အဲဒီလို ပေါကြောင်ကြောင်နဲ့တော့ မိဘတွေက စိမ်ကုန်ကြတော့မှာလား ..."လို့ ပူရ၍မဟုတ် ...။ ဟိုမိန်းမ ဒေါ်လရောင် အပေါ် ကောင်းကောင်းလက်မ,မထောင်နိုင်လောက်တော့၍ ဖြစ်ပါသည်။

ငယ်ကား နောက်ကနေ အစ်မဖြစ်သူက တကောက်ကောက် လိုက်ပါကာ ... ပတွတ်ပတွတ် ချော့မော့နေသည့်ကြားက ... အိမ်နောက်ဘက် မီးဖိုခန်းဘက် ပြေးဝင်ကာ နောက်ဘက်ပေါက်မှနေပြီး အပြင်ထွက်ဖို့ ပြင်သည် ...။

"ငယ် ... ဘယ်လဲဆိုတာတော့ ပြောခဲ့ဦး ..."

"လရောင် ..."

"ဖေဖေနဲ့ ဘဘဝင်းနဲ့က မနေ့ညကပဲ စကားများထားကြသေးတာနော်"

"အဲဒါနဲ့ပဲ သမီးတွေကပါ မခေါ်ကြရတော့ဘူးလား ..."



ငယ်နဲ့ လရောင်တို့ ညီအစ်မနှစ်ယောက်၊ မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ ခွေးနဲ့ကြောင်လို အပြိုင်ကိုက်ကုန်ကြရခြင်းကို နှစ်ဖက်မိဘတွေလည်း ဘယ်လိုမှ တားမရ ဆီးမရ၊ ဆိုဆုံးမ,မနိုင် ဖြစ်နေရခြင်းမှာ ... ညီအစ်ကိုအရင်းချင်းတွေဖြစ်သည့် ဖေဖေနှင့် ဘဘဝင်းတို့ ကိုယ်၌ကိုက အတည့်ကြီး မဟုတ်ကြ၍တည်း ...။

ဒီအသက် ဒီအရွယ်ကြီးတွေ ရောက်ကြတဲ့ထိ ... အငြင်းသန်၊ ရန်ဖြစ်၊ စကားမပြော၊ စောင်းမြောင်း၊၊ စောင်နေဆိုတာမျိုးတွေ ရှိနေကြသေး၍တည်း ...။

ငယ်ကား ... လရောင်နှင့် တည့်သာမတည့်တာ ... တကယ့်တကယ်တမ်းကျ ... ကိုယ်နဲ့ဘက်ညီပြီး တွဲလို့ကောင်းတာကလည်း သူပဲရှိသည် ... ဆိုတာကို သိပါသည်။ ခုလည်း ခေါင်းမော့ လက်မ,မထောင်နိုင်တော့ရင်လည်း ရှိစေ ...။ အိမ်က ပေါကြောင်ကြောင် ဧည့်သည်ရဲ့အတင်းကို ပြေးတုပ်ရင်ဖွင့်ဖို့ကျတော့ ... ငယ်တို့နဲ့ နှစ်လမ်းကျော်ကလေးတင်နေသည့် လရောင်ကိုပဲ ပြေးသတိရသည်။ သူ့ပါ သွားခေါ်လာပြီး ..."အဲဒါတဲ့ ငါ့လိုချင်လို့ အိမ်ပေါ်တက်လာတဲ့ ပေါကြောင်ကြောင်ဟာ ..."လို့ ပစ်ပစ်နှစ်နှစ် ပယ်ပယ်နယ်နယ် အတင်းချရရင် ... ဘာကိုမှန်း မသိ မကျေမနပ် ဖြစ်နေရတာတွေ သက်သာမလားလို့ပင် ...။

သို့သော် ... လရောင်တို့အိမ်ရောက်တော့ လရောင်ကမရှိ ...။ ငယ်သည် ဖေဖေနှင့် ရန်ဖြစ်စကားများထားတိုင်း (ကလေးကြီးကျလို့)ဖေဖေ့သမီးဖြစ်တဲ့ ငယ်တို့အပေါ်ပါ မကြည်

www.burmeseclassic.com

www.burmeseclassic.com



မလင် ရှိနေတာတ်မြဲဖြစ်သော ဘကြီးဖြစ်သူရဲ့ အကျောကို သိပြီးသားမို့ ... လရောင်ကိုသာ လာရှာရ ... လူကတော့ ...ဘကြီး မမြင်အောင် ပုန်းလျှိုးကွယ်လျှိုးနှင့် ...။

အဲဒါကြောင့်လည်း ဝင်ထွက်နေကျ ... ဒေါ်လရောင်ရဲ့ အခန်းထဲထိ တန်းရောက်သွားတာတောင်မှ ... ငယ့်ကိုမြင်လိုက်တွေ့လိုက်သူ တစ်ယောက်မှမရှိ။ သူခိုးသာ ဆိုလို့ကတော့ ရှိပစ္စည်းအကုန်ပြောင်မဲ့ အိမ်သားမျိုးတွေပင် ...။

လရောင်ရဲ့အခန်းထဲ အရောက်မှာတော့ ... သူ့အိပ်ရာပေါ်က "ခွေးစုတ်"ကို မြင်ပြီးမကျေမနပ်ဖြစ်နေတဲ့ ငယ့်မှာ ပိုလို့ပင်ဆိုးကာ ဒေါသထောင်းခနဲ ထွက်ရတော့တဲ့အဆင့်ထိ ရောက်သွားရပါတော့သည်။ ကြည့်ပါဦး ... ရာရာစစ ... အဲဒီခွေးစုတ်ကများ ...။ အေးလေ ... ခွေးစုတ်က ဘာအပြစ်ရှိလဲ ... ပိုင်ရှင်ကသာ ... ယုတ်ယုတ်မာမာ ... ကြံကြံစည်စည် ...။

အဲဒီ လရောင်ဝင်းဟာ ငယ်နဲ့ ညီအစ်မလို့ မပြောရ ..."ကလစ်"အသစ်အဆန်းလေးတွေဆို ကြိုက်တတ်လိုက်တာ... ငယ်နဲ့ သူနဲ့ ပြီးရင် ... သုံးယောက်မရှိ ...။ သို့သော် ... ငယ်က ငယ့်အတွက် **ငယ်ကြိုက်တာ**ဖြစ်ပြီး ... သူက သူ့ခွေးစုတ်အတွက် ကြိုက်တာ **ဖြစ်နေခြင်းက**တော့ ဆိုးလှသည်။ ရန်ကုန်တစ်မြို့လုံးက "ဖန်စီပစ္စည်း"**ဆိုင်**တကာသို့ လှည့်ကာ ကလစ်ဝယ်တတ်မြဲ နှစ်ယောက်သားဟာ ... တူတူသွားဝယ်ကြတာ မဟုတ်သည့်တိုင် အကြိုက်က ညီကြစမြဲမို့ ... ဝယ်ဖြစ်ကြပြီဆိုရင် ... ချိန်းမဝယ်လည်း တိုက်တိုက်ဆိုင်ဆိုင် ဆင်တူ ...။



ပြီးကျ ကိုယ်က ကိုယ့်ခေါင်းပေါ် ကိုယ်တင်တာ... သူက သူ့ခွေးခေါင်းပေါ်တင်တာ။ အဲဒီအခါကျ များသောအားဖြင့်တွေမှာ ... သူ့ခွေးနဲ့ ငယ်သည် ကလစ်တွေဆင်တူ။ ခုလည်း တိုက်ဆိုင်စွာပင် ... လိပ်ပြာပုံ ကျောက်ကလစ်လေးနှစ်ခုစီ ဆင်တူ ...။ တောက် ...။

"မလုပ်ပါနဲ့ ..."လို့လည်း ဘယ်လိုမှ ပြောလို့တားလို့မရ။ သူ့ပိုက်ဆံနဲ့ သူ့ခွေးသူဆင်တာ ကိုယ်က ကြားကနေဝင်ပိတ်ပင်လို့ မဖြစ်နိုင်သလို ...။

"ဒီလိုဖြင့်လည်း ကိုယ်ကပဲ ဒီကလစ်တွေကို မဝယ်ဘဲ မတပ်ဘဲ နေပါတော့လား ..."ဆိုတော့လည်း ငယ်ကိုယ်တိုင်က အသစ်ပေါ်တာ မြင်ရင် ဝယ်ပြီး ခေါင်းပေါ်ရောက်ပြီး ဖြစ်နေလေပြီ ...။

အဲဒါနဲ့ပဲ ဒေါသထွက်တဲ့အခါထွက်၊ ရန်ဖြစ်တဲ့အခါဖြစ်၊ ကိုယ့်ခေါင်းကဟာတွေကိုပဲ မသိမသာ ပြန်ဖြုတ်ရတဲ့အခါဖြုတ်နဲ့ ... ခွေးနဲ့မှ ဆင်တူဆင်တူ ဖြစ်,ဖြစ်နေရကာ ရာဇဝင်ရိုင်းနေခဲ့ရတာ အတော်ကြာပါပြီ ...။

ဒီတစ်ခါတော့ သူ့သခင်လည်း မရှိတုန်း ... သိကြရောပေါ့ ...။

ငယ်က ခွေးရဲ့နားရွက်တစ်ဖက်တစ်ချက်က အမွေးရှည်တွေပေါ်မှာ ထိုးညှပ်ထားသည့် ကျောက်စီကလစ်နှစ်ခုကို ဖြိုးဖြိုးဖြတ်ဖြတ် ဆောင့်ကြီးအောင့်ကြီးနှင့် ဆွဲဖြုတ်ပစ်လိုက်သည်။ ပြီးရင်တော့ ထင်ရာမြင်ရာ နေရာသို့ ပစ်ပေါက်လွှင့်ပစ် ...။ ခွေး

www.burmeseclassic.com

www.burmeseclassic.com



တား ကလစ်ပန်တဲ့နေရာမှာ ငယ်နှင့်တူလျှင် ... အင်မတန်အေးဆေးကာ ဇ သံမထွက်၊ မစွာတော့ဘဲ ငြိမ်ငြိမ်ကလေး ရှိနေတတ်တဲ့နေရာမှ တော့ မ,နဲ့တူတယ်လို့ ပြောလို့ရနိုင်သည် ...။

(ဒီလိုတွေးပြန်တော့ သူ့ခွေးကပဲ ... ငါတို့ညီအစ်မနှစ်ယောက်နဲ့ တစ်ယောက်တစ်လှည့် တူနေရသလို ရှိကာ ... ရာဇဝင်က ရိုင်းသထက် ရိုင်းနေပြန်ရော)။

အမွေးရှည်တချို့ပါ ပြုတ်ပါထွက်ကာ နာကျင်သွားပုံရသော်လည်း ... "အု ... အု" ဟု အသံတိုးတိုးလေး နှစ်ချက်ကလွဲပြီး မလှုပ်မယှက် ဆက်ငြိမ်နေပြန်သော ခွေးပေါက်စလေးကိုကြည့်ကာ ... ငယ့်ခေါင်းထဲ အကြံဆိုးတချို့နှင့် ဝင်းလက်လို့သွားသည်။

အသက် ဘယ်လောက်ကြီးကြီး ဟောလစ်ပုလင်းအကြီး အရွယ်လောက်ထက် သိပ်ကြီးထွားမလာသည့် ခွေးမျိုးလေးကို ဘယ်သူမဆို ချစ်ခင်နှစ်လိုကြမှာ အမှန်ပါပဲ ...။ ငယ့်အကြံအစည်က "သတ္တဝါနှိပ်စက်ညှဉ်းပန်းရေးဥပဒေ" နဲ့တော့ သိပ်ငြိနိုင်မယ် မထင်ပါဘူး ...။

"ဘော် ... ဘော် ... ဘော် ..."

**ဟိုက်** ...။ ဒါ သူအိမ်ပြန်လာပြီဆိုရင် သူ့အိမ်ကကောင်မလေး**ငွေ့ တစ်ယောက်**မကျန် ပြေးထွက်ကြိုကြရမည်ဟု အမိန့်ချထားကာ အချက်ပေးတတ်လေ့ရှိသော ... လရောင်ရဲ့စက်ဘီးဟွန်းသံ ...။ ဒီလောက်ဆို လမ်းထိပ်လောက်တော့ ရောက်လောက်ပြီ ...။



ငယ်က အိမ်ကသည့်သည် ပေါကြောင်ကြောင်ကို မကျေနပ် မကြည်လင်တာတွေရော ...၊ နောက်ဆုံး "ဒဂုံစင်တာ" က ဝယ်လာတဲ့ ကျောက်စိကလစ်ကအစ လာတူနေရပြန်သေးတာကို မကျေနပ်တာရောနှင့် ... တွေးလိုက်မိသော အကြံအစည်ကို နှစ်ခါပြန် စဉ်းစားမနေတော့ဘဲ ... ခွေးကလေးကို ကောက်ချီပွေ့လိုက်တော့သည်။

○ ✧ ○

www.burmeseclassic.com

www.burmeseclassic.com



## ချောက်ပေါက်ကျခြင်း

"ဂျက်စီရော ... ဂျက်စီ ..."

လရောင်ဝင်းတို့အိမ်က မိန်းကလေးများသည် မထင်ရင်မထင်သလို ထုရိုက်၊ ကုတ်ဆွဲ၊ ကျိတ်ဆိတ်တတ်တဲ့ နေရာတွေမှာ တစ်ဖက်ကမ်းခတ်ပင်ဖြစ်သော လရောင်ဝင်းရဲ့ ရန်စွယ်အပေါင်းတို့မှ ... (အတွေ့အကြုံရင့်ရင့်၊ အဆင့်မြင့်မြင့်) လျှပ်တစ်ပြက် ရှောင်ထွက်လမ်းလွှဲတတ်ကြသူချည်းပင် ... ဖြစ်နေကြပါသည် ...။

"ဂျက်စီ ဘယ်ပျောက်နေသလဲလို့ ... မေးနေတယ်ဟေ့ ...။ ငါ့ခွေးက ဒီနေရာချထားရင် ဒီနေရာတင် မလှုပ်မယှက် ငြိမ်နေတတ်တဲ့ခွေး ...။ ငါ အပြင်ထွက်ခါနီးတုန်းက ... ငါ့ခုတင်ပေါ် သူ့ကိုတင်ခဲ့တာ ... ခုမရှိဘူး ... အဲဒါ ဘယ်ရောက်နေပြီလဲ ...။ ငါ့အခန်းထဲက ငါ့ခုတင်ပေါ် သေချာတင်ခဲ့တဲ့ခွေးမှ ပျောက်ရတယ်ဆိုရင် ... နင်တို့အားလုံး ... ခေါင်းတုံးမတွေ ဖြစ်ပြီမှတ် ..."



"ပြီးကျတော့ တကယ်လုပ်မှာလည်း မဟုတ်ဘဲနဲ့ ..." ဆိုတာကို သိကြပေမဲ့ အဲဒီလောက် အကြိမ်းခံရရင်ပဲ ... မိန်းကလေးများအားလုံးဟာ သူ့ထက်ငါ ပြေးကြ လွှားကြ ပျာယာခတ်ကြရရင်း ... တစ်ယောက်ကတော့ ဆိုင်ဆိုင် မဆိုင်ဆိုင် ...

"ခုနကတော့ ဒီနားမှာ အရိပ်တစ်ခု လှစ်ခနဲ တွေ့လိုက်သလားလို့ ..."

"ဘုစုမ ... နင် ထင်ရာတွေ ပါးစပ်ကထွက်မယ် မကြံနဲ့နော် ... ဘာလဲ ... ငါ့ခွေးကို သူ့ရဲချိပြေးပြီထင်တယ် ... ဒါပဲ မဟုတ်လား ... နင့်ရဲ့ဆင်ခြေက ..."

"သရဲမဟုတ်ပါဘူး ... မမငယ်လားလို့ပါ ..."

"ဘာ !"

လရောင်မှာ ရှည်ရှည်ဝေးဝေး မေးမေးမြန်းမြန်း၊ ဘာစကားမှ ဆက်ဆိုမနေပါတော့။ အိပ်ခန်းထဲကနေပဲ အမြန်ဆုံးပြေးထွက်လာခဲ့ကာ ... ခြံထဲပြန်ပြေးဆင်း၊ စက်ဘီးပေါ် အမြန်ဆုံးပြန်တက် ...။ အကြံပက်စက် ... စကောလောက်မှ ဓောက်ခနက် ...။ သိကြရောပေါ့ "အငယ်မ"ရယ် ...။ ငါ့မှာတော့ ကြည့်စမ်း ...။ အန်တီသူဇာတို့ဆီမှာ ကာလစ်အသစ်တွေ ရောက်နေပြန်ပြီ သတင်းကြားလို့ ... ဂျက်စီ့ဖို့ သွားပြေးကြည့်ရရင်း ... သူ့ဖို့ပါ ဆင်တူလေးတစ်စုံ ထည့်ဝယ်လာပေးရတာ ...။ တစ်စုံကို လေးထောင်နီးပါးဆောင် ကျတာ ...။ ကိုယ်အချစ်ဆုံးနှစ်ယောက် ... အဲ ... တစ်ယောက်နဲ့ တစ်ကောင်အတွက်မို့သာ ဒီလောက်အကုန်အကျခံ၊ အပင်ပန်း ခံလာခဲ့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ငါက ဒီလိုစေတနာထားသလောက် ... သင်းကတော့ အူထဲအသည်းထဲကိုက လှိုက်ပုပ်နေတာ ...။ သူများတကာရဲ့ခွေးကိုပဲ တစ်နေ့တစ်နေ့ မျက်မုန်းကျိုးလို့မပြီး ဖြစ်နေတာ ...။ ခွေးကဖြင့် သူ့ဘာမှ လုပ်နေတာလဲ မဟုတ်ဘဲနဲ့ ... ဒီလောက်အေးချမ်းတဲ့ခွေးကိုပဲ သူက နေရင်းထိုင်ရင်း ရန်လုပ်နေတာ ...။

ပြောရမယ်ဆိုရင် ... ခွေးနဲ့ ကလစ်ချင်း ပြိုင်ချင်နေတာ ... ဒါပဲ ...။

ကြည့် ...။ ခု လရောင် မရှိတုန်း ခွေးကိုလာခိုးသွားပြီ ...။ ဘာအကြံအစည်နဲ့လည်းတော့ မပြောတတ်ပေမဲ့ ... မကောင်းကြံမလို့ ဆိုတာကတော့ ... သိပ်သိသာတာပေါ့ ...။ အကြင်နာတရားရှိတဲ့ ဟာမျိုးမှ မဟုတ်တာ ...။

လရောင်သည် အငယ်မတို့အိမ်ရှိရာ ဟိုးဘက်နှစ်လမ်းကျော်ကို ဖြတ်လမ်းကနေ စက်ဘီးနဲ့ နင်းချလာခဲ့ရင်း ... အငယ်မတို့ လမ်းထိပ်လောက် အရောက်မှာတင် ...(ဝေးတော့ အတော်ကြီး ဝေးသေးသော်လည်း တစ်ဖြောင့်တည်းတော့ လှမ်းမြင်နေရပြီဖြစ်သော) သူတို့ခြံထိပ်၌ ... အငယ်မကို ... ကုန်းကုန်းကုန်းကုန်း ... ကုပ်ချောင်းချောင်းပုံစံနှင့် တန်းခနဲ မြင်လိုက်ရလေသည်။ ကိုယ့်ခွေးကို သွားခိုးလာပြီး သူက ခြေကျင်ပြန်ရတာ ...၊ လရောင်က စက်ဘီးနှင့် ဖြတ်လမ်းက နင်းချလာတာဆိုတော့ ... သူမှ အိမ်ကောင်းကောင်း ပြန်မရောက်ချင်သေး ... လရောင်က မီလာနိုင်ပြီပေါ့ ...။

"ဘော်ဘော် ... ဘော်ဘော် ..."



ဩော် ... ညှံ့လိုက်တာ။ ငါ့နယ် ... လက်ကအကျင့်ပါပြီး စက်ဘီးဟွန်းကို သွားနှိပ်မိပြန်ပြီ ...။ ကိုယ်အချိန်မီလိုက်လာတာကို သူ မရိပ်မိလေ ကောင်းလေပေါ့ ...၊ ဒါမှသာ သက်သေခံပစ္စည်းက လက်ထဲတင် အတိအကျနဲ့ "ကွိ"ခနဲ မိနေရမှာ။

"တောက် ... ဒီကား ..."

စက်ဘီးကို ကျုံးနင်းလာမိသော လရောင် တစ်ယောက် ... အငယ်မတို့ရဲ့အိမ်သို့ မရောက်ခင် ... နတ်ပြည်ပဲ အရင်ရောက်ရတော့မလိုလို ဖြစ်သွားရပါသည်။ အငယ်မတို့လမ်းမကြီးမှာက ဖြတ်လမ်းတွေ၊ လမ်းသွယ်တွေအများသား ...။ ကိုယ်ကိုကိုင်းပြီး တအားကျုံးနင်းနေရတော့ လမ်းသွယ်တစ်ခုထဲကနေ "ဘွား"ခနဲ ထွက်လာသည့် ကွန်တိန်နာကားကြီးတစ်စီးနှင့် တည့်တည့်ကြီး ဝင်တိုးတော့မလို့ ...။ စက်ဘီးရဲ့ လက်ကိုင်ဘရိတ်ကို အမြန်ဆုံး ဆွဲပစ်လိုက်ရကာ ... ခြေထောက်နှစ်ချောင်းကိုလည်း မြေကြီးပေါ် လျှောတိုက်ပြီး အရှိန်သတ်ပစ်လိုက်ရပါသည်။

ဒီလမ်းထဲကပဲမို့ မျက်မှန်းတန်းမိနေသော ဘီစကစ်လုပ်ငန်းမှ ကွန်တိန်နာကားမောင်းသူခမျာ ... လရောင်ကို လက်တစ်ချက်ပြပြီး တောင်းပန်နှုတ်ဆက်နေဆဲ ... လရောင်ရဲ့မျက်ဆောင်ကြီးကိုပဲ "ဒိုင်း"ခနဲ ပြန်လည်လက်ခံလိုက်ရပါသည် ...။

"ကဲ ... ကြည့်ပါလား ... မရှိတော့ဘူး ..."

လက်ပူးလက်ကြပ် မိရမဲ့ကိစ္စ ... ဒီကားစုတ်ဝင်ရှုပ်လို့ကွာ ...။ ဟွန်းသံကို ကြားသွားဟန်ရှိတဲ့ အငယ်မဟာ ... ဒီကွန်တိန်နာကားကြီးနဲ့ ခဏကွယ်နေတုန်း "လှစ်"ခနဲ အိမ်ထဲရောက်သွားပြီ ... နေမှာပေါ့ ...။

www.burmeseclassic.com

www.burmeseclassic.com



အလောတကြီးစိတ်ဖောနှင့် လိုက်ချလာမိတာ … အိမ်နားသို့ ရောက်ကာမှ … မနေ့ညကပဲ ဖေဖေနှင့် အန်ကယ်လွင်တို့ အော်ကြီးဟစ်ကျယ်တွေ ဖြစ်ထားကြသေးတာကို သတိရမိပါတော့သည်။

ဒုက္ခပါပဲ …။ သူ့သမီးလိုပင် … အရွယ်က ဘယ်လောက်ကြီးကြီး စိတ်ကလိုက်ကြီးလာပုံ မရသော အန်ကယ်လွင်သည် … (ဟီဟိ … ကြားသွားလို့ကတော့ … ဖက်ပိုးအညှစ်ခံရမဲ့ကိန်း)ဖေဖေနှင့် စကားများပြီးတိုင်း … ဖေဖေ့သမီးဖြစ်တဲ့ လရောင်ဝင်းကိုပဲ ရမယ်ရှာ ကြည့်မရ ဆက်ဖြစ်နေတတ်လေ့ရှိတာ … အမေနှစ်ယောက်ကြားမှာတောင် "ဟား"စရာကိစ္စတစ်ခုအဖြစ် … လူတကာ အသိ …။

ခုချိန် အန်ကယ်လွင်သာ အိမ်ထဲရှိနေလို့ကတော့ ဖေဖေနဲ့ မကြည်လင်ထားကြတာက တစ်မှု၊ လက်ပူးလက်ကြပ် မပြနိုင်ဘဲ သူ့သမီးကို "ခွေးသူခိုး"အဖြစ် စွပ်စွဲရမှာကတစ်မှုနဲ့ လရောင်တော့ ဖက်ပိုးအနာပဲ … သေချာသည် …။

သူ့ဟာက သူများတွေလို ဖက်ပိုးကို "ဖြောင်း"ခနဲ ပိတ်တီးလိုက်တာမျိုး မဟုတ် …။ လက်ညှိုးနဲ့ လက်မနဲ့ ညှပ်ပြီး ညှစ်တာ …။ သူများကဖြင့် နုနုလေး …။ အန်ကယ်လွင်က အင်ကြီးအားကြီးနဲ့ ဆိုတော့ကာ … ပခုံးတွေ ဘာတွေ ကွေးတက်ပြီး … သိပ်နာတာ … အဟုတ်ပဲ …။

လရောင်မှာ အိမ်ထဲထိ ချက်ချင်းလိုက်ပြေးမဝင်သာတော့ဘဲ အန်ကယ်လွင်တို့ခြံနဲ့ မလှမ်းမကမ်းလေးမှာ ရပ်ထားသော ကားတစ်စီးနောက်မှာပဲ စက်ဘီးကို အသာအရှိန်သတ်၍ ရပ်တန့်



လိုက်ရပါတော့သည်။ ပြီးရင်တော့ … ကားနံဘေးနားလေးမှာ ပုထိုင်ကာ … အငယ်မတို့ အိမ်ထဲဘက်သို့ မသိမသာ ခိုးငုက်ချောင်းမြောင်း …။

"ဟိတ် ! ဘာလုပ်နေတာလဲ … ! "

ကျောနောက်မှ အသံကြီးကြောင့် လရောင်မှာ "တုန်"တောင် သွားမိပါသည်။ လှည့်ကြည့်လိုက်သော် … ရွယ်တူ မတိမ်းမယိမ်း ကောင်ကလေးတစ်ယောက် …။

"ဘာလာအော်နေတာလဲ … ဘယ်သူလဲ … ရှင်က …"

"အမယ် … ဟား ဟား … သူကလည်း သူများကားနားမှာ ပုန်းလျှိုးကွယ်လျှိုး ကုန်းကုန်းကွကွနဲ့ …။ ပြီးကျ သူကပဲ … မာန်နဲ့ ဟန်နဲ့ … ဟား ဟား … ဘာလုပ်နေတာလဲ … ငါ့ကားပတ်ပတ်လည်မှာ …

သွားရင်းလာရင်း အိမ်သာတက်ချင်လာလို့ ဆိုရင်လည်း … ကားပိုင်ရှင်ကိုလည်း ငဲ့ဦးနော် …။ လူမလစ်သေးဘူးခင်ဗျ …။ ပြီးကျ ဒီနေရာက လူကွယ်တယ် ထင်မနေနဲ့။ လမ်းမဘက်နဲ့သာ ကွယ်ရင်ကွယ်မယ် … ဟိုဘက်ကအိမ်ကြီးတွေပေါ်ကတော့ အားလုံး လှမ်းမြင်နေရနိုင်တယ်လေ …"

"အောင်မာ … အောင်မာ …"

ကြည့်စမ်း … လူကိုများ လမ်းဘေးရှူးထိုင်ပေါက်မဲ့အစားထဲက ထင်နေရတယ်လို့ … တောက် …။

"သူများကို လျှောက်ပြောမနေနဲ့ … ရှင်သာ ဒီလမ်းထဲက မဟုတ်ဘဲနဲ့ ဒီနားမှာ ကားရပ်ထားပြီး … ဟိုလျှောက် ဒီလျှောက် … ကုန်းကုန်းကွကွနဲ့ … ဘာလဲ … သူခိုးလား"

www.burmeseclassic.com

www.burmeseclassic.com



သူက ကိုယ့်ကို "ကုန်းကုန်းကွကွ"ဆိုလို့ ကိုယ်ကလည်း သူ့စကားလုံးအတိုင်း ချွတ်စွတ် ပြန်သုံးလိုက်ပြီးမှ … လရောင်မှာ တကယ်ပဲ ဓဆေဓဝါနှင့် "အင်"ခနဲ ဖြစ်သွားရပါသည်။ အပေါ်ကအကျီက အဖြူရောင် …။ အောက်က ပုဆိုးက နက်ပြာလိုလို အနက်လိုလို ခပ်မှောင်မှောင် …။ ဒါဖြင့် ခုနက … ဟိုကွန်တိန်နာကားနဲ့ ဝင်တိုးမတတ် ရှပ်ယှက်မခတ်ခင်ကလေးကတင် … ဒီခြံထိပ်မှာ ကုပ်ချောင်းချောင်း ပုံစံနဲ့ လှမ်းမြင်လိုက်ရတာ … "အငယ်မ"မဟုတ်ဘူးလား …။

လမ်းက တဖြောင့်တည်းမို့ မြင်ကွင်းက တန်းနေသလို ရှိပေမဲ့ အဝေးကြီးက မြင်လိုက်ရတာဆိုတော့ … ယောကျ်ားနဲ့မိန်းမတောင် မကွဲဘူး ဖြစ်သွားတာမျိုးလား …။ ရင်းနှီးနေပြီးသား အငယ်မရဲ့ ကိုယ်ဟန်ပုံစံဟာ ဘယ်ကမှန်း မသိတဲ့ သူစိမ်းယောကျ်ားကြီးတစ်ယောက်နဲ့ မှားနိုင်သလား။ လှမ်းမြင်လိုက်ရတာကတော့ အပေါ်ကအဖြူ၊ အောက်ကလည်း မှောင်ပြာပြာလိုလိုပင် …။

"ဟုတ်တယ် … ဟုတ်တယ် … ရှင် … ရှင် … ဒီခြံကို လှည့်ပတ်ချောင်းနေတာ မဟုတ်လား …။ ဟိုးအဝေးကြီးတည်းက လှမ်းမြင်နေရတာနော် … ငြင်းမယ်မကြံနဲ့ … ဒါ … ရှင်ဘာသဘောလဲ … ရဲတိုင်လိုက်ရမလား …"

လရောင် အဝေးက လှမ်းမြင်လိုက်ရတုန်းကတော့ … အငယ်မနဲ့ ဘယ်လောက်ပဲတူတူ …၊ အငယ်မဆိုရင် … ကိုယ့်ခြံထဲ ကိုယ်ဝင်ရမဲ့ကိစ္စ … ဘာကုပ်ချောင်းချောင်း ကုန်းကွကွဖြစ်နေစရာ ရှိသလဲ …။ ဒီအချက်ကို စဉ်းစားမိလိုက်လျှင်တော့



လရောင်က … ကိုယ့်ရှေ့ကလူကို လက်ညှိုးတထိုးထိုး … မျက်လုံးမျက်ဆန်ပြူးနှင့် ထိတ်လန့်တကြားကြီးလည်း ဖြစ်လာရပါသည်။

အဲဒါမှ "ခွ"ပဲ …။

အာယုမှာ ကိုယ့်နဖူးကိုယ် ပြန်ရိုက်ကာ … စိတ်ထဲကပဲ ကျိတ်ညည်းညူလိုက်မိပါသည်။ မနက်အစောပိုင်းက ဟိုသတ္တဝါကောင် မောင်စိ ပညာလာပေးသွားပြီးကတည်းက အာယုခမျာ အိမ်က အဒေါ်ဖြစ်သူ ပြန်ရောက်မလာမချင်း … မံမီလို အတောင့်လိုက်ကြီး … အတော်ဒုက္ခရောက်လိုက်ရသေးတာ …။ လှုပ်ရင်းရှားရင်းနဲ့ သူတို့တင်ပေးခဲ့တဲ့ နှစ်ယောက်ထိုင် ဆိုဖာပေါ်ကနေ အတောင့်လိုက် ပြုတ်ကျပြီး စားပွဲနဲ့ ကုလားထိုင်ကြားညပ်လိုညပ်နေ …။

အဒေါ်ပြန်ရောက်လာတော့ "တံခါးလာဖွင့်မပေးနိုင်လို့ … ကိုယ့်သော့နဲ့ကိုယ်ပဲ ဖွင့်ဝင်ခဲ့ပါ"ဆိုတာကို ညှော်ခန်းထဲကပဲ လှမ်းအော်ပြောရသည်။ အိမ်ထဲရောက်လာသော အဒေါ်ခမျာ တူဖြစ်သူရဲ့ ဖြစ်အင်ကြောင့် အော်ကာဟစ်ကာနဲ့ သတိလစ် တက်ချက်ဆာ့မလို ဖြစ်နေပြန်လို့ … "မြန်မြန်ဖြေပေး"ဖို့ကိုပဲ အထပ်ထပ်ပြန်အော်နေရသေးသည်။

"သူငယ်ချင်းတွေ လာနှောက်သွားကြတာပါ …"

အဒေါ်ကတော့ … "အဲဒီလောက် နှောက်စရာရှားသလား"လို့ တူဖြစ်သူကိုလည်း မယုံဘဲ "ရဲတိုင်မယ်"ချည်းဘကဲကဲ ဖြစ်နေတာမို့ … အာယုခမျာ … "အချင်းချင်း နှောက်ပြောင်တဲ့ကိစ္စကို ရဲတိုင်ရင် … ဘာမှမဟုတ်ဘဲ လီဆည်လုပ်ကြ

www.burmeseclassic.com

www.burmeseclassic.com



ကာ အမှုဖြစ်စေမှု၊ ဝတ္တရားနှောင့်ယှက်မှုတွေနဲ့ ဒေါ်လေးပဲ အရေးယူခံနေရမှာပေါ့ …”ဟု ပြန်ခြောက်ရပါသေး …။

ကိုယ်က … ဟိုကောင် ယူသွားလေတဲ့ လိပ်စာကတ်နောက် အချိန်မီ လိုက်နိုင်ဖို့ အရေးကြီးနေတယ်လေ …။ မေမေ့ဆီက ကြားခဲ့ရတာကတော့ …“ဘာရယ် ညာရယ်တော့ မဟုတ်ဘူး … ကလေးချင်း ရင်းနှီးနေကြအောင်ပါ … အဲဒီမှာ သမီးချောလေးတွေမှ … နှစ်ယောက်ကြီးများတောင် ရှိတာ …”တဲ့ …။

အမြန်ဆုံး လိုက်ချလာခဲ့ပေမဲ့ … ကိုယ်မမီဘဝရောက်နေတုန်း ဟိုအကောင် … ဘာတွေလာနှောက်ပြီးသွားပြီလဲ မပြောနိုင်တာမို့ … အိမ်ထဲတန်းမဝင်လိုက်ရဲဘဲ … မသိမသာ အပြင်ကနေပဲ အရင် … အကဲခတ် ချောင်းမြောင်းနေရဆဲ ဖြစ်ပါသည်။ ပြောနိုင်တာမဟုတ် …။ ဗရုတ်ကျဖို့ဆိုရင် … ကောက်ကောက်ကျစ်ကျစ် ယုတ်ယုတ်မာမာ အကြံမျိုးတွေလည်း စိတ်ကူးထဲ အမြဲအပြည့်ရှိနေတတ်တဲ့ … မောင်စိုးရဲ့လက်ချက်ဟာ … ခုချိန်မှာ … ဒီအိမ်က မိသားစုတွေအတွက် …

“ဦးတင်ဦးနဲ့ ဒေါ်နီလာမြင့်တို့ရဲ့သား … အာယုဆိုရင် … အိမ်ထဲအဝင်ခံဖို့နေနေ အိမ်ရိပ်တောင် မနင်းစေနဲ့ …၊ အိမ်ရှေ့ကတောင် ကားဖြတ်မမောင်းစေနဲ့”ဆိုတာမျိုးလောက်လည်း … ဖြစ်မနေဟု … မပြောနိုင်ပေ …။

အဲဒါကြောင့်ပဲ မလှမ်းမကမ်းမှာ ကားရပ်ခဲ့ပြီး … အရိပ်အကဲကြည့် … ဖြတ်လျှောက်၊ ချောင်းမြောင်းနေရဆဲ … ခုတော့ … လုံ့မိပြီ …။



“မှန်မှန်ပြော … သူခိုးမဟုတ်လား …”

“ဟာ … ဒီရုပ်ဒီရည်နဲ့ … ကားနဲ့လာတာ … သူခိုးဖြစ်နိုင်ပါ့မလား …”

“ဘယ်ပြောနိုင်မလဲ … အဆင့်မြင့် သူခိုးလည်းပဲ ဖြစ်နိုင်တာပဲ …”

“ဟဲ ဟဲ … ဂုဏ်ယူရမလိုတောင် ဖြစ်နေတယ် … သူခိုးဆိုရင်တောင်မှ … ‘အဆင့်မြင့်သူခိုး’တဲ့ …။ ဒီအိမ်ကကော အဆင့်မြင့်သူခိုးတွေ စိတ်ဝင်စားလောက်တဲ့ အိမ်မျိုး … မို့လို့လား …”

“မလိုမ့်တပတ်နဲ့ လာအစ်မနေနဲ့ … ဘာလို့ ပြောရမှာလဲ…”

“ဒါဖြင့် … ဒီအိမ်ကပေါ့နော် …”

အာယုနှင့် လရောင်တို့ တစ်ယောက်နဲ့ တစ်ယောက် မမိုတ်မသုန်ကြီးတွေ စိုက်ကြည့်ပြီး အကဲခတ်နေမိကြပါသည်။ လရောင်ရဲ့ စိတ်ထဲမှာ “သူခိုး … သူခိုး”နဲ့ အကြိမ်ကြိမ် ထပ်၊ ထပ်ပြောနေရပေမဲ့ “ဒီလူဟာ သူခိုးတော့ မဖြစ်နိုင်ပါဘူး … အငယ်မတို့နဲ့ ဘာများပတ်သက်ပါလိမ့် … လူပုံကတော့ အဖြောင့်ပဲ …”ဟူ၍ ကျလိကျလိဖြစ်ကာ အသည်းယားနေရသလို …

အာယုရဲ့ အတွေးထဲမှာလည်း …“အမိုက်စားလေးပဲ … သမီးနှစ်ယောက်ထဲက အကြီးတစ်ယောက်လား … အငယ်များလား …။ ဟိုသတ္တဝါနဲ့ရော ဆုံများဆုံသွားကြသေးလားမသိ …။ ဒါမျိုးလေးနဲ့သာ ဆုံလိုက်ရပြီး အာယုနဲ့ ဘာဘာညာညာ စီစီစဉ်စဉ် … လို့ပါ အတပ်သိလိုက်နိုင်ပြီးရင်တော့ … အဲဒီ လူ

www.burmeseclassic.com

www.burmeseclassic.com



ယုတ်မာကောင်ဟာ … ခုလောက်ဆို … ဘယ်လိုအကြံအစည်ဆိုးကြီးတွေအထိ ဆက်တိုက် အကွက်ဆက်ချပြီးနေလောက်ပြီလည်း မသိဘူး … ဒွတ်ပဲ … တစ်ခါတည်းများ ရောပြီး … ရင်းပြီး … အိမ်နောက်လုံးထွေးပြီးသားများ ဖြစ်သွားပြီလားလည်း မသိဘူး … ဒုက္ခပါပဲကွာ …”ဘာဘာညာညာနှင့် ယူကျုံးမရ ဖြစ်ရတော့မလိုလိုတွေ … ဖြစ်နေရပါတော့သည် …။

“အိအိ အိအိ … အုအုအု …”

“ဟင် … ! ”

“အိအိ … အုအု …”

“ဘာသံလဲ”

ကိုယ့်ကားရဲ့ နောက်ဘက်အဖုံးထဲက ထွက်ပေါ်လာသော အသံဆန်းသဲ့သဲ့လေးတစ်ခုကို အာယုက အံ့အားတသင့်ရှိသွားမိချိန်မှာ … နောက်ဘက်အဖုံးပေါ်သို့ ခေါင်းမှောက်ချ၊ နားရွက်နဲ့ပါ ကပ်နားထောင်လိုက်ပြီး … ဒေါသတကြီး “ဝုန်း” ခနဲ ပြန်မတ်လာသော လရောင်က …

“အဖုံးဖွင့် …”

“အား … ဖြည်းဖြည်းပြောပါ … ဘာလဲ … ဘာဖြစ်တာလဲ …”

“ရှင့်ကားရဲ့ နောက်ဖုံးကို ဖွင့်ပေးလို့ ပြောနေတာ … ရှင်… ရှင် …”

“အဲ … အဲ … ဖွင့်ပါ့မယ် … ဘာတွေ ဒေါသကြီးသွားပြန်တာလဲ … ဘာလို့လဲ”



အာယုရဲ့ အခြေအနေဟာ … ကားနောက်ဘက်အဖုံးကို ဖွင့်လှန်ပေးလိုက်ချိန်မှစကာ ပို၍ဆိုးဝါးသွားပါချေတော့သည်။ နောက်ဘက်အဖုံး ပွင့်သွားချိန်မှာ ခုနက “အိအိအုအု”ထွက်ပေါ်နေသော အသံဆန်းကလေးရဲ့ ပိုင်ရှင် အဖြစ် … လျှာလေးအလျားလိုက်ထွက်ကာ မောဟိုက်နေပုံရသော … မိုင်လိုဖျော့ရောင်ခွေးပေါက်စလေးကို မြင်လိုက်ရပါသည် …။

“အမလေး … ဂျက်စီ … ဂျက်စီ … ချစ်သည်းလေး … ဘယ်လိုဖြစ်နေရတာလဲ … သေတော့မှာပဲ … ကြည့်စမ်း … ရှင် … ရက်စက်လိုက်တာ … အသည်းနှလုံးမရှိတဲ့လူ …။ ကုပ်ချောင်းချောင်းနဲ့ … ပြောတော့ဖြင့် သူခိုး မဟုတ်ပါဘူးဆို … ခုတော့ ဘွားဘွားကြီး ပေါ်တာပဲ… သူခိုး … သူခိုး”

လရောင်မှာ ဂျက်စီကလေးကို ဖျတ်ခနဲ ကျုံးပွေ့ယူလိုက်ပြီး ပါးစပ်က တတွတ်တွတ်နှင့် ရှိနေရာမှ … ရုတ်တရက်စိတ်မထိန်းနိုင်တော့သလို … အိမ်က,ကလေးမများကို သင်ခန်းစာပေးနေကျ ပုံစံအတိုင်း …။

“ဟ … ဟ … ဟ …”

“ကဲ … ကဲ … အဲဒါ … သူများခွေးကို ခိုးဦး … ခိုးဦး။ ဟင် ! ကြည့်စမ်း နားရွက်နားတစ်ဝိုက်က အမွှေးလေးတွေကိုလည်း ဆွဲနုတ်ထားသေးတယ် … ခိုးရုံမကဘူး … ပိုင်ရှင်တွေ့ရင် ပြန်မမှတ်မိအောင် ပုံပါဖျက်ထားတယ်ပေါ့လေ …”

www.burmeseclassic.com

www.burmeseclassic.com



လရောင်ရဲ့ လက်သီးဆုပ်တို့ဟာ အာယုရဲ့ လက်မောင်းတွေ လက်ဖျံတွေ ကျောပြင်တွေပေါ်သို့ အတားအဆီးမရှိ မရပ်မနား ကျဆင်းနေကြတော့ပြီ ...။ ကိုယ့်ဘာသာပဲ မောင်းယူလာပြီး ဒီနားလာရပ်ထားသော ကားထဲ ... သူ့ခွေးလေးက ဘယ်လိုလုပ် လာရောက်နေမှန်း စဉ်းကိုမစဉ်းစားတတ်တော့တဲ့ အာယု ခမျာမှာတော့ ... ကောင်မလေးရဲ့ လက်သီးတွေအောက်မှာ တဖုန်းဖုန်း တထိုင်းထိုင်းနှင့် လိုမ့်ခံနေရပါတော့သည်။

ဘုမသိ ဘမသိနှင့် အတော်ကြီး လိုမ့်ခံနေရပြီးမှ ... အာယုက ကောင်မလေးဘက်လှည့်ကာ ... သူ့လက်တွေကို ဖျတ်ခနဲ ဖမ်းဆုပ်ကိုင်ထားလိုက်သည် ...။ သူ့ခွေးသူ လက်တစ်ဖက်ဖြင့် ချီထားရသေးသည့် လရောင်၏ နောက်လက်ကလေး တစ်ဖက်မှာ အာယုရဲ့ လက်နှစ်ဖက်ထဲ ... လုံးဝကြီးကို ကျပ်ကျပ်ခိုင်ခိုင်ကြီး ဆုပ်ကိုင်ခံထားရပြီးသား ဖြစ်နေတော့လေသည်။

"ဟင် ... ရှင် ... ရှင် ... ဘာလုပ်တာလဲ ... လွှတ် ... အခု ..."

"လွှတ်ရင် ... ခင်ဗျားက ထပ်ထုမှာပေါ့ ... နာလှပြီ ..."

"ဟင် ... ! လမ်းမကြီးမှာ ... ခွေးလည်းခိုးသေး ... လက်လည်းဆွဲသေး ... အမလေး ... လာကြပါဦးရှင့် ... သူခိုးက ဖောက်ဆွဲနေလို့ပါ ..."

အဓော်ပိုင်းလောက်ကတည်းက ... အိမ်ထဲကနေ အသာလေး ပြန်ချောင်းကြည့်နေသော ငယ်က လရောင်ရဲ့အော်ဟစ်သံကြောင့် ... လမ်းမပေါ်သို့ ပြေးထွက်လာပါသည်။ စကား



သံတွေကိုပါ လုံးစေ့ပတ်စေ့ မကြားရသော်လည်း ... ဖြစ်ပျက်နေသမျှကိုတော့ အားလုံးအတိုင်းသား လှမ်းမြင်နေနိုင်သည့် ငယ့်ရဲ့ မျက်နှာလေးက ... ဘယ်လိုမှ အပိုးမကျိုးနိုင်စွာ ... စပ်ဖြဲဖြဲရယ်ကျဲကျဲနှင့် ...။

တကယ်တော့ ... လမ်းထိပ်လောက်ကနေ လရောင်ရဲ့စက်ဘီးဟွန်းသံကို ကြားလိုက်ရပြန်တဲ့ ငယ်က ... အနားမှာ အဆင်သင့်တွေ့နေရတဲ့ (ကားမောင်းသူပိုင်ရှင်လည်း ရုတ်တရက် မမြင်တဲ့) နောက်ဖုံးခပ်ဟပ်ဟ ကားတစ်စီးထဲ ... ခွေးလေးကို ဖျတ်ခနဲ ထည့်ခဲ့လိုက်ပြီးမှ ... အိမ်ထဲ ဆက်ဝင်ပြေးသွားခြင်း ဖြစ်ပါသည် ...။

ငယ့်ရဲ့ အပိုးမကျိုးတဲ့ ရုပ်ရည်နဲ့ ပိတ်ဖောက်ဇာ အင်္ကျီအဖြူ စကတ်နက်ပြာရှည်တို့ကိုပါ လှမ်းတွေ့လိုက်ရလျှင်တော့ ... တအားကြီး အော်ဟစ်နေလေတဲ့ လရောင်ရဲ့အသံတို့က တိခနဲရပ်တန့်သွားပါသည်။

အာယုကလည်း အော်သံရပ်မှပင် လက်ကိုလွှတ်ပေးလိုက်မိပါသည် ...။

"ခွေး ... အဲဒီခွေးက ဘယ်လိုလုပ် ဒီထဲလာရောက်နေတာလဲ မသိဘူး"

အိမ်ကြီးထဲက ပြေးထွက်လာသော နောက်ထပ်အမိဗားကလေးတစ်ယောက်ကိုပါ ကြည့်ပြီး ... အာယုက အယောင်ယောင် အမှားမှားနှင့် ဖြေရှင်းလိုက်သည်။

"ဘာမှ လာပြောမနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



လရောင်က ရှက်ရမ်းရမ်းပြီး ကျုံးအော်ထည့်လိုက်ပြန်၏။

"သွားတော့လေ ... ရှင်လည်း ဒီနားမှာ ကားလာရပ်ထားတာ ကြာပြီပဲ ... ရှင့်ကိစ္စက မပြီးသေးဘူးလား ..."

အာယုက ပြုံးစိစိနှင့် နှင်လေသော ငယ်စကားကြောင့် "ဟုတ်ကဲ့ ... ဟုတ်ကဲ့ ..."ဟု အမိန့်နာခံကာ ကားပေါ်တက်ထိုင်လိုက်မိပြီးမှ ...

"ကျွန်တော့်နာမည်က 'အာယု'ပါ ..."

"ကောင်းပါပြီ ... မှတ်ထားဆေချင်ရင်လည်း မှတ်ထားရတာပေါ့ ... မသွားသေးဘူးလား ..."

အာယုရဲ့ ကားကလေး ထွက်သွားလျှင်တော့ ... အရှက်ကြီး ရှက်ကာ ငြိမ်သက်သွားလေတဲ့ လရောင်က တစ်စခန်း ထလာကာ ...

"အငယ်မ ... ဒါ နင့်လက်ချက်ပဲ မဟုတ်လား ... မငြင်းနဲ့ ... မိန်းမစုတ် ..."

လရောင်ရဲ့ လက်သည်းရှည်ကြီးတွေ ငယ့်လက်မောင်းပေါ် **ကျလာပြန်တာ**ကို ... အမှုမထားနိုင်ရတော့လောက်အောင်ပင် ... **ငယ့်မျက်နှာ**လေးက ပြုံးစိစိကနေ ... အံ့အားတသင့်ဖဝေဖဝါကြီးပုံသို့ ပြောင်းသွားလျက် ...

"ဟမ် ... **အာယု** ! ... မနက်က တစ်ယောက်ကလည်း အာယု ...။ ခုတစ်ယောက်ကလည်း အာယု ...။ ဘာလို့ အာယုတွေချည်း လာတိုက်ဆိုင်နေရတာလဲ"



နှစ်ယောက်စလုံးကလည်း ပေါကြောင်ကြောင်နဲ့ အူကြောင်ကြောင်တွေချည်းပဲ ...။ ငယ်က ... လရောင်ရဲ့ လက်တွေကို ခုမှတွန်းထုတ်ဖို့ သတိရလာကာ ...

"နေစမ်းပါဦး ... နင့်ခွေးကိစ္စထက် အရေးကြီးတဲ့ သတင်းထူးတွေ ပြောပြစရာရှိတယ် ... နင် နားမထောင်ချင်ဘူးလား ..."

○✧○

www.burmeseclassic.com

www.burmeseclassic.com



## ငအိ

"ဟော့ ... ဟော့ ... ဟော့ ... ရုပ်,ရုပ် ... ကားရုပ် ... ဟာ ရုပ်ပါဆို ... အတော်ကြီး ကျော်လာပြီကွ ... ခုချက်ချင်း ရုပ်စမ်း ..."

"ရုပ်လို့မှ မရဘဲ ... လမ်းတစ်လျှောက်လုံး ဖြူနီတုံးတွေ ဆွဲထားတာချည်းပဲ ... ရုပ်လိုက်တာနဲ့ မင်းအဘတွေက ရောက်လာမှာ ... လိုင်းဖြူတွေ့တဲ့ထိစောင့် ..."

"မင်းလည်း လိုင်းဖြူတွေ့ရော ... ငါ့တားဂက်(Target) ကလည်း ပျောက်ကရော ... အဆေးကြီးက ပြန်လျှောက်လာရမှာလည်း ရွေးထွက်လှသကွာ ... ဒီနားမှာပဲ မှေးရုပ်လိုက် ငါ ဖျတ်ခနဲ ဆင်းလိုက်မယ် ... မင်းတို့ကတော့ တစ်ကွေ့ ပြန်ပတ်မောင်းလိုက်ပြီးမှ ငါ့ကို ပြန်လာခေါ်တင်ပေါ့ ... ဒီလမ်းထဲ ပြန်ဝင်လာရင် ညာဘက်ယာဉ်ကြောကို ကပ်ယူလာခဲ့နော် ... ငါ ဟိုနားမှာပဲ ရှိမယ် ..."

စိတြက ကားမောင်းနေသည့် ရန်လင်းနိုင်၏ပခုံးကို နောက်ခုံကနေ လက်နှစ်ဖက်နှင့် အုပ်မိုးကာကိုင်လိုက်သည်မို့ ...



လိုင်းဖြူရှာနေသည့် ရန်လင်းနိုင်မှာ ... သူ မလုပ်ချင်သည့်ဖြူနီကျား လိုင်းနေရာမှာပဲ ရုပ်ရဖို့ သေချာသွားလောက်ပါပြီ။

နို့မို့ နောက်ကနေ ပခုံးကိုခုတ်တာ၊ လည်ပင်းညှစ်တာ၊ နားရွက်ဆွဲတာ တစ်ခုခုများ လုပ်ထည့်လိုက်လို့ကတော့ ... ကားမောင်းနေဆဲတန်းလန်းက တွန့်လိမ်သွားရရင် ... ကားကဟိုယမ်းသည်ယမ်းနှင့် ... အဲဒီအခါကျရင်လည်း "မင်းအဘ"ဟုစွဲ့ပြောထားသည့် ယာဉ်ထိန်းရဲများနှင့် တွေ့ကိုတွေ့ရဦးမှာပဲ ဖြစ်သည်လေ ...။

ရန်လင်းနိုင်က တစ်လမ်းမောင်း ကားလမ်းကို ဘယ်ဘက် အသာလေးကပ်လိုက်ကာ ... စက်ကိုမသတ် ကားလည်းမရပ်ဘဲ ...

"ဆင်းရင်လည်း ဆင်းကွာ ... မြန်မြန်ဆင်း ... ခုန်ချလိုက် ..."

စိတြကလည်း အရှိန်အကုန်မသေသေးဘဲ ခပ်လိမ့်လိမ့်လေး ရှိနေဆဲ ကားပေါ်မှ အဟုတ်ပင် ... "ဖျတ်"ခနဲ ဆင်းချလိုက်ပါသည်။ ရိုးရိုးဆင်းတာတော့ မဟုတ်။ နံဘေးမှာ ထိုင်နေသည့် ဝဏ္ဏရဲ့ပေါင်ပေါ်မှာ အလျားလိုက်တင်ထားသည့် သေတ္တာရှည်တစ်ခုကိုပါ ဖျတ်ခနဲ ဆွဲယူပြီးမှ ဆင်းသွားခြင်းဖြစ်သည်။ ဝဏ္ဏမှာ အလစ်၌ ခံလိုက်ရသလို ... အပေါ်ကိုင်းကနေ ဆွဲကိုင်ယူသွားသည့် သေတ္တာရှည်က စိတြရဲ့လက်ထဲသို့ အတော်ကြီး ပါသွားပြီးမှ ... သတိတရနှင့် ... မြန်မြန်ပြန်ဖမ်းလိုက်တော့ ဆိပ်ဖျားလောက်ကိုသာ လက်နှစ်ဖက်နှင့် ကျုံးဖက်မိသည်။

"ဟာ ... ဟော့ကောင် ... ဒါက ဘာလုပ်တာလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"ငါက ဒီအတိုင်းကြီး လမ်းလျှောက်သွားရမှာ လက်ဗလာကြီးနဲ့ဆို စတိုင်ပဲ့တယ်လေ ... ဒါလေးဆွဲကိုင်သွားမယ် ... ဂျိမ်းစ်ဘွန်းကားထဲက လက်ဖြောင့်သေနတ်သမား(Sniper) လိုလို ဘာလိုလို ... ဟဲ ဟဲ ဟဲ ..."

"ကျွတ် ... အစီပွာယ်မရှိတာ ... ဒါကိုတော့ မင်းလျှောက်လုပ်လို့ မဖြစ်ဘူးကွာ ... အိမ်က ငါ့ဖားသားကြီး သေချာခိုင်းလိုက်တဲ့ကိစ္စ ..."

"မင်းဟာကြီးကို ငါက အပြီးယူတာမှ မဟုတ်တာ ... ခဏပဲ ငှားကိုင်တာ"

ရန်လင်းနိုင်က ..."ဟာ ... ..."ဟု သံရှည်တစ်ချက်ဆွဲကာ အော်ဟစ်ပစ်လိုက်ပါသည်။ ဖြူနီကြားလိုင်းကြီးမှာ မသိမသာ ဘေးကပ်ရပ်လိုက်ပြီး သေချာတောင် မရပ်ဘဲ ဘီးမလှိမ့်တလှိမ့်နှင့် ခုန်ဆင်းခိုင်းပါသည် ဆိုမှ ... ခုတော့ အဲဒီဘီးမလှိမ့်တလှိမ့်အဖြစ်မှာ ... ဘေးတံခါးကြီးက တန်းလန်းကြီးပွင့်ဟကာ စိတြကလည်း ကုန်းကွကွကြီးနှင့် ဘေးကပြေးလိုက်ပါနေသလိုကြီး ဖြစ်နေသည်။

ကားပြင်ကကောင်က သေတ္တာရှည်ရဲ့ကိုင်းကို ဆုပ်ကိုင်ထားရာက ... အလျှော့မပေး၊ မလွှတ်သလို ... ကားထဲက ကောင်ကလည်း ထိပ်ဘက်ကို ကျုံးဖက်ထားရာက ပိုပြီး စွဲစွဲမြဲမြဲဖြစ်ဖို့ပဲ ကြိုးစားနေသည်။ လွှတ်လိုက်မည့်ပုံ မပေါ်ပါ ...။ အဲဒါနဲ့ပဲ ... ရန်လင်းနိုင်က ရဲဖမ်းခံရတော့မည်။ ဒီတစ်ခါပါနှင့်ဆို ဒီအုပ်စုနှင့်ချည်း ... ဒီလထဲမှာ ရဲနဲ့တွေ့ရတာက (၃)ကြိမ်မြောက် ဖြစ်တော့မယ်ဆိုရင် ... အိမ်ကမိဘများက ... ရန်လင်းနိုင် အပြင်



ထွက်ရင် ... ကားယူသွားခွင့် ပေးကြတော့မည် မထင်ပေ ...။ ရန်လင်းနိုင်က ကားကို ဘီးမလှိမ့်တလှိမ့် လုပ်နေရာက စက်ရှိန်ကို ပြန်မြှင့်ပြီး မောင်းထွက်ပစ်လိုက်ပါတော့သည်။

"ဟာဟာ ... ဟော့ဟော့"သံတွေ ... ဆူညံသွားပြီးသည်၌ ... ကားပြင်ကနေ ကုန်းကွကွပြေး လိုက်နေရသောကောင်က ဇွဲမလျှော့ဘဲ ... မဆုတ်မနစ် ကိုင်ဆွဲ ပြေးလိုက်လျက်ရှိကာ ... ကားထဲက ကျုံးဖက်ထားသည့် ကောင်ကသာ ကြောက်ကြောက်လန့်လန့်နှင့် တင်းကျပ်မှုကို လျှော့လိုက်မိသည့်အတွက် သေတ္တာရှည်က စိတြရဲ့နောက်သို့ လျောခနဲ ပါသွားပါတော့သည်။ ဝဏ္ဏခမျာ ဖွင့်ရက်တန်းလန်းကြီးဖြစ်နေသော ကားတံခါးထဲမှ သူပါ လျောပါသွားတော့မယောင် ဖြစ်ရပြီးမှ ... ကျော်မျိုးရဲ့ အကူအညီနဲ့ ကားတံခါးကို မြန်မြန်ပြန်ဆွဲပိတ်လိုက်နိုင်သည်။

"တောက် ..."

"သူခိုးပြေးမှ ထိုးကွင်းထမနေနဲ့ ... မင်းက ကားထဲက ကောင် ...၊ ဒုက္ခရောက်စရာရှိ အပြင်က ပြေးလိုက်နေရတဲ့ ကောင်က ရောက်ရမှာ ... ကိုယ့်ဘာသာဖြင့် ပိုင်ပိုင်နိုင်နိုင်နဲ့ ဇွဲမရှိဘဲနဲ့ ..."

ရန်လင်းနိုင်က သူ့အပေါ် ဖိလာတော့မဲ့ ဝဏ္ဏရဲ့ ဒေါသကို သူက အရင်ဆီးဟောက်ထားလိုက်ခြင်းနဲ့ ကြိုကာထားလိုက်သည်။

"ကျွတ် ... လက်ထဲမှာ စတိုင်ကျအောင် ဆွဲကိုင်သွားမှာတဲ့ ...။ လုံးဝမဟုတ်ဘူးကွာ ... အဲဒါ သက်သက်ပါးစပ်ထဲတွေ့ရာ လျှောက်ပြောတာ ... ဒူးခေါင်းစွပ်အထိပါတဲ့

www.burmeseclassic.com

www.burmeseclassic.com



ခြေတုကြီး နှစ်ဖက်ကို ဒီကောင် ဘာများလုပ်ဦးမလို့လဲ မသိဘူး …”

“ဘာလုပ်လုပ်ကွာ … ခဏငှားကိုင်တာပါဆိုရင် … ခုပဲပြန်ရမှာပဲဟာ … မင်းဟာကြီးက သူများကို လက်ဆောင်တစ်ဆင့်ကမ်းလို့လည်းမရ …။ လှလို့ဆိုပြီး အတင်းယူ ထားစရာလည်းမဟုတ် …၊ သူ့ကို တစ်ပတ်ကွေ့ပြီး ပြန်လာခေါ်တင်လိုက်လို့ ပြောထားတာပဲ … အဲဒီအခါကျ ပြန်ရမှာပေါ့ …”

“မရရင်တော့လည်း သတ်ကြရရုံ ရှိတာပဲ … ငါ့အဖေက သူ့သူငယ်ချင်းတစ်ယောက်ရဲ့ လူကြုံပစ္စည်းကို ဗန်ကောက်ကနေ သယ်လာပေးရတာကွ … ငါ့ကို သေချာအိမ်အထိ၊ ကိုယ်ထိလက်ရောက် သွားပေးလိုက်ချေလို့ ခိုင်းထားကာမှ …။ ငါ့အဖေရဲ့သူငယ်ချင်းကလည်း … ကား Accident မှာ ခြေနှစ်ချောင်းစလုံး ဒူးအတိကနေ ဖြတ်လိုက်ရတဲ့ သူ့အစ်မအတွက် … အမေရိကားကနေ သေချာမှာပြီး … အဖေနဲ့ လူကြုံပြန်ထည့်ပေးလိုက်တာ …။ လွဲသွားလို့မဖြစ်ဘူး … ကားကို မြန်မြန်မောင်းကွာ … အဲဒီကောင်နဲ့ မြန်မြန်ပြန်တွေ့မှ ဖြစ်မယ်”

“မြန်မြန်တော့ မမောင်းနိုင်ဘူး … ဖြည်းဖြည်းပဲ မောင်းမယ် …။ ပြီးကျတော့ တစ်ကွေ့ကြီး … တဝေးတလံကနေ သွားပြန်ပတ်ရမှာ … Weekend ရက်ကြီး ယာဉ်ကြောအရှုပ်ဆုံး အချိန်လည်း ဖြစ်နေတော့ … အချိန်ကြာမယ် … စိတ်မချရင် မင်းပါ အခုဆင်းလိုက်ချင် လိုက်သွားပါလား … ငါတို့ ပြန်ပတ်ခဲ့မယ် …”



ဝဏ္ဏမှာ ကျစ်ကျစ်တောက် ပူပြင်းနေသော နေရောင်ကိုကြည့်ကာ “တော်ပြီ”ဟုပဲ ပြောလိုက်ရပါတော့သည်။ ဟိုကောင် ဆွင်းချသွားတဲ့ နေရာနဲ့ကို တော်တော်လေး ဝေးလံလာပြီဥစ္စာ …။ အဲဒီထိ ပြန်လျှောက်ရရင်တောင် နေပူက မိလှပြီ။ ပြီးကျ အဲဒီနေရာရောက်ရင်တောင် … ဟိုကောင်က ဘာကိစ္စနဲ့ ဘယ်ကိုဆင်းသွားမှန်းမှ မသိနိုင်လိုက်တဲ့ အဖြစ်လေ …။ လမ်းမကြောင်းလျှောက်ပြီး … ဘေးဘီဝဲယာ တိုက်ခန်းတွေထဲ လိုက်ကြည့်ကြည့်ရမလို ဖြစ်နေတာ …။ စိတ်လျှော့တာပဲ ကောင်းမှာပါ။

ထိုအချိန်မှာ … ပူပြင်းသော နေရောင်ကို မှုတယ်တောင် မထင်မှတ်တော့တဲ့ စိတြကတော့ … လေကလေးတချွန်ချွန်နှင့်ပင် …“ဒေဝစ္ဆရာ … Ladies' Foot Wear”ဆိုသော ဆိုင်ကြီးအတွင်းသို့ … သေတ္တာရှည်ကြီးကို စတိုင်ပါပါ ဆွဲကိုင်ရင်း ဝင်ချသွားခဲ့ပါပြီတည်း …။

“ကြွပါရှင် … ဘာအလိုရှိပါသလဲ …”

ဆိုင်ဝန်ထမ်း မိန်းကလေးခမျာ ဝတ္တရားမပျက် ဆီးကြိုနှုတ်ဆက်လိုက်ရရင်း နောက်ပါးမှာ မိန်းကလေးအဖော်ဆိုတာမျိုးလည်း တစ်ယောက်မှ ပါမလာသည့် ကိုယ်တော်ချောလေးကို “ဘယ်လိုပါလိမ့်”ဟု အကဲသာခတ်လျက် ရှိပါသည်။ မိန်းကလေးဖိနပ်တွေချည်းရောင်းတဲ့ ဆိုင်လေ … ယောကျ်ားစီးမှ မရှိတာ …။ တကယ်စီးမည့် ဝယ်ခြမ်းပေးရမည့် မိန်းကလေးအဖော် ပါမလာရင် ဒီအမိစား ကိုယ်တော်လေးဟာ ဆိုင်ထဲဘာလာဝင်လုပ်ပါသနည်း …။

www.burmeseclassic.com

www.burmeseclassic.com

စိတြက ဝန်ထမ်းမိန်းကလေးကို ပြန်ပြုံးပြလိုက်ရင်း ခုနက ဒီဆိုင်ထဲ ဝင်သွားတာကို ကားပေါ်ကနေ အတိအကျကြီး လှမ်းမြင်လိုက်ရသည့် ကိုယ့်တားဂက်(Target)ပစ်မှတ်ကို မျက်စိဖေ့ဝဲကာ ရှာပါသည်။ အား ...။ မမက ဖိနပ်လာဝယ်တဲ့ ဈေးဝယ်မှ မဟုတ်တာဘဲ ...။ ဝန်ထမ်းလည်း ဟုတ်ပုံမရပြန် ...။ ဆိုင်ခန်းရဲ့နောက်ဘက်နား မကျတကျလောက်က မတ်ရပ်ကောင်တာရှည်တစ်ခုနောက်မှာ ... လှလှကလေး ... ရွှရွှကလေး ထိုင်နေပုံဟာ သူ့ဆိုင်နာမည်နဲ့ တကယ်ပဲ လိုက်ဖက်နေရလောက်အောင် ... ဒေဝစ္ဆရာတစ်ပါးအလား ... အသက်ရှူပင် မှားလောက်ဖွယ်ရာပင် ...။

လက်စသတ်တော့ "ဒေဝစ္ဆရာဖိနပ်ဆိုင်ကြီး"ဟာ မမရဲ့ဆိုင်ပေါ့နော် ...။ နောင်သော်အခါတွေ ... တွေ့ချင်ဆုံချင်စရာ စိတ်ဆန္ဒများ ရှိလာရင် ... ဟိုစုံစမ်း၊ ဒီမေးမြန်း အလုပ်တွေ ထပ်ရှုပ်နေစရာ မလိုတော့ဘူးပေါ့နော် ...။ စိတြရဲ့အပြုံးတို့က ပိုမိုသက်ဝင် ရှိုမြလာကြပါတော့သည်။

ဤမျှလောက် အံ့ချီးမခန်း၊ ရှုမငြီး၊ ရင်သတ်ရှုမောဖြစ်ရလောက်စဖွယ် ဒေဝစ္ဆရာတစ်ပါးကို စိတြက ဟိုသတ္တဝါ "ငအော့"ကျေးဇူးနဲ့ မထင်မှတ်ပါဘဲ တွေ့ဆုံကြုံကြိုက်လိုက်ရခြင်းဖြစ်ပါသည်။ ငအော့ရဲ့ ဂျော့ကွက်တစ်ကွက်ကို လက်စားပြန်ချေတဲ့အနေနဲ့ အုပ်စုလိုက်ကြီး ဝင်ကြဲခဲ့ကြတဲ့နေ့က ... လိပ်စာကတ်လေးတစ်ခုကို ရလာတော့ ... စိတြက ဘလိုင်းကြီးတော့ ဘယ်သွားဝင်ဝံ့ပါ့မလဲ ...။ ခုမှ လိပ်စာကတ်နဲ့ သွားဝင်ရဦးမှာဆိုရင် ငအော့အတွက်လည်း ... အစိမ်းသက်သက် စဝင်ရမဲ့ကိစ္စမျိုးလောက်ပဲ ရှိသေးမှာဆိုတာကိုတော့ မှန်းနိုင်သည်။ လူကြီးများပါ,ပါနိုင်သည့် ..."သွားတွေ့ချေ"ဆိုတာမျိုး ဖြစ်နိုင်တာကိုလည်း မှန်းနိုင်သည်။



စိတြက မန္တလေးက ကိုယ့်မိဘများဆီ ကိုယ်ပြန် ... လှမ်းဖုန်းဆက်။ အကျိုးအကြောင်းလေး ဘာလေး"တောက်"ကြည့်လိုက်ပါသည်။

"အေး ... ဦးခင်မောင်လွင်တို့လား ... မေမေတို့နဲ့ကတော့ မရင်းနှီးကြတဲ့အပြင် သိတောင် ... မသိလှဘူးဆိုပါတော့ ... ကိုတင်ဦးတို့ မနီလာတို့နဲ့တော့ ရင်းကြတယ်ဆိုပဲ ...။ ရန်ကုန်က နီလာ့ ကျောင်းနေဖက်တွေလား ဘာလားပဲ။ အာယုလေးကို ရန်ကုန်ပြောင်းလျှောက်ပြီး ကျောင်းဆက်တက်ခိုင်းတော့မယ်ဆိုတော့ ... ရင်းနှီးသူတွေနဲ့ ပြန်ဆက်သွယ်ထားချင်ကြတဲ့ သဘောနဲ့ တူပါရဲ့ ...။ ဒီထက်ပိုနိုင်တာကတော့ ... ရန်ကုန်က အဲဒီမိတ်ဆွေမိသားစုမှာ သမီးချည်းပဲ နှစ်ယောက်ရှိသလိုလိုပါ သတင်းကြားတယ် ...

နီလာကတော့ အမြော်အမြင်ကြီးကြီးနဲ့ အာယုလေးအတွက် အခုလောက်ကတည်းကစပြီး ကြိုပြုကြည့်ထားချင်တဲ့သဘောနဲ့ တူပါရဲ့ ...။ မေမေတောင် ... 'အဲဒီလိုအသိုင်းအဝိုင်းကောင်းကောင်းထဲက အမျိုးကောင်းသမီးလေးတွေ ရှိရင်လည်း ဒီဘက်လည်း လက်တို့သတင်းပို့ချေပါဦး ... ချန်မထားပါနဲ့ ...'လို့ နီလာ့ကို နောက်သလိုလိုနဲ့ စကားပစ်ထားရသေးတယ် ...။ နေပါဦး ... သားကကော ဒီမှာ မည်တွေ ဘယ်က ကြားလာတာလဲ"

www.burmeseclassic.com



အောင်မာ ...။ သဘောကတော့ ဟိုက သမီးမိန်းကလေးတွေကသာ သင့်သင့်တော်တော် ကောင်းကောင်းမွန်မွန်တွေထဲကဆိုရင် ... အန်တီနီလာကြီးတို့က သူ့သားသာ အရင်ကြည့်ပြုပစေ ...။ စိတြကိုတော့ ရွေးကျန်လေးလောက်တော့ ပေးကြည့်ပါ့မယ်လေ ... ဆိုတဲ့ သဘောပေါ့ ...။ ဟား ဟား ...။ အဲဒီလို "လူကြီးချင်း စည်းဝါးရိုက်"ဆိုတဲ့ အစီအစဉ်မျိုးကြီးကိုဆို ... တစ်စက်မှ သဘောမကျနိုင်ပေမဲ့ ... ကောင်းကောင်းမွန်မွန်လေးတွေကို "ငအာ"က အရင်ကြည့်မယ် ...။ သူသဘောမကျမှ ...၊ ဒါမှမဟုတ် ရွေးကျန်ရှိမှ စိတြက ကြည့်စေ ... ဆိုတာကြီးကတော့ ... ဘွားဟားဟားဟား ...။ ဖြစ်စရာလား ...။

သို့သော် ... ကိုယ့်အမေကမှ ..."မေမေတို့နဲ့ကတော့ မရင်းနှီးတဲ့ပြင် ... သိတောင် မသိလှပါဘူး"ဆိုနေမှတော့ ... စိတြခမျာ ငအာ့လို ပုံမှန်လမ်းကြောင်းနဲ့ ... ကိုယ်ကအရင် ပြေးဝင်ကြိုတွေ့လိုက်ပြီး ခုငအာ လုပ်တော့မှာလိုမျိုး ..."မန္တလေးက ဦးသူရနဲ့ ဒေါ်မေဝင်းတို့ရဲ့သားပါခင်ဗျာ ..."လို့ ... လုပ်ချင်လို့တောင် ... ဘယ် ... လုပ်လို့ရနိုင်ပါတော့မလဲ။

ဒီတော့ကာ ... စိတြက အတတ်နိုင်ဆုံး ပုံပျက်ပန်းပျက်ရုပ်ဖျက်ကာ ..."ဦးတင်ဦး ... ဒေါ်နီလာမြင့်တို့ရဲ့သား ... မောင်အာယုကလေးပါ ခင်ဗျာ ..."ရယ်လို့ သွားလုပ်ခဲ့ရတာပေါ့လေ ...။ အောင်မြင်ပုံတော့ ရပါသည်။ သမီးရှင်များ ခမျာ ... အတန်အသင့်ပင်မကအောင် အတော်လေး စိတ်ပျက် လက်ပျက်ဖြစ်ရရှာကြပုံ ရပါသည်။



သူတို့သမီးကလေးတွေဆိုတဲ့ နှစ်ယောက်ကိုပင် ခေါ်ထုတ်မိတ်ဆက်ပေးဖို့ စိတ်ကူးရှိကြတော့ပုံမရ ... ဟဲဟဲဟဲ ...။ "အာယုပါ"ဆိုတဲ့ အူကြောင်ကြောင် ပေါသွပ်သွပ်ပုံ ပေါက်နေတဲ့ တစ်ယောက်ကို (မနှစ်မြို့မှုတွေကို အတန်တန် ထိန်းချုပ်ရင်း) ဧည့်ဝတ်ကျေပေးလိုက်ကြရတာသည်ပင် ... အတော့်ကို သနားစရာ ကောင်းနေကြတော့တာပါ။

စိတြကတော့ "ငအာ့"လို ကုသိုလ်ကံနည်းတဲ့ ငတုံးတစ်ယောက် မဟုတ်လေတော့ ... သူတို့သိုဝှက်ပဲထားချင်တော့တဲ့ သမီးရတနာလေးတွေထဲက တစ်ယောက်ကို ... အပြန်ခရီးမှာ ဘွားဘွားကြီး ဆုံတွေ့ခွင့် ရခဲ့လိုက်ပါတော့သည်။

အဲဒါကတော့ ... ခုကိုယ့်ရှေ့က ဒေဝစ္ဆရာမမလေ ...။ စိတြကတော့ မမဒေဝစ္ဆရာနှင့် ဘယ်လိုပဲ ဘွားခနဲ ဆုံခဲ့ ဆုံခဲ့ "ငအာ့"ကို စိတ်ရှိလက်ရှိ ချောက်ချနိုင်ခဲ့ပြီးပြီဆိုရင် ... ဒီလမ်းနဲ့ ဒီစခန်း ... ထပ်ပတ်သက်နေစရာလည်း အကြောင်းမရှိတော့ ...။ ကိစ္စက ပြတ်ပြီရယ်လို့ပါ ...။ အဲဒါကိုပဲ ... ဖူးစာက ပါကိုပါနေပုံရလေတော့ လိုက်စုံစမ်းယူနေရတာ မဟုတ်ဘဲနဲ့ကို ... မထင်မှတ်ဘဲ ပြန်ဆုံပြန်ပြီ ...။

○ ◇ ○

စိတြက "ဘာများအလိုရှိလို့လဲ မသိဘူး ..."ဟု နောက်တစ်ခွန်း ထပ်ပြောလိုက်ပြန်သည့် ဆိုင်ဝန်ထမ်းမိန်းကလေးရဲ့ရှေ့မှာ ... လက်ထဲကသေတ္တာရှည်ကြီးကို ... ကြမ်းပြင်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



အသာလေးချ …၊ နံပါတ်ဂဏန်းနှင့် သော့များကို တဖြောက်ဖြောက် ဟန်ပါပါလေး ဖွင့်ဟလိုက်သည်။

စိတြရဲ့ ဟန်ပန်နဲ့ လုပ်ပုံကိုင်ပုံများကို ကိုယ်စီအကဲခတ်နေကြသော ဆိုင်ထဲမှ မိန်းကလေးငယ်တို့သည် ဖွင့်ဟလာသော သေတ္တာရှည်ကြီးထဲ သို့ ထက်ငါ အာရုံရောက်သွားမိကြပြီးမှ … မြင်ကွင်းထဲ ထွက်ပေါ်လာသော … ခြေတုကြီးတစ်စုံကြောင့် "ဟယ်"ခနဲ "အို"ခနဲ တီးတိုးသံလေးများ အုတ်အုတ်ကျက်ကျက် ဝေဆာကျယ်လောင်သွားရပါတော့သည်။ ဆိုင်ဝန်ထမ်းတွေရော …၊ ရှိနေကြတဲ့ ဈေးဝယ်များပါ ကိုယ့်ကို အံ့အားတသင့် ဝိုင်းကြည့်နေကြပြီ ဆိုတာကို စိတြက မော့မကြည့်ဘဲနှင့် သိသည်။

"ကွင်းထိုးကြိုးသိုင်း … အပါးပုံစံပေါ့ … ကြိုးသိုင်းမှာမှ Buckle နဲ့ပုံမျိုး မဟုတ်ဘူးလေ …။ ဖနောင့်နေရာမှာ အလတ်စတစ်နဲ့ အဆွဲအဆန့် လုပ်နိုင်တဲ့ ကွင်းနဲ့ပဲဆွဲယူသိုင်းလိုက်ရတဲ့ ပုံစံမျိုး ဖြစ်ချင်တယ် …"

"အဲဒီလိုမျိုး ခြေတုတွေအတွက် စပယ်ရှယ် Walking Shoes တွေ သပ်သပ်လာတာမျိုး ရှိတယ်လေ … မောင်လေး"

လာပါပြီ …။ ရောက်လာပြီ …။ ရှုမငြီးစရာ ဒေဝစ္ဆရာ မမကလေး …။ ဆိုင်ကြမ်းပြင်ပေါ်မှာ သေတ္တာကိုဖွင့်ချရင်း လှုပါ မှုဆိုးဒူးထောက် ထိုင်ချထားတဲ့ စိတြရဲ့နံဘေးအပါးသို့ … သူကိုယ်တိုင်လည်း ဆောင့်ကြောင့်လေး လာထိုင်ချလိုက်ကာ … ကရုဏာသံချိုလေးနဲ့ ပြောလိုက်တဲ့ မမကို စိတြက အေးအေး



လေး ပြန်ပြုံးပြကာ လှည့်ကြည့်လိုက်ပါသည်။ ဆိုင်ကဝန်ထမ်းကလေးမများရဲ့ ဖျတ်လတ်သွက်လက်မှုနဲ့ အနီးကပ်ပုံစံ၊ ဆောင့်ကြောင့်ကလေးတွေ ဖြစ်နေကြတဲ့ စိတြနဲ့ မမတို့အတွက် ဆိုဖာခုံပုပုလေးများက ဘေးသို့ ဖျတ်ခနဲ၊ ဖျတ်ခနဲ ရောက်လာကြသည်။

"ဟုတ် … မ …။ သိပါတယ် … အဲဒါမျိုးတွေလည်း ရှိပါတယ် … Shoes တွေကကျတော့ ထဘီနဲ့ဆိုရင် သိသိသာသာကြီး ကွဲလွဲနေတော့ ရိုးရိုးဖိနပ်ပုံလေးတွေလည်း အဆင်ပြေမလားလို့ …။ ကြိုးသိုင်းထားရင် ကျွတ်ထွက်ဖို့လည်း မဖြစ်နိုင်ဘူးလေ …။ ဝိတ်နဲ့ လမ်းလျှောက်တာကိုတော့ ခံနိုင်ပါ့မလား မသိဘူးနော် …"

"Bata တွေထဲမှာတော့ ရှိနိုင်တယ် ထင်တယ် … သမီးတို့ရေ Bata လေးတွေထဲက ပြပေးပါဦး …။ ပြီးကျတော့ Chamois leather ထဲမှာလည်း ပါးကြိုးသိုင်းလေးတွေ သားရေကောင်းကောင်းနဲ့ ရှိနိုင်ပါတယ် …"

မ,က အေးချမ်းစွာ ပြုံးတတ်သော ကောင်ကလေးကို မျက်လွှာလေး တစ်ချက်ဝင့်ကြည့်လိုက်ရင်း …

"ဒါက ဒူးစွပ်ပုံစံနော် … အသားလေးတွေက ပျော့နေတာပဲ … မ,အရင်က မြင်ဖူးထားတာတွေကလေ … သစ်သားတို့ … ကော်မာမာကြီးတွေ ပုံစံမျိုးတွေပဲ ဆိုတော့ … ရတ်တရက် အံ့သြတောင်သွားတယ် … ခြေတုပုံစံထက် … ခြေထောက်နှစ်ချောင်းစလုံးနဲ့တောင်တူနေတော့ …။ တကယ်ပဲ … ပျော့အိအိလေးတွေနော် … ဒါမျိုး တစ်ခါမှမမြင်ဖူးဘူး …။ အမျိုးအစားကောင်းပုံ ရတယ်နော် … ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ကိုယ်လုံးရဲ့ ဝိတ်ကိုကျတော့ ... ဒီဖျော့အိအိလေးတွေက တောင့်ခံထမ်းထားပေးနိုင်ပါ့မလား ဟင် ..."

"ဒါက အပြင်ခွံပါ မ ... အထဲမှာ သစ်သားနဲ့ စတီးဒေါက်တွေ ပါပါသေးတယ်"

"ဩော် ... သိပ်ကောင်းတာပဲနော် ... ဘယ်ကဝယ်လို့ ရလာတာလဲဟင် ..."

"အမေရိကားက မှာပြီး ပို့ပေးတာပါ ...။ ဖြစ်သွားတာက Car Accident ဆိုတော့လေ ... ဒူးထိ နှစ်ဖက်စလုံး ဖြတ်လိုက်ရတာပေါ့ ..."

"ကြားရတာ စိတ်မကောင်းပါဘူးကွယ် ... မောင်လေးရဲ့ အမျိုးသမီးပေါ့နော် ...။ သမီးတို့ရေ ... အပါးလေးတွေထဲက ပုံသွက်သွက်လေးတွေ ပြပေးကြပါ ... အရောင်လေးတွေကတော ... Bata ထဲကတော့ Cream ဝါ၊ ညို၊ ညိုရင့်၊ နက်တွေပဲ လာတာများတော့ ... ဒီပြင်ထဲက ရွေးလိုက်မလား ... ဘယ်အရွယ်လောက် ရှိပြီလဲ မသိဘူးနော် ..."

စိတြမှာ ..."ဟင့်အင်း ကျွန်တော့်အမေ"ဟု နှုတ်ကဖျတ်ခနဲ ရဲရဲကြီး ပြန်ထွက်နိုင်ဖို့ရာ ... ချစ်မေမေရဲ့ မျက်နှာကြီးတစ်ချက် ပြေးမြင်မိလိုက်တာနဲ့ပဲ တုံ့သွားရစဉ် ... မမဒေဝဏ္ဏရာက သူ့မှတ်ချက်နှင့်သူ အတည်ယူနေလျက် ရှိချေပြီ ...။

မနိုဝ်ပါဘူးကွာ ...။ ကိုယ်ကဖြင့် ခုမှစ,ဝင်ဖို့။ ဝင်ဝင်ချင်း နံပါတ်ကြီး ရှိပြီးသားလို့ ကြိုအထင်ခံရတာကတော့ ဘယ်ဟုတ်ဦးမလဲ ...။ ထွက်စမ်း ... ထွက်စမ်း ... အကြံဉာဏ်တွေ ... မြန်မြန်ထွက် ...။



"ဒီ Chamois အစိမ်းလေး ဘယ်လိုနေမလဲဟင် ... ဒါကတော့ နှစ်ဆယ်ကျော် မိန်းကလေးငယ်တိုင်း မကြိုက်မရှိနိုင်တဲ့ပုံပါပဲ"

"အသက်က ... (၅၅)ခင်ဗျ ..."

မ,က အေးချမ်းစွာ ပြုံးနေတတ်သော ကောင်ကလေးရဲ့ ရယ်ရွှင်ရိပ်သမ်းသမ်းလေသံမှာ ... ပါးစပ်အဟောင်းသားကလေးပင် ဖြစ်သွားရပါသည်။ ကြည့် ... သူ့ရုပ်ကလေးကပါ ရယ်ချင်စိတ်ကို အတန်တန်ထိန်းနေရတဲ့ရုပ်မျိုးနဲ့ ဖြစ်နေပါပြီ။ ဘာလဲ ...။ လာနောက်နေတာများလား ...။ အို ... ဒီလိုဆိုလည်း ဘာအကြောင်းအရာ အဆက်အစပ်မှ မရှိဘဲ ... တမင်သက်သက်ကြီး အချိန်ကုန်လူပင်ပန်းခံလို့ ... ဘယ်သူက ဘာ့ကြောင့် ဒီလိုလုပ်နေရမှာလဲ ...။

"ဟို ... ကြီးတော်ကြီးပါ ..."

"ဩော် ... ပြောပါလား ...။ ဟင်း ဟင်း ... မ,ကဖြင့် ဒီမှာကြည့်စမ်း ... ပုံဆန်းဆန်း အရောင်သွက်သွက်လေးတွေချည်း ရွေးပေးထားမိတယ် ..."

လှလိုက်တာ ...။ မျက်နှာလေးက ရတ်တရက်နီနီရဲကာ ...၊ နှာခေါင်းနှင့် ပါးစပ်တစ်ဝိုက်ကို သွယ်ပျောင်းကော့ညွတ်နေတဲ့ လက်ချောင်းလှလှကလေးတွေနဲ့ ခပ်မြန်မြန်လေးပိတ်,ကွယ်,ကာ ...။ ပခုံးလေးတသိမ့်သိမ့်လှုပ်အောင် ရယ်မောရင်းရှက်နေတော့ပုံကလေးဟာလေ ...။ လှပတဲ့ မိန်းမလေးတွေများ ရယ်လည်းလှ၊ ရှက်လည်းလှ၊ အံ့ဩလည်းလှ ...။ လှုပ်ရှားမှုမှန်သမျှဟာ မျက်တောင်မခတ်ချင်စရာ ကောင်းလောက်အောင်ကို ကျနိုင်ရက်အားနေတော့တာ ...။

www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ်ကတော့လေ ... ကြိုးသိုင်းမှလည်းဖြစ်မယ်ဆိုတော့ ... ကြိုးသိုင်း ... လူကြီးပုံခပ်ရိုးရိုးခန့်ခန့်ဆိုတာမျိုးကတော့ ... မရှိနိုင်သေးဘူး ဖြစ်နေတာ"

သိသားပဲ ...။ စိတြကလည်း ဝယ်ဖို့ထိ စိတ်ကူးရှိ၊ အရင်းအနှီး ထည့်လိုက်ချင်တာမျိုးမှ မဟုတ်တာ ...။

"မ,က သုံးလတစ်ခါလောက်တော့ ဗန်ကောက်နဲ့ မလေးရှားကို ကိုယ်တိုင်ထွက်တတ်ပါတယ် ... အဲဒီက တံဆိပ်တွေကို ကိုယ်တိုင်ကြည့်ဝယ်တာ၊ မှာတာ လုပ်တာလေ ...။ ခဏလောက် စောင့်ပေးနိုင်မလား ... မ,ခုတစ်ခေါက်က နောက်နှစ်ပတ် သုံးပတ်လောက်ဆို ထွက်တော့မှာ ... မကြာတော့ဘူး ...။ စောင့်လိုက်ပါလား ... သေသေချာချာ ရှာခဲ့ပေးမယ်လေ ...

မ,မှာလည်းလေ အမေလိုပဲ တန်းတူချစ်ရတဲ့ ကြီးတော်တစ်ယောက် ရှိနေတာဆိုတော့ ... ကိုယ်ချင်းစာပါတယ် ...။ အမေတောင် မဟုတ်ဘူး ... ကြီးတော်ကိုတောင် ဂရုတစိုက်ရှိတယ်ဆိုတဲ့ တူမျိုးဆိုတာ ဒီခေတ်ကြီးထဲ အတော်ရှားမှာလေ ...။ ချီးလည်းကျူးပါတယ် ...။ မ,သေချာလုပ်ခဲ့ပေးမယ် ... ခြေတိုင်းယူထားလိုက်မယ် ... ခဏလောက်ပဲ စောင့်လိုက်နော် ...။ မကြာပါဘူး ...။ အမြတ်အစွန်းယူမှာလည်း မဟုတ်ဘူး ... ကြီးတော်ချင်း ကိုယ်ချင်းစာပြီး ... ဟိုကဈေးအတိုင်းပဲ ဖြစ်စေရမယ် ... ခရီးကြို ယူလာပေးတဲ့ ... ကူညီမှုသဘောပဲ ..."



စိတြက အနေရ အထိုင်ရ အနည်းငယ် ခက်လှစွာ နဖူးကို လက်ညှိုးကလေးနှင့် ကုတ်နေသည်။ မျက်ခုံးနှစ်ဖက်ပင့်တင်ထားပြီး နဖူးကုတ်နေတဲ့ ကောင်လေးကို မ,က "အားမနာပါနဲ့"ဟု ပြောလည်းပြော ... ပြုံးလည်းပြုံးပြလိုက်ကာ ...

"မ,ပြန်လာလို့ ... အဆင်ပြေပြေ ရလာခဲ့ရင် မောင်လေးကို ဘယ်လိုပြန်ဆက်သွယ်ပေးရမလဲ ... နောက်ဆုံးသုံးပတ်တစ်လလောက် ကြာရင် ဒီကို တစ်ခါ ... လာပြန်ကြည့်လိုက်မလား ..."

စိတြက နှုတ်ခမ်းကိုက်ထားကာ ခေါင်းငုံ့နေရာက ...

"ဖုန်းနံပါတ် ပေးခဲ့လို့ရမလား ... မ ..."

"ရတာပေါ့ ... Visiting Card ရှိလား ... ပေးခဲ့လေ ... မ,ပြန်ဆက်ပေးပါ့မယ် ..."

"ကျွန်တော်က ဘာအလုပ်အကိုင်မှ မရှိသေးတဲ့ ကျောင်းသားပဲ ... ဟဲ ဟဲ ... ကတ်တွေ ဘာတွေမရှိပါဘူး ..."

"ဩ ... ဆောရီး ...။ ဒါဖြင့်လည်း နာမည်နဲ့ ဖုန်းနံပါတ်ပဲ ပြောခဲ့ပါ ..."

စိတြတို့ရဲ့ ရှယ်တူတန်းတူ ဗလွတ်ရွတ်တ အသိုင်းအဝိုင်းထဲမှာ ဆိုရင်တော့ ... ခုလို မိန်းကလေးတစ်ယောက်ယောက်က စတင်ပြီး ... စိတြရဲ့နာမည်နဲ့ ဖုန်းနံပါတ်ကို မရအရ တောင်းယူထားခြင်းသည် ... ထိုမိန်းကလေး၏ "နံပါတ်(၁)ခြေလှမ်းပဲ"ဟု မည်ပေသည်။ ညလောက်ကျ ဖုန်းတွေတဗွဗွလာကာ အတော်ကို ပေမရှည်, ရှည်အောင် ဆက်နေဦးတော့မှာကို ... ကိုယ်က

www.burmeseclassic.com

www.burmeseclassic.com



လည်း အလိုရှိ၊ သည်းခံနိုင်မည်ဆိုလျှင် ... သူ့လက်ဖဝါးလေးကိုဆွဲယူကာ ... လက်ဝါးပေါ် ဘောလ်ပင်နှင့် စာရေးပေးခဲ့ရင်တောင် ... ရိုင်းသည်ဟု မဆိုနိုင် ...။

ကိုယ့်ဘက်က ပေမရှည်ချင်လို့ ... "အိမ်ကသိပ်ကပ်တာ မဟုတ်ဘူး ... အိမ်မှာ ညမိုးချုပ်တွေ ဆိုရင်တောင် အမြဲမရှိတာတာဘူး ... ဆက်လည်း တိုးမှာမဟုတ်ဘူး ... အားနာတယ် ..."ဟု ဆိုလိုက်လျှင်လည်း တစ်ဖက်က မိန်းကလေးဟာ ... ပခုံး တစ်ချက် နှစ်ချက်လောက် တွန့်ပြခဲ့ပြီး ဇာတ်လမ်းက ဒီမှာတင် ပြတ်ပေလိမ့်မည် ...။ ဒါလည်း ကိုယ့်အလွန်မရှိ ...။

ခုအခြေအနေမျိုးကတော့ တစ်ဖက်က ... ဤမြေ့ရှင်မမဟာ ... အင်မတန်မှ ဖြူစင်ရိုးစင်းစွာ ... အထာတွေပညာတွေ ဘာမှမပါဘဲ ပြောလာတဲ့စကား ...။ စိတ်ဘက်က ကြုံနေကျ ဗလွတ်ရှုတ်တာကိစ္စတွေနှင့် နှိုင်းယှဉ်ပြီး တွေးမိတာသည်ပင်၊ စိတ်က ရိသဲ့သဲ့မို့ ... မျက်ဝန်းထဲမလည်း ပြောင်ချော်ချော် အရိပ်များ ဖြတ်ပြေးသွားနိုင်တာသည်ပင် ... အလွန်တရာ ရိုင်းပျလွန်ကျူးလှသည့် ဖြစ်ရပ်မျိုး ဖြစ်နေလောက်ပေပြီ ...။

ဆိုင်မှ မိန်းကလေးတစ်ယောက်က စာအုပ်တစ်အုပ်နှင့် ဘောလ်ပင်တစ်ချောင်းပါ ယူလာပေးပါသည်။ စိတြက ဖုန်းနံပါတ်နဲ့ နာမည်ကို မြန်မြန်ရေးချပေးလိုက်ရရင်း ... စိတ်ထဲမှာ တစ်မျိုးကြီး ရှိုးတိုးရှန့်တန့်တွေ ဖြစ်လာရ၏။ ဒါ ... စိတြတို့ရာဇဝင်မှာ ဘယ်တုန်းကမှ မရှိခဲ့တဲ့ အဖြစ်မျိုးလေ ...။ ဗလွတ်ရှုတ်တနဲ့ ဘာရုတ်အင်မတန်ကျလှသော စိတြဟာ လိုအပ်လာရင်



ပုဆိုးခါးတောင်းကျိုက်ပြီး ... လူလယ်ကောင် လမ်းထွက်လျှောက်ဖို့အထိပင် ... ပေါက်ကရလုပ်တတ်သူ ဖြစ်ပေရာ ...အီပျစ်ပြီး လုံးနေရမဲ့ ကိစ္စမျိုးတွေမှာတော့ ထမင်းစား ရေသောက်လောက်ပင်။

ခုကျမှ ... သက်သက်ကြီး အကျိုးအကြောင်းမရှိဝင်အီလေတဲ့ကိစ္စကို ... ဘာမှမရိပ်မိ ... ပကတိ အရိုးခံရှင်းလင်းလှတဲ့စိတ်ထားမျိုးနဲ့ စေတနာတွေ ဒလဟော ပြန့်ဝေပေးနေတဲ့ မမကြောင့် ... ကိုယ့်ဘာသာပဲ အပြစ်မကင်းသလိုလို ... မနေတတ် မထိုင်တတ်ဘဲ ဖြစ်ရတော့မလိုလိုနှင့် ...။

ကိုယ့်ကိစ္စက ဒီတင်ပြတ်လောက်ပြီမို့ ... ပြုံးပြုံးလေး ဆက်စိုက်ကြည့်နေသော မ,နှင့် ဝိုင်းအကဲခတ်နေသော ဆိုင်က မိန်းကလေးများကို စိတြက ... ဂျပန်လို ကိုယ့်တစ်ဝက်ချိုးကာ ... ကုန်းကာ ကိုင်းကာနှင့် နှုတ်ဆက်လိုက်သည်။

ပြီးတာနဲ့ ..."လွတ်ပြီ ... ကျွတ်ပြီ ဟေး ... စိတ်တင်းကျပ်နေရတာတွေလည်း ပြီးပြီ ..."ဟု ကိုယ့်သေတ္တာရှည်ကြီးကို မြန်မြန်ဆွဲယူကာ ဆိုင်ထဲမှ ပြေးထွက် ...။ ဘယ်လောက်မှ မလျှောက်လိုက်ရသေးခင် ... နှစ်လှမ်း သုံးလှမ်းလောက်ပဲအရောက်မှာ နောက်ကနေ မိန်းကလေးတစ်ယောက်က လက်ခုပ်လက်ဝါးတတီးတီးနှင့် ပြေးလိုက်လာကာ ... ရယ်ချင်ပက်ကျိ မျက်နှာလေးနှင့် ...

"ဟို ... ကျွန်မတို့ ဖိနပ်နှစ်ရန်ပါ ထည့်ယူသွားလို့ပါ ... ခြေထောက်မှာ စွပ်ရက်တန်းလန်းကတစ်ရန် ...၊ သေတ္တာထဲမှာ ခဏချထည့်ထားတာက တစ်ရန်"

www.burmeseclassic.com

www.burmeseclassic.com



စီတြရဲ့ ခေါင်းက ဆံပင်တွေ မိုးပေါ်ထောင်တက်တုန်ကြပြီလား ထင်ရတော့သည်။ အဲဒီကောင်မလေးနဲ့ စီတြနဲ့ လမ်းမကြီးမှာတင် ကသုတ်ကရက် ထိုင်ချကြ ... သေတ္တာကို "တဖြောက်ဖြောက်"ပြန်ဖွင့်ကြည့်ကြ ...။ အဟုတ်ပင် ...။ ခြေထောက်မှာက အစိမ်းလေးတစ်ရန်။ သေတ္တာထဲမှာက အနက်တစ်ရန် ...။

"ဟာ ... မသိလိုက်ဘူး ..."

"ဟုတ် ... သိပါတယ် ..."

"မသိပါဘူး ... ကျွန်တော် ယူစွပ်ထားတာမှ မဟုတ်ဘဲ ... ပါလာမှန်း သိကိုမသိဘူး ... ဘာလို့ သိရမှာလဲ ..."

"ဟို ... ကျွန်မကလည်း အဲလို တကယ်မသိလိုက်ဘူးဆိုတာကို ကျွန်မ သိပါတယ်လို့ ပြောတာပါ ..."

ကောင်မလေးနဲ့ စီတြတို့ လုံးလည်ချာလည်တွေလိုက်နေကြပြီးမှ စီတြက ဖိနပ်နှစ်ရန်ကို "ဗြတ်၊ ဗြတ်"နှင့် ကောက်ယူလိုက်သည်။ ဆိုင်ပေါက်ဝကို လှမ်းမျှော်ကြည့်လိုက်သော် ... မှန်ချပ်များနောက်မှာ ပြုံးပြုံးလေးနှင့် "မ"။ လမ်းမပေါ်က မလှမ်းမကမ်းမှာကလည်း ဟိုကောင်တွေရဲ့ကားကို ပြန်လှမ်းမြင်လိုက်ရပါပြီ။

စီတြက ဟိုကောင်တွေဆီ လက်ခုပ်တဖြောင်းဖြောင်းတီးကာ လှမ်းခေါ်လိုက်ပြီး ..."ဒီမှာလာဆင်းယူလိုက်"ဟု သေတ္တာရှည်ကို မေးငေါ့ပြလိုက်ကာ ... ဖိနပ်နှစ်ရန်ကိုကိုင်ပြီး ... မ,ဆီ ပြေးတော့သည်။



"မ, ကျွန်တော် ... လုံးဝ ... တကယ့်ကို မသိတာ ..."

"ဟင်း ဟင်း ဟင်း ... ဟုတ်ပါပြီ ... ရပါတယ် ..."

"ဒါတွေကို ကျွန်တော်က ဘာလို့ ယူပြေးရမှာလဲ ..."

"ဟုတ်တာပေါ့ ... ဟုတ်တယ်လေ ..."

"ဟာ ... မသိတော့ဘူး ... သွားတော့မယ် ..."

မ,ရဲ့ရယ်သံလေးတွေက ... ဖိနပ်တွေကို သူ့လက်ထဲ ထိုးထည့်ပစ်ခဲ့ပြီး ပြန်လှည့်ပြေးလာမိသော ... စီတြရဲ့ကျောနောက်မှာ လွင့်ပျံပြီး ပါလာကြပါသည်။ စီတြလည်း ပလက်ဖောင်းစပ်ကို ပြန်ရောက်။ ရန်လင်းနိုင်ရဲ့ သေချာမရပ်ချင်သော မလိမ့်တလိမ့် ကားကလေးကလည်း ဘေးနားကိုအရောက်။ စီတြက ကားပေါ် မြန်မြန်ခုန်တက်လိုက်လျှင် ... ရန်လင်းနိုင်ကလည်း စက်ရှိန်ကို မြှင့်လိုက်ပါသည်။

"ဟေ့ကောင် ... ငါ့သေတ္တာရော ..."

"မင်းတို့ လာဆင်းယူလိုက်တယ် မဟုတ်လား ..."

"ဟာ !ဘာလို့ ဆင်းယူရမှာလဲ ... ! မင်းပဲကိုင်ပြီးယူသွားတာလေ ..."

"အေးလေ ... ခုနက ပလက်ဖောင်းပေါ်မှာ ငါ မင်းတို့ကို အော်ခေါ်ပြီး လာယူခိုင်းလိုက်တယ်လေ ... ကျော်မျိုး ... မင်းနဲ့ငါ မျက်လုံးချင်းဆုံတော့ မေးတောင် ဆတ်ပြလိုက်တာလေ ..."

"သိတောင် မသိလိုက်ဘူး ..."

"ဟေ့ကောင် စီတြ ... နောက်မနေနဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ... ငါက မင်းတို့ကို ပြောရမှာ ..."

တစ်အုပ်စုလုံး တစ်ယောက်မျက်နှာ တစ်ယောက် အပြန်ပြန် အလှန်လှန်တွေ ကြည့်လိုက်မိကြပြီး ...

"ဒါဆို အဲဒီသေတ္တာကြီးက ... !"

"အဲဒီဆိုင်နဲ့ မျက်စောင်းထိုးလောက်က ... ပလက်ဖောင်း လမ်းမကြီးပေါ်မှာ"

"ဟာ ... ဟေ့ ဟေ့ ... ဟေ့ကောင် ... ရပ် ... ရပ် ... ကားရပ် ... ခုချက်ချင်းရပ်"

ဝုန်းဒိုင်းအုံးခွမ်းနှင့် ဆူညံသွားကြပြီး ... ရန်လင်းနိုင်ရဲ့ ဒရိုင်ဘာထိုင်ခုံကိုလည်း ပိတ်ထုသူကထု ...။ ကားကဖြင့် သွားနေလက်စကြီးနဲ့ကို တံခါးတွေကို ယောင်ယမ်းဖွင့်သူကဖွင့်။ ရန်လင်းနိုင်ခမျာလည်း ဖြူနီကျားမျဉ်းလိုင်းတွေနံဘေးမှာ ကားကို ထိုးရပ်ပဲ ရပ်ပေးလိုက်ရပါတော့သည်။ မောင်းသူပဲ ကျန်ရစ်ခဲ့ပြီး ကျန်တဲ့လေးယောက်လုံး ကားပေါ်က အမြန်ဆုံး ခုန်ဆင်းကြကာ နောက်ကြောင်း ပြန်လှည့်ပြေးသွားကြသည် ...။

ကားကနေ ဆိုင်အထိ ပလက်ဖောင်းတစ်လျှောက် အခေါက်ခေါက် အခါခါလျှောက်။ တွေ့သမျှလူတွေ၊ နံဘေးက ဆိုင်တွေ လိုက်မေး။ ဒေဝဏ္ဏရာရှေ့ကိုလည်း ပြူးတူးပြဲတဲနဲ့ အကဲတွေ သွားခတ်ကြ။ ဆိုင်ရှေ့မှန်ချပ်ကြီးတွေကနေ အထဲထဲချောင်း ကြည့်လိုကြည့်ကြ ...။ မြင်ရသမျှ လမ်းပေါ်ကလူတွေ အမြင်ကတ် မျက်ခုံးရှုံ့ကုန်ရလောက်အောင် ... တစ်အုပ်စုလုံး ... ဝုန်းဒိုင်းကြဲ ပျာရာခတ်နေကြပြီးသည့်နောက် ...။



သူများတကာက လှူကြဲ့ထည့်ပေးလိုက်သည့်၊ သေချာ လက်ဆင့်ကမ်း သွားပေးပေးရမည့် ... ခြေတုတစ်စုံပါ သေတ္တာ ရှည်ဟာ ပျောက်ချင်းမလှကို ပျောက်ဆုံးလို့ သွားခဲ့ပါပြီတည်း ...။

○ ✧ ○

www.burmeseclassic.com

www.burmeseclassic.com



## သူ နဲ့ လရောင်

ကိုယ့်စားပွဲမှာ "ဝုန်း"ခနဲ ဝင်ထိုင်ချလိုက်သူကို ကြည့်ပြီး ... အာယုရဲ့ မျက်ခုံးတွေ မြင့်တက်သွားရပါသည်။

"ဒီလိုပဲ ... လစ်ရင်လစ်သလို လိုက်,လိုက်ခိုးနေတတ်တော့ တာပဲလားဟင် ...။ လူပုံကြည့်တော့ သနားကမားနဲ့ ... မထင်ရဘူး ... တကယ်ပဲ ..."

"ဟား ဟား ဟား ဟား ..."

"ရယ်မနေပါနဲ့ ... ဟိုမှာ ပိုင်ရှင်တွေ ဘယ်လောက်ဒုက္ခ ရောက်နေလိုက်ကြသလဲ ... ရှင် မမြင်လိုက်ဘူးလား ..."

"ကျောပေးထားတာပဲဟာ ..."

"ရှင်က ဘာလို့ သူခိုးဖြစ်နေရတာလဲ ..."

ဒေါသတကြီး မချိတင်ကဲ အော်ဟစ်လိုက်သည့် အသံလေးက အတော်ကြီး ကျယ်လောင်သွားတော့မှပင် ... အာယု က ... "ရှူး ... ရှူး ..."နှင့် တရှူးရှူး ဟန့်တားရကာ ... ဘေး ဘီဝဲယာတို့ကိုလည်း မလုံသလို ဝေ့ဝဲကြည့်ရှု အကဲခတ်လိုက်ပါ သည်။ လရောင်ဝင်းကတော့ ခါးနှစ်ဖက်စုံကိုထောက်ထားရင်း ... အာယုကို မျက်မှောင်ကြီးကုတ်ပြီး စိုက်ကြည့်နေသည်။



"ရှူး ... သူငယ်ချင်းတွေပါ ... သူငယ်ချင်းတွေ ...။ ဒီ ကောင်တွေ စိတ်ဒုက္ခရောက်အောင် တမင်လုပ်တာပါ ... ပြီးရင် ပြန်ပေးမှာပေါ့ ... အချင်းချင်းတွေပဲ"

"ဒါဆို ကျွန်မနဲ့ ရှင်ကရော ... ဘယ်တုန်းကများ အချင်း ချင်းတွေ ဖြစ်နေလို့ ... ကျွန်မ ခွေးကို ရှင်က ခိုးသလိုလို ဝှက်သလိုလို ဖြစ်ရတာလဲ"

"ဟာ ... အဲဒါကတော့ ပြောပြီးပြီပဲ ... ဘယ်တုန်းက ရောက်နေမှန်းတောင် မသိပါဘူးဆို ..."

"ဟုတ်မှာပါ ... အဲဒီလောက်သေးတဲ့ ခွေးကလေးကပဲ ... ပိတ်ထားတဲ့ ကားတစ်စီးရဲနောက်ဖုံးကို သူ့ဘာသာဖွင့်ဝင် ပြီး ... ဝင်ထိုင်နေတာပဲ ဖြစ်မှာပါ"

အာယုက လရောင်ဝင်းကို နှုတ်ခမ်းစေ့ ပြုံးကာ စိုက်ကြည့်နေရင်း "နာမည်ဘယ်လိုခေါ်သလဲ"ဟု မေးလိုက်ပါ သည်။

လရောင်က ... "လရောင် ..."ဟု လွှတ်ခနဲ ထွက် သလိုလို တမင်တကာပဲ ဟန်လုပ်ကာ ပြောချလိုက်ပြီးမှ ...

"အမယ် ... ဘာကြောင့် ပြောပြရမှာလဲ ..."

"သြော် ... လရောင်ပေါ့နော် ...။ အငြိမ့်တွေ တော်တော် ကြည့်တယ်ထင်တယ်"

"ဘာဆိုင်လဲ"

"လူရွှင်တော်တွေ တော်တော်များများ ပြက်လုံးပြက်ကြ ရင်လည်း ... အဲလိုပဲလေ ...။ မေးခွန်းမေးလိုက်ရင် လွှတ် ခနဲ အပြည့်အစုံတွေ ဖြေနေကြပြီးမှ ..."အမယ် ... ဘာလို့

www.burmeseclassic.com

www.burmeseclassic.com



ပြောပြရမှာလဲ …”ဆိုတာက နောက်ဆက်တွဲကပ်လိုက်လာကြတာပဲ”

“တောက် …”

“တောက်ဆိုတာက ခေါက်ရတာ …။ မခေါက်ဘဲနဲ့ အဲသလို တမင်ကြီး စကားပြောသလိုလို … ဘာလိုလိုနဲ့ ‘တောက်’လို့ ပါးစပ်က ထုတ်အော်တတ်တာ … ရယ်စရာကြီး အရမ်းကောင်းတယ် … လို့ မထင်မိဘူးလား …”

ခါးနှစ်ဖက် စုံ,ထောက်ထားသော လရောင်ဝင်းရဲ့ လက်တွေ ပြေကျသွားကြပြီး …“တကိကိ”လေး ကျိတ်ရယ်နေရပါတော့သည်။ ဒီလူဟာ လူလည်ပဲ …။

မြို့ထဲက ကျူရှင်ကို လာရင်း အပြန်မှာ မ,တို့ဖိနပ်ဆိုင်ကို ဝင်လာတဲ့ လရောင်ဟာ … ခပ်လှမ်းလှမ်းလောက်ကတည်းက … ဒီဘက်ပလက်ဖောင်းပေါ်မှာ လမ်းလျှောက်နေတဲ့ သူ့ကို လှမ်းမြင်လိုက်ရတာပါ …။ မြင်မြင်လိုက်ချင်း … စက်ဘီးကို အရှိန်လျှော့ … သူလမ်းလျှောက်နေသလောက် နှုန်းမျိုးလေးနဲ့ပဲ … ကိုယ်ကလည်း လမ်းပေါ်မှာ ပလက်ဖောင်းစပ်နားထိ ခပ်နီးနီး ကပ်လိုက်ကာ စက်ဘီးကို လမ်းလျှောက်နေသူနဲ့ ယှဉ်ရက်နင်းလာပါသော်လည်း … သူ့အာရုံနဲ့သူ ဖြစ်နေတဲ့သူကတော့ … အနားကပ်လာတဲ့ လရောင်ကို မြင်ဖို့နေနေ သတိထားမိပုံပင်မရပါ။

သူက လှမ်းမြင်ပြီးမှ မှတ်မိပုံရမှ … ကိုယ်ကလည်း ခုမှ စ,မှတ်မိချင်ယောင်ဆောင်ကာ ရန်ထောင်ခွတိုက်ဖို့ အကွက်ချထားတဲ့ လရောင်ဝင်း ခမျာ … ဒီထက်လည်း ပိုနှေးလို့မရတော့



တဲ့ စက်ဘီးလေးကိုပဲ ဆက်နင်းချသွားရနိုးနိုး …၊ “ဟော့”လို့ပဲ လှမ်းခေါ်လိုက်ရနိုးနိုးနဲ့ … ဒုက္ခတွေရောက်နေသလို ဖြစ်နေဆဲ … သူ့အာရုံနဲ့သူ ဗျာများနေပုံရသော ဒီလူဟာ … ဖျတ်ခနဲ ဆိုသလို …။

အာယုမှာ … ကိုယ့်ဘာသာ ကိုယ့်ကိစ္စနဲ့ကိုယ် မြို့ထဲရောက်လာဆဲ … ဟိုသတ္တဝါမောင်စိကို … လမ်းလယ်ကောင်မှာ သေတ္တာကြီးတစ်လုံးဆွဲပြီး ပျာယီးပျာယာလိုလို … ရှိုးတိုးရှန့်တန့်လိုလို … ဘာလိုလိုပုံကြီးနှင့်မှန်းမသိ လှမ်းမြင်လိုက်ရခြင်း ဖြစ်ပါသည်။ ’

မနေ့ကပဲ အာယုရဲ့ဖေဖေ ဦးတင်ဦးထံမှ မန္တလေးကနေ ဖုန်းလာသည်။

“ဟော့ကောင် … အာယု …။ ငါ ကိုခင်မောင်လွင့်ဆီက သတင်းပြန်ကြားရပြီးပြီ …။ သူ့လေသံထဲမှာ မင်းကို နှစ်သက်သဘောကျတဲ့ပုံ တစ်စက်မှ မရှိဘူး … ခုနေတော့ အားတုံ့အားနာလိုလိုနဲ့ လှည့်ပတ်ပြောနေပေမဲ့ … ငါတို့ဘက်ကသာ ဖွတ်ရှေ့ဆက်တိုးတော့မယ် ဆိုရင်တော့ … သူ့ဘက်ကလည်း အပြတ်ကို ငြင်းရမှာပဲဆိုတဲ့ … အချိုးအချိတ်တွေ … သူ့စကားထဲကနေ ငါ ခံစားနေရပါလား … ဘယ်လိုဖြစ်တာလဲ … မင်း …”

သူ့သားမောင်အာယု“အစစ်”ကလေးခမျာ ခုထက်ထိပင် … မျက်နှာပြ ထပ်မရောက်နိုင်ရှာသေးဘဲ … ကြားထဲက “အတု”က ဝင်နှောက်သွားတာသာ ဖြစ်ကြောင်း ခုနေ ဖြန့်ခနဲ သိလိုက်ရရင် … ဖေဖေ ဒီထက်ပင် ပိုဒေါပွလာဦးမည် ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အတုရဲ့ လက်ချက်တွေက ဘယ်လောက် "တာ"သွားနေတယ် မသိနိုင်သဖြင့် ကိုယ်က အစစ်ဖြစ်ပါရက် ... ထပ်မဝင်ရဲ မဝင်သာ သေးတဲ့ အဖြစ်အထိ ဆိုတာကိုပါ သိလိုက်ရရင်တော့ ... မန္တလေး ကနေ ပြေးဆင်းချလာပြီး ... လာရိုက်ရင်တောင် ရိုက်နိုင်သည်။

ခုလောလောဆယ်တော့ အာယုမှာ ... "အစစ်"အဖြစ် မျက်နှာပြ ထပ်ဝင်ဖို့ထက် ... ဟိုကောင့်ကို ဘယ်လိုပညာပြန်ပေး နိုင်မလဲ ဆိုတာကပဲ အရေးကြီးနေရချိန် ဖြစ်ပါတော့သည်။ အဲဒီ အချိန်မှာပဲ သေတ္တာရှည်တစ်လုံးနှင့် ကုန်းကွကွကောင်ကို တိုက် တိုက်ဆိုင်ဆိုင် လာကြုံလိုက်ရတာ ...။ ပြီးကျတော့ အရေးတွေ ကြီး၊ ပျာယာခတ်နေတဲ့ကောင်က သေတ္တာကြီးကို လမ်းလယ်ကောင် ချထားခဲ့ပြီး ဟိုပြေးဒီပြေး ...။

အာယုက ဖျတ်ခနဲလေး လမ်းကူးသွားလိုက်ကာ... သူ့သေတ္တာကိုကောက်ဆွဲ ...။ ဘေးလူတွေက မြင်ရင်လည်း ယုတ္တိ ရှိအောင် ... သူခိုးမထင်အောင် ... သူပြေးတဲ့နောက် လှမ်းမျှော် ကာ ... "ဟေ့ကောင် ... ငါသယ်သွားပြီနော်" ဘာညာ ... တစ် ချက်လောက် လှမ်းအော်ပေးလိုက်သေးသည်။ ပြီးတာနဲ့ လမ်းပြန် ကူးလာ ...။ ခပ်သုတ်သုတ်ဆက်ပြေး ...။ ကြုံရာအအေးဆိုင်တစ် ဆိုင်ထဲ ဝင်လိုက်ကာ ... ကျောပေးထိုင်နေလိုက် ...။

ခဏကြာတော့ ဒီကောင်တို့ အုပ်စုတွေ ဟိုဘက် ကမ်း ပလက်ဖောင်းမှာ ရုတ်ရုတ်သဲသဲ လာဖြစ်နေကြတာ ... မသိမသာ နောက်လှည့်ချောင်းရင်း လှမ်းမြင်နေရသားပါပဲ ...။ ဘယ်သူတစ်ယောက်ကမှ ကိုယ့်ဆိုင်ဘက် လက်ညှိုးမညွှန်။ ကိုယ့် နောက်ကျောကိုလည်း လာပုတ်ကြတာမျိုး မကြုံရသည်မို့ ...



ကိုယ့်လုပ်ရပ်တွေကို "ဘယ်သူမှ ဂရုမပြုလိုက်မိကြလောက်ဘူး" ဟု စိတ်ချလက်ချ ရှိနေဆဲ ...

"ဟိုကောင်တွေ ဒုက္ခရောက်နေကြတုန်းက ...'ဒီမှာသူခိုး ပါရှင့်'လို့ ဘာဖြစ်လို့ လှမ်းအော် မပေးလိုက်တာလဲ ဟင်"

မေးဆတ်ပြီး လှမ်းပြောလိုက်သော အာယုရဲ့စကား ကြောင့် လရောင်မှာ 'အဲ'ခနဲ ခဏဖြစ်သွားရပါသည်။ တကယ် သူခိုးလို့ထင်ရင် ... မှုခင်းဖြစ်စဉ်ကို အစအဆုံး မြင်လိုက်ရတဲ့ တာဝန်သိတစ်ယောက် အနေနဲ့က အဲသလိုပဲ လုပ်ကိုလုပ်ရမှာ လေ ...။ လှမ်းမအော်ရဲလည်းဘဲ ... လက်တို့ပြီးတော့ သွားပြော တာမျိုးပဲဖြစ်ဖြစ် ...။

"အော်ရင် သူခိုးက ထွက်ပြေးမှာပေါ့ ... အမိဖမ်းဖို့ ဘယ် လွယ်မလဲ ..."

"အမိဖမ်းပြီး ဘာလုပ်မလို့လဲ"

ကျွတ် ... လူလည်ကြီး ... ပြုံးစိစိနဲ့ ...။ သူများကို အဲလိုမေးပြီး တကယ့်တကယ်တမ်းက သူကပဲ သူများကို အမိ လိုက်ဖမ်းနေတာကြီးကို ...။

"အာ ... အင်း ... ပိုင်ရှင်ကလည်း အသိပဲဟာကို ... ကူညီရမှာပေါ့ ..."

အာယုရဲ့ မျက်ဝန်းတွေက မပြုံးတပြုံးလေး ဖြစ် သွားရပါသည် ...။ ဟိုအိမ်က မိန်းကလေးတစ်ယောက်ပဲ ဖြစ်ပါ့ တူတဲ့ "လရောင်"ဟာ မောင်စိကို သိနေပါသည် ... ဆိုတော့ ...

"အသိတွေဆိုတော့ ... ဒီကောင့်နာမည်က ဘာတဲ့လဲ ..."

www.burmeseclassic.com

www.burmeseclassic.com



ဟွန်း ! စုံထောက်ကြီးနဲ့ တရားခံ ကျနေတာပဲ ... လူကို စေ့စေ့ပေါက်ပေါက် ... လိုက်ချောင်းပိတ်နေတဲ့သူ ...။ ကျွမ်းဝင်ပတ်သက်ချင်စိတ်လေးတွေ လုစ်ခနဲ ပြူထွက်လာတာကို ပင် ... ပြန်ဖျောက်ထုတ်ချင်မိတော့မယ်နော် ...။ လရောင်က စိတ်ပေါက်ပေါက်နှင့် မျက်စောင်းရွယ်ကာ ... တမင် ... သူပြော ခဲ့တဲ့ နာမည်ကိုပဲ ...

"အာယု ..."

အား ...။ သေချာတာပေါ့ ...။ ဒီကလေးမလေးဟာ ဟိုကောင် မောင်စိ ..."အာယု"အဖြစ် သွားဝင်ခဲ့တဲ့အိမ်က ... ဦးခင်မောင်လွင်ရဲ့ သမီးထဲက တစ်ယောက်ပဲပေါ့ ...။

"ဒါဆိုလည်း ... အတော်ပါပဲ ... ပြန်ယူသွားလိုက်ပါတော့"

"ဟမ် ... ဘာလဲ !"

"ဒီသေတ္တာ ပြန်ယူသွားလိုက်လေ ... ဟိုကောင့်ကို ပြန် ပေးပေးပါ ..."

လရောင် တစ်ယောက် ချောက်ကျနေတော့သည်။ ဘယ်ကလူမှန်းလဲမသိ၊ ဘာမှန်းလဲမသိနဲ့ နေရင်းထိုင်ရင်း "သူခိုး လက်ခံ"ဖြစ်ရတော့မဲ့ အပေါက်ပဲ ...။

"ဘာကြီးမှန်းမှ မသိတာ ..."

"သေတ္တာလေ"

"အထဲမှာ ဘာတွေပါမှန်းမှ မသိတာ ... တော်ကြာ ဘိန်း တို့၊ တားမြစ်ဆေးတို့၊ လူသေအလောင်းတို့ ... တရား ဥပဒေနဲ့ မလွတ်ကင်းတဲ့ဟာတွေ ဖြစ်နေရင် ..."



အာယုက "တဟဟ"ရယ်လိုက်သဖြင့် လရောင်မှာ သူ့အရယ်ကို ပါးစပ်အဟောင်းသားလေးပင် "ဟ"ငေးဖြစ်သွား ရကာ ... အဲဒီဘာမှန်းမသိတဲ့ သေတ္တာရှည်ကို လက်ခံယူသွားဖို့ပဲ ဆုံးဖြတ်ချက်က တစ်ထိုင်တည်း ကျမိလေတော့သည်။ ဒီတော့ မှ ... ဇာတ်လမ်းက မပြတ်မှာလေနော့ ...။ သူ့သူငယ်ချင်းဆိုတဲ့ ကောင်ကလေးဟာ တော်တော်ကြာတဲ့ထိ ဒီသေတ္တာကို ပြန်မရ သေးပါဘူးဆိုတာ သူသိရင် ... ကြားထဲက ဖြတ်ယူသွားတဲ့ လရောင်ကို သူ သတိရ,ရတော့မယ် ...။

အင်း ... အဲဒီအခါကျ လိုက်လာနိုင်ဖို့ ... လိပ်စာ ပြောခဲ့ရင် ကောင်းမလား ...။ ထပ်ဆက်သွယ်စေချင်တာ ... သိပ် သိသာသွားမလား ...။ ဖုန်းနံပါတ်လေး မသိမသာ ပြောကြည့်ရင် ကော ...။ ဟင့်အင်း ...။ သူက သိပ်လည်တာ ...။ နာမည်ကို "လွှတ်"ခနဲ ပြောကြည့်တာတောင် ..."အငြိမ့်ပြက်လုံးဟောင်းကြီး" အဖြစ် ... ဟားသေးတဲ့ဟာကို ...။ ဒါဖြင့် သူက ... လရောင်တို့ စဆုံမိတဲ့နေရာ ... အငယ်မတို့အိမ်ကိုပဲ တန်းရောက်သွားတော့မှာ ပေါ့နော် ...။

အငယ်မနဲ့ လရောင်ဟာ ... တစ်ယောက်က ပါးစပ် ဟလိုက်ရင် နောက်တစ်ယောက်က "အူဘယ်နှချောင်း"ဆိုတာ သိရဲ့ မှုမက ... အဲဒီအူသိမ်၊ အူမတွေ့ထဲက အစာဟောင်းတွေအကြောင်း ပင် ... မပြောလည်း တန်းသိပြီးနိုင်သူတွေလေ။

"ဟဲ့ ... ချောလိုက်တာနော် ... တကယ်ပဲ၊ ငါ့အိမ် ရှေ့နား မလှမ်းမကမ်းမှာ ကားလာရပ်ပြီး ... ဘာလာလုပ်နေသလဲ မသိ ဘူးနော် ..."ဆိုတဲ့ ရွှင်ရွှင်ရွှမ်းရွှမ်း အပြောကို အဲဒီနေ့က

www.burmeseclassic.com

www.burmeseclassic.com



တည်းက ... အသည်းတယားယားနဲ့ နားခါးရတာလွန်ရော ... မဟုတ်လား ...။ အား ... ဘယ်လိုလုပ်ရပါ့။

"ဖုန်းနံပါတ် ယူထားလေ ... ဒီသေတ္တာကြီးက ဥပဒေနဲ့မလွတ်လို့ ရဲလာဖမ်းရင် ... လရောင်က ... ကိုယ့်ဆီလှမ်းဆက်လိုက် ...။ ဒီလူသာ တရားခံပါ ... လို့ ... ဒါမှမဟုတ် ... (၅၆----)ကို ကိုယ်ဆက်လိုက်ရမလား ..."

အာယုက ..."ဟင် ... အဲဒီဖုန်းနံပါတ်ကို ရှင်က ဘယ်လိုလုပ် သိနေတာလဲ"ဟု အလန့်တကြားများ ဖြစ်သွားမလားလို့ အကွက်ဝင်တုန်း ထည့်ပြောလိုက်ပေမဲ့ ... လရောင်မှာတော့ ... "ငါ့အိမ်ရှေ့နား လာရပ်နေမှတော့ ... ငါ့ဆီလာတာပဲ နေမှာပေါ့ ..." ဆိုတဲ့ တမင်တကာ ဂုဏ်ယူပြောကြီးကို ပြန်ကြားယောင်မိပြန်ကာ ... ဝမ်းနည်းချင်သလိုလိုတောင် ဖြစ်သွားရပါတော့သည်။

ဒီပုံတိုင်းဆို ... အိမ်ဖုန်းနံပါတ်ထိ အတိအကျ လိုက်စုံစမ်းထားပြီး သူဟာ ... အငယ်မဆီ တကယ်လာတာပဲ ဖြစ်နေလေရော့သလား ...။

"ဟင့်အင်း ... မဆက်နဲ့ အဲဒီနံပါတ်ကို ...။(၅၂----)ကို ဆက်မလား ..."

"သြော် ... လရောင်က '၅၆'ကို မကိုင်တတ်ဘဲ '၅၂'ကိုပဲ ကိုင်တတ်တာပေါ့ ..."

"ဟုတ် ..."

ဝမ်းပန်းတနည်း၊ မနာလိုလုံးကြီးကြီးနှင့် (မရည်ရွယ်ပါဘဲ) ဖုန်းနံပါတ်ကို ပြောထွက်လိုက်နိုင်တာကို ... လရောင်က လျှာလေးထွက်ကာ ... ကျိတ်သဘောကျနေသည်။



"အဲဒီကောင်နဲ့ ထပ်တွေ့ဖြစ်ကြဖို့တော့ ရှိသေးတယ်ပေါ့နော် ..."

"ဘယ်ကောင်လဲဟင် ..."

"ခုနက သေတ္တာကောင် ..."

"အာ ... အင်း ... ဟိုဒင်း အတိအကျကြီးတော့ မသေချာပါဘူး ... ဒါပေမဲ့ ရတယ်လေ ... ယူသွားပေးပါ့မယ် ...။ တွေ့ရင်လည်း တွေ့မှာပေါ့ ... ရတယ် ... ယူပဲသွားပေးလိုက်မယ် ..."

"အမှန်က သူ့နာမည်က 'အာယု'မဟုတ်ပါဘူး ... 'စိုးတြ'တဲ့ ... တကယ်တော့ ကိုယ်ကသာ 'အာယု'ပဲဟာ။ သူက အာယု ထပ်ဖြစ်နိုင်မလား ... မဟုတ်ဘူးလား ..."

ဘာဖြစ်ဖြစ်ပေါ့နော ...။ မသိချင်ပါဘူး ... သူ့ဘာသာ ဘယ်သူဖြစ်ဖြစ် ... လရောင်ဝင်းရဲ့ အတွေးအိမ်ထဲမှာ ရှိတာက ... အာယု ... အာယု ... ဖုန်းနံပါတ် (၅၂----)ကို မကြာခဏဆက်လာတော့မဲ့ ... အာယု ...။ "၅၆"နံပါတ်ကို ကြိုသိနေသူသည် ... သေတ္တာရှည်နဲ့ ပတ်သက်တဲ့ကိစ္စ ဖြစ်လာရင်တော့ "၅၂"နံပါတ်ကိုပဲ ဆက်လာရတော့မှာ မဟုတ်လား ...။ ဘာအကြောင်းနဲ့ပဲ ဆက်လာ ... ဆက်လာ ...။ "၅၂"ကို ဆက်လာရင်တော့ ... အာယုရဲ့ဖုန်းသံဟာ ... အငယ်မ အတွက် မဟုတ် ... လရောင်ဝင်း ... အတွက်သာ ...။

"စိုးတြက လရောင်တို့ရဲ့အိမ်ကို လာယူမှာလား ..."

"အာ ... အဲဒါလည်း မပြောတတ်သေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သူ အဲဒီအိမ်ကို သေတ္တာလာယူဖို့ပဲဖြစ်ဖြစ် ...၊ နောက်ထပ် အကြောင်းရှိလို့ပဲဖြစ်ဖြစ် လာဖို့ချိန်းဖြစ်ရင် ... ကိုယ့်ကို ဖုန်းလှမ်းဆက်ပေးပါလား ... ဖြစ်မလား ... လရောင် ... ဟင် ... !"

လရောင်ရဲ့ "အင်း"သံလေးဟာ ..."အင်"လိုလို "အမ်"လိုလိုနှင့် မပီမပြင်နိုင်ကလေး ဖြစ်နေပါသည်။ အာယုမှာ ခုမှပင် လရောင်ရဲ့အကြောင်းကို သေချာသတိထား ခေါင်းထဲ ရောက်မိလာသလိုရှိကာ ... "ဒီကောင်မလေး ... ငါ့ဆီ ဖုန်းခနဲ ရောက်လာတာ ... ဟိုကောင် မောင်စိရဲ့သေတ္တာအတွက်မှ ဟုတ် ရဲ့လား ..."ရယ်လို့ ဘာလိုလို အတွေးတစ်မျိုး ခေါင်းထဲဖျတ်ခနဲ ဝင်လာပါသည်။

မောင်စိ အတွက် မဟုတ်ရင်လည်း ... တစ်ခါပဲ တွေ့ဖူးထားကြတဲ့ နှစ်ယောက်ကြားမှာ ... ဒေါသထွက်သလိုလို အော်ဟစ်သလိုလိုနဲ့ ... ခွန်းတုံ့ခွန်းလှယ်တော့ဖြင့် အပြန်အလှန် ... စကားတွေ ထိုင်ပြောဖြစ်၊ ဆိုင်အတူ ထိုင်ဖြစ်နေကြစရာ ဘာ အကြောင်းများ ထပ်ရှိရဦးမှာပါလိမ့် ...။

"သွားတော့မှာ ..."

အာယုရဲ့အတွေးက ခုမှစဆဲ ... လရောင်က ထိုင်ရာမှ ထရပ်ကာ အာယုကို နှုတ်ဆက်လိုက်သည်။

"ဒါကို ယူသွားမှာလား ..."

"ယူမှာပေါ့ ..."

"စိတြကတော့ သူ့သေတ္တာကြီး ပြန်ရာလာပေးတဲ့အတွက် လရောင်ကို ကျေးဇူးတွေ တင်နေတော့မှာပေါ့နော် ..."



"မလိုချင်ပါဘူး ... သူ့ကျေးဇူးတွေ ... ဘာလုပ်ဖို့လဲ ..."

"ဒါဖြင့် ဘာလို့လိုက်ပြီး အမိဖမ်းနေသေးလဲ ..."

"ဟာ ... စကားလမ်းကြောင်းတွေက အဲဒီပဲ ပြန်ရောက် ပြီး လုံးလည်ချာလည် လိုက်နေပြီ ... ဘာမှန်းကို မသိ ဘူး ...။ သေတ္တာကြီး ပေးလိုက်မယ်ဆို စက်ဘီးပေါ် လိုက်တင်ပေး ..."

အာယုမှာ "ကောင်မလေး ဘာကိုရှက်သွားတာပါ လိမ့်"ဆိုတာကိုလည်း ... တစ်မျိုးကြီး အတွေးရကျပ်သွားရပါ သေးသည်။ သေတ္တာရှည်ကို စက်ဘီးရဲ့ နောက်ကကယ်ရီယာခုံ ပေါ်မှာ ကန့်လန့်တင်လိုက်၊ ဒေါင်လိုက်တင်လိုက်နှင့် အမျိုးမျိုး ဆါက်ကရတွေ တင်မရ ပြုမရ ဖြစ်နေပြီးမှ ...

"ဟာ ... ရှုပ်တယ်ကွာ ... ကားပါမလာဘူးလား ... ကား ပေါ်ပဲ တင်ခဲ့လိုက်ပါတော့လား ..."

"လရောင်ပဲ ယူသွားမယ်ဆို"

"စက်ဘီးနောက်က ကားနဲ့လိုက်ခဲ့ပြီး လိုက်ပို့ပေးလိုက်လေ"

အာယုမှာ လရောင်ရဲ့ မျက်စလေးချီကာ ပြောလိုက် ပုံလေးကို မပြုံးဘဲ မနေနိုင်အောင် ဖြစ်သွားရရင်း ...

"စက်ဘီးနောက်ကနေ ကားက တလိမ့်လိမ့် လိုက်နေရမယ် ဆိုရင် သိပ်အဆင်မပြေဘူးလေ ... ဟိုအိမ်အထိ အရင် မောင်းသွားနှင့်ပြီး စောင့်နေလိုက်မယ်နော် ..."

"ဟုတ် ...။ အာ ... မဟုတ်ဘူး ... မဟုတ်ဘူး ... အဲဒီ အိမ်နဲ့ နှစ်လမ်းကျော်ကအိမ်ကို ဝင်မှာ ... အဲ ... ဝင်ဦး မှာ ... နောက်ကပဲ လိုက်ခဲ့လိုက်ပါ ..."

www.burmeseclassic.com

www.burmeseclassic.com



အမယ်လေး ... ဘယ်ဖြစ်ပါ့မလဲနော် ... ဒီကိစ္စမျိုးမှာ အငယ်မတစ်ယောက်တော့ ဘယ်ချောင် ဘယ်ကြားကမှ ဝါဝင်လာလို့ မဖြစ်။ အရေးအကြီးဆုံးက သူတို့နှစ်ယောက် မဆုံမိကြဖို့ပဲ ...။

ဒီနောက်မှာတော့ နောက်က ကားနဲ့လိုက်ပါရတဲ့လူလည်း အဆင်ပြေပြေ မောင်းလိုက်လို့ရအောင် ... စက်ဘီးကလေးကို အားကုန်ခပ်မြန်မြန် နင်းခဲ့ရင်း ... လရောင်ရဲ့ မျက်နှာကလေးက ...(လမ်းပေါ်က မြင်ရသူတကာ အံ့ဩလည်ပြန်ကြည့်သွားရလောက်အောင်) ပြုံးရွှင် ချိုမြနေတော့ကာ ... တစ်ခါတစ်ရံမှာ "တဟင်းဟင်း" ရယ်သံလေးတွေပင် ထွက်ပေါ်နေရပါတော့သည်...။ လရောင်ရဲ့ နောက်မှာ ကားတစ်စီးနဲ့ သူက ကပ်ပါလာတယ်လေ ...။

လရောင်ရဲ့အိမ်ရှေ့ကို ရောက်တော့ အာယုက တအားချိုရွှင်နေတဲ့ လရောင်ကြောင့် သူပါ ဘုမသိ ဘမသိ ပြုံးတုံးတုံးနှင့် ...

"ရရဲ့လား ... ဒီမှာကိစ္စပြီးရင် ... ဒီကနေ ... ဟိုအိမ်ထိကကော ... ဘယ်လိုဆက်သယ်သွားမှာလဲ ..."

"မပူနဲ့ ... မပူနဲ့ ..."

"ကောင်းပါပြီ ... မပူတော့ဘူး ..."

"တာ့တာ ..."

"ဖုန်းဆက်ပေးလိုက်နော် ..."

"သူပဲ စဆက်ရမှာပါ ... '၅၂'ကိုပဲ ဆက်နော် ..."



"လရောင်က ဟိုကောင်နဲ့ချိန်းပြီးတာနဲ့ အရင်စဆက်ပေးမှာ မဟုတ်ဘူးလား ..."

"ခြော် ... ဘယ်လိုဖြစ်နေရတာလဲ ... ဘယ်သူပဲ စဆက်ဆက်ပေါ့ ... တာ့တာ ..."

အာယုမှာ အူလည်လည်နှင့်ပင် လက်ပြန်ပြခဲ့ရကာ ကားပေါ်ရောက်မှ "သူပဲစဆက်ရမှာပါ"ဆိုတဲ့ လရောင်ရဲ့ အပိုင်ပြောဟန်ကလေးကို သဘောတကျနှင့် ခေါင်းတခါခါ ဖြစ်မိနေတော့သည်။ အာယုကသာ စမဆက်မိရင် ... "သူပဲစဆက်ရမှာပါ" ဆိုတဲ့ ကောင်မလေးက မကျေမနပ်တွေ ဖြစ်လို့နေတော့မလား ...။

အဲဒါထက် ဆိုးတာက ... စိတြ တစ်ယောက်သေတ္တာကို လာပြန်ယူတဲ့ အချိန်မှာ သူ ဖုန်းဆက်ခေါ်လိုက်မိသလို ဖြစ်သွားတဲ့ အာယုကပါ ရောက်ချလာပြီး ... ဆုံရှင်း၊ ပြဿနာရှာသလို ဖြစ်သွားရင်ကော ...။ လရောင်ရဲ့ မကျေနပ်ချက်တို့က ... ဝိုလို့ပင် ဆိုးရွားသွားလေတော့မလား။

ချိုရွှင်နေတဲ့ ကောင်မလေးနဲ့တော့ ... ပြဿနာတွေ မဖြစ်လိုပါ ...။ ဘယ့်လိုလုပ်ရပါ့ ...။

အာယု ထွက်သွားလျှင် လရောင်က ... သေတ္တာတစ်ဖက်၊ စက်ဘီးတစ်ဖက်နှင့် အိမ်ထဲ မနိုင်မနင်းကြီး ပြေးဝင်လာခဲ့ရင်း ... (စိတြက သေချာ Lock ချ၊ ဂဏန်းနံပါတ်ပြန်နှိပ်ဒိတ်မသွားသည်မို့)အလွယ်တကူ ဖွင့်လို့ရနိုင်နေသော လေးလေးငင်ငင် သေတ္တာကြီးကို တစ်ယောက်တည်း ဖွင့်ကြည့်လိုက်လေသော် ...

"အား ..."

www.burmeseclassic.com

www.burmeseclassic.com



လရောင်နဲ့ အာယုတို့နှစ်ယောက်ကြားမှာ အငယ်မကို ဘယ်ပုံဘယ်နည်းနဲ့မှ မပါဝင်စေချင်သည် ဖြစ်သော်လည်း ... မြေပြတ်ကြီးနှစ်ချောင်းနဲ့သာ တူနေတော့တဲ့ ခြေတုတစ်စုံကို အမြင်မှာတော့ ... လရောင်ရဲ့ မျက်ဝန်းလေးတွေက ပြူးကျယ်ကျယ်နှင့် စူးနက်လို့ လာကြသည်။ ညစ်ကျယ်ကျယ် အကြိဉာဏ်တို့ကလည်း ခေါင်းတစ်ခုလုံးထဲ အပြည့်အသိပ် ဖြစ်လာသည်။

○✧○



## မရဲ့အမိန့်တော်

"အခုချက်ချင်း လာခဲ့ပါ ..." ဆို၍ စိတြက မ,ရှိရာဆီ အပြေးလေးပင် လှမ်းလာခဲ့ရလေသည်။ တစ်ခါရောက်ဖူးပြီးသား အိမ်ဂေဟာထဲ နောက်တစ်ကြိမ် ခြေချဝင်ရမှာ ... အရင်တစ်ချိန်နဲ့ သွင်သွင်ကြီး ခြားနားနေပြီဖြစ်သော ကိုယ့်ကို မှတ်မိသူ မရှိနိုင်ပါဘူး ... ဟု ဘယ်လိုစိတ်တင်းတင်း ... ရှိုးတိုးရှန့်တန့်နှင့် ... ထိတ်လန့်စရာတော့ အနည်းငယ် ကောင်းနေသည်။

"ကိုစိတြ ဆိုတာလား ..."

"ဟုတ်ပါတယ် ..."

"ထိုင်ပါ ..."

ညှော်ခန်းထဲမှာ အရင်ဦးစွာ ဆုံလိုက်ရသည်က ... မနစ်မြို့ခြင်း၊ စိတ်ကုန်ခြင်း အရိပ်အယောင်တွေ မျက်နှာပေါ် ယှက်သန်းနေကြတဲ့ မိန်းမကြီးနှစ်ယောက် မဟုတ်လေတော့ဘဲ ခပ်တည်တည်စတိုင်ကို အပြည့် တမင်ချိုးဖမ်းထားကြလေတဲ့ ... ဓလေးလေးနှစ်ယောက်မို့ စိတြ အဖို့ နေသာထိုင်သာတော့ ရှိသွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေ မရှိကြသခိုက် ... အငယ်မနှင့် တစ်တာပ်တစ်အား၊ အားဖြည့်ထားသည့် လရောင်က ဝင်လာသည့် စိတြကိုကြည့်ရင်း ... မျက်နှာမပျက်မိအောင် မနည်းထိန်းထားလိုက်ရပါသည်။ မ,နဲ့ သေတ္တာပိုင်ရှင်နဲ့က တကယ်ပဲ အဆက်အစပ်ရှိကြတာကိုး။

ငယ်က ... ဆံပင်တွေအားလုံးကို ဂျဲလ်နဲ့ အတောင့်သား မိုးပေါ်ထောင်၊ စိန်နားကပ်ကတစ်ဖက်၊ လူဟန်ကတော့ လတ်ဆတ်မြောက်ကြွနေသည့်သူကို ဆီးအကဲခတ်ရင်း ... စိတ်ထဲမြင်ပဲမြင်ဖူးသလိုလို ... သိပဲ သိနေသလိုလို ...။ "ဒီလူမျိုးဟာ လရောင်ဝင်းနဲ့ ဘာအဆက်အစပ်များ ရှိပါလိမ့်မလဲ ... ပြီးကျမ,နဲ့ကော ... ဘယ်လိုများ သိနေနိုင်သလဲ ..."ဆိုတာ စဉ်းစားလို့ကို မရနိုင်ချေ ...။

မနေ့ညကများ ... လူကြီးသုံးယောက်စလုံးကလည်း ဓာတ်မြေက အလှူကိစ္စအတွက် ခရီးထွက်သွားကြ။ မီးတွေကလည်းပျက်နှင့် ... ငယ့်မှာ မကြီးမငယ်ကြီးနှင့်ပင် ..."မ,တူတူလာအိပ်ပေး ..."ဟု ချွဲနွဲ့ရကောင်းမလား ဆုံးဖြတ်ချက် မကျနိုင်ဘဲရှိဆဲ အိပ်ရာဝင်ချိန်မှာ ကြုံလိုက်ရတာက ... အသက်ထွက်တော့မတတ် ... ကြောက်စွံ့ထိတ်လန့်ဖွယ်ရာကြီးလေ ...။

ငယ့်ရဲ့ အိပ်ရာခုတင်ပေါ်မှာ ဘယ်အချိန်တည်းကကြိုရောက်နေသည် မသိရတဲ့ ... ခြေတုကြီးတစ်စုံဟာ ... ဖောင်ပါးပါးတစ်ထည်နှင့် လွှမ်းခြုံထားပြီး ... စောင်ကလည်း ခြေကျင်းဝတ်လောက်ထိပဲ လုံထားတော့ ခြေဖဝါးနှစ်ဖက်ကြီးက အပြင်ထွက်နေ ...။ လူတစ်ကိုယ်လုံးကိုတော့ မမြင်ရဘဲ ... ခြေဖဝါးချည်းပဲ



စောင်ခြုံထားသလိုလို မြင်ကွင်းကို ဖယောင်းတိုင် အလင်းနဲ့ မြင်လိုက်ရတဲ့ ငယ်,ဟာ ... ကြောက်လွန်းလှုပြီဖြစ်သော်လည်း ... လုပ်မိလုပ်ရာ ... စောင်ကို "ဖြတ်"ခနဲ ပြေးဆွဲလှန်ပစ်လိုက်တဲ့အခါ။

အဲဒီမှာတင် ခြေပြတ်ကြီးနှစ်ချောင်း ထင်ပြီး ... အကျယ်ကြီး ကျူးအော်လိုက်မိတဲ့ ငယ့်အသံက ဟိန်းတက်သွားတဲ့အခါ ... အရင်ဆုံး ပြေးဝင်ရောက်ရှိလာတဲ့ အိမ်က,ကလေးမလေးကလည်း ... ငယ့်လိုပဲ ခြေပြတ်ကြီးပဲထင်ပြီး သူပါလိုက်အော် ...။ ကလေးမလေးနဲ့ ငယ်နဲ့ တစ်ယောက်တစ်လှည့်စီအော်ဟစ်နေတော့တဲ့ အသံတွေဟာ ညမှောင်မှောင်မှာ ... ငယ်တို့အိမ်တစ်အိမ်လုံး ... ကမ္ဘာပျက်နေသလိုကို ဆူညံပွက်လောရိုက်နေတော့တာ ဖြစ်ပါသည်။

မ,ပါ အပြေးရောက်လာမှပဲ ကိစ္စက ပြတ်ရတော့သည်။

"ဟိုဟာမလက်ချက်ပဲ နေမှာ ... ငယ့်ကို ဒီလိုကြောက်လန့်ပြီး အသက်ထွက်အောင် ကြံကြံစည်စည် လုပ်နိုင်တာသူပဲရှိတာ ... တိုင်ပေးပါ ... မ ... ဘဘဝင်းတို့ဆီ ဖုန်းဆက်တိုင်ပေးပါ ..."

ငယ်က တကျိုကျို လုပ်ပေမဲ့ ... မ,ကတော့ ... "ဒီခြေထောက်ရဲ့ ပိုင်ရှင်ကို မ,သိပါတယ် ... ငယ့်အခန်းထဲ ဘယ်လိုလာရောက်နေသလဲသာ ... စဉ်းစားလို့ မရနိုင်တာ"တဲ့ ...။

"လရောင်ဝင်းပဲ လာထည့်ထားတာ နေမှာပေါ့ ..."

"ပိုင်ရှင်ကို သိပါတယ်ဆို ..."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီပိုင်ရှင်နဲ့ လရောင်ဝင်းနဲ့က တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ..."

"မဖြစ်နိုင်ပါဘူး ..."

"ဒါဖြင့် ... အဲဒီမိန်းမက ခဏာဌားလာတာ ဖြစ်မှာပေါ့"

"ဒါမျိုးက ဟိုဌား ဒီဌား လုပ်စရာလား ... မဆိုင်တဲ့သူတွေဆီ လျှောက်ရောက်နေတော့ စွပ်ရမဲ့သူက ခြေဟောင်းလောင်းကြီးနဲ့ ဘယ်လိုလုပ်ရမှာလဲ ... ဌားတယ်ဆိုတာလည်း မဖြစ်နိုင်သေးပါဘူး ..."

မနက်ကျတော့ မ,က တစ်နေရာကို ဖုန်းလှမ်းဆက်လိုက်ပြီး ... ဘာမှတော့ မပြောဘဲ "ခုချက်ချင်း လာခဲ့ပါ"ဟုသာ ဆိုလေသည်။ ငယ်ကတော့ လရောင်ဝင်းကို ဖုန်းဆက်ခေါ်လိုက်သည်ဖြစ်ရာ ... ရယ်ကျဲကျဲနှင့် ရောက်ချလာသော လရောင်သည် ... "ငယ်တို့အိမ်မှာ ညက, ကမ္ဘာပျက်ကြသည်"ဆိုတော့ အတောမသတ်နိုင်အောင် မရပ်မနား လှိမ့်ရယ်နေပေမဲ့ ... ငယ့်ရဲ့စွပ်စွဲချက် မှန်သမျှကိုတော့ "ဘူး"ချည်းခံငြင်းနေခဲ့တာပါ ...။

ခုတော့ မြောက်ကြွကြွနှင့် အပိုးမကျိုးချင်သောလူတစ်ယောက် ... အိမ်ရောက်လာခဲ့ပြီ ...။

"သြော် ... ရောက်လာပြီလား ..."

"ဟုတ် ... မ, ကျွန်တော့်ကိုခေါ်တာ ဘာကိစ္စများလဲ မသိဘူး ...။ မလေးရှားက ပြန်လာမှ ဖုန်းဆက်ပေးမယ် ဆိုသလားလို့ ...။ ဖိနပ်က ရပြီမို့လား ..."

"အဲဒီဖိနပ်က မင်းအတွက် လိုသေးတယ် ထင်လို့လားဟင် ..."



"ခင်ဗျာ ..."

"သြော် ... ခြေထောက်မရှိတော့ဘဲ ဖိနပ်ကို ဘယ်လိုများ လိုဦးမလဲလို့ ..."

"ဟိုဟာလေ ... ခြေတု ... အဲ ... ဒူးစွပ် ..."

"မဲ့ရှင်းရှင်းပဲ ပြောမယ်ကွာ ... စိတြအနေနဲ့က မ,တို့ကို တမင်သက်သက် လာနှောက်ပြောင်နေတာလား ..."

"အာ ... မ ...။ မ,ဘာပြောနေတာလဲ ... ကျွန်တော် ဘာမှမသိဘူး ..."

"မင်းကြီးတော်ရဲ့ ခြေထောက်စွပ် ဆိုတာက အခု ဘာလို့ မ,တို့အိမ်ကို လာရောက်နေရတာလဲ ... အဲဒါဘာဖြစ်တာလဲ ... ဘယ်လိုလုပ်ပြီးတော့များ မင်းလုပ်လိုက်သလဲ ... ဒီ့က မ,ညီမလေးရဲ့ အခန်းထဲထိ ရောက်နေအောင်လေ"

"ဟာ ... ! အဲဒီခြေတုကြီးက ခု ... ဒီအိမ်မှာ ... ! ဝမ်းသာလိုက်တာ ...။ ဟား ... ကျွန်တော် အရမ်းဝမ်းသာတာပဲ ... မ,မ ... ကျေးဇူးတင်လိုက်တာ ..."

မ,ခမျာ ... သူ့လက်ကလေး နှစ်ဖက်စလုံးကို ဖျတ်ခနဲ ဆွဲကိုင်ပြီး လှုပ်ယမ်းဆွဲခါ မွှေ့ပစ်လိုက်သော စိတြရဲ့လုပ်ပုံကိုင်ပုံကြောင့် ကြောင်အမ်းအမ်းလေး ဖြစ်သွားပြီးမှ မျက်နှာကနီရဲတက်လာပါသည်။

"ဘယ်လိုဖြစ်နေတာလဲ ..."

"ကျေးဇူးတင်လိုက်တာ ... မ,ရာ ... ကျွန်တော် မ,ဆိုင်က မနေ့က အပြန်မှာတင် လမ်းပေါ်မှာ အဲဒါကြီး ပျောက်သွားလို့ ပြဿနာတက်လိုက်ရတာ ... ခုထက်ထိ ခေါင်းမဖော်

www.burmeseclassic.com

www.burmeseclassic.com



နိုင်သေးဘူး ...။ ခုပြန်တွေ့ပြီ ... ဟား ဟား ...။ တော်ပါသေးရဲ့ ... သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေက ... ဒီလိုတော့လည်း တော်ကြသားပဲ ... သူတော်ကောင်းတို့ရဲ့ စိတ်ဆင်းရဲခြင်းကို ကြာရှည်ကြာမျှား လက်ပိုက်ကြည့်မနေနိုင်ကြဘူးပဲကိုး ...”

“နေပါဦး ... ပေါက်ကရတွေ လျှောက်ပြောနေဖို့ထက် ... အဲဒါက ဘယ်လိုလုပ် ဒီရောက်လာနိုင်တာလဲ ...”

“မ,ကိုသိတဲ့ တစ်ယောက်ယောက်က မနေ့က ကျွန်တော် ပျောက်သွားတာလည်း သိနေမြင်နေလို့ ... ပြန်ရတဲ့အခါမှာ ... ဒီအိမ်ကိုပဲ လှမ်းပို့ပေးလိုက်တာ နေမှာပေါ့ ... ကျွန်တော့်ကိုကျတော့ လိပ်စာမသိဘူးလေ ...။ မ,ကိုပဲ သိတယ်လေ”

“ဒါဖြင့် အခန်းထဲကကော !”ဟု မေးမိပြန်တော့မလို ရှိပြီးမှ ... အဲဒါလောက်ကတော့ အတွင်းလူ ပါနေနိုင်ပြီဆိုတာကို ချက်ချင်း ရိပ်စားမိသွားတဲ့ မ,က ကိုယ့်နှုတ်ခမ်းလေးကို ကိုယ်ပြန် အရှိန်သိပ်၊ ဘရိတ်အုပ်လိုက်ကာ ... “ဒါဖြင့် မနေ့က ဆိုင်ရှေ့မှာ တအုံးအုံးထ,နေကြတာ ...”ဟုသာ မသက်မသာလေး မေးလိုက်မိပါသည်။

“ဟဲ ဟဲ ... ဟုတ်တယ် ... ကျွန်တော်တို့ပေါ့ ... ဒါကြီးပျောက်သွားတော့ ဆိုင်ထဲက လူတွေများ ပြန်ယူသွားလားလို့ ထင်ကလည်းထင် ...။ သိပ်မဖြစ်နိုင်တာ တစ်ခုကိုမေးလည်း ဝင်မမေးကြည့်ရဲတော့ ... မသိမသာလေးပဲ အပြင်ကနေ ချောင်းကြတာ ... ဟဲ ဟဲ ဟဲ ...”



“မသိမသာလေး ...”။ မ,မှာတော့လေ ...။ ကောင်ကလေးတစ်ယောက်က ရှိုးတိုးရှန့်တန့်၊ ကသောင်းကနင်း၊ အိုးနင်းခွက်နင်းပုံစံ ပျက်ယွင်းယွင်းနဲ့ ထွက်သွားပြီးတဲ့နောက်မှာ သူနဲ့ ရွယ်တူသူငယ်ချင်းလေးတွေမှန်း သိသာနေတဲ့ အုပ်လိုက်ကြီးက ... တစ်ယောက်ပြီးတစ်ယောက် ... ကိုယ့်ဆိုင်မှန်တံခါးဝမှာ ပေါ်, ပေါ်လာကြပြီး ... အထဲကို ချောင်းမြောင်း အကဲခတ်နေမှန်း သိသိသာသာကြီးတွေ လာဖြစ်နေကြတဲ့အခါ ...။

တော်ပြီ ...။ အင်မတန်မှ ရှက်စရာကောင်းတဲ့ အတွေးမျိုးကို ဆက်မတွေးတာဘဲ ကောင်းပါလိမ့်မယ် ...။ ဒါဖြင့်သူက ရိုးရိုးသားသားပဲ တကယ်ပဲ ပျောက်ဆုံးတာပေါ့ ...။ မ, တစ်ညလုံး ခေါင်းထဲ တစွဲစွဲ ရှိခဲ့ရတဲ့ ... “ကြီးတော်ကြီးဓာတ်လမ်းအတု”နဲ့ ဉာဏ်ဆင်ပြီး အကွက်ချ ဝင်ထွက်ချင်တာ မဟုတ်ဘူးပေါ့ ...။

“ကဲ ... ကဲ ... ဒါဖြင့်လည်း ပြန်ယူသွားပါတော့ ...။ မ,ကတော့ ‘ကြီးတော်’တို့ ဘာတို့ ဆိုတာလဲ တကယ်မရှိဘဲ တမင်သက်သက် လာနှောက်နေတာမှတ်လို့ ... ဒေါသတွေ ထွက်ချင်နေတာ ...”

စိတ်ကြက ခေါင်းကုတ်သလိုလို ... ကိုယ်ကုတ်သလိုလို ... တစ်ကိုယ်လုံးပဲ ယားလာသလိုလို ... လှုပ်စိစိ ရှုတတတွေ ဖြစ်နေပြီးမှ ...

“ဟဲ ဟဲ ဟဲ ... ဒေါသထွက်မလို့ ပြင်ထားတာ ဆိုရင်လည်း ... ထွက်လိုက်တော့ ... မ, ... ဟဲ ဟဲ ဟဲ ... ဒေါ် အလကား၊ ဘာကြီးတော်ကြီးမှ မရှိဘူး ...”

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"ဒီလိုလေ ... ခြေထောက်ပြတ်နေတဲ့ အန်တီကြီးတစ်ယောက်ကတော့ တကယ် ရှိပါတယ် ... ဒါပေမဲ့ ဘယ်သူမှန်းလဲလည်း မသိဘူး ... ကျွန်တော်နဲ့လည်း ဘာမှကို မပတ်သက်ဘူး ... အဲဒါ မ,တို့ဆိုင်ကို အဝင် ကောင်းအောင်ပဲ ... ရုပ်ပြသက်သက် ... ဟဲ ဟဲ ..."

မ,မှာ ကိုယ့်ထက်အငယ် ညီမနှစ်ယောက်ရဲ့ရှေ့မှာ ဣန္ဒြေမှ ပြန်မဆယ်လိုက်နိုင်အောင် ရှက်လန့်တကြားကြီးကို ဖြစ်သွားရပါတော့သည် ...။ ဘယ်လိုမျက်နှာထားမျိုးနဲ့ ဆက်ထားထားရမလဲတောင်မှ မသိနိုင်တော့ပေ ...။ ထိုအချိန်မှာ ... တစ်ထောင့်တစ်နေရာကနေ လက်ပိုက်ပြီး အားလုံးကို ခြိုင့်အကဲခတ်နေတဲ့ ငယ်က ... ထိုင်ရာမှ အသာလေး ထထွက်ခဲ့ကာ ... နောက်ဖေးဘက် မီးဖိုခန်းထဲ ဝင်ချလာလိုက်ပါသည်။

"မတူး ... မတူး ... ဒေါ်တူး ... ကြီးတော်တူး ..."

"ဟုတ်ကဲ့ မမငယ် ..."

"အဲဒီအိမ်ရှေ့က တစ်ယောက်ဟာ ... မမြင်ဖူးဘူးလား"

"ဟာ ... ကျွန်မ အဲဒါပြောမလို့ ... မဟုတ်ရင် ဒုက္ခရောက်နေမှာစိုးလို့ ... အဲဒါပေါ့ ... အဲဒါ ... ဟိုဒင်း ... ဟိုတစ်နေ့ကနဲ့ တူမနေဘူးလား ..."

"အူကြောင်ကြောင် ပေါသွပ်သွပ်နဲ့ ... ဖေဖေတို့ မိတ်ဆွေရဲ့သားလေ ..."

"အဲဒါနဲ့ တူမနေဘူးလား ... မျက်မှန်ကြီးတစ်ဝက်ဖယ်ကြည့်ပြီး မြင်ယောင်ကြည့်လိုက်ရင်လေ... ဒါပေမဲ့ ခုတစ်



ယောက်က မိုက်တယ် ... ဟိုတစ်ယောက်ကတော့ တောက ခုမှတက်လာတာပါ သေချာတယ် ...။ ညီအစ်ကိုတွေများလား မငယ်ရဲ့ ... တောမှာ တစ်ယောက် ... မြို့မှာ တစ်ယောက်လေ ..."

"သွားပါ ... ဗီဒီယိုဇာတ်ညွှန်းပဲ သွားရေးချေတော့ ... သွား"

ငယ်က အိမ်ရှေ့သို့ ဆိုးဆိုးဆတ်ဆတ်နှင့် ပြန်ထွက်လာပါတော့သည်။ အိမ်ရှေ့မှာတော့ မ,ဟာ ... "တမင်သက်သက် အကွက်လာဆင်တာပါ"ဟု ပေါ်တင်ဝန်ခံဝံ့သော လူမျိုးကို ခပ်ရှက်ရှက်နှင့်ပင် ... တရားပြ နားချဖို့ လုံးပမ်းနေဆဲ ...။ ငယ်က ခါးနှစ်ဖက် စုံ,ထောက်လိုက်ကာ ... အဲဒီလူရဲ့ဆေားမှာ ခပ်မတ်မတ် သွားရပ်လိုက်ရင်း ...

"ဒီမှာ ... ရှင် ... ဟိုတစ်နေ့က ... ခပ်ကြောင်ကြောင်ဂိုက်ဖမ်းပြီး အိမ်ကို ရောက်လာတဲ့ ... အာယု ... ဆိုတဲ့ တစ်ယောက်ပဲ မဟုတ်လား ..."

"အာ ... အဲ ... အင်း ... မဟုတ် ..."

"ဘာမဟုတ်ရမှာလဲ ... မန္တလေးက ဖေဖေတို့ မိတ်ဆွေရဲ့သား 'အာယု'ဆိုပြီး ဒီအိမ်ကို ရောက်လာတာ ... ရှင်ပဲ"

လရောင်က "သူက အာယု မဟုတ်ပါဘူး ..."ဟု လွှတ်ခနဲ ဝင်ပြောမိတော့မယောင် ရှိပြီးမှ နှုတ်ခမ်းကို ပြန်စေ့ထားလိုက်သည်။ အာယု မဟုတ်ပေမဲ့ ... အာယုနဲ့ သူငယ်ချင်းတွေပဲ ဖြစ်နေကြတာရယ် ...၊ ဒီလူရဲ့ မျက်နှာထား မလုံမလဲနဲ့ ကိုယ်တန် ရှိုးတိုးရှန့်တန့်တွေရယ်ကို ကြည့်ခြင်းအားဖြင့် ... သူတို့ဟာ

www.burmeseclassic.com

www.burmeseclassic.com



တ အဖြစ်မှန်တွေရဲ့ကြားမှာ ဓာတ်လမ်းဓာတ်ကွက် တစ်ခုခုနဲ့ ရှုပ်ထားကြသလိုလို စိတ်ထဲမှာ ထင်လာလို့ ဖြစ်ပါသည်။

ပြီးကျတော့ ... ဒီပုံအတိုင်းဆို အာယု အစစ်ကိုတော့ အငယ်မတို့ သိပ်မကျွမ်းဝင် မမြင်ဘူးကြသေးတာ ကျိန်းသေသည်။ နို့မို့ "အာယု အစစ်ကို ကျွန်မတို့က သိပြီးသား ... ရှင်ကလူလိမ်ပဲ ..."ဟု တန်းပြောနိုင်ရမည်လေ ...။ အာယု ဆိုတာဟာ "အငယ်မတို့ဖေဖေ အန်ကယ်လွင်ရဲ့ မိတ်ဆွေရဲ့သား"ဆိုတာနှင့်ပင် လရောင်က ..."အာယု အစစ်ကို ငါသိသားပဲ ..."ဟု ထုတ်မပြောတော့ဖို့ကိုပဲ ဆုံးဖြတ်လိုက်ပါပြီ ...။ မပြောပေါင် ...။ တော်တော်ကြာကျ ... မိတ်ဆွေရဲ့သား၊ မိတ်ဆွေရဲ့သမီးဆိုပြီး ... မိတ်ဆွေအချင်းချင်း ... ဟွန်း ...။

လရောင် ထင်လိုက်မိသလိုပင် ... ငယ်ကလည်း စိတြရဲ့ အရိပ်အကဲကို ဖမ်းပြီး ... တမင်သက်သက် အိမ်ပေါ်လာတက် လိမ်သွားခဲ့တာမျိုးပဲ ဖြစ်မှာ ... ဆိုတာကို တစ်ထစ်ချသေချာသွားရပါပြီတည်း ...။

ကြည့်စမ်း ... လူလိမ်မှန်းတော့ သေချာနေတဲ့ ဒီတစ်ယောက်ဟာ ... တခြား ဘာအကြံအစည်နဲ့ လာလိမ်ခဲ့တာလဲ ...။ သူခိုးလား ... ဓားပြလား ...။

**ဒီမှာလည်း လာလိမ်ပြီးရော ... မ,ရဲ့ဒေဝစ္ဆရာဆိုင်သို့ပါ နောက်တစ်ခေါက် သွားထပ်လိမ်လိုက်သေးသည်ဆိုတော့ကာ ...**

**"မ ... မ ... ဒီလူ ... လူလိမ်နော် ..."**

**"ဟာ ..."**



"ဘာဟာလဲ ... ဒီမှာလည်း လာလိမ် ... မ,ရဲ့ဆိုင်မှာလည်း သွားလိမ် ...။ ရှင် ပြောစမ်း ... သူခိုးလား ... ဓားပြလား ... ဒါမှမဟုတ် ... မ, ... မ,ကို ..."

မ,က ငယ့်ကို လက်ကနေ အသာဆွဲခေါ်ကာ ဟန့်တားလိုက်သည်။ သူခိုး ဓားပြသာဆိုရင် ... လူကြီးတွေလည်း တစ်ယောက်မှ မရှိကြသခိုက် ... ကိုယ့်ဘက်က အလန့်တကြားကြီးတွေ ထလုပ်ပြီး တစ်ဖက်လူကို မဆွသင့်ဘူး မဟုတ်လား ...။ ဒါပေမဲ့ မ,ကတော့ ... ဟိုတစ်နေ့ကတော့ ဝါရင့်သမ္မာရင့် အူကြောင်ကြောင်ဂိုက်ကနေ တစ်စက်မှ မလွဲတဲ့ အူကြောင်ကြောင်။ နောက်နေ့တွေမှာတော့ ရှိုးတိုးရှန့်တန့်လေး အနည်းငယ်နိုင်နေတဲ့ ကောင်ကလေးကို သူခိုး၊ ဓားပြလို့တော့ ဘယ်နည်းနဲ့မှကို မထင်ပါချေ ...။

ဒါဖြင့် ငယ့်ရဲ့ နောက်ဆက်တွဲ အစွပ်အစွဲဖြစ်တဲ့ ... "မ,ကို ... မ,ကို ..."ဆိုတာ။ မ,က ခေါင်းကို မသိမသာလေး ခါယမ်းလိုက်ကာ ... လေသံကိုလည်း တမင်တင်းယူလိုက်တော့ပြီး ...

"ဒီမှာကွယ် ... စိတြနော် ...။ အေး ... စိတြရေ ... မင်း အနေနဲ့က ဟိုတစ်နေ့က 'အာယု'ဟုတ်ဟုတ် မဟုတ်ဟုတ် ဒီခြေတုကြီးနဲ့ မ,ဆိုင်ကို တမင်လာပြီး ဓာတ်လမ်းထွင်ခဲ့တာပါ ဆိုတာကိုတော့ မင်းကိုယ်တိုင်ကို ခုပဲ ဝန်ခံထားတယ်နော် ... ဒါမျိုးလုပ်တာတော့ ဘယ်ကောင်းမလဲကွာ ... မင်းလာပြီး စ,နောက်နေရအောင် မ,တို့တွေနဲ့ မင်းနဲ့က အရင်ကတည်းကလည်း ခင်မင်သိကျွမ်းကြတာ မဟုတ် ...။ မ,တို့အနေနဲ့က လူတကာက မနေနိုင်မထိုင်

www.burmeseclassic.com

www.burmeseclassic.com



နိုင် ဝင်စ,သွားရအောင် ... ဣန္ဒြေမဲ့နေကြတာမျိုးလည်း မဟုတ်ဘူး ဆိုတော့ကာ ... မင်းဘက်ကပဲ တမင်သက်သက် ရည်ရွယ်ချက်ဆိုးကြီးနဲ့ စတင်ခဲ့တယ်ဆိုတာ ... ထင်ရှားနေတယ် ...

မင်းပုံစံ ကြည့်ရတာလည်း မိကောင်းဖခင် သားသမီး၊ ကောင်းကောင်းမွန်မွန်ထဲကလိုပါ ...။ အဲဒီတော့ မင်း စဉ်းစားကြည့်စမ်း ...၊ ခုလို နေရင်း ထိုင်ရင်း ဝင်ဟန်ဆောင်၊ လိုက်စ,နောက်။ မင်းအတွက် မင်းမိဘတွေလည်း အလိုလို မျက်နှာမကောင်းဖြစ်ရမယ် ...။ ပြီးတော့ မင်းကိုယ်တိုင်မှာလည်း အရည်အသွေး ထိခိုက်တယ် ... အမှတ်လျော့တယ် ...

အဲဒါ သိရဲ့လား ...။ ကိုယ့်ရဲ့လုပ်ရပ် တစ်ခုချင်းတိုင်းဟာ နောင်အရှည် ရှေ့ဆက်ရမဲ့ ကိုယ့်ဘဝအတွက် Effects အတွေ အမြဲပြန်ရှိနေနိုင်တာ...။ မဆိုင်ဘူး မထင်နဲ့နော် ...။ ဘာမဟုတ်တာလေး တစ်ခုက တစ်ချိန်မှာ အတော်လာထိခိုက်စေနေတာမျိုးတွေ ရှိကိုရှိနိုင်တယ် ...။ အဲဒါ တကယ်ပဲ ...

အဲဒီတော့ ... ပြီးတာတွေလည်း ပြီးပါစေ ...။ မင်းကလည်း မင်းရဲ့ မဟုတ်ကဟုတ်က ရည်ရွယ်ချက်တွေ၊ လုပ်ရပ်တွေကို ရပ်တန်းက ရပ်ပါ။ မ,တို့ကလည်း ပြီးခဲ့တာတွေကို 'ပြီးပြီ'လို့ပဲ ထားလိုက်ပါ့မယ် ...။ ဖေဖေတို့မိတ်ဆွေရဲ့သားလည်း မဟုတ်ဘူးဆိုရင် ... ရှေ့ဆက်ပတ်သက်စရာလည်း အကြောင်းမှ မရှိဘဲကွာ ... မဟုတ်လား"



စိတြကြ ဘာတစ်ခွန်းမှ စောဒက ထပ်တက်မနေတော့ဘဲ ခေါင်းခပ်ငုံ့ငုံ့နှင့်ပင် သေတ္တာရှည်ကြီးကို ကောက်သိမ်းကာ ... ထိုင်နေရာက ထရပ်လိုက်ပါသည်။ စိတြရဲ့ဘဝမှာ ဗရုတ်ကျမှု အတွေ့အကြုံပေါင်း များစွာအတွက် ... အောင်မြင်ပျော်ရွှင်ရယ်ပွဲဖွဲ့ခဲ့ရတာမျိုးလည်း ရှိသလို ... "ဂွမ်း"ခနဲ ကွဲခဲ့ရတဲ့အကြိမ်တွေကလည်း မရေမတွက်နိုင်လောက်အောင်ပါ ...။

ဒါပေမဲ့ ဒီကနေ့လိုတော့ ... ကသိကအောက်၊ မနေတတ် မထိုင်တတ်ကြီးနဲ့ ... မဖြစ်စဖူး ..."နောင်တ"ဆိုတဲ့စကားလုံးမျိုးထိ ခေါင်းထဲရောက်လာရတာမျိုးကိုတော့ တစ်ခါမှကို မကြုံစဖူးသေး။ ထူးဆန်းသလောက် ... အနေရလည်း ခက်လိုက်ရတာ...။

"တောင်းပန်ပါတယ် ... မ, ...။ ကျွန်တော် သွားပါဦးမယ်။ အားလုံးပဲ ... သွားလိုက်ပါဦးမယ် ...။ မ,စကားတွေ ကျွန်တော် ခေါင်းထဲထည့်ထားပါ့မယ်"

စိတြ ထွက်သွားလျှင် ငယ်က ... "ဟိုးတစ်နေ့က မျက်နှာပြောင်နဲ့များ တခြားစီပဲ... ခုကျတော့ မခုတ်တတ်တဲ့ကြောင်ကလေး ကျနေတာပဲ ..."ဟု မဲ့ရွဲ့လိုက်ရင်း ...

"ဒါဖြင့် ... ဒီအိမ်ကို လာတွေ့ရမယ်ဆိုတဲ့ ... ဖေဖေတို့မိတ်ဆွေရဲ့သား အာယု ဆိုတဲ့ လူအစစ်က ဘယ်ရောက်သွားတာလဲ ...။ အစားထိုးကြီး ဝင်လာလို့ရတဲ့လူကကော ဒီအိမ်ကို ဒီလိုလာရမယ်ဆိုတာ ဘယ်လိုလုပ်သိနိုင်သလဲ။ အဲဒီနှစ်ယောက်က တစ်ကျိတ်တည်း တစ်ဉာဏ်တည်းများ ဖြစ်နေနိုင်မလား ...

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်ဆိုရင် … အစစ်က အတုဝင် အစားထိုးဖို့ ဘာလို့ လက်သင့်ခံလိုက်ရတာလဲ …၊ ဒီကိစ္စက မိဘတွေ လူကြီးတွေပါ, ပါနေကြတဲ့ ကိစ္စကြီးဟာကို …။ ဒါမှမဟုတ် သူကိုယ်တိုင်ကပဲ သူ မသွားချင်လို့ … လူစားထိုး လွှတ်တာလား …။ တောက် …”

ငယ်သည် ဟိုလိုလှည့်စဉ်းစား၊ ဒီလိုလှည့်စဉ်းစား … တစ်ယောက်တည်း အတွေးအမျိုးမျိုးနှင့် ရှိနေပြီးမှ … ရုတ်တရက် သတိထ,ရသွားသလို … လရောင်ရဲ့ ပခုံးလေးကို သတိလက်လွှတ် ပိတ်,ပိတ်တွန်းနေရင်းက …

“ဟဲ့ … လရောင် … လရောင် … ငါ မှတ်မိပြီ …။ နင် ကော မှတ်မိလား …။ အဲဒီနေ့က အဲဒီ အူကြောင်ကြောင် ပြန်သွားပြီးလို့ ခဏကြာတော့ ငါတို့အိမ်ရှေ့မှာ ကားတစ်စီးနဲ့ လူတစ်ယောက် မယောင်မလည် ရောက်နေတဲ့ဟာလေ …။ ငါတောင် နင့်ခွေးကို အဲဒီကားထဲ သွားထည့်ထားလိုက်လို့ နင်နဲ့ စကားများကြတဲ့ တစ်ယောက်ဟာ …။ အဲဒီတစ်ယောက်က သူ့ကိုယ်သူ ‘အာယု’လို့ ပြောသွားတာပဲ မဟုတ်လား”

လရောင်က ကိုယ့်ပခုံးကို လာတွန်းနေသော ငယ့်ရဲ့ လက်တွေကို အငြိုးတကြီး မုန်းတီးတီးနှင့် ပြန်တွန်းဖယ်ပစ်နေရင်း … “မသိဘူး၊ မမှတ်မိဘူး”ဟု ဖြေလိုက်သည်။ စာမျက်နှာ တစ်ဝက်လောက်ပဲရှိတဲ့ စာတစ်ပုဒ်လောက်ကို ဆိုရင်တော့ နာရီဝက်၊ တစ်နာရီနီးပါး ကျက်လည်း အ,ထစ်ထစ်သာ ရှိတတ်တဲ့ အငယ်မဟာ … ဒီလိုမျိုး ချက်ကျ လက်ကျ တွေးခေါ်ဆက်စပ်



ယူရတော့မယ် ဆိုရင်တော့ … သူ့ စဉ်းစားဉာဏ်တွေက … ရင့်သန်လှချည့်။

“သိပ်ဉာဏ်ထိုင်းတာပဲ … ဘယ်နှရက်မှ မရှိသေးဘူးဟာ … သတိက ဒီလောက်ပဲ မေ့တတ်ရသလား …။ ဟုတ်တယ် … နင် မမှတ်မိရင်နေ … ငါမှတ်မိတယ် သေချာတယ် …။ ဟုတ်တယ် … အာယုတဲ့ …။ ကြည့်စမ်း … အစားထိုး လူလွှတ်ပြီး သူကတော့ အိမ်ပြင်ကနေ မယောင်မလည် လာချောင်းနေတာပေါ့ …။ တောက် … ငါသိပြီ …။ အကျင့်ကိုက ယုတ်တာ …။ လူယုတ်မာ …။

မန္တလေးက မိဘတွေက ရန်ကုန်က မိတ်ဆွေရဲ့ သမီးနှစ်ယောက်ကို သွားကြည့်ချေဆိုတော့ … မတော်ဂွက်ထော်တွေ၊ ရုပ်ဆိုးတွေ ဖြစ်နေရင် ခက်ရချေရဲ့လို့ … လူစားလွှတ်ပြီး သူကတော့ အပြင်ကနေပဲ လာချောင်းနေတာ ဖြစ်မှာပေါ့ …။ လူစားက … မ,ကိုမြင်လိုက်ရတော့ ဆက်ငင်သွား …။ သူကတော့ … နင်နဲ့ ငါ့ကိုပဲ မြင်လိုက်တော့ … ဒါ ဒီအိမ်ကနှစ်ယောက်ပဲလို့ ထင်နေမှာပေါ့ …။ ဟုတ်ပြီ …။ ဒါပဲ …။ ငါထင်ရင် လွဲခဲပါတယ် … ဒါပဲ ရှိတယ်ဟာ …။ ဟဲ့ … လရောင် … အဲဒီနေ့က တစ်ယောက်ကရော … နင်နဲ့ နောက်ထပ် လာပတ်သက် … နွယ်တက်နေသေးလား …”

လရောင်မှာ …“စုံထောက်မကြီး”ဟု စိတ်ထဲက ကျိတ်ကျိန်ဆဲလိုက်မိကာ … ခေါင်းကိုတော့ ခပ်မြန်မြန်ပဲ ယမ်းခါပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"မလိမ်နဲ့နော် ..."

"ဘာကိစ္စ လိမ်ရမှာလဲ ... လုံးဝလာမပတ်သက်ဘူး ..."

ဒါ လိမ်တာမှ မဟုတ်တာ ...။ သူကစ,လာပတ်သက်လို့လား ...။ လရောင်ကသာ စ,မြင်ပြီး သွားပတ်သက်၊ ဇာတ်လမ်းဆက်ချင်မိခဲ့တာပဲဟာလေ ...။

"အေး ပြီးရော ... ကောင်းတယ် ...။ မ,ရော ... လရောင်ရောနော် ... ငယ်က ဒီကိစ္စကို ဖေဖေတို့ရော၊ ဘဘဝင်းတို့ကိုရော ပြန်ပြောပြထားရမှာ ...။ သူတို့ လာရှုပ်တိုင်းငြိမ်ခံနေရမဲ့ လူတွေမှ မဟုတ်တာ ...။ လူကြီးတွေကိုပါ ပြန်ပြောပြထားပြီး မိဘချင်းလည်း ... မကျေနပ်ကြောင်း ... သတင်းပို့ ကန့်ကွက်တာမျိုး လုပ်ရမယ် ...။ စလာကတည်းက ရှုပ်တီးရှုပ်ယှက်နဲ့ဆိုရင် အရှည်သဖြင့်အတွက်လည်း ဘယ်လိုမှ ကောင်းမဲ့ဟာတွေ ဟုတ်ဘူး ...။ မ,ရော ... လရောင်ပါ ... နောက်တစ်ခါ ထပ်လာလို့ကတော့ ... ပါးစပ်မနေး ... လက်မနေးကြစေနဲ့ ...

ကဲ ... ညီစေနော် ..."

ကိုယ့်လက်ဖဝါးချင်း "ဖြောင်း"ခနဲ ရိုက်ပြီးမှ ... လက်ခြောက်ဖက်စလုံး လေထဲမှာ "ဖြန်း"ခနဲ ထပ်ဆုံကြစေဖို့ ... ငယ့်လက်နှစ်ဖက်က မြောက်တက်လာပါသည်။ သို့သော် ... မ,နဲ့ လရောင်တို့ရဲ့ ကျန်လက်လေးဖက်က လိုက်တက်မလာလေတဲ့အတွက် ... ငယ့်လက်တွေကသာ လေထဲမှာ မြှောက်ရက်တန်းလန်းကြီး။ ငယ်က ..."ဘယ်လိုဖြစ်ကြတာလဲ ... ဟ ..."ဟု မဲ့ပြုံးနှင့် ပြောလိုက်စဉ် ...



လရောင်က ... ခုနက ငယ်တွန်းရိုက်ထားသော ပခုံးတွေကိုပဲ တနှိပ်နှိပ်နှင့် "နာလိုက်တာ ... ပြေကို မပြေနိုင်ဘူး ... အကြမ်းပတမ်းမ"ဟု ညည်းတွားကာ လေထဲက ငယ့်ရဲ့လက်တွေကိုတော့ မသိချင်ယောင်ဆောင်နေသည် ...။ မ,ကလည်း ... ငယ့်ကို မျက်မှောင်ကုတ်လေး တရွှယ်ရွှယ်နှင့် ..."ကလေးကြီးတွေ ကျနေတာပဲ ...။ ဘာလဲ ... ကလေးကလားတွေ ဘာလို့လုပ်နေရဦးမှာလဲ ...။ မ,က ရှေ့ဆက်ပတ်သက်စရာမလိုတော့ဘူး... လို့ကို အပြီးပြောလိုက်ပြီးပြီပဲဟာ ..."ဟု ပြောကာ ... ထထွက်လာခဲ့လေသည်။

○ ✧ ○

www.burmeseclassic.com

www.burmeseclassic.com



## ဓာတ်ဆရာကို ... ရက်စက်ပုံ

မန္တလေးကနေ ဖေဖေရော မေမေပါ ရုတ်တရက် ပေါက်ချလာကြပြီး ... အာယုကို တွေ့တွေ့ချင်း ဆံပင်ကနေ ဖမ်းဆွဲ ကုပ်နှိပ်ကာ ဖက်ပိုးတစ်ချက်ပါ အုပ်လိုက်သေးသော ဖေဖေ့ကြောင့် ... အာယုမှာ ... "အပြစ်ကတော့ ကြီးပြီထင်တယ်" ဟု တန်းခနဲပင် သိလိုက်ရပါသည်။

"တောက် ... ငါနော် ... အလကား နေရင်း ထိုင်ရင်း ... ကိုယ့်ထမင်းကိုယ်စားပြီး အပြောအဆိုတွေ ခံလိုက်ရတာ။ အာယု ... အာယု ...။ မင်း ငါ့သားဖြစ်နေဖို့တောင် မကောင်းဘူး ...။ ငါ့မှာ မင်းလိုသားသာ မရှိခဲ့ရင် ... သူများအပြောအဆိုခံ ဘဝလည်း ဘယ်တော့မှ ရောက်ရမှာ မဟုတ်ဘူး ..."

အာယုမှာ "ဘာဖြစ်လို့လဲ ဖေဖေ"ဟုတောင် နှုတ်ကဟ,ပြီး မမေးရဲပါ။ ကိုယ့်မှာ တခြားကြီးကြီးကျယ်ကျယ် ပြစ်မှုရှိလို့လည်း ကိုယ့်ဘာသာ ပြန်စဉ်းစားလို့တောင်မှမရတာမို့ ..."မိဘများရဲ့မိတ်ဆွေ ဦးခင်မောင်လွင်တို့ မိသားစုနှင့် ပတ်



သက်သော အရေးအခင်းပဲ ဖြစ်ရမည် ..."ဟုပဲ တစ်ထစ်ချ ထင်လိုက်မိတော့သည်။

ကြည့်ရတာ ... ဒီကနေ လှမ်းတိုင်လိုက်တာမျိုးထင်ပါရဲ့ ...။ ဒါပဲရှိတာ ...။ ကိုယ့်နေရာကို ဟိုသတ္တဝါအစားထိုးဝင်သွားတာနဲ့ ပတ်သက်လို့ ခုထိ နောက်ဆက်တွဲ ပြဿနာတစ်ခုခု ရယ်လို့ မကြုံသေးတာမို့ ... ကိုယ်ကလည်း အဲဒီအိမ်သို့ ထပ်သွားဖြစ်ဖို့ ..."အစစ်က ကိုယ်သာဖြစ်ကြောင်း" သက်သေထူ အယူခံဝင်နေဖို့ မစဉ်းစားတော့ဘဲ ... မသိလိုက် မသိဘာသာ ဆက်ငြိမ်နေမိခြင်းလေ ...။ ထလှုပ်လိုက်ကာမှ ... လူကြီးတွေကို အရှက်ခွဲသလိုဖြစ်ပြီး ... ခုလို တိုင်ချက်တွေ မန္တလေးထိရောက်သွားတာမျိုး ဖြစ်လာမှာ ... ကြောက်တာကိုး ...။

ဒါပေမဲ့ ... ခုတော့ ... ငြိမ်ငြိမ်လေး ဆက်နေနေလည်း ... ထိတာကတော့ ထိပြီထင်သည်။

"ပေါက်လွှတ်ပဲစား ... ပျက်တီးပျက်ချော်ကောင်ကွာ ...။ မိဘက ရန်ကုန်မှာ ကျောင်းလာတက်တုန်း ... အအုပ်အထိန်း လူကြီးသူမမျိုး တစ်အိမ်ပိုရှိလည်း နည်းလားဆိုပြီး ... လူကြီးလူကောင်း ပီပီသသနဲ့ မိတ်ဆွေသင်္ဂဟ အချင်းချင်း မိတ်ဆက်ပေးထားတဲ့သဘော ... လွှတ်တာကွ ...။ အဲဒါကို ... မိကောင်းဖခင် သားသမီး ပီသအောင် လုပ်မပြနိုင်ဘူး ...

မိဘစကားကို မနာခံဘဲ ...'မသွားချင်ဘူး'လို့ ... မသွားဘဲ နေနေလိုက်တာကမှ တော်ပါဦးမယ် ... ခုဟာက လူစားထိုး လွှတ်သတဲ့ဗျာ ... ကြားလို့တောင် မကောင်း

www.burmeseclassic.com

ဘူး ...။ မင်း အဲဒီလောက် ကလေကဝ ... အလေနတော ဆန်တဲ့ အကြံဉာဏ်မျိုးတွေ ဘယ်ကရသလဲကွ ... ဟော"

"ဟာ ... ဖေဖေ ... အဲဒီလိုတော့ မဟုတ်ပါဘူး ..."

"ဘယ်ကမှန်း မသိတဲ့ အူကြောင်ကြောင် တစ်ကောင်ကပဲ အိမ်ထဲရောက်လာပြီး ... မင်းကတော့ အပြင်ကနေပဲ ချောင်းကြည့်နေ ... ဆိုကွ ...။ ငါ့ကိုတိုင်တဲ့လူက အဲဒီ အတိုင်းပဲ တိုင်တယ် ..."

"ဒါက ဒီလိုပါ ... ကျွန်တော့်အကြံလည်း မဟုတ်ပါဘူး... တမင်လုပ်တာလည်း မဟုတ်ပါဘူး ... ကျွန်တော်တောင် အချုပ်အနှောင် ခံလိုက်ရတာပါ ... ဖေဖေ မယုံရင် ဒေါ်လေးကို မေးကြည့်ပါ ... ဒေါ်လေး သိပါတယ် ..."

အာယုမှာ မျက်နှာကြီး နီရဲပြီး ထိုးမလို ကြိတ်မလို ဖြစ်နေသော ဖေဖေ့ကို အဲဒီနေ့ကအကြောင်း အမြန်ရှင်းပြရပါသည်။ အဒေါ်ဖြစ်သူကလည်း မျက်လုံးပြူး မျက်ဆန်ပြူးနှင့်ကို ထောက်ခံလေသည်။

"ပြီးပြီးချင်း အဲဒီအိမ်ကို သွားပါတယ် ... အပြင်ကနေ ချောင်းနေတယ် ဆိုတာက ... အဲဒီအိမ်ကို ဟိုကောင် အစားထိုး ဝင်သွားနိုင်တယ်ဆိုတာ ရိပ်မိပြီး တန်းမဝင် လိုက်ရဲသေးတာပါ ...။ နောက်တော့လည်း ထပ်ဝင်ဖို့ ခဲယဉ်းသွားလို့ ..."

"မင်း ... ဘာဖြစ်လို့ ငါတို့ကို ချက်ချင်း လှမ်းမပြောတာလဲ ... ဒါကြောင့် မင်းကို ငါပြောဖူးသေးတယ်လေ ... ဒီ ကြားတည်းမှာ ဖုန်းဆက်လာသေးတဲ့ ကိုခင်မောင်လွင်ရဲ့



လေသံတွေက 'အာယု'ဆိုတဲ့ကောင်ကို မနှစ်သက်နိုင်တဲ့ လေသံတွေ ဖြစ်နေပါလား ... လို့။ မင်း အဲဒီတုန်းက ငါ့ ကိုပြောပါလား ...။ ဒီအတုဝင်သွားတဲ့ ဇာတ်တွေ ဘာတွေ ကို ...။ အဲဒီတုန်းကသာ တစ်ခါတည်း ဆက်ရှင်းလိုက်နိုင် ရင် ... ခုလို အပြောခံလိုက်ရတာမျိုး ... ထပ်မကြုံရတော့ ဘူးပေါ့ ..."

အာယုမှာ အဖြေရခက်စွာ နှုတ်ပိတ်နေစဉ် ... ဖေဖေက အာယု အပေါ်မှာတော့ မျက်နှာကြော အနည်းငယ်လျော့ သော်ငြား "စိတြ ... စိတြ"နှင့် အံကြိတ်ကြိတ်ကာ ညည်းညူ နေပြီးသည့် သကာလ ...

"ကဲ ... ထ ... ထ ... ဒီကိစ္စက ဒီလိုဆိုရင် ... ခုချက် ချင်း သွားရှင်းပြကြမှ ဖြစ်မယ် ...။ နို့မို့ သားသမီးမ ကောင်း မိဘခေါင်း ... ငါတို့ပါ နာမည်မကောင်းဘူးဖြစ် ရမယ် ... ကိုယ့်ဘက်က လူကြီးလူကောင်း ပီသပြဖို့လို တယ် ..."

"ရှင့်ကို ဟိုတစ်ယောက်က ရှေ့ဆက် မပတ်သက်ချင် သလိုလို လေသံမျိုးတောင် ပစ်သွားသေးတယ်ဆို ကိုတင် ဦးရယ် ..."

"ဟ ... ဒါကတော့ ... ငါတို့ကလည်း သူတို့ကို ပတ် သက်ချင်လွန်းလို့ပါလို့ သွားပြောမှာမှ မဟုတ်တာ ...။ မပတ်သက်ချင်ရင်လည်း နေပေါ့ ...၊ သူ မပတ်သက်ရင် ကိုယ်ကလည်း အနေသာကြီးပါပဲ ...။ ဒါပေမဲ့ အဖြစ်မှန် ကတော့ ပြောကို ပြောရမယ် ... နို့မို့ ... ကိုယ့်အပြစ်ရှိလို့

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ခံနေကြရတဲ့ ဘဝမျိုး ရောက်မယ် ... ရှင်းပြပြီးတာ တောင်မှ မကျေလည်သေးပါဘူး ဆိုရင်လည်း ချင်းစိမ်းနဲ့ မိဿလင်ပဲလေ ...။ ဒါပေမဲ့ အောက်စည်းကနေ ... ငြိမ်နေရတာမျိုးတော့ မဟုတ်တော့ဘူးပေါ့"

ဤသို့နှင့် အာယုမှာ ... မိဘနှစ်ပါးနှင့်အတူ ... မိန်းကလေးတို့အိမ်သို့ ထပ်မံရောက်ရပါတော့သည်။ ဖေဖေက ရွဲ့ပဲရွဲ့တာလား ... တကယ်ပဲ အတည်တကျ စီစဉ်တာလား မသိဘဲ "တိုက်ပုံဝတ်ခဲ့"ဆိုလို့ ... အာယုမှာ ... အဖေ့တိုက်ပုံကြီးနှင့် အိုက်စပ်စပ်၊ စိတ်ရှုပ်ရှုပ်လည်း ဖြစ်နေရတော့သည်။

ဟိုရောက်တော့ ဦးခင်မောင်လွင် ... ဒေါ်အေးအေးသီတို့က မြို့ခံအိမ်ရှင် လူကြီးလူကောင်းတွေ ပီသစွာ ကြိုဆိုဧည့်ဝတ်မှုတော့ ရှိကြပါသည်။ သို့သော် မိန်းမသားဖြစ်သည့် ဒေါ်အေးအေးသီကသာ အားနာမျက်နှာပူစွာ မျက်နှာထား ခပ်လျော့လျော့နှင့်ရှိပြီး ... ဦးခင်မောင်လွင်ရဲ့ မျက်နှာထားကတော့ ခရီးဝေးက တစ်မြို့သား မိတ်ဆွေများအတွက်ဆိုရင် ... အတန်ငယ်တင်းချင်သယောင် ... ဟု ပြောရမည် ဖြစ်သည်။

"ဒီမှာပါ ... သားတော်မောင်က သူပါပဲ ... အဖြစ်မှန်ကို သူပဲ ရှင်းပြပါလိမ့်မယ် ... ကဲ ... အာယု ... ပြောပြလိုက်"

ဦးခင်မောင်လွင်က အာယုကို လက်တစ်ဖက်ထောင်ပြပြီး ခေတ္တဟန့်တားထားကာ ...

"ကျွန်တော့် သမီးတွေကိုလည်း ခေါ်လိုက်ပါဦးမယ် ... ဒီလိုမျိုး မိန်းကလေးမျိုးတွေဟာ ... ကိုတင်ဦးတို့သားတော်မောင်အတွက် မယုံမရဲ ဖြစ်စရာ အနေအထားလားဆို



တာ ... သူကိုယ်တိုင် ကြည့်ရှုပြီးမှ ... ရှင်းမယ် လင်းမယ် ဆိုတာတွေကို လုပ်ပါစေ ..."

ဦးခင်မောင်လွင်က လှမ်းခေါ်လိုက်သဖြင့် ... အိမ်ထဲမှ သမီးချောနှစ်ယောက် လှမ်းထွက်လာကြပါသည်။ ငယ့်ကိုမြင်ဖူးပြီးသား ဖြစ်သော်လည်း လရောင်ကို မတွေ့ရဘဲ ... အင်မတန်မှ ကျက်သရေ ဏ္ဍန္တေ ထင်လင်းလှသည့် ... မမ တစ်ယောက်ကို မြင်လိုက်ရသဖြင့် ... အာယု တစ်ယောက် ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားရသည်။ ဆံပင်အရှည်ကြီးနှင့် သွယ်လျှရှင်းလင်းစွာလှပနေသော ... မမက ... အာယုကို အသက်ရှူဖို့ပင် မေ့နေစေသည်အထိ ...။ ဒါဖြင့် "လရောင်"ဆိုတဲ့ ကောင်မလေးက ဘာလဲ ...။ ဘာလေးလဲ ...။

"အကြီးမက မ,တဲ့ ... အငယ်မက ငယ်,တဲ့ ..."

အာယုရဲ့မေမေက ..."အကြီးကလည်း သိမ်မွေ့ယဉ်ကျေးလို့ ... အငယ်ကလည်း ချစ်စရာကောင်းလိုက်တာ ... သမီးချောလေးတွေချည်းပဲ ..."ဟု သက်ပြင်းသက်မတွေ တစ်ပုံတစ်ပင်နှင့် နမြောတသ,စွာ ဝင်ပြောလေသည်။ ပြီးတာနဲ့ အမေရော အဖေပါ ... (မျက်လုံးကြီး စိုက်နေတဲ့) အာယုကို ထိုးကြဆိတ်ကြနဲ့ သတိပေးတော့သည်မို့ ... အာယုမှာ ... ကြိုးနှင့်တုပ်ပြီး ဖမ်းချုပ်ပိတ်ဆို့ခံထားခဲ့ရသည့် ဓာတ်လမ်းကို ဓာတ်ကြောင်းပြန်ရပြန်လေတော့သည်။

အကြီးမလေးက မျက်လုံးပြူးလေးနှင့်၊ အငယ်မလေးကတော့ အဖေ့ရဲ့မျက်နှာကဲကြောင့်သာ ရယ်ချင်စိတ်ကို အတင်းချုပ်ထိန်းထားရဟန် ...။

www.burmeseclassic.com

www.burmeseclassic.com



"တယ်ဆိုးပါလား ...။ တကယ့် ဇာတ်လမ်းပမာ တစ်ပုဒ်ပဲ"

"အမှန်ကတော့ အဲဒီကလေးကလည်း မိကောင်းဖခင်သားသမီးကလေးပါ။ မန္တလေးမှာဆို သူ့မိဘများက ကျွန်မတို့နဲ့လည်း စီးပွားဖက်တွေပါပဲ ... ကလေးချင်းကတော့ အဲဒီလိုပဲ ...။ တစ်ယောက်နဲ့ တစ်ယောက် နိုင်ချင်စိတ် ကျောချင်စိတ်ကလေးတွေနဲ့ ... တစ်ယောက်တစ်လှည့် အကွက်ချောင်းနေကြတဲ့ သဘောပဲ ဆိုပါတော့ရှင် ..."

စိတြရဲ့ အကြောင်းတွေကို အာယုရဲ့မိခင်က ဝင်ရှင်းပြနေစဉ် ... မ,ရဲ့မျက်ဝန်းလေးတွေက မေမေ့ဘက်သို့ လှမ်းမျှော်နေကြတာ ... အာယုက လှမ်းမြင်နေရလေသည်။

"သူတို့ဘာသာ ဇရတ်ဇရက်၊ အငြိုးအတေးတွေ ဘယ်လိုရှိရှိ ... ဒါ ကျွန်တော်တို့နဲ့ဆိုင်တဲ့ကိစ္စတော့ မဟုတ်ဘူးလေ ..."

"ဟုတ်ပါတယ် ... အဲဒါကြောင့်ပဲ ... ကျွန်မတို့ အနေနဲ့က အဖြစ်မှန်ကိုလည်း ရှင်းပြရင်း ...၊ ကိုယ့်ကြောင့် ဘုမသိဘမသိ ... သည်းခံလိုက်ရတဲ့ ကိုခင်မောင်လွင်တို့ အေးအေး[illegible]ကိုလည်း ... လာတောင်းပန်ရင်း ဆိုသလို ..."

"ဟီဟိအောင် ... ထ ... လူကြီးတွေကို ထိုင်ကန်တော့ လိုက်[illegible] ..."

ဖေဖေက တွန်းလွှတ်လိုက်သဖြင့် ... အာယုမှာ ကြမ်းပြင်ပေါ်သို့ ဆင်းထိုင်လိုက်ရစဉ် ... ညီအစ်မနှစ်ယောက်လည်း ရုတ်တရက်ထပြီး ရှောင်ရှားရ၊ ဒေါ်အေးအေးသိမှာလည်း



တော်တော်ကြီးကို အားနာပုံရသွား၊ ဦးခင်မောင်လွင်ပင် မျက်နှာကြီး ချိထားရာက မျက်နှာကြော တော်တော်လျော့သွားပါသည်။

"ဘာတဲ့ ... ဟိုမျက်နှာပြောင်နဲ့ တစ်ယောက်က 'စိတြ' ဟုတ်စ ..."

"ဟုတ်ပါတယ် ... သူလည်း ဒီမှာ ... နိုင်ငံခြားဘာသာသင်တက္ကသိုလ် လာတက်နေတဲ့ ကျောင်းသားလေးပါပဲ"

"မှတ်ထားရမယ်ဗျ ... အဲဒီလောက် မျက်နှာရှူး မျက်နှာပြောင်တော့ဗျာ ... မကြုံဖူးသေးပါဘူး ...။ မောင်အာယုလည်း ဒီကိစ္စမှာ ကာယကံမြောက်၊ မနောကံမြောက် တကယ်မပါဝင်ခဲ့ဘူးဆိုရင် ... အဲဒီလို မိတ်ဆွေသူငယ်ချင်းမျိုးကတော့ မပေါင်းအပ်ဘူးလို့ အန်ကယ်က မြင်တယ် ...။

ဘယ့်နှယ်ဗျာ ... ကာယကံရှင်ကို ကြိုးနဲ့တုပ်၊ သော့ခတ်ပစ်ခဲ့ပြီး ... သူကျတော့ ... ကိုယ်စားသွားဝင် နောက်နေရတယ်လို့ ...။ လူကြီးလူကောင်း အိမ်တစ်အိမ်ကိုများ သူနှောင့်ချင်တိုင်း ဝင်နှောင့်သွားလို့ ရနိုင်တဲ့ ... သာလယံဇရပ် ... မှတ်လို့ ..."

"ကျွန်တော်နဲ့က မိတ်ဆွေသူငယ်ချင်း ဆိုတာထက် ... ငယ်ကတည်းက ရန်ဘက်ပါ ... ခင်ဗျ ..."

"ရန်ဘက်လည်း မဖြစ်ရဘူး ... ရန်ဘက်ဆိုရင်လည်း သူကစ်ပြန် ကိုယ်တစ်ပြန် ပတ်သက်နေကြရတာမျိုး ဖြစ်နေဦးမယ် ...။ တကယ်က အပတ်အသက်ကို မရှိအပ်တဲ့သူမျိုး ..."

"ဟုတ်ကဲ့ပါ ခင်ဗျ ..."

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကတော့ ဦးခင်မောင်လွင်က ကိုယ်တိုင်ကြုံလိုက်ရတာ မဟုတ်သေးဘဲနှင့်ကို ... ဇနီးဖြစ်သူ၊ မရီးဖြစ်သူတို့ရဲ့ ပြောစကားတွေအရ အတော်ကြီး စိတ်ပျက်စိတ်ကုန် ဖြစ်နေရချိန်မှာ ... ငယ့်ရဲ့အတိုင်အတောကိုပါဆင့်ပြီး ကြားလိုက်ရပြန်တာမို့ ...၊ ကိုယ်တွေ့မဟုတ်သေးတာတောင် ... အတော်ကြီး ခံစားနေရခြင်း ဖြစ်သည်။

အာယုက ထိုင်ကန်တော့လိုက်သည့် အခါမှာတော့... ဒီကိစ္စဟာ ဒီတင်ပဲ ပြီးပြတ်သွားသယောင်ယောင် ...၊ လူကြီးချင်းသာဆက်ပြီး စီးပွားရေး၊ လူမှုရေး၊ သာရေးနာရေးများကို ပြောဆိုနေကြလေသည်။

အာယုကတော့ မျက်လွှာချ ငြိမ်သက်နေသယောင်ယောင်နှင့် "မမ"ကို ခိုးကြည့်နေသည်။ စီတြ အကြောင်းတွေ စကားဝိုင်းထဲ ပါလာရင်သာ ပြောနေသူဘက်သို့ မျက်လွှာလေး ပင့်ကြည့်နေတတ်သော မမသည် ... ကျန်အချိန်များမှာတော့ မျက်ဝန်းကလေးတို့က ကြမ်းပြင်က ကော်ဇောပေါ်သို့ပဲ စင်းကျနေလျက်။ မမရဲ့ပုံစံကို ကြည့်ရတာ ... စီတြရဲ့အကြောင်းဆိုလျှင်တော့ စိတ်ဝင်စားပုံ ပေါ်နေသည့်အခါ ... "မမနဲ့ အဲဒီကောင်တို့ ... ဘယ်လောက်တောင်များ ရင်းနှီးသိကျွမ်းနေကြပြီလဲ"ဆိုတဲ့ အတွေးက အာယုကို ရုတ်ခြည်း သွေးဆူထူပူလာသလို ဖြစ်စေတော့သည်။

အာယုံမှာကျတော့ ရှိမှန်းတောင် ဒီနေ့မှသိရတာ။ ဟို လရောင် ဆိုတဲ့ ကောင်မလေးဟာ ... အာယုဘက်က တစ်ချိန်လုံး အထင်မှားနေတာကို ရှင်းမပြဘဲ ဘာလိုလိုနဲ့ ဘာဖြစ်လို့



များ ငြိမ်တုပ်နေခဲ့တာပါလဲ ...။ သူကရော ဒီဇာတ်လမ်းရှုပ်ကြီးထဲမှာ ဘယ်နေရာကနေ တစ်ခန်း တစ်ကဏ္ဍအဖြစ် ပါဝင်လာရတာလဲ။

အာယု အလစ်သုတ်လာခဲ့သော သေတ္တာရှည်ကို ... "ဟိုကောင့်ဆီ ပြန်ရောက်သွားပြီ ... ဟိုကောင် ပြန်လာယူသွားပြီ"ဟု လှမ်းဖုန်းဆက်ပေးခဲ့သေးတဲ့ လရောင်က ... "အငယ်မက စီစဉ်ပြီး ပြန်ခေါ်ပေးလိုက်လို့ ... လရောင် ဘာမှမသိလိုက်ဘဲ ဖြစ်လိုက်ရတာပါ ... အဲဒါကြောင့် ကိုအာယုကို အချိန်မီ ဖုန်းလှမ်းဆက်ထားပေးလို့ မရတော့တာပါ ..."ဆိုတော့လည်း ... အာယုမှာ "အေးလေ ... ဘယ်တတ်နိုင်မလဲ"ပေါ့ ...။ ဘယ်လိုဟာမလေးလည်းကို မသိ ... တကယ်ဆို "သူဟာ ဦးခင်မောင်လွင်ရဲ့ သမီးတစ်ယောက် မဟုတ်မှန်း"ပြောမယ်ဆို ပြောလို့ရပါရက် ... တမင်သက်သက်ကို ရှေ့ငုံ့နှုတ်ပိတ်ထားတဲ့ပုံပင် ...။

ခဏကြာတော့ ... သမီးငယ်ဖြစ်သူကသာ လူကြီးတွေ စကားဝိုင်းထဲ ဟိုငေးဒီငေး၊ ဟိုကြည့်ဒီကြည့် လုပ်နေပြီး ... သမီးကြီးက မျက်လွှာချ ငြိမ်သက်။ အာယု ဆိုတဲ့ လူငယ်ကတော့ ခိုးကြည့်ငြိမ်သက် ဖြစ်နေကြတာကို ဦးခင်မောင်လွင်က ရိပ်မိလာသည်။ ကိုယ့်သမီးတွေဟာ ... အံဘိုးတန် အကောင်းစားသမီးချောကလေးတွေဖြစ်မှန်း ထုတ်ဂုဏ်ယူရုံသာရှိပြီး ..."အရင်က စကားအပြန်အလှန် ပစ်ခဲ့ကြသလိုမျိုးကြီးကို ပြန်လည်မျှော်မှန်းချင်ပြန်တာ"ဟု အထင်ခံရမှာကျတော့ စိုးပြန်သေးသည့် ဦးခင်မောင်လွင်က ... အငယ်မနှင့် မျက်လုံးချင်း ဆုံခိုက်မှာ"အဲဒါပြန်ဝင်ကြတော့"ဟု မျက်ရိပ်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကိုမြင်လိုက်ပြီး သမီးရှင်ကြီးရဲ့ သဘောသဘာဝကိုလည်း နားလည်နိုင်လိုက်သူကတော့ ဦးတင်ဦးပင် ဖြစ်သည်။ ဦးတင်ဦးသည်လည်း အာဘောင်အာရင်းသန်သန်နှင့် ပြောမဝ၊ ဆိုမဝ ဖြစ်နေသော သူ့ဇနီး ဒေါ်နီလာ့ထံ မျက်ရိပ်မျက်ခြည်တို့နှင့် "ပြန်ကြစို့"ဟု ဆိုချေပြီ။

အာယုတို့ ပြန်လာခဲ့ကြချိန်မှာတော့ ဦးခင်မောင်လွင်တို့အိမ်မှာ စကားသံတွေညံပြီး ကျန်ရစ်သည်။

"သူကလေးကတော့ တကယ့်ဆေးကျောင်းသားရုပ်ကလေးနဲ့ သဘောကျစရာလေးလိုပါပဲ ..."

"တော်စမ်းပါ ဒေါ်အေးအေးရယ် ... ခင်ဗျားက ဟိုလူ့မျက်ဝန်းထဲဖြင့် စေ့စေ့မကြည့်ဘဲ ဖမ်းသဘောကျဖို့ စဉ်းစားနေ ...။ ကိုတင်ဦး ဆိုတဲ့လူဟာ သူ့သားကို တိုက်ပုံတွေ ဘာတွေထိ ဝတ်လာစေတာ။ ထိုင်ကိုကန်တော့ခိုင်းသွားတာ ... ရိုးရိုးမှတ်လို့လား ...။ သူတို့ဘက်က အများအလွန် ကျန်မနေအောင် ... အပြီးသတ်လုပ်တာ ခေါ်တယ်ဗျား ..."

"အပြီးသတ်"

"လာသာတောင်းပန်တယ် ဆိုတယ် ... မျက်လုံးတွေကဖြင့် စိမ်းတောက်နေတာ။ စိတ်ကူးယဉ်မနေနဲ့ ... စိတ်ကူးယဉ်မနေနဲ့ ...။ ဟိုကိစ္စ ဒီကိစ္စကို ပြန်စချင်ပါတယ်လို့ အဲဒီလူများ စ,စကားဆိုလာရင် ... ကျုပ်ကို လည်ပင်းဖြတ် ...။ သူက အဲဒီလို ဆိုတော့လည်း ကျုပ်တို့ဘက်က ဘာများ မူစရာရှိရမှာလဲ ...။ သူကြင်ချင်ရင်တောင်မှ



ကိုယ်က ကြင်ချင်မှ ကြင်မှာ ... လို့ စိတ်ထားစမ်းပါ ... ကိုယ်က သမီးရှင်ပဲဥစ္စာ ..."

အာယုတို့ရဲ့ အပြန်ခရီးမှာလည်း ကားတွင်းမှာ ဘည်းညံပင် ...။

"အကြီးမလေးကတော့ တကယ့်အဖိုးတန် ဣန္ဒြေရှင်လေးပဲ ... ဒါပေမဲ့ အသက်ကွာနေမယ် ထင်တယ် ... အငယ်မကတော့ ချစ်စရာ ကောင်းလိုက်တာ ... ဒါမျိုး သမီးချွေးမတစ်ယောက် ရထားလို့ကတော့ ... အသက်ကြီးလာလည်း ပျင်းနေ ခြောက်သွေ့နေရဖို့ မရှိဘူး ... အိမ်ဆိုတာမြိုင်နေမှာပဲ ..."

"တော်စမ်း ... မင်း ... ငါမသိဘဲ ... အဲဒီလိုစကားမျိုးတွေကို မင်းသူငယ်ချင်းမ၊ မိတ်ဆွေကြီးဆီ အမြန်ဆုံးပို့လိုက်မယ် စိတ်မကူးပါနဲ့နော် ... နီလာ ...။ သားအတွက် တစ်ခါ အောက်ပြီးလို့ မနည်းပြန်ဆယ်ရပြီးပြီ ... မယားအတွက် တစ်ခါထပ်မအောက်ရစေနဲ့ ...။ တော်လောက်ပြီ ..."

"ဟင် ! ရှင်က ဘာဖြစ်ရတာလဲ ..."

"မင်းမိတ်ဆွေ ကိုခင်မောင်လွင် ဆိုတဲ့သူဟာ ... တခြားကိစ္စတော့ မပြောတတ်သေးဘူး ... သားသမီးရေးတော့ အင်မတန် မာန်ထောင်မာန်တက်မဲ့ အစားမျိုးထဲကပဲ ...။ ဒီလိုလူမျိုးဟာ မိတ်ဆွေတွေ အဖြစ်ပဲ ကောင်းတယ် ...။ ခမည်းခမက် တော်ဖို့တော့ တော်တော့်ကို ခက်ခဲမဲ့လူမျိုး ... တော်ပါပြီဗျာ ...။ အေးအေးပဲ နေကြပါစို့ ...။ တင်ဦးတို့ ဒီထက်ပိုအပြောခံ၊ ဟန်လုပ်ခံရဖို့ ဓာတာ၊ မပါ,ပါရစေနဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



မ,ကိုရော ငှယ့်ကိုပါ အတော်ကြီး သဘောကျလာခဲ့ရသည့် ဒေါ်နီလာမြင့် တစ်ယောက် ခင်ပွန်းသည်ရဲ့ အပြောကြောင့် ခက်ကလေး အသာပုရင်း ပြုံးပြုံးလေးသာ ငြိမ်နေရပါတော့သည်။

မမရဲ့မျက်လွှာချ ... မျက်ကြောစင်း ပုံစံလေးကိုပဲ အတွေးထဲမှာ စွဲပါလာခဲ့သည့် အာယုမှာတော့ ... ဓာတ်လမ်းကစ,မစရသေး ကွဲအက်နေတဲ့ အဖြစ်ဆိုးကြီးနှင့် ...။ ရက်စက်လိုက်တာ ... ဓာတ်ဆရာ,ရာ ...။ ခင်ဗျား ...။

○✧○



## အုံဩလောက်တဲ့သူ

"တကယ်လို့ ငါသာ သီးစုံယိုလုပ်ငန်းပိုင်ရှင် ဖြစ်ရင်လေ ဆီးသီးလေး သုံးလေးလုံးလောက်ကို ပလတ်စတစ်အိတ် အကြီးကြီးထဲကို ခလယ်လောက်လေးမှာ စုထည့်ပြီး ... တံဆိပ်ရောင်စုံ အကြီးကြီးနဲ့ ဘာနဲ့ ဖြစ်နေတာမျိုး လုံးဝ မလုပ်ဘူး သိလား ...။

တံဆိပ်ကိုလည်း သေးသေးပဲ၊ ပလတ်စတစ်အိတ်ကိုလည်း ပါမဲ့ဆီးသီးနဲ့ ကွက်တိပေါ့ ...။ အပိုထွက်လာမဲ့ ကုန်ကျစရိတ်တွေအတွက် ... ဆီးသီးတစ်ထုပ်မှာ နောက်ထပ် နှစ်လုံး၊ သုံးလုံးလောက် ပိုထည့်ပေး လိုက်နိုင်ရင် ... ဆီးထုပ်၊ အချဉ်ထုပ် ကြိုက်တဲ့သူတွေ သိပ်ဝမ်းသာကြမှာပဲ ထင်တယ် ... သိလား ..."

"ဟင့်အင်း ... နှင့်ဟာကို အထုပ်သေးတယ် မတန်ဘူးလို့ ထင်ကြလိမ့်မယ် ..."

"အထဲမှာ ဆီးသီးက ပိုပါမယ်လေ ...၊ အထုပ်ကြီးတွေက လွတ်နေတဲ့ ပလစ်စတစ်သားကြီးတွေနဲ့ပဲ ကြီးနေတာဥစ္စာ၊ ဆီးသီးမှ မပါဘဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဝလတ်စတစ်နဲ့ ဆီးသီး ကွက်တိဖြစ်နေတဲ့ နင့်အထုပ်ကိုပဲ ပိုသေးတယ်လို့ မြင်ကြမှာပဲ … အောင်မြင်မှာ မဟုတ်ပါဘူး …"

"အဲဒီလို အမြင်မှန်မရှိတဲ့ နင်တို့လိုလူတွေနဲ့ချည်း ပြည့်နက်နေတဲ့ လောကကြီးကြောင့် … ငါတို့လိုလူတွေခမျာ သိသိကြီးနဲ့ … ပလတ်စတစ်ခွံ အလွတ်တွေကို ဈေးမေး ဝယ်ပြီး လွှင့်ပစ်နေရတာ …"

ငယ်က မကျေမနပ် ဆောင့်ကြီးအောင့်ကြီး ပြန်ပြော လိုက်ရင်းက "စလေ … စလေ"ဆိုပြီး … ဝါးမရ ပြုမရ အနေ မာကြီးတစ်လုံး ပါလာသည့် … ဆီးစေ့ကို ပါးစပ်ထဲကနေ ဘယ် နေရာကို မှုတ်ထုတ်ပစ်ရပါ့ … ဟု ခန္ဓာကိုယ်ကို တစ်ပတ်လည် လိုက်ပါသည်။

ဒီတိုင်း "ဗျူး"ခနဲ မှုတ်ထုတ်ပစ်လိုက်ဖို့ကျတော့ ကိုယ့်ကိုယ်ကိုယ် အပြစ်မကင်း၊ မထွေးထုတ်ဘဲနဲ့ကလည်း မနေ နိုင်။ အပြစ်မကင်းသာ ဖြစ်ရမှာ သိပ်စည်းကမ်းအရှိစားကြီးထဲက လည်း မဟုတ်သူမို့ အမှိုက်ပုံး ရှာမတွေ့မချင်း ဆက်ငုံထား ရမလိုလို ဖြစ်နေတာ တစ်ခုကိုလည်း မကျေနပ်ချင် …။ ငယ့်မှာ ဒုက္ခတွေရောက်ပြီး အကျပ်ရိုက်လျက် ရှိသည်။

နောက်ဆုံးတော့ လမ်းဘေးတစ်နေရာက သကြား လုံးကို ဗန်းကလေးနဲ့ ရောင်းနေတဲ့ဆိုင်မှာ "ဆိုင်တစ်ဆိုင် … အမှိုက်ပုံးတစ်ခု"စီမံကိန်းအရ ချထားသည့် အမှိုက်ပုံး ပုစိ တစ်ခုကို တွေ့လိုက်တာမို့ … ဝမ်းသာအားရ သွားပြေး



မှုတ်ထုတ်လိုက်သည်။ သကြားလုံးရောင်းသည့် မိန်းကလေးက သူ့ဆိုင်ကမုန့်ဖြင့် မဝယ်ဘဲ ဆီးစေ့လာထွေးထည့်သည့် ငယ့်ကို ဘုကြည့် ကြည့်လေသည်။

ဘာပဲဖြစ်ဖြစ် ငယ်ကတော့ အောင်မြင်လာနိုင်ပြီမို့ ပြုံးစိစိနှင့်သာ ရှိလေသည်။

"ငယ် …"

"ပလုပ်တုတ်တုတ် …"

သကြားလုံးဆိုင်ကနေ သူငယ်ချင်းတွေဆီ လက်မ လေးထောင်ပြီး ပြန်ပြေးအလာ… လမ်းဘေးပလက်ဖောင်း အုတ်ခုံ တစ်ခုပေါ်မှ … ဖျတ်ခနဲ ဆင်းချလာသည့် လူတစ်ယောက်က ရုတ်တရက် ဖြုန်းစားကြီး ငယ့်အပါးသို့ ရောက်လာလေသည်။ ငယ်ကလည်း အရှိန်နဲ့၊ သူကလည်း အရှိန်နဲ့ပဲ ဆင်းလိုက်ခြင်း ဖြစ်ရာ ငယ်နဲ့သူနဲ့က မတားရသဖြင့်ကို … နီးနီးကြီးဖြစ်သွားတာမို့ ငယ်က လန့်ယောင်ပြီးမှ "တောက်"တစ်ချက် ခေါက်ကာ … နောက်သို့ ခြေတစ်လှမ်း နှစ်လှမ်း ပြန်ဆုတ်လိုက်ရ၏။

"ဩော …"

ငယ့်သူငယ်ချင်းတွေကလည်း ချက်ချင်းပင် အနား သို့ရောက်ရှိလာကာ ငယ့်ရှေ့က ကိုယ်တော်ချောကို ဝိုင်းအုံကြည့် နေကြလေသည်။ ဟွန်း ! …။ ဒီတစ်ချိုလည်း Body fit တော့ Body fit ပါပဲ …။ ဒါပေမဲ့ ဦးဆုံးတစ်ခါကလို ခုနစ်နှစ်သား လောက်တုန်းက အကျႌကို ပြန်ကောက်စွပ်လာတဲ့မျိုး မဟုတ်လေ တော့ … သူ့ခန္ဓာကိုယ်ပေါ်မှာ လှလှပပ အချိုးကျ စမတ်ကျနေ

www.burmeseclassic.com

www.burmeseclassic.com



တော့တာပေါ့ ...။ အပေါ်ဆုံးကြယ်သီးကလည်း နှစ်လုံးလောက် ဖြုတ်ထားလိုက်သေး ...။ အမလေး ... မုန်းစရာကြီး ... ရင်ဘတ်ကြီးကပေါ်လို့ ...။ သိပ်လှပြီ ထင်နေပုံနဲ့။

ဘီးကုပ်က ကုပ်ထားသေး၊ နားပေါက်ကစိန်နားကပ်နဲ့ ...။ တော်ပြီ ... တော်ပြီ ... မကြည့်ဘူး ...။ လိုက်ကြည့်နေမိရင် သူ့ကိုယ်သူ ဟုတ်လှပြီ ဆိုပြီး မာန်တက်နေဦးမယ် ... တကတည်း။

ငယ့်သူငယ်ချင်းမတွေကတော့ ဖြုန်းစားကြီး အနီးကပ်ရောက်ချလာတဲ့ သူစိမ်းကိုလူချောတစ်ယောက်ကို ... ပြူးပြဲနေအောင်ပင် ကြည့်ကြလေသည်။

"ငယ်တို့အိမ်ကို ... အာယုတို့မိသားစု ရောက်ကြတယ်ကြားလို့ပါ ..."

"ရှင့်ကို မ,က ဘာမှထပ်မပတ်သက်နဲ့တော့လို့ ပြောထားတယ်လေ ..."ဟု ပြောမိတော့ဖို့ ပြင်လိုက်သည့် ငယ်တစ်ယောက် ... စိတ်ရဲ့စကားကြောင့် ဒေါသထွက်သွားရပါသည်။ သူတို့ချင်းက ရန်ဘက်တဲ့၊ အပြိုင်တဲ့၊ အကွက်ချောင်းပြီး ကျော့ချင်နေကြတာတဲ့ ...။ မကျေနပ်ကြရင်လည်း ... အဲဒီအချင်းချင်းတွေပဲ ... ဘာလုပ်လုပ် ... ဘာဖြစ်ဖြစ်ပေါ့ ...။ ခုတော့ ... ငယ်တို့ကိုပဲ ပုဏ္ဏားတိုင်အမှတ်နဲ့ လာ,လာပတ်နေသည်။

"အဲဒီတော့ ... ဘာဖြစ်လဲ ... ရှင်တို့ရဲ့ ရှုပ်တီးရှုပ်တုတ်ဇာတ်လမ်းတွေကြောင့် ... လူကြီးတွေကို သူ့အမှားတွေအတွက် လာထိုင်ကန်တော့တာလေ"



"ကျွန်တော်ရော ... အဲဒီလို လာလုပ်လို့ ရမလား ..."

"ဘာဆိုင်လဲ ... ရှင်နဲ့က ဘယ်တုန်းက သိလို့လဲ ... ဟိုဟာက လူကြီးချင်းက မိတ်ဆွေတွေ ..."

"မိတ်ဆွေချင်းဖြစ်မှ ဝန်ချတောင်းပန်လို့ ရတာလား ... ဘယ်သူပဲဖြစ်ဖြစ် မှားပြီးပြီဆိုရင် ... ကိုယ့်အမှားကိုယ်သိသိချင်း အမှားပြင်ချင်လို့ မရဘူးလား"

"ရှင်မကြောက်ရင်တော့ လာကြည့်ပေါ့ ... ဖေဖေက ဟိုတစ်ယောက်တောင် သူ့မိဘတွေ ပါလာလို့ သည်းခံလက်ခံနေလိုက်ရတာ ..."

"ကျွန်တော်လည်း မိဘတွေပါ ခေါ်ခဲ့လိုက်မယ်လေ ..."

"ခက်နေပြီ ... သိမှမသိကြတဲ့ သူစိမ်းကြီးတွေကိုပါဆို ..."

"အဲဒါပဲ ပြောနေတာလေ ... သိမှ ကန်တော့လို့ ရမှာလား။ ကိုယ့်ထက် တစ်နေ့တစ်ရက်ပဲကြီးကြီး ... သက်ကြီးဝါကြီးတဲ့ လူကြီးသူမတွေကို မသိဘဲ ...၊ မခင်ဘဲ ကန်တော့မိရင် ငရဲအုံတွေ ကြီးကုန်တတ်လို့လား ..."

ငယ့်သူငယ်ချင်းမများထံမှ ခပ်အုပ်အုပ် ရယ်သံများ ထွက်ပေါ်လာပါသည်။ ငယ်ကတော့ သူတို့ရယ်သံတွေရဲ့အကျော ကို ကောင်းကောင်းကြီး သိနေပြီ ...။ ဒီလူကွယ်တာနှင့် ငယ့်ကို "ထိမ်ချန်မှု"နဲ့ ဝိုင်းသမကြတော့မဲ့ ... "နေနှင့်ဦး"ဆိုတဲ့ အကြံဆိုးကြီးတွေ ပါဝင်နေတဲ့ အသံဆိုးကြီးတွေလေ ...။ သိတာပေါ့။

ဟွန်း ! ကိုယ်နဲ့လည်း မပတ်သက်ပါဘဲနဲ့ ... တစ်ယောက်တစ်ချက် ဝိုင်းထုတာနဲ့တင် ကျောပုပ်ရတော့မဲ့ အပေါက်

www.burmeseclassic.com

www.burmeseclassic.com

မျိုးပဲ ...။ ဒီကိစ္စက ... သူ့အစ်မ လိုချင်လို့ ... စွာကျယ်ကျယ်ပုံ ပေါက်နေတဲ့ ညီမကနေ ... လာစ,ပြန်ဝင်တာ ... ကြီးပဲဟာ ...။

ဘာတဲ့ ...။ "အလကား ... ဘာကြီးတော်မှ မရှိဘူး ...။ မ,ဆိုင်ကို အဝင်ကောင်းအောင် ... ရုပ်ပြပါ"တဲ့ ...။ "တောင်းပန်ပါတယ် မ, ... မ,စကားတွေ ကျွန်တော့်ခေါင်းထဲ ထည့်ထားပါ့မယ်"တဲ့ ...။ တစ်ချိန်လုံး တမ,မနဲ့ ...။ မ,နာမည်က တော့ ဒီတစ်လုံးတည်းပဲ ရှိတာ ... မ,တော့ မ,ပဲပေါ့ ...။ ဒါပေမဲ့ သူ့ရဲ့မ,ပုံက ... နာမည်ရင်း မ,ထက် ..."မနဲ့မောင်လေး"ဓာတ်လမ်းတွေထဲကလို အသက်ပိုကြီးတဲ့ "မမ"ကိုပဲ ... "မ,"လို့ခေါ်ခွင့် ရထားသလိုလို ...။

အဲဒီ မ,က "ရှေ့ဆက် မပတ်သက်ပါနဲ့တော့"လို့လည်း ပြောလိုက်ရော ... လူကို အချဉ်မှတ်လို့ ... အောင်သွယ်ကြီးစာရင်းထဲ သွပ်သွင်းတော့မဲ့ အကြံကြီးနဲ့ပေါ့လေ ...။ အာယုတို့က မိသားစုလိုက် အိမ်ရောက်လာကြတာ ဆိုတာကို သိလိုက်တော့ ... သင်း ... မနှာလိုလုံးတွေ ထ,ကြွလာပုံရသည်။

ဒီလောက် မ,ချင်နေရင် ဒီတစ်ခါ ... အခန်းရှင်းတို့၊ အလှူတို့ကျ ဖုန်းဆက်ကို ခေါ်လိုက်ဦးမည် ...။ အဲဒီမှာ ... မ,။ ကြိုက်သလောက် ... မ, ...။ ဗီရိုကြီးတွေ၊ စားပွဲကြီးတွေ ...။ ဆက်တိကုလားထိုင်ကြီးတွေ ...။

မလိုက်ဖက်ပါဘူး ...။ သူလိုလူဆန်းသစ်ကြီးနဲ့ မ,လို အေးဆေးသိမ်မွေ့ နူးညံ့နဲ့ ...။ စိတ်လျှော့လိုက်ပါတော့ ...။ မကျေညီနိုင်ပါဘူး ... ဒါပဲ ...။



"ငယ် ..."

"ဘာမှ မကျေညီနိုင်ဘူး ..."

လျှပ်တစ်ပြက် ချက်ချင်း ပြန်ထွက်လာသော ငယ့်အငြင်းစကားကြောင့် စိတြရဲ့ မျက်နှာပြင်ပေါ်မှာ အပြုံးလေးတစ်စ ပေါ်လာသည်။

"ကျွန်တော် ဟိုးတစ်နေ့က အိမ်ပြန်သွားတော့လေ ..."

"ဘာမှ ပြန်မပြောပေးဘူးနော် ... ပြောပြီးပြီ ..."

"သေချာပြန်စဉ်းစားကြည့်လေ ... မ,ရဲ့အဖိုးတန်စကားတွေက သိပ်ဟုတ်တာပဲလို့ ... မြင်မြင်လာလေလေပဲ ..."

"ရှင် ဘယ်လိုလူလဲ ... ဒီလောက် ဒွတ်ပြောချင်နေရင် ... မ,ရဲ့လက်ကိုင်ဖုန်းနံပါတ် ပေးလိုက်မယ် ... ဖုန်းဆက်ပြီးပြောချေ ...။ ဖွဲ့ရှိရင် ဖုန်းချသွားလိုက် ... ပြန်ခေါ်လိုက်သာလုပ်နေပေါ့ ...။ ကျွန်မနဲ့က ဘာဆိုင်သလဲ ...။

ကိုယ်နဲ့မဆိုင်ဘဲနဲ့ မြို့လယ်ကောင်မှာ လမ်းပိတ်ခံထားရတာ ... ဒေါသထွက်လာပြီနော် ...။ တော်ကြာ ... အိမ်ကလာကြိုတဲ့ကားက ရောက်လာရင် ...၊ ပါလာမဲ့ လူကြီးတစ်ယောက်ယောက်က လှမ်းမြင်ရင် ...၊ နေရင်းထိုင်ရင်း ... ကိုယ့်အမှုမရှိဘဲ ... အပြစ်ကကြီးရဦးမယ် ..."

"ကားက (၃)နာရီခွဲလောက်မှ ရောက်မှာပါ ...။ ငယ်တို့ကျူရှင်က (၄)နာရီမှ ဆင်းမှာပဲ ...။ ဒီနေ့ ငယ်တို့စောစောစီးစီး ဒီအချိန်နဲ့ ... အောက်ရောက်လာတာ ကျူရှင်မရှိတာလား ...။ လစ်လာတာလား ... တစ်ခုခုပဲဟာ ..."

www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ … သူများကျုရှင်အချိန်တွေလည်း စုံစုံစမ်းစမ်းနဲ့ …။ လုပ်မနေနဲ့ … ကားက ဘယ်တော့လာလာ … ကားမလာမချင်း ရှင့်အာဘော်တွေ နာခံနေရမှာလား … ရော့ … ရော့ … ဒေဝဗ္ဗရာဆိုင်က လိပ်စာကတ်ပြား …"

"ရှိပါတယ် …"

"ဟင် ! ရှိ … ဆက်ပါလား … တိုက်ရိုက် …။ ဒီမှာ ဘာအပင်ပန်း လာခံနေတာလဲ … သွား … သွား … ဒီနည်းမသုံးနဲ့ … မရဘူး …"

"မ,ကပြောတယ် …။ လောလောဆယ်တွေမှာသတိမထားဘဲ လုပ်လိုက်မိတဲ့ … ကိုယ့်ရဲ့လုပ်ရပ်တွေဟာ နောင်အရှည်ကျ … ကိုယ့်ဘဝထဲမှာ ကိုယ်ဖြစ်ချင်တာ၊ ကိုယ်လုပ်ချင်တာ တစ်ခုခု ရှိလာတိုင်း ပဲ့တင်ပြန်ရိုက်ပြီး … Effects တွေ ဖြစ်လာနိုင်တယ်တဲ့ … သိပ်မှန်တာပဲ … ပညာရှိစကားပဲ …"

စိတ်ညစ်လိုက်တာနော … ဟော … ဟော …။ သူငယ်ချင်းမများကို မျက်ရိပ်မျက်ခြည် မျက်စမျက်နတို့နှင့် … (ကျောင်းမှာဆို အမြဲလုပ်နေကျ ပုံစံအတိုင်း) အုပ်စုလိုက်ကြီး ထွက်ပြေးကြစို့ … ဟု အချက်ပြပါသော်လည်း ကြည့်ကောင်းနေတဲ့ ကိုယ်တော်ချော တစ်ယောက်ကို … အတွင်းကျကျ ဆက်လက်အကဲခတ်ဖို့က သူတို့အဖို့ ပိုအရေးကြီးနေကြပုံရသည်။ အပြတ်အသတ် သစ္စာဖောက်ကာ လှည့်လို့တောင် မကြည့်ကြချေ။ အားလုံး လိုက်မပြေးဘဲနဲ့တော့ … ငယ်တစ်ယောက်တည်းကြီး ဖောက်ပြီး မြို့လယ်ကောင်ကြီးမှာ မပြေးရဲပေါင်။ ခါးပိုက်နှိုက်မ,ကြီးကျလို့ …။



"ခု ကျွန်တော်က ငယ့်ကို ခင်ခင်မင်မင် ရှိချင်တယ် … ဒါပေမဲ့ ငယ့်ဆီမှာက 'စိတြ' ဆိုရင် Bad reputation (အဆိုးသတင်း၊ အဆိုးအမြင်)ပဲ ရှိနေပြီ … တံဆိပ်ခတ် သတ်မှတ်လိုက်သလို ဖြစ်နေပြီ … မရတော့ဘူး …"

ငယ်က နေမထိ ထိုင်မသာ၊ အီလည်လည်ကြီး ဖြစ်လာသည်။ ဒီလူရဲ့ စကားဆင်ထားပုံအရ …၊ ငယ်က … ဟိုမိန်းမတွေကို … "သင်းက မ,ကိုလိုလို့ ငါ့ကိုကပ်တာဟဲ့"လို့ ပြန်ရှင်းပြလို့မှ အေးဆေးလက်ခံကြပါ့မလား …။ စိတ်ညစ်ရသည်။ ငယ်က ယောကျ်ားလေးဆိုရင် ရုပ်ချောချော၊ စကားပြောကောင်းကောင်း၊ အဝင်ရဲရဲ …၊ ဖွတ်ဆန်ဆန်တွေဆို ဘယ်လိုမှကို မကြိုက်တာ …၊ ကြည့်မရတာ …။

အဲဒီအချက်တွေဟာ မိန်းကလေး အများစုအတွက် "ပစ်တိုင်းထိ၊ ချိန်တိုင်းပါ"လက်နက်ကောင်းတွေလို ဖြစ်နေတာမို့ … အတော့်ကို အမြင်ကတ်ရတာ …။ ခုဒီလူဟာလည်း အဲဒါတွေအားလုံး ပြည့်စုံနေတဲ့လူ …။ ကိုယ်နဲ့ တစ်စက်မှ မသိကျွမ်းတဲ့ မိသားစုတစ်ခုထဲ အိမ်ပေါ်ထိတက်ပြီး အူကြောင်ကြောင်လူစားယိုး ဝင်လုပ်သွားနိုင်ခြင်းဟာ … ဒီလူ ဘယ်လောက်ထိ "ရဲ"ပြီး …၊ ဘာမဆို ဘယ်လောက် "အသားကျ"နေသလဲဆိုတာ သိသာပိုက်တာလေ … ပိုလို့တောင် ကြောက်စရာကြီး …။

ဟုတ်ပ …။ ဒါ … သူ ပြောတဲ့အတိုင်း Bad reputation ပဲနေမှာပေါ့ …။ ခင်ခင်မင်မင် ရှိချင်လို့တဲ့ …။ အောင်မလေး … ဖြစ်ရလေ …။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ဟုတ်တယ် ... ရှင် ထင်နေတာတွေ လုံးဝအမှန်ပဲ ...။ ကျွန်မရဲ့ ရှင့်အပေါ် အမြင်ဟာ ... အရှမ်းဆိုးတယ် ... မခင်ချင်ဘူး ...။ ကဲ ... ပြီးပြီလား ..."

"မပြီးသေးဘူး ... ဟုတ်ပြီ ... အဲဒီလို အတိအကျ သိရရင် ဒီနေ့ကစပြီး ... အဲဒီ အမြင်ဆိုးကနေ ... အမြင်ကောင်း အထင်ကောင်းတွေ ပြန်ဖြစ်လာတဲ့အထိ လုပ်ယူတော့မယ် ဆိုတာ ... အဲဒါ ငယ်လည်း အတိအကျ သိထား ..."

ငယ်က မျက်လုံးကြီး ပြူးသွားပါသော်လည်း ... မြန်မြန်ပြီးပါစေတော့ရယ်လို့ ..."ကောင်းပြီ ... ကောင်းပြီ"ဟု လုံးထွေး ပြောချလိုက်သည်။ ပေါပဲ ...။ ငါ့ အကောင်းမြင်ရုံနဲ့ ငါ့အစ်မက အမြင်ကောင်းမလား ...၊ ငါ့အဖေကရော လိုက်ကောင်းမလား ...။ ငါ့မှာ စကားအရာမှာ ကြွယ်ဝလိမ္မာပြီး ... ကိုယ်လိုရာရအောင် အရောက်ပြောနိုင်မဲ့ ... သူ့ဘက်ကလည်း ပါကိုပါမဲ့လူလို့များ ထင်နေသေးတယ် ...။ စိတ်ကုန်ချက် ...။

"ပြီးပြီလား"

"လာကန်တော့လို့ မရရင် ... လူကြီးတွေကို ဘယ်လိုတောင်းပန်ယူရမလဲ ..."

"ရှော့ ရှော့ ... ဒါ ဖေဖေ့ကတ် ...၊ ဒါ မေမေ့ကတ် ...။ မေမေ့ကတ်ထဲမှာပါတဲ့ ဖုန်းနှစ်ထဲက အပေါ်ဖုန်းက မေမေ ကိုင်တာ ...။ အောက်က (၈၀)နဲ့စတဲ့ စီဒီအမ်အေဖုန်းက ကြီးကြီးကိုင်တာ ...။ ကဲ ... ရပြီလား ... ပြီးပြီလား"

ထပ်မံ၍ ပေါပဲ ...။ သူ့ချောက်ချလို့ ချနေမှန်း မသိဘူးလားရယ် မသိ ...။ လူကြီးတွေဆီ ဖုန်းနဲ့တိုက်ရိုက်ဝင်



လို့ကတော့ ... ရပါလိမ့်မယ် ... ပြေလည်မှု ...။ ခုနစ်နှစ်သား လောက်ရဲ့အကျိုကို ဝတ်ဆင်ဖူးသူမို့ ဉာဏ်စွမ်းကလည်း ခုနစ်နှစ် သားလောက်ပဲ ရှိလေရော့သလားပင် ...။ ဒါမျိုးဟာ "တကယ့် အန္တရာယ်၊ ကျားမြီးဆွဲတဲ့လုပ်ရပ်"ဆိုတာ ရှစ်နှစ်သားလောက်ရှိ ရင် လူတိုင်းသိလောက်ပြီလေ။

သူကတော့ ကတ်နှစ်ကတ်ကို ဝမ်းပန်းတသာ လက် ခံယူကာ ... ခပ်ပြုံးပြုံးလေးနှင့် ...

"တော်တော် သွားချင်နေပုံရတယ် ...။ ဒါဖြင့်လည်း သွား ချင်ရင် သွားပါတော့ ... ဩော် ... ရော့ ... ဒီမှာ ..."

ကိုယ့်လက်ထဲ ဖျတ်ခနဲ ရောက်လာသည့် အရာကို ကြည့်လိုက်တော့ ကြွပ်ကြွပ်အိတ် အပြာရောင် အသေးလေးတစ် လုံး။

"ဘာလဲ ဒါ ..."

"နောက်တစ်ခါ ဆီးစေ့ ထွေးချင်ရင် ... ကြွပ်ကြွပ်အိတ်ထဲ အရင်ထွေးထားပေါ့ ...။ ပြီးတော့ လက်ကပဲကိုင်ကိုင်၊ အိတ်ထဲပဲ ထည့်ထားထား ...။ တခြားအမှိုက်တွေ ဘာတွေလဲ စုထည့်ထားလို့ရတယ် ...။ အမှိုက်ပုံး အလွယ်တကူမတွေ့ မချင်းလေ ...။ အမှိုက်ပုံးတွေ့မှ ... အိတ်လိုက် လွှင့်ပစ် လိုက်"

ပြီးကျတော့ ... ဒီလောက်"ပြီးပြီလား ... ရပြီလား ... သွားရတော့မလား"ဖြစ်နေတဲ့ ငယ်က မသွားလိုက်ရဘဲ ... သူက သာ ဖတ်ခနဲ လှည့်ထွက်သွားတော့တာ ...။ ငယ့်မှာ ကြွပ်ကြွပ် အိတ်တစ်လုံး လက်ထဲကိုင်ပြီး ငေါင်းစင်းစင်းနှင့်သာ ကျန်ရစ်ရ

www.burmeseclassic.com

www.burmeseclassic.com



ရော ...။ သူ မရှိတော့တာနဲ့ ကျရောက်လာတော့မဲ့ လက်သီး၊ လက်ဖဝါးများရဲ့ အန္တရာယ်ကိုပင် ... ကြိုသိသိကြီး၊ ရိပ်စားမိရက်ကြီးနှင့် ... ဘာမှမကာကွယ်နိုင်လိုက် ...။

"အား ... တော်ကြတော့၊ ရပ်ကြတော့ ... အဲဒါ မ,ကို ကြိုက်နေတာ ... မ,ရဲ့အအီ ...။ ဟာ ... မဟုတ်ဘူး... မ,က အီတာမဟုတ်ဘူး ... စကားလုံးရွေးတာ မှားပြန်ပြီ... သူကသာအီတာ ..."

အားလုံးရဲ့ နှုတ်ခမ်းပေါင်းစုံ၊ မျက်ခုံးပေါင်းစုံတို့က ရွဲ့ပြီး ကော့တက်သွားကြတာ ... ကောင်းကင်ပြာကြီးနဲ့ပင် သွားတိုက်နေကြပြီလား မှတ်ရသည်။ တစ်ညီတစ်ညွတ်တည်း သံပြိုင်မှတ်ချက်ကြီးကလည်း ...

"ဘယ်ကလာ ... တုံးချင်ယောင် ဆောင်မနေနဲ့ ... မပီရိပါဘူး ...။ အဲ့ဒါ နင်မှနင်ကြီးဟာကို ... လာလိမ်မနေနဲ့"

ငယ်က ဟက်ဟက်ပက်ပက် သဘောတကျကြီး ရယ်မောပစ်လိုက်ပါသည်။ တွေ့လား ...။ ပြန်ရှင်းပြလို့မှ အေးဆေးလက်ခံကြပါ့မလား ... ဆိုတာလေ ... ဒါပေါ့ ... မိကုန်ကြပြီပေါ့လေ ...။ အံ့သြရောကောင်းလောက်အောင် "ရဲတင်းအသားကျ"လှတဲ့သူရဲ့ ကွန့်ယက်ထဲ ...။

တချို့ယောကျ်ားတွေဟာ ဘယ်မိန်းကလေးနဲ့စကားပြောပြော ... "ဟယ် ... သူ ငါ့ကို ကြွေနေပြီ ထင်ပါတယ်"လို့ တစ်ဖက်မိန်းကလေးက အထင်ရောက်၊ ရင်ခုန်၊ နှလုံးတုန်ကျန်ရစ်ရလေအောင် ... အတည်ပေါက်လေးတွေ လုပ်,လုပ်သွားရမှ ... နေသာထိုင်သာ ရှိသူတွေ ဖြစ်သည်။



ဒါကို ... ခုထိ မရိပ်မိကြသေးဘူးဆိုရင် ... သူငယ်ချင်းတွေထဲက တစ်ယောက်ယောက်လည်း များမကြာမီ ခံရပေတော့မည်။ လောင်းရဲသည်။

ထိုအချိန်မှာပင် ... ငယ့်ရဲ့အိတ်ထဲက Hand Phone လေးက "တတင်တင်"အသံလေးနှင့် မြည်လာခဲ့ကာ ... တစ်ခါမှ မမြင်ဖူးသည့် ဖုန်းနံပါတ်အသစ်တစ်ခုမို့ ... မျက်မှောင်ကုတ်ကုတ်နှင့် ... ဖွင့်ပြီး နားထောင်လိုက်မိစဉ် ...

"ကျွန်တော် ... ခင်ဗျားကို ချစ်နေတာ ငယ် ... ခင်ဗျား တမင်သက်သက် ... မသိချင်ယောင် ဆောင်မနေနဲ့ ..."

ငယ့်မှာ ပါးစပ်အဟောင်းသားလေးနှင့် ...။

○✧○

www.burmeseclassic.com

www.burmeseclassic.com



## တစ်လိုင်းစီ ...

ကားတစ်စီးပေါ်က အုပ်စုလိုက် ဆင်းလာကြသော ရွှယ်တူကောင်လေးတစ်သိုက်ကို မြင်လျှင် ... သဘောကောင်းသည့် အဒေါ်က ... အိမ်တံခါးမကြီးကို သော့အဆင်သင့် ဖွင့်ပေးပြီးရက် သား ...။ "လာကြ ... သားတို့ ...။ မင်းတို့သူငယ်ချင်းရှိတယ်" ဟုပင် ဆီးကြိုခေါ်ငင်ပြီးသား ဖြစ်နေလေသည်။

အာယုက စိတ်ြ ဦးဆောင်လာသော သူ့သူငယ်ချင်း တစ်သိုက်ကို ဆီးကြိုတယ်လည်း မဟုတ်၊ မကျေနပ်ဟန် ကြို ထားတယ်လည်း မဟုတ်တဲ့ မယုတ်မလွန် အကဲခတ်မျက်ဝန်းတို့ နှင့် စောင့်ကြည့်နေလိုက်သည်။

အဒေါ်ရဲ့ ဖော်ရွေမှုနဲ့ ... လူကြီးလူကောင်းလိုလို ညွှဲကောင်းစောင်ကောင်းလိုလို အကောင်တွေက ဧည့်ခန်းထဲမှာ ကျကျနန နေရာယူ ဝင်ထိုင်လိုက်ကြသည်။

"ထိုင်ကြဦး ... သားတို့ ... လောလောဆယ် ... အ သောက်မလား ... အအေးလား"



"ဒေါ်လေး ... ဒါ ... ကျွန်တော့်ကျောင်းက သူငယ်ချင်း တွေတော့ ... မဟုတ်ဘူးနော် ..."

အာယုက အဒေါ်တစ်ယောက် အရှိန်တွေလွန်မကုန် ခင် ... ပွင့်ပွင့်လင်းလင်းပဲ ကြိုပြောထားလိုက်သည်။ "ဆရာဝန် လူတန်းစားပေ့ ..." ဆိုရင် သူနဲ့ကုဖူးဖူး မကုဖူးဖူး ... ဆရာဝန် ဖြစ်ရင် ပြီးရော ... သဘောကျလေးစား၊ ခင်မင်ချင်နေတတ်တဲ့ အဒေါ်ဟာ ... သူ့တူက "ဆေးကျောင်းသား" ဆိုတာနှင့်ပင် "ကမ္ဘာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်" လောက်နီးနီး ဂုဏ်ယူတတ်သူ။ ထိုဆေးကျောင်းသားက "သူ့အိမ်ကနေ ကျောင်းလာတက်ပါ့မယ်" ဆိုတာကိုပဲ ... မဟာအခွင့်ထူးကြီးတစ်ခု ... အလကားနေရင်း ရရှိသလို ... ကျေနပ်ပျော်ရွှင်နေသူ ...။

သူ့တူရဲ့ သူငယ်ချင်း ဆေးကျောင်းသားကလေးများ ပါ အိမ်ရောက်လာ၊ လိုက်လည်၊ စာအတူကျက်ကြပြီဆိုရင်တော့ အဒေါ့်လောက် လူဖြစ်ရကျိုးနပ်နေသူ ဤကမ္ဘာမှာ ... နှစ်ယောက် မရှိသလောက်ပင် ဖြစ်နေတော့သူတည်း။

ခုလည်း "လောလောဆယ် ... အပူလား၊ အအေး လား" ဆိုတော့ "လောလောဆယ်ရဲ့ နောက်ဆက်တွဲ" အဖြစ် ... ဧည့်ဝတ်တွေ စွတ်ရေချနေတော့မှာ သေချာနေလေပြီ ...။ အာယုက တမင်ပင် ပေါ်တင်ဖွင့်ပြောပြီး ... အဒေါ့်ကို ဘရိတ်ဆွဲကာ ရပ် တန့်စေလိုက်ခြင်း ဖြစ်ပါသည်။ ဟုတ်တယ်လေ ... သူငယ်ချင်း မှ မဟုတ်တာ ... ဘာဆိုင်လဲ ...။ ဘာလာလုပ်ကြမှန်းတောင်မှ မသိ ...။ အာယုရဲ့ အလိုအရဆို ... ဒါမျိုး စိတ်မချရလောက် တဲ့ အကောင်တွေဆို အိမ်တံခါးတောင် ဖွင့်ပေးမိမှာ မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

ခုဟာက ကိုယ်မတားသာသေးခင် ... အတော်ခင်တတ်မင်တတ်တဲ့ အဒေါ်က "ဦး"သွားလို့ ...။

တစ်ခုခုဆိုရင် အဒေါ်လည်း အာယုဘက်က ဝိုင်းမကူနိုင်တောင် အော်ဟစ် အကူအညီတောင်းယူတာတွေ၊ ဘာတွေ လုပ်ထားနိုင်အောင်လို့ ...

"ဒီအကောင်တွေဟာ ... ဟိုတစ်ခါ ကျွန်တော့်ကို တစ်ကိုယ်လုံး ခန်းဆီးနဲ့ ကြိုးနဲ့ ကျစ်ကျစ်ပါအောင် တုပ်ချည်သွားကြတဲ့ အကောင်တွေပေါ့ ..."

ပထမတစ်ခွန်းကတည်းက မျက်လုံးဝိုင်းကလေးနှင့် ရှိသော အဒေါ်ခမျာ ... ဒီတစ်ခွန်းပါ ထပ်ကြားပြီးသည့်အခါ ... မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ယောင်ပွင့်လာသည့် နှုတ်ခမ်းကို လက်ဝါးနှင့် အုပ်ထားပြီး ... ရပ်၊ ကြောင်နေသည်။

"ဟေ့ကောင်တွေ ... မင်းတို့ အိမ်ရှင်လူကြီးကို မလေးမစားနဲ့ ဘာမှမလုပ်ပါဘူးလို့ ကတိပြုနိုင်ရင် ဆက်ထိုင်ချင် ထိုင်ကြ ...။ နို့မို့ ... ခုပဲ ထပြန်ကြတော့ကွာ ... တော်တော်ကြာ ငါ့အဒေါ်က ဟိုတိုင် ဒီတော ဆိုရင် ပြဿနာက အလကားနေရင်း ရှုပ်တယ် ... ငါ့မှာ အချိန်မရှိဘူး"

"ဒီတစ်ခါ တစ်ခုခုဆိုရင်တော့ တိုင်မှာပဲ ..."ဆိုတာ သိသာအောင် တမင်ကြိုပြောထားလိုက်သော ... အာယုရဲ့ စကားကြောင့် စိတြက သူ့တစ်သိုက်ကို အချက်ပြလိုက်ကာ ... ကောင်ကလေး ငါးယောက်သားစလုံး ... တက်ညီလက်ညီပြိုင်တူကြီး ... အဒေါ်ဘက်လှည့်ပြီး ဦးညွှတ်လိုက်ကြရင်းက သံပြိုင် ...



"ကျွန်တော်တို့ အိမ်ရှင်လူကြီးကို မလေးမစား ... ဘာမှ မလုပ်ပါဘူး ..."

ကျွတ် ...။ သတိထား ဆက်ဆံစေချင်ကာမှ ... အဒေါ်တော့ ဒီကောင့်ကျော့ကွင်းထဲ မိကာ ... "ဖရဏာပီတိ၊ ဒွမ်းဆီထီ"ဖြစ်သွားပြီမှန်း အာယုက သဘောပေါက်လိုက်ရပါတော့သည်။ မျက်လုံးပြူး ထိတ်လန့်နေရာက အေးအေးပြုံးပြုံးနှင့် "ထိုင်ကြပါ ... ထိုင်ကြပါ"ဟု ခေါင်းတညိတ်ညိတ်နဲ့ အိမ်ထဲ ပြန်ဝင်သွားလေတော့ပြီ။ အာယုက အချိန်မီပင် ..."အပူရော၊ အအေးပါ ... ဘာမှလုပ်မနေပါနဲ့ ..."ဟု လှမ်းအော်လိုက်သည်။

"စိတ်ထားဆိုတာ ... မျိုးရိုးနဲ့ သိပ်မဆိုင်ဘူး ထင်တယ်နော် ... အဒေါ်က ဖြူစင်အေးချမ်းပြီး သဘောကောင်းနေချိန်မှာ ... တူကတော့ ပုပ်ယုတ်မည်းညစ်ပြီး ... မနာလိုတိုရှည်မှုတွေ ဒင်းကြမ်းပြည့်နေတာ အံ့ဩစရာပဲ ..."

"ဟေ့ကောင် မောင်စိ ... မင်း အမိက ပြောစရာရှိတာကို ပြော၊ ပြီးရင်ပြန်၊ ငါတနင်္လာနေ့ကျ ဆေးရုံ Posting change တဲ့ Bed Side စာမေးပွဲတစ်ခု ရှိတယ် ... မင်းရဲ့ ရိုလုံး၊ ငေါ်လုံးတွေကို ထိုင်နားထောင်မနေနိုင်ဘူး ...။ ငါ သာ စိတ်သဘောထား မပြည့်ဝရင် ... မင်းတို့ရဲ့အင်မတန် ရိုင်းတဲ့လုပ်ရပ်ဖြစ်တဲ့ ... အုပ်စုလိုက်ကြီး သူများအိမ်ထဲ ဝင်ချလာကြပြန်တာကိုတောင် ဒီတိုင်း လက်ပိုက်ကြည့်မနေဘူး ...။ အဲဒါ မင်းသဘောပေါက် ..."

စိတြက အာယုရဲ့စကားကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည့် သူ့သူငယ်ချင်းများကို ခေါင်းတစ်ချက်ညိတ်ပြ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ ... ကျန်သကောင့်သား လေးယောက်စလုံးတို့မှာ အလွှိုလွှို ရုတ်ခြည်း ထပြန်ကုန်ကြကာ ... ကိုယ့်ဘာသာ တံခါးဖွင့်ထွက်၊ ပြန်ပိတ်၊ ကားပါတစ်ခါတည်း မောင်းထွက်သွားကြပါတော့သည်။

အသံဗလံတွေကြောင့် "ပြန်ကုန်ကြပြီ" ထင်ပြီး လာထွက်ကြည့်သည့် အခါမှာ ... စိတြရဲ့ ထပ်မံနှုတ်ဆက် ဦးညွှတ်ပြခြင်းကို ခံလိုက်ရပြန်ပါသည်။ အခေါ်ခံရာ အယောင်ယောင်အမှားမှားနှင့် သူကပါ(လူကြီးဖြစ်နေရက်)ဦးပြန်ညွှတ်ပြမိပြီးမှ ... သူ့အဖြစ်သူ ရိပ်မိပြီး ခပ်ရှက်ရှက်နှင့် အိမ်ထဲပြန်ပြေးဝင်သွား၏။

"အဲဒီအိမ်မှာ ... မင်း ဘယ်သူ့ကို ရည်ရွယ်နေသလဲ ... ငအာ ..."

စိတြရဲ့စကားကြောင့် အာယုမှာ "ဒိန်း"ခနဲ ဖြစ်သွားရပါသည်။ ဒီလို အိမ်တိုင်ရာရောက်၊ တကူးတက လာရင်ဆိုင်ပြီ ဆိုကတည်းက ... ဒီကောင်မောင်စိသည်လည်း ... တစ်ယောက်ယောက်ကို ပြတ်ပြတ်သားသား ရည်ရွယ်ပြီဆိုတာ သေချာပြီ။ သေချာတာမှ ... အရင့်အရင်တွေလို ..."အီလိုက်၊ ရောလိုက်၊ လုံးထွေးလိုက်၊ ဒီလိုနဲ့ပဲ ပျင်းလာရင်၊ ရိုးလာရင် ... ပြီးသွားပြန်လိုက်" ဇာတ်လမ်းများလိုတောင် မဟုတ်နိုင်တော့ဘဲ ... တကယ့် "အတည်ပေါက်ရည်ရွယ်မှုကြီးမျိုး"ဆိုတာပါ သေချာပြီ။

မောင်စိလို "အအီတစ်ရာ"ကောင်က ရုတ်တရက် ဘာ့ကြောင့် "အအီ"ကနေ "အတည်"အဖြစ် ပြောင်းလဲသွားသလဲ နှစ်ချက်ပဲ ရှိသည်။ ပထမတစ်ချက်က ..."အာယု"ကိုဖုံဖို့ အာယု ဆိုတဲ့ကောင် ဘာလုပ်လုပ်၊ ဘာကြံကြံ ပျက်စီးပါစေ"



ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ... တမင်သက်သက် လိုက်တိုက်ကိုတိုက်မဲ့သဘော ...။ နောက်တစ်ချက်ကတော့ ... ဒီကောင့်ကိုလည်း နည်းနည်း အမှတ်ပေး တွေးကြည့်ပေးရရင် မထင်မှတ်ဘဲ မေတ္တာစစ်သွားတာလည်း (မပြောကောင်း ပြောကောင်း) ဖြစ်နိုင်သေးတဲ့ သူ့ဇာတ်လမ်းရဲ့ ဦးတည်ရာက "အီ"မရတဲ့ "တည်"မှရနိုင်မဲ့ အခြေအနေနဲ့ အတန်းအစားမို့။

လရောင် ထဲမှ ... မောင်စိရဲ့ ခြေတုတစ်စုံနှင့် တမင်သက်သက် ဝင်လုံးချင်တဲ့ ဇာတ်ထုပ်ကို ပြန်ကြားထားရပြီးသား အာယုမှာ အံသွားတွေပင် "တကျိကျိ"ကြိတ်ချင်လာကာ မေးကြောကြီးတွေ တင်းလာပါသည်။

စိတြနှင့် အာယုတို့ တစ်ယောက်ကို တစ်ယောက် ငြိမ်သက်တိတ်ဆိတ်စွာ ... အကြာကြီး ... စိုက်ကြည့်နေမိကြသည်။

"မောင်စိ ... မင်းဇာတ်လမ်းတွေက မင်းအသက်နဲ့စာရင်တောင် နှစ်ဆလောက် မကတော့ဘူး ...။ ခုအခြေအနေက အဲဒီလို လုပ်သွားလို့ ရနိုင်မဲ့သူမျိုးလည်း မဟုတ်ဘူး ... ငါ့ကို တမင်သက်သက် ဒုက္ခပေးရအောင်ဆိုတဲ့ ရည်ရွယ်ချက်ကြီးနဲ့ဆိုရင်တော့ ... မင်းကို ငါလေးလေးနက်နက် ဦးညွှတ် တောင်းပန်လိုက်မယ် ...။ ဒီနေရာမှာတော့ ... "မဝင်ကြေး"ပေါ့ ... ဟုတ်ပြီလား ..."

"မင်းက ... အဲဒီလိုပဲ ... သူများအပုပ်ကျ လိုက်ချ။ ပြီးရင် ထိုင်ကန်တော့ ...။ ဒီနှစ်မျိုးလောက်ပဲ လုပ်တတ်တာလား ...။ ငါလည်း လာကန်တော့နေစရာ မလိုဘူး ... ငါ့ရဲ့ရှေ့ရှု့က ဇာတ်လမ်းပမာတွေ အကြောင်းလည်း ခရေစေ့တွင်း

www.burmeseclassic.com

www.burmeseclassic.com



ကျ၊ တစ်လုံးမကျန် သွားပြန်သံတော်ဦး တင်လိုက်ဦး ...။

(—)ဂရုကို မစိုက်ဘူးကွ ...”

အာယုမှာ ဒေါသ“ထောင်း”ခနဲ ထွက်သွားမိသော်လည်း ... လက်ချောင်းတွေကို တဖြောက်ဖြောက် ချိုးနေလိုက်ခြင်းနဲ့ပဲ ပြန်လျော့ချနေရကာ ...“စိတြာ”ဆိုတဲ့ နာမည်ကိုကြားမှ ... မျက်လွှာလေးတစ်ချက် ပင့်တက်လာတတ်တဲ့ မမကို ပြန်မြင်ယောင်နေမိပါသည်။ မတန်တရာ ...။

ဟုတ်တယ် ...။ ကိုယ်မြတ်နိုးမိတဲ့ အဖိုးတန်ပန်းတစ်ပွင့်မို့ ပြောတာမဟုတ်ရပါဘူး ...။ သိမ်မွေ့ယဉ်ကျေးစွာ ဣန္ဒြေတစ်ခုနှင့် တင့်တယ်နေသော၊ နာမည်ကောင်း ဂုဏ်သတင်းနဲ့ တည်ငြိမ်အေးချမ်းသော “တော်ဝင်”တစ်ယောက်ဟာ ... အပုပ်နံ့တထောင်းထောင်း၊ ယင်တလောင်းလောင်း၊ ကျို့တို့ကြမ်းတမ်းနဲ့ ဖာလွှဲပေါက်ကရ၊ ကပျက်ကချော် ကောင်စားမျိုးအတွက် ... မွေးဖွားလာခဲ့တာတော့ မဖြစ်နိုင်ပါဘူး ...။ ဒီအချိန် ဒီအရွယ်ရောက်တဲ့ထိ ဒီကောင်မျိုးကိုမှ ထိုင်စောင့်နေခဲ့တာလည်း မဖြစ်နိုင်ပါဘူး ...။

ဓာတ်ဆရာ ...။ ခင်ဗျားဟာ အတော်ရက်စက်တတ်တယ်ဆိုတာ ကျုပ်သိပြီးနေပေမဲ့ ...“ရက်စက်” ရုံတင်မက “ယုတ်မာ”နေသေးတဲ့ အဆင့်အတန်းမျိုးထဲကတော့ မဟုတ်ပါဘူး ...။ ဒါ ... မှန်တယ် မဟုတ်လား ...။

စိတြာက ဆက်တီဆိုဖာရှည်ပေါ်မှာ ကိုယ့်အိမ်ကိုယ့်ရာနယ် ပြေလျော့လျော့ပုံစံနှင့် မှိုထိုင်ချ ...။ လက်နှစ်ဖက်ကို တင်းတင်းပိုက်ကာ ခြေချိတ်ပြီးပြင်ထိုင်လိုက်သည်။ ပြီးလျှင်တော့ ကမူး



ရှူးထိုး ဝူးတူးဝါးတားထလုပ်ပစ်ရင်လည်း အင်မတန်မှ“အောက်”သွားတော့မှာမို့ ... အတော်ကြီး စိတ်ထိန်းဣန္ဒြေဆယ် နေရဟန်ရှိတဲ့ ... ငအာ့ကို ... ပြုံးပြုံးလေးနဲ့ မျက်စိလေးမှေးကြည့်ကာ ...

“ငါ ... မနေ့ကပဲ ဖွင့်ပြောလိုက်တယ်။ အခြေအနေကောင်းနိုင်ပါတယ်။ မှတ်ထားကွ ငအာ ...။ မိန်းကလေးတွေဆီက ချက်ချင်းဒိုင်းခနဲ ပြန်ငြင်းချပစ်လိုက်တဲ့စကား၊ အမူအရာ တစ်ခုခုကို ပြန်မရရင် ... အဲဒါ ကိုယ့်အတွက် ငါးဆယ်ရာခိုင်နှုန်း သေချာပြီ ...။ ကျန်ငါးဆယ်ကလည်း အပြည့်ရနေစရာ မလိုပါဘူး ...။ သုံးဆယ်လောက်ရပြီဆိုရင် ... ကျိန်းသေပြီ ...”

ငအာ့ရဲ့ မျက်လုံးထဲက မျက်ဖြူသားတွေပင် အနီရောင်သမ်းလာသလား ထင်လိုက်ရသည်။ စိတြာက အဲဒီအဖြစ်ကိုပဲ ကျိတ်ကျေနပ်နေမိလေသည်။ တကယ့်အဖြစ်အပျက်မှာ ကိုယ့်အခြေအနေက တကယ်ပဲ ကောင်းကောင်း မကောင်းကောင်းလေ ...။ အမှန်စင်စစ်မှာ ... မိန်းကလေးဆီက ချက်ချင်း တန်းခနဲ ပြန်ငြင်းချပစ်လိုက်တဲ့ အငြင်းစကားကို ရမလာခဲ့ခြင်းဟာ ...“ချစ်နေတာပါ”လို့ ပြောပြီးပြီးချင်း ဖုန်းကိုပြန်ချပစ်လိုက်နိုင်၍သာဖြစ်ကြောင်း ... ဒီကောင် သိစရာဘာလိုသလဲ။

ဖုန်းချခဲ့လိုက်ရလို့၊ အနိုင်နဲ့ ပိုင်းလိုက်သလို ဖြစ်နေလို့၊ ချက်ချင်း ပြန်ငြင်းချင်လို့ ... သူ့ဖုန်းမှာပေါ်နေတဲ့ ဖုန်းနံပါတ်ကို ချက်ချင်းပြန်နှိပ်ဆက်လေမလား ...။ ရတယ်လေ ...။ အဲဒီနေရာမှာ “စိတြာ”က ရှိမနေတော့တဲ့ ပလက်ဖောင်းပေါ်က အများပိုင် ဆက်သွယ်ရေးဖုန်း တစ်ခုသာ ဖြစ်နေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



လှတာလေးမြင်ရင် နေကိုမနေတတ်ဘဲ အသွေးအသားထဲက လှုပ်ရွတက်လာပြီး၊ နည်းနည်းလေးတော့ လှုပ်ရှားလိုက်ရမှ ... ဆိုတဲ့ မောင်စိတြလေးဟာ ... သူ့အစ်မတုန်းကလည်း အပင်ပန်းခံ၊ မျက်နှာပြောင်တိုက်ကာ ... သွားအိခဲ့ဖူးသေးပါရဲ့။ ဒါပေမဲ့ တကယ်ပါ ... လေချိုလေးနဲ့ ပြောပြောလွှတ်တတ်တဲ့ မ,ရဲ့စကားတွေဟာ စိတြကို ရှိုးတိုးရှန့်တန့်တွေ၊ နှောင်တတွေကို ပိုက်,ပိုက်ပြန်စေတတ်ခဲ့တဲ့ပြင် ... အမြင်မှန်ကိုလည်း လင်းခနဲ သိမြင်စေခဲ့တာ ...။

စိတြဟာ အဲဒီအိမ်ကနေ မျက်နှာပူပူ၊ အနေရခက်ခက်နဲ့ ခေါင်းငုံ့ပြန်လာခဲ့စဉ်မှာ ... လက်နှစ်ဖက်ကို ခါးပေါ်ထောက်ရင်း ... ကုန်း,ကုန်းအော်တတ်တဲ့ အငယ်မလေးကို ရင်ထဲစွဲမြဲငြိတွယ်ပြီး ... အပါခေါ်လာခဲ့မိပြီ ...။ ပြီးကျ ... သူကလေးဟာ ကိုယ့်ရင်ထဲ ငြိမ်ငြိမ်လေး နေနေတာလည်း မဟုတ်ဘူးနော် ...။ ရင်ထဲကနေ ဦးနှောက်ထဲဝင်၊ နှလုံးသားထဲ ပြန်ရောက် ...၊ စိတ်အတွေးတွေ အားလုံးကို ဝင်ထွက်စိုးမိုးခြယ်လှယ် ...။

လှတာလေးမြင်လို့ ရွတက်လာပြန်တာ မဟုတ်ဘူးနော ...။ သူကလေးဟာ သူ့အစ်မလောက်မှ မလှတာလေးပဲ ...။ ဒါမျိုးလောက်ကလေးတွေတော့ လက်ချိုးရေလို့ မနိုင်နိုင်အောင်ပင် တွေ့ဖူး မြင်ဖူး ... ပြီးသားပဲ ...။

"မ,ရေ ... ဒီလူ ... လူလိမ် ... လူလိမ် ..."တဲ့ ...။ ဟက်ဟက်ဟက် ...။ "မင်းကို ချစ်နေတာ" ဆိုတာကတော့ "လူလိမ်"က အတည်ပြောခဲ့တဲ့ စကားနော် ...။



အာယုမှာ နှုတ်ခမ်းဖျားလေး နှစ်ဖက်က လေးကိုင်းသဖွယ် ကော့တက်ကာ အသည်းယားလောက်အောင် ပြုံးနေတဲ့ ... ရှေ့ကအကောင်ကို အသည်းယားရလွန်းလို့ ... လူတစ်ကိုယ်လုံး တုန်တက်လာသလားပင် မှတ်ရသည်။ မနေ့ကမှ ဖွင့်ပြောလိုက်တာဆိုတော့ ... အာယု အဲဒီအိမ် ရောက်ခဲ့စဉ်က ဒီကောင် မပြောရသေး။ ဒါနဲ့တောင် ..."စိတြ"ဆိုတာနဲ့ မမရဲ့မျက်လွှာလေးတွေဟာ လှုပ်ပင့်မော့။

"မင်း ဘာလို့ ဒါတွေ ငါ့လာပြောနေတာလဲ ... မင်းဘာသာမင်း သိပ်သေချာနေရင် ... ငါ့အိမ်ထိတောင် ရောက်လာစရာ မလိုလောက်ပါဘူး ... အပိုတွေလို့ မထင်ဘူးလား ..."

"မင်းက ရုပ်ရှင်တွေ ဝတ္ထုတွေထဲမှာ ဆိုရင်တော့ 'ဗီလိန်' နေရာကောင်းကို ရသွားပြီ ဘော်ရ ...။ မိဘချင်း သဘောတူသူကြီးဆိုတာ ... နည်းတဲ့'ဝိတ်'ကြီးလား ...။ ငါကတော့ ငါ့မိုက်မဲမှုနဲ့ငါ အဲဒီအိမ်အတွက် 'နာမည်ပျက်စာရင်း'ဝင်သွားရပြီ ...။ မင်းကလည်း ငါ့ဆိုရင် ... ဗီလိန်ပဲဖြစ်ရဖြစ်ရ ဘာပဲဖြစ်ရဖြစ်ရ 'ဖျက်မြင်း'ဝင်လုပ်ကို လုပ်တော့မဲ့ကောင်မျိုး ဖြစ်နိုင်တယ် ...

နဂိုတည်းကမှ အခြေအနေက ကျပ်ရတဲ့ကြားထဲ ... ဗီလိန်ဖျက်မြင်းကပါ တစ်မှောက်ဆိုရင် ... ငါပင်ပန်းမယ်ကွ ...။ အဲဒါကြောင့် မင်းကို ငါက ဒီနေရာမှာတော့ "မဝင်ကြေး"လို့ ပြောမလို့လာတာ ...။ ဒီကောင်တော့ ငါပြောရမဲ့ စကားကို မင်းက ဆီးပြောနေတယ် ..."

www.burmeseclassic.com

www.burmeseclassic.com



အာယုမှာ ဒေါသထွက်နေရတဲ့ကြားထဲ တစ်ချက်တောင် အော်ရယ်လိုက်ချင်သွားရသည် ...။ မောင်စိ၊ မောင်စိ ...။ မောင်စိတို့ လည်လှလည်လှနဲ့ ... ဒီတစ်ချီမှာတော့ အာယုကို "မိဘချင်း သဘောတူကြတဲ့ ဗီလိန်ဇာတ်ရုပ်ကြီး"ရယ်လို့ အခြေအနေသာမယ်များ လာထင်နေရသေးတယ်လို့ ...။ သူကအခြေအနေ ကျပ်တယ်ဆိုရင် ... ကိုယ့်အခြေအနေလည်း ချောင်ဖို့နေနေ ... ဝင်မရလို့ အပေါက်ဝက လှည့်ပြန်ခဲ့ရတော့မှာလောက်တောင် ဖြစ်နေတာ ...။ ဒီကောင်များ သိလိုက်ရင် ... လက်ခမောင်းတောင် ထခတ်ချင်မလား မသိ ...။

စိတြနှင့် အာယုတို့ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေမိကြပြန်သည်။ အာယုကတော့ စိတြရဲ့ ပေါ်တင်သွားအီတဲ့ သတင်းကြီးကိုလည်း ကြားထားရပြီးသား၊ မမရဲ့မျက်ဝန်းများကိုလည်း အမိဖမ်းထားနိုင်သူမို့ "မချိ"နိုင် ဖြစ်နေရခြင်းဖြစ်ကာ ...၊ စိတြကလည်း လူကြီးအချင်းချင်း လက်ဝါးရိုက်၊ အစီအစဉ်ချကြပြီဆိုရင် ... အသက်ကွာဟနေတဲ့ မမနဲ့ မောင်လေး ဇာတ်မျိုးတော့ ဘယ်လိုမှ က,စေချင်ကြမှာ မဟုတ်တာကို ကြိုတွက်မိနိုင်နေ၍ပင် ...။

ဒါမျိုး ဖွေရှာစပ်ဟပ်ဖို့ ဝါသနာထုံတတ်ကြတဲ့ မိဘမျိုးတွေဟာ ... မ,လို သမီးတစ်ယောက်အတွက်ဆို ... ခုလောက်ရှိ စီမံပြီး၊ သေချာပြီး ဖြစ်နေလောက်ပြီပေါ့ ... ဟုလည်း တွက်မိသည်။ ကိုယ့်ရှေ့က ပြိတ္တာကောင်ကိုတော့ အချိန်အခါလိုသေးသည့် "အငယ်မလေး"အတွက် ခုမှ စ,ကြည့်ကြခြင်းပဲ ဖြစ်မှာ ... ဟုသာ တစ်ထစ်ချ မှတ်ယူနေမိခြင်း ဖြစ်လေသည်။



နေစမ်းပါဦး ...။ ဒီ"ငအာ"ဆိုတဲ့ကောင်ရဲ့ ရုပ်က လူကြီးချင်း စီစဉ်မှုမှာ နေရာကောင်းကြီးရပြီး ဖြစ်နေတဲ့ "ဗီလိန်" တစ်ယောက်ရဲ့ ဝင့်ထည်ခြင်းတွေနဲ့လည်း ပြည့်နှက်မနေပါလား။ စိတြကို ရွဲ့ဖို့၊ ပညာပြဖို့ရာလေးသက်သက် ... လူကြီးတွေစကားကို မျှောလိုက်နေဖို့ထက် ... သူကိုယ်တိုင်က အသည်းအသန် အသက်ထွက်မတတ်ရုပ်၊ ရက်(၁၀၀)အငတ်ခံထားရတဲ့ ရုပ်မျိုးသာ ပေါက်နေပါလား ...။

ဘာလဲ ! ...။ လူကြီးတွေ စီမံတာထက် ... ဒီကောင်ကိုယ်တိုင်က "မင်းကိုမှ မရရင် ... သေရပါတော့မယ်"ဆိုတဲ့ အခြေအနေမျိုးကြီးထိ ဖြစ်သွားခဲ့ပြီလား ...။ အား ...။ အငယ်မလေးရာ ...။ မင်း ဒီကောင့်ကိုရော ... ခါးပေါ် လက်နှစ်ဖက်စလုံး စုံ,ထောက်တင်ကာ ... ကုန်းအော်ထည့်လိုက်မိသေးသလား။ ကျွတ် ...။

ဘယ်လိုနေရာမျိုးမှာမဆို သဲကြီးမဲကြီး ... ဖွဲကြီးနေတတ်ပြီး ... မဆုတ်မနစ်၊ မလျှော့စတမ်း ဆက်တိုက်(Persistent) ဖြစ်နေတတ်တဲ့ ဒီကောင် ငအာ့ရဲ့စိတ်ထားကို ငယ်ကတည်းက သိခဲ့ရသည့် စိတြမှာ ..."ကိုယ့်တစ်သက်မှာ ဒီတစ်ခါသာ စတင်ပြီး စစ်စစ်မှန်မှန် ရှုံးဖူးပါတယ် ...။ ရင်ဆိုင်ရမဲ့ ပြိုင်ဘက်က ... ဒီကောင်မှပဲ လာဖြစ်နေရတယ်"ဟု ရင်ထဲလေးပင်, နင့်နေရပါတော့သည် ...။

**"အမှန်အတိုင်း ပြောရရင်တော့ ... မင်းနဲ့က ဘယ်လိုမှ တန်ကိုမတန်တာ ... မောင်စိ ...။ မတန်တရာကြီး ... 'အနို့ လက်နဲ့ ရွှေခွက်တာက်နိုက်'သလိုမျိုးကြီး ...။ အဲဒါပဲကွာ ..."**

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုဆိုရင် ငါကလည်း မင်းကို မင်းအခုပြောလိုက်ပုံက 'ခွေးပါးစပ်က နတ်စကားထွက်'လာသလိုပဲလို့ ပြောလို့ရတာပဲ ..."

"ဟော့ကောင် ... ပြောရပြီးရော၊ မဆိုင်တာတွေနဲ့ အတင်းဆွဲဆက် ပြောမနေနဲ့ ...။ ငါက တန်၏ မတန်၏ဆိုတဲ့ ကိစ္စမျိုးတွေကို ပြောနေတာ ..."မဟန်ဘဲ မလှမ်းနှင့် ... မတန်ဘဲ မမှန်းနှင့်"ဆိုတာ မင်း မကြားဖူးဘူးလား ..."

"ဟင့်အင်း ... 'နေနဲ့လ ... ရွှေနဲ့မြ'ဆိုတာပဲ ကြားဖူးတယ်"

အာယုမှာ ရိသဲ့သဲ့ မထိမဲ့မြင်နှင့်ကောင်ကို စိတ်မထိန်းနိုင်အောင်ပင် ဖြစ်လာရကာ ..."ဟေး ... မင်းနဲ့ငါ စကားပုံပြိုင်ပွဲ ကျင်းပနေတာ မဟုတ်ဘူး"ဟု ထ,အော်ပစ်လိုက်ပါသည်။ စိုးတြကတော့ ခပ်အေးအေးပင် ...

"မသိဘူးလေ ... မင်းကစ,ပြောတာပဲ မဟုတ်ဘူးလား ... ဒါပေမဲ့ မင်းသိထားဖို့က မင်းက ဆေးတက္ကသိုလ်သာဝင်သွားတာ ... ဆယ်တန်းတုန်းက မြန်မာစာအမှတ်မှာ ငါ မင်းထက် အမြဲတမ်း များခဲ့တယ် ... ကိုယ့်လူ ..."

"မြန်မာစာအမှတ်များတာနဲ့ ... တည်ငြိမ်တဲ့ လူကောင်းတစ်ယောက် ဖြစ်တာနဲ့ကတော့ ဘယ်လိုမှ အဆက်အစပ်မရှိဘူး ... တခြားစီပဲ ..."

"မင်းကိုရော ငါက ဆက်စပ်ပါတယ်လို့ ပြောနေလို့လား"

"ဒါဖြင့် မင်းကိုယ်မင်း ... တည်ငြိမ်တဲ့ လူကောင်းတစ်ယောက် မဟုတ်ဘူး ဆိုတာ မင်းသိရင် ... လက်ခံရင် ...



ကိုယ့်အသိစိတ်ဓာတ်နဲ့ကိုယ် ... တည်ငြိမ်အေးချမ်းနေတဲ့ ဣန္ဒြေရှင် လူကြီးတစ်ယောက်ရဲ့ အနားကနေ ခပ်ဝေးဝေးနေ ...။ ကိုယ့်ဘဝကိုယ်သိကွာ ...။ မင်းအခြေအနေကလည်း ကောင်းတာမဟုတ်ဘူး ... ဖြစ်နိုင်မှာလည်း မဟုတ်ဘူး ... မတော်တဆ အဖြစ်အပျက် ဆိုတာမျိုး ရှိလာခဲ့ရင်လည်း ခိုင်မြဲမှာ မဟုတ်ဘူး ဆိုတော့ ..."

"ဘာ ... ဘာ ... ဘာ ... မင်းပြောလိုက်တာ ... ဘာ !"

"ဒါ ... ငါ ... နိုင်ရပြီးရော ပြောနေတာ မဟုတ်ဘူး ... အဖြစ်မှန်ပဲ ..."

"ကျွတ် ... မဟုတ်ပါဘူး ... ခုနက မင်းပြောတဲ့ ... ဣန္ဒြေရှင်လူကြီးဆိုတာ ... ဘာလဲ။ အဲဒါ ..."

"မင်း ... 'မမ'နားကို မကပ်နဲ့ ... ဒီအချိန်ကစပြီးခွာ ... ဒါကိုဆိုလိုတာ"

"ဟား ဟား ဟား ဟား ဟား ..."

စိုးတြမှာ ဆိုဖာဆက်တီပေါ်၌ ပြေလျောလျောကြီးထိုင်နေရာမှ လှုပ်လှုပ်ရှားရှား ထရယ်လိုက်သဖြင့် ... ကုလားထိုင်အောက် ကြမ်းပြင်ပေါ်သို့ပင် ပြုတ်ကျသွားရပါသည်။ ပြီးမှပြန်ထလာပြီး ... ဆိုဖာပေါ် ပြန်တက်ထိုင်၊ အာယုကို လက်ညှိုးတစ်ချောင်းနှင့် တည့်တည့်ကြီး စိုက်ထိုးထားကာ ... တောက်လျှောက်မရပ်မနား၊ ခွက်ထိုးခွက်လန်၊ အူလှိုက်သည်းလှိုက်ကြီး ရယ်မောနေပါလေတော့သည်။

စိုးတြရဲ့ အရယ်ကြောင့် အာယုမှာ ပထမတော့ ပို စိတ်တိုိ ရတော့မယောင်ယောင် ...။ ဒါပေမဲ့ တဖြည်းဖြည်းကြည့်

www.burmeseclassic.com

www.burmeseclassic.com



ရင်း ကြည့်ရင်း သိ,သိလာသည်။ ရိပ်မိလာသည်။ ဒီနောက်မှာတော့ အာယုသည်လည်း တင်းထန်နေသော မျက်နှာကနေ မျက်နှာကြောလျော့၊ အဲဒီကနေမှ မဲ့ပြုံး ...၊ မဲ့ပြုံးကနေ ခပ်ရယ်ရယ် ...။ ပြီးလျှင်တော့ စိတြရဲ့ရယ်သံတွေထဲ အာယုရဲ့ ရယ်သံကလည်း ချက်ကျကျပင် ပါဝင်လာနိုင်တော့ကာ ... နှစ်ယောက်သား ... မပြီးနိုင်အောင် ရယ်နေကြတော့သည်။

"ဘာများဖြစ်ကုန်ကြတာလဲ"ဟု အလန့်တကြားလာထွက်ကြည့်သော အဒေါ်ကို အာယုက ..."ကော်ဖီတိုက်ပါလား ဒေါ်ဒေါ်ရာ ..."ဟု ပြောလိုက်ပါသည်။ အဒေါ်လည်း အပြောင်းအလဲမြန်သည့် အာယုကို နားမလည်နိုင်သလိုကြည့်ကာ မျက်မှောင်ကုတ်ကုတ်ကြီးနှင့် အိမ်ထဲပြန်ဝင်သွားလေသည်။

အာယုက မတ်တတ်ထရပ်ပြီး စိတြထံ လက်ကမ်းပေးလိုက်သည်။ စိတြက အာယုထံ လက်တော့ပြန်မကမ်းဘဲ ... ခေါင်းပဲယမ်းပြလိုက်ကာ ...

"ဆောရီးကိုယ့်လူ ... တစ်လိုင်းစီပဲ ဆိုတာ သိရလို့ ဝမ်းတော့သာပါတယ် ...။ ဒါပေမဲ့ ပူးပေါင်းဆောင်ရွက်ဖို့တော့ အလိုမရှိဘူးကွာ ...။ ကဲ ... ခုချိန်ကစပြီး ... ကူညီစရာမလိုဘူး ... ဒါပေမဲ့ မနှောင့်ယှက်ကြေးပေါ့ ... ဟုတ်ပြီလား ..."

အာယုက လက်ကိုပြန်သိမ်းလိုက်ပြီး ..."ကောင်းပြီ" ဟု ဆိုလိုက်သည်။ အာယုနှင့် စိတြတို့ တစ်ယောက်နှင့် တစ်ယောက် စူးစူးကြီးတွေ စိုက်ကြည့်နေမိကြပြန်လေသည်။ စိတြမှာ အာယုကို ကြည့်လိုက် "ကီကီကီ"နှင့် မပြတ်ချင်သေးသည့်အရယ် ရှိန်က ဆက်လိုက် ...။



"ဒါဖြင့် မင်းက အငယ်မကို ဖွင့်ပြောလိုက်တာပေါ့နော် မောင်စိ ... ဟိုက တစ်ခါတည်း ... ပါးလှမ်းမရိုက်လိုက်ဘူးလား ..."

"လှမ်းကျုံးဖက်လိုက်မှာ စိုးလို့တောင် ... ပြောပြီးပြီးချင်း ခြေတစ်လှမ်း နှစ်လှမ်းလောက် နောက်ဆုတ်လိုက်ရသေးတယ် ... ငါ့အတွက်တော့ မဟုတ်ပါဘူး ... မြို့လယ်ကောင်ကြီးမှာဆိုတော့ သူ့အတွက်က မသင့်တော်ဘူးလေ ..."

"မင်းကို အဲဒီလို ပါးစပ်ကြောင့် ငါ့မမနဲ့တော့ မတန်ဘူး လို့ ပြောတာ"

"ငါ့မမ ! ဟက်ဟက် ...။ တန်,မတန် ဆက်ပြောနေရအောင် ... ငါကကော ကြိုက်လို့လား"

"ဒါဖြင့် ... မင်း ..."

"ဘာဖြစ်လို့ သွားအိနေသေးလဲ"လို့ မေးမည်ပြုပြီးမှ မမေးတော့ဘဲ ရပ်ထားလိုက်သည်။ ညီမကိုကြိုက်မဲ့ဟာများ ... ခရီးကြို လမ်းကြို အစ်မကိုရတုန်း အိထည့်လိုက်သေးသည့်ကောင်မျိုးကို ဒါမျိုး သွားမေးနေလည်း အပိုပင် ...။ ကိုယ့်မမမှာသာ ... သူ အိသွားတာ လူသိများရင် နာမည်တန်ဖိုးက လျော့ရချေဦးမည်လေ ...။

ပြောစရာစကားက ဒီမှာတင် ကုန်ပြီဖြစ်သော်လည်း အဒေါ် ဖျော်လာသည့် ကော်ဖီတစ်ခွက်ကို ရအောင်စောင့် သောက်ပြီးမှ စိတြက ထပြန်သွားပါသည်။ လက်ဆွဲနှုတ်ဆက်ဖို့ ငြင်းခဲ့သည့် စိတြက လက်ဝါးချင်းတော့ "ဖြောင်း"ခနဲ လာရိုက်သွားလေသည်။ ကိုယ့်လက်ကို ကမ်းပေးတုန်းက ပြန်မဆွဲခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com



စိတြကို ... သူ့လက်ဖဝါးတစ်ဖက် မြောက်တက်လာချိန်မှာ ... ကိုယ်ကလည်း စိတ်ပါလက်ပါ ... ဖြောင်းခနဲ ပြန်ရိုက်လိုက်မိပြီးမှ ... အာယုမှာ ... "ညံ့ပါ့ကွာ ..."ဟု ကိုယ့်ကိုယ်ကိုယ်ပဲ တနုံ့နုံ့နှင့် ကျန်ရစ်ရလေသည်။

○✧○

## မချစ်ဘူး ... ငြင်းတယ် ...

"ငါ့မှာ 'ဟိုက်'ခနဲတောင် ဖြစ်တယ် ... မောင်ပြီးတော့ လက်ထဲက ဆီးထုပ်ကြီးကို လမ်းမပေါ် လွှင့်ပစ်လိုက်မိတာ ... စည်ပင်က ဝန်ထမ်းကြီးရဲ့ ရှေ့တည့်တည့်မှာသွားကျနေလို့ ... သွားပြန်ကောက်ပြီး သူ့လှည်းထဲ ပြန်ထည့်ပေးလိုက်ရသေးတယ် ... နှမြောလိုက်တာ ... ခုမှစ,ဖောက်ထားတဲ့ အထုပ်ကို ..."

လရောင်က အငယ်မကို ခပ်ငေးငေးလေး ကြည့်နေမိသည်။ ဟိုခမျာက ပြန်သိရင်တော့ ဘယ့်နှယ်နေမယ်မသိ ...။ နှစ်စကား အပြောခံလိုက်ရတာထက် သူ့ဆီးထုပ်ကြီးယောင်ပြီး လွှင့်ပစ်မိတာက ပိုအရေးကြီးနေသည့် အငယ်မသည် ခုလည်းပဲ "ထရိုင်စတား"တံဆိပ် ဆီးထုပ်ထဲက ထန်းလျက်အချိုရည်များကို အားလုံးတစ်စက်မှ မကျန်ရစ်ရလေအောင် စုတ်ယူစားသောက်ဖို့သာ အရေးကြီးနေပြန်လေသည်။

"ငါက မ,လို့ ထင်နေတာ ..."

www.burmeseclassic.com

www.burmeseclassic.com



"နင်တစ်ယောက်တည်း မဟုတ်ပါဘူး … တစ်လောကလုံး အဲလိုပဲ ထင်နေမှာပါ လရောင်ရယ် … အဲဒီအူကြောင်ကြောင်ဟာ … ငါ့ကို တမင် ချိုးချင်တာလား မသိဘူး"

"ဘာ့ကြောင့် … ! "

"သူ့ကို ကက်ကက်လန်အောင် အော်ထုတ်တာကိုး … သူခိုးရော၊ ဓားပြရော၊ လူလိမ်ရော စုံသွားတာပဲဟာ …"

"အဲဒီလောက်နဲ့တော့ အငြိုးတကြီး ချိုးချင်စရာအကြောင်း မရှိလောက်ပါဘူး"ဟု လရောင်က ထင်မိပေမဲ့ ဘာမှ ဝင်မပြောတော့ပေ …။ အံ့တော့ အံ့သြစရာပါပဲ …။ မ,မနှင့် တမ,တည်း မ,နေခဲ့တဲ့လူဟာ … အဲဒီ မ,ရဲ့ ညီမကို ချစ်နေတဲ့သူပါတဲ့ …။

ယောကျ်ားတွေရဲ့ အချိုးအချိတ်နဲ့ စိတ်ဓာတ်တွေများ … အံ့သြစရာ …။ ပြီးတော့ ကြောက်စရာ …။ အငယ်မကတော့ဖြင့် အဲဒီ စိတြ ဆိုတဲ့သူကို … သူ့"ထရိုင်စတား"အချုဲထုပ်လောက်မှ ခေါင်းထဲ နေရာပေးချင်ပုံ မပေါ်ပေ …။

ဒါဖြင့် …"ဟဲ့ … ချောလိုက်တာနော် တကယ်ပဲ … ငါ့အိမ်ရှေ့နားမှာ မယောင်မလည်နဲ့ ဘာများလာလုပ်နေတယ် မသိပါဘူးနော် …"လို့ ရှမ်းရိရိလေး ပြောခဲ့ဖူးတဲ့သူ ဆိုရင်ကော …။ သူ့ကို ဖျတ်ခနဲ ဖွင့်ပြောချသွားတဲ့သူဟာ စိတြ မဟုတ်ဘဲ … အာယုများသာ ဖြစ်နေရင် … အငယ်မတို့ … ဘယ့်နှယ်များရှိမှာပါလိမ့် …။ ခုလိုပဲ သူ့ဆီးထုပ်ညှစ်စားဖို့ကပဲ အရေးကြီးနေတော့မှာမှ ဟုတ်ရဲ့လား …။



"ငါက နင့်ကိုပဲ ပြောပြတာနော် လရောင် … နင်နှုတ်လုံလုံထားဦး … အထူးသဖြင့် မ,ကို ဘာမှသွားပြန်မပြောနဲ့ဦး"

"ဘာလို့လဲ"

"ဟဲ့ … ကောင်းမလား … သူ့လာအိမ်နေသလိုလို ကောင်စုတ်က … ငါ့လာပြောသွားတယ် ဆိုတော့ … မ,ကဘယ်လိုကြီး နေမလဲ …"

"ဘယ်လိုကြီး နေရမှာလဲ … သူနဲ့ကြိုက်နေတာလည်း မဟုတ် … သူက ကြိုက်နေတာလည်း မဟုတ် … ဘာဘယ်လိုကြီးလဲ … ဘာမှမဆိုင်ဘူးပဲ …"

"ဟာ … မသိဘူး … ဒါပေမဲ့ မပြောသေးဘူးဟာ …"

ငယ်က လရောင်ကို ဒီ့ထက် အတိအကျ ထပ်မပြောချင်သဖြင့် "မသိတော့ဘူးဟာ"ဟု နောက်တစ်ခွန်း ထပ်လုံးချလိုက်ပြန်သည်။ ငယ့်စိတ်ထဲက သံသယသည် ခုချိန်မှာ ဘယ်သူ့ကိုမှ ပြောပြလို့ မကောင်းတော့ပြီဖြစ်သည့် စိတ်ပျက်စရာအတွေးမျိုးကြီး ဖြစ်နေပါသည်။ မ,ဟာ အဲဒီကောင်စုတ် စိတြကို …။ အို … တော်ပြီကွာ … မတွေးဘူး … မတွေးဘူး …။

"ဟဲ့ … ဟဲ့ … နင့်အိတ်ထဲက ထိုးထိုးထောင်ထောင်လေးက ဘာလဲ … ပေတံလား …ဘီးလား … ဘာပဲဖြစ်ဖြစ် … ငါ့ဘက် ကမ်းလိုက် …"

"ဘီး … ဘာလုပ်မလို့လဲ …"

"ကမ်းလိုက်စမ်းပါဆို … ဒီအချုဲထုပ်ထဲက ထန်းလျက်ရည်တွေကို စုပြီးခြစ်စားမလို့ ခပ်မာမာ အချောင်းတစ်ခုခုနဲ့မှ ရမှာ …"

www.burmeseclassic.com

www.burmeseclassic.com



လရောင်မှာ "ကျွတ်"ခနဲ မကျေမနပ် စုတ်တစ်ချက်သပ်လိုက်ကာ အိတ်ထဲက ဘီးပန်းရောင်ကလေးကို ထုတ်ယူလိုက်ရပြီး ... ကမ်းပေးလိုက်စဉ် ...

"ငါ့မှာ ခုတလော ဘာတွေ လာ့လာဖြစ်နေမှန်းကို မသိတာ ... အဲဒီအကြောင်းကြောင်း အစုတ်ပလုတ်က ဖြုန်းစားကြီး လာကြောင်သွားလို့မှ မကြာသေး ... နောက်တစ်ယောက်က တစ်မျိုး ... တောက် ..."

လရောင်ရဲ့လက်ထဲက ဘီးလေးမှာ အငယ်မရဲ့လက်ထဲမှ သေချာမရောက်သေးခင် ... လရောင်ရဲ့ လက်ထဲမှပဲ ပြုတ်ကျသွားတော့ကာ ... ကြမ်းပြင်ပေါ်မှာ နှစ်ပိုင်းကလေး ...။ အငယ်မက "ဆတ်"ပြီး ကျိုးသွားသော ဘီးပန်းရောင် အကြည်လေးကို ကြောက်လန့်တကြား ငုံ့ကြည့်ကာ ..."ငါ့လက်ထဲကနေ ပြုတ်ကျတာ မဟုတ်ဘူး ... ငါနဲ့က ... ထိတောင်မထိရသေးဘူး ..."ဟု ခပ်မြန်မြန် အော်ဟစ်လိုက်သည်။

ခါတိုင်းတွေတုန်းကဆို ... သူ့ဘီးကို တောင်းလည်းတောင်းသေး ချိုးမိသလိုလည်း ဖြစ်သေးဆိုရင် ... အိမ်ပြိုမတတ်ဆွေ့ဆွေ့ခုန်နေတော့မည်ဖြစ်သော လရောင်ရဲ့ အချိုးအချိတ်ကို သိနေသူပီပီ ... ကြိုတင်ကာကွယ် အော်ဟစ်လိုက်ရခြင်း ဖြစ်ပါသည်။ သို့သော် ... လရောင်ကား ... ဘီးလေးကို စိုက်ကြည့်နေသော်လည်း ငိုင်တွေတွေ ညှိုးမှိုင်မှိုင်ပုံစံမျိုးကြီးသာ ဖြစ်နေလျက် ဒေါသထွက်နေသည့်ပုံကိုကား မတွေ့ရချေ။ ထူးဆန်းလှချည့်။

ငယ်က လရောင်ရဲ့ ငြိမ်သက်မှုကို အခွင့်ကောင်းယူကာ ... နှစ်ပိုင်းကျိုး ဘီးကလေးရဲ့ လက်ကိုင်ပိုင်းကို မြန်မြန်



လေး ကုန်းကောက်ယူလိုက်ပါသည်။ သူ့ သိပ်စိတ်တိုပုံ မရရင်ဒီအကျိုးပိုင်းလေးနဲ့လည်း အချဉ်ထုပ်ကို ဆက်ခြစ်၊ ဆက်ညှစ်နေလို့ရတာပဲဟာ ... နော် ...။ နှုတ်ဖျားကတော့ နှစ်သိမ့်သံကလေးနှင့် ...

"စိတ်မကောင်း မဖြစ်ပါနဲ့ဟယ် ... ငါ ပြန်ဝယ်ပေးရမလား"

"ထားလိုက်ပါ ..."

"ခုတလော ထူးဆန်းတာတွေချည်း ဖြစ်နေပါလား ..."

"နင် ခုနက ပြောလိုက်တဲ့ ... နောက်တစ်ယောက်ကလည်း တစ်မျိုး ... ဆိုတာ ..."

"ဪ ... အေး ... အဲဒါလည်း ထူးဆန်းတာပဲ ... ဟိုတစ်ယောက်လေ ... ဖေဖေတို့ကို လာထိုင်ကန်တော့သွားတယ်ဆိုတဲ့သူ ... အေးဟယ် ... အဲဒီတစ်ယောက်ကလည်းပဲ ရုတ်တရက် ချဉ်းကပ်လာလို့ဟဲ့ ...။ ကျွတ် ... ငါတော့ ဖေဖေ့ရဲ့ ရိုက်ပေါက်တွေချည်းပဲ ဖြစ်နေရပြီ ...။ သူက သူလာကန်တော့လိုက်တာနဲ့ပဲ ငါ့အဖေက ကျေပြီအေးပြီများ ထင်နေသေးလား မသိပါဘူး ...။ ဘာများ ဆက်ဖြစ်ချင်နေသေးတာလဲ မသိဘူး ..."

လရောင်မှာ ကိုယ့်လက်ကလေး နှစ်ဖက်ကို အပြန်ပြန် အလှန်လှန် အချင်းချင်း ဆုပ်နယ်နေမိရင်း ... ရင်ထဲမောပန်းမွန်းကျပ်၊ ခေါင်းထဲမှာတော့ ရိဝေဝေနှင့် မူးနောက်ချင်လာရပါတော့သည်။

"သူ ... သူကရော ... ချဉ်းကပ်လာပြီး ... ဖွင့်ပြောရောလား ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ဒါပေမဲ့ အလကားနေရင်း ပြေလည်နေချင်တာကြီးမျိုးက ဘာသဘောလဲ ..."

လရောင်ကား ... ဒီပြင် လူတစ်ယောက်ယောက်အတွက် အငယ်မက ဒီလိုစကားမျိုးကိုသာ ဆိုလာရင် ...

"ဘာသဘောမှ မဟုတ်ဘူး ... ဘာကြီးမှုကို မဟုတ်တာ ...။ နင့်ကိုယ်နင် သိပ်အထင်ကြီးမနေနဲ့ သူငယ်မ ... မှန်လေးဘာလေး ပြန်ကြည့်လိုက်ဦး ...။ နင် အဲဒီနေ့က ကောင်းကောင်းကန်းကန်း ဝတ်စားထားမိရင်တော့ ပိုက်ဆံချေးချင်လို့ ကပ်လာတာပဲ ဖြစ်ရမယ် ...။ ခပ်စုတ်စုတ် ဖြစ်နေရင်တော့ သန့်ရှင်းရေးအလုပ်သမမှတ်လို့ ... 'အိမ်သာဘယ်မှာလဲ အီးပါချင်လို့ ... လို့ လာမေးမလို့ နေမှာပေါ့ ..."

ဘာဘာညာညာ ... နှိမ်နှက် အနိုင်ပိုင်း ပြန်ပြောမိမှာမလွဲ ...။ ပြောလည်း ပြောခဲ့ပါသည်။ အငယ်မနှင့် လရောင်ဟာ လစ်ရင် လစ်သလို၊ အကွက်ပေါ်တိုင်း ဆော်နှက်နေကြတဲ့ ပြိုင်ဘက်တွေလေ။ ခုကျတော့ အငယ်မရဲ့အနားကို ရုတ်တရက်ချဉ်းကပ်လာပြီး၊ အလကားနေရင်း ပြေလည်ချင်နေပါတယ်ဆိုတဲ့ ... "ထိုသူ"မှာ ဒီပြင်လူတစ်ယောက်ယောက် မဟုတ်ဘဲ "အာယု"မှ ဖြစ်နေရတဲ့အတွက် ... ဝမ်းပန်းတနည်းနဲ့ ကိုယ့်ဘာသာမလုံလဲတဲ့စိတ်က ... လရောင်ဝင်းရဲ့ နှုတ်ခမ်းများကို အနိုင့်အထက်၊ အနိုင်ပိုင်းတွေ ထွက်မလာစေတော့ဘဲ ... အာစေးသာမိနေစေတော့သည်။

အဲဒါကြောင့်ပဲ ... စ,စတွေ့ပြီးခဲ့ကြကတည်းက ... လရောင်ရဲ့ စိတ်အတွေးထဲမှာ အလိုလိုနေရင်းကို အာယုနဲ့အငယ်မ



ကို မရင်းနှီးစေ၊ မဆုံစေချင်တဲ့ စိုးရိမ်ပူပန် မနာလိုစိတ်တွေဖြစ်ပေါ်နေခဲ့တာ နေမှာပါ ...။ မသိစိတ်က ကြိုသိနေလို့ပေပဲလား။ ခုတော့ စိုးရိမ်ခဲ့တဲ့အတိုင်း တန်းဖြစ်လာပြီ ...။

ဟိုလူ့လောက် နှုတ်ရဲလက်ရဲတော့ ဟုတ်ဟန်မတူတဲ့ အာယုဟာ ... ဟိုလူ့လောက် မမြန်သော်လည်း ... မကြာခင်မှာပဲ ဖွင့်ဟဖြစ်တော့မှာပဲ မဟုတ်လားဟင် ...။ သူလည်း လူကြောက်လူအ တစ်ယောက်မှ မဟုတ်တာ ...။ ဒီလိုဆိုရင် ... အငယ်မရဲ့ သဘောထားကရော ...။ သူကိုယ်တိုင် "ချောလိုက်တာနော်"လို့ ခုန်ပေါက် ပြောခဲ့ဖူးသူ တစ်ယောက်ကိုကျတော့ ... ဟိုလူ့ကို ပယ်ပယ်နယ်နယ် ပြောခဲ့သလိုမျိုး ..."အရူကြောင်ကြောင် အကောင်စုတ်"ဆိုတာမျိုးတော့ ထွက်ပေါ်လာတော့မည် မထင်ပေ။

ခုလောလောဆယ်မှာတော့ ... အာယုရဲ့အကြောင်းကို ပြန်ပြောနေလည်းပဲ အငယ်မဟာ ... ဘီးကျိုးရဲ့လက်ကိုင်နဲ့ အချဉ်ထုပ်ရဲ့ ပလတ်စတစ်အိတ်ခွံကိုပဲ အားကျိုးမာန်တက် ... ရှူးရှူးစိုက်စိုက်နဲ့ခြစ်ကာ ... ခြစ်ကာ ... ဆီးသီးအချိုရည်များကို တစ်နေရာတည်း စုရောက်နေအောင် စုဆောင်းနေဆဲ ...။

အဲဒီလို အငယ်မဟာ ... လရောင်ထက်များ ပိုလှနေသေးလို့လားဟင် ...။ လှခြင်း မလှခြင်းနဲ့ကော ... ဆိုင်ကော ဆိုင်လား။ တကယ်ဆို အာယုနဲ့ လရောင်တို့၊ အငယ်မတို့ရဲ့ တွေ့ဆုံခြင်းများဟာ ... တစ်ယောက်နဲ့ တစ်ယောက် နှစ်ခါစီလား ရှိကြသေး ...။ လှပခြင်း၊ မလှပခြင်းနဲ့ မသက်ဆိုင်ဘူးဆိုရင် ... နှစ်ခါပဲ မြင်ဖူးရသေးတဲ့ သူတစ်ယောက်ကို "ချစ်သွားပြီ"ဆိုတဲ့ အဖြစ်ဟာ တကယ်ရှိတယ်ပေါ့နော်။

www.burmeseclassic.com

www.burmeseclassic.com



' ဩော် ... ရှိတာပေါ့ လရောင်ရယ် ...။ နင်ရောဟင် ...! နင့်ရင်ထဲ ... ခုနေရာဝင်ယှက်လိုက်ပြီဖြစ်တဲ့ ... (အို ... မဟုတ်ဘူး ... ရှင်းရှင်းပဲ ပြောတော့မယ် ... ချစ်တာ ... ချစ်တာ ... ချစ်ကိုချစ်မိသွားတာ ... အဲဒါပဲ ...) အင်း ... ဒါဆို ... နင် ချစ်မိသွားတဲ့သူဟာ ... နင်နဲ့ ဘယ်နှခါများ ဆုံတွေ့ထားတဲ့လူပါလိမ့်ဟင်။

ဒါဆို လရောင်ကရော ... သူဟာ လူချောတစ်ယောက်မို့ နှစ်ခါလေးတည်းနဲ့ "ချစ်မိပြီ"ဆိုတဲ့အဖြစ်မျိုး ရောက်ရတာလား ...။ အို ... မဟုတ်ပေါင် ...။ သူနဲ့ ပထမတစ်ကြိမ်ဆုံတွေ့လိုက်ရစဉ်က ရန်ချည်းပဲ ဖြစ်နေခဲ့ရတဲ့ လရောင်ခမျာ ... သူက လူချောတစ်ယောက်ပါလား ... ဆိုတာတောင် ... အငယ်မတစ်ယောက် ခုနံပေါက်နေတော့မှပဲ သတိစ,ထားမိ၊ သိရှိခဲ့ရတော့တာမျိုးပါ ။

ဒါဖြင့် နှစ်ခါတည်းမျှနှင့်သည်လည်း "လုပခြင်း" ပေါ်မှာ မူမတည်ပေဘူးပေါ့နော် ...။ ဒါဖြင့် ..."လရောင်ဝင်းနဲ့ အငယ်မတို့ နှစ်ယောက်မှာ လရောင်ဝင်းကသာ နှာမည်နဲ့လိုက်အောင် ထင်းလင်းဝင်းပပြီး ပိုမိုလှပလှချည်ရဲ့"လို့ ... လူတကာက ယှဉ်ပြောနေကျ စကားသည်လည်း ဒီနေရာမှာတော့ တစ်စက်ကလေးမှ ... အသုံးမဝင်နိုင်ပြီဘူးပေါ့နော် ...။

စတော်ဘယ်ရီသီးလေးတွေ အတွဲလိုက်လေးပါသော ကလစ်နှစ်ချောင်းကို ဆံပင်ခွဲကြောင်းနှစ်ခုမှာ ညှပ်ထိုးထားတာမို့ ... ဆီးသီးထုပ်ကို ကြိုးစားပန်းစား ကုန်း,ကုန်းခြစ်လိုက်တိုင်း ... အငယ်မရဲ့ခေါင်းပေါ်မှာ ... စတော်ဘယ်ရီသီး အတွဲလေးတွေက တလှုပ်လှုပ်နှင့် ...။



ဆီးသီးထုပ် ပလတ်စတစ်ရဲ့ ထိပ်ပေါက်မှာ ဆီးယိုအနှစ်ရည်တွေအားလုံး စုလာတဲ့အခါမှာတော့ ... ရေ့သွားလေးနှစ်ချောင်းနဲ့ ခြစ်ယူစုပ်စားလိုက်ရင်း ... သူ့သိပ်ကျေနပ်သွားလေတော့ မျက်နှာလေးက တပြုံးပြုံး ... သွားစွယ်လေးနှစ်ထပ် နှစ်ချောင်းက ဖွေးခနဲ ... ထင်းခနဲ ...။

ယောက်ျားလေးတွေဟာ ဘယ်လိုမိန်းကလေးမျိုးကို သဘောကျတတ်ကြတာပါလိမ့်။ "မ,ကိုသာ"လို့ ထင်ရတဲ့ စိတ်ကြက "ငယ့်ကိုပါ"ဆိုကတည်းက အံ့သြရလှပြီဖြစ်သော လရောင်ဝင်းကား ... အာယုကပါ ချဉ်းကပ်ပြေလည်ချင်လွန်းလို့ ... ဆိုတဲ့အခါကျ ... ယောက်ျားလေးတို့ရဲ့ "အကြိုက်"ဆိုတာကို ဘယ်လို နားလည်ရမှန်းကို မသိနိုင်တော့ပါပြီတည်း။

"ဟယ် ... ကြည့်စမ်း ..."

ရုတ်တရက် အကျယ်ကြီး ထအော်ပစ်လိုက်သော အငယ်မကြောင့် အတွေးအိမ်တွေထဲ စိတ်ပင်ပန်း ဆင်းရဲစွာ နစ်မြုပ်နေရတဲ့ လရောင် တစ်ယောက် အလန့်တကြား လန့်နိုးလာရသလိုပင် ...။

အငယ်မက လရောင်ဘက်သို့ သူ့လျှာနီရဲရဲကလေးကို အလျားလိုက်ကလေး ထုတ်ပြလိုက်ကာ ...

"အကျင့်မကောင်းဘူး၊ ကြည့်စမ်း ... နီးပြားစကြီးမှတ်လား ...။ ဆီးယိုအရည်လေးတွေကို မြို့မြို့ပြီး အရသာခံနေတာကို ... ငါ့လျှာနဲ့အာခေါင်ကိုတောင် ဒါကြီးက ထိုးရှသွားတယ် ..."

www.burmeseclassic.com

www.burmeseclassic.com



အငယ်မက နှီးစအချောင်းလေးကို သူ့လျှာပေါ်က ဆွဲယူလိုက်ကာ ... ကြမ်းပြင်ပေါ် ပစ်ပေါက်ချလိုက်ပြီး အငြိုးတကြီးနှင့် ... ဖနောင့်နှင့်နှစ်ချက်လောက်ပါ ဆောင့်ပေါက်လိုက်သေးသည်။

"နမိတ်ကို မကောင်းဘူး တွေ့လား ... အဲဒါ ဟိုသတ္တဝါတွေအကြောင်း ပြောရင်းနဲ့ စားနေမိလို့ ... ဒီလိုဖြစ်ရတာ။ ခါတိုင်းလည်း ဒီအချဉ်ထုပ်တံဆိပ်က အမြဲစားနေကျပဲ ဟာကို ... တစ်ခါမှ နှီးပြားကြီး ပါမလာဖူးပေါင် ... ခုမှ။ မဖြစ်ဘူး ... မဖြစ်ဘူး ...။ ဖေဖေက ခုဖြစ်သွားတဲ့ကိစ္စမှာ ...အစစ်ရော ... အတုရော နှစ်ကောင်စလုံး ... 'လုံးဝ' ပဲလို့ ပြောထားပြီးသားဟာကို ...

အဲဒါ ငါ့ကို နိမိတ်ပြတာပဲ ...။ ဒီတိုင်းသာဆက်ဖြစ်နေရင် ... ဖေဖေနဲ့ ငါနဲ့ အရင်ဆုံး တွေ့ရမှာပဲ ...။ သင်းတို့အတွက်နဲ့ အရိုက်ခံရမယ်ဆိုရင်များ မတန်လိုက်တာ။ ဘယ်သူဖြစ်ဖြစ် ... ဘာသော ညာသော ... ဘာမှမသိဘူး။ ယတိပြတ် ပြောမပစ်ရင် ... မျှော်လင့်ချက်ပေးထားတယ် ထင်နေဦးမယ် ... အားလုံး ငြင်းပစ်မယ် ... သိကြရောပေါ့"

"ဘာမှမဆိုင်ဘူး ..."ဟု ထင်လိုက်မိပေမဲ့ လရောင်က ... "နင် ဘယ်လိုငြင်းမလို့လဲ"ဟုပဲ မေးလိုက်မိပါသည်။

"ဖုန်းဆက်လိုက်မှာပေါ့ ... အကြောင်းကြောင်း အစုတ်ရဲ့ ဖုန်းနံပါတ် ငါသိပါတယ် ... ဟိုတစ်ခါ မ,သူ့ကိုဖုန်းဆက်ခေါ်ကတည်းက သိလိုက်တာ ... မှတ်ထားတာ မဟုတ်ဘူးနော် ... အလိုလိုနေရင်း ဒီလိုပဲ သိလိုက်တာ။ ဖုန်းလှမ်းဆက်ပြီး 'လုံးဝပဲ'လို့ ပြောလိုက်မယ် ..."



"ဟို ... ဟို တစ်ယောက်ကိုရော ..."

"ဟို ... အာယုလား ... သူ့တော့ ဘယ်လိုလုပ် ငြင်းမလဲ ဟဲ့ ..."

"ဟင် ... ! ဘာလို့လဲ ..."

"ဟာ ... ငါက အရူးလား ...။ ငြင်းတယ်ဆိုတာ ... ငါ့ကို ချစ်ပါ ကြိုက်ပါတယ်လို့ လာပြောထားမှ ... ငါ့ဘက်ကလည်း မချစ်ဘူး မကြိုက်ဘူးပဲ ပြန်ပြောလို့ရမှာပေါ့။ သူက ဘာမှမှ မပြောတဲ့ဟာ ...။ ဘာမှမပြောဘဲ အနားမှာပဲ လာဝဲလည်နေတဲ့သူကို ... 'ရှင့်ကို ကျွန်မ, မချစ်ဘူးနော်'လို့ အရင်သွားစပြောလို့ ရမလားဟဲ့ ..."

"အနားမှာ ရှိနေတာကို မကြိုက်ပါဘူး ... မလာပါနဲ့တော့ ဘာဘာညာညာ ဆိုရင်ရော ..."

"အဲဒါကမှ ဘာမှမပြောသေးတဲ့လူကို 'ပြောပါတော့ ... မြန်မြန်ပြောပါတော့ ...'လို့ အထာသွားပေးတာနဲ့ တူနေမှာ။ ဟိုက "ငါတော့ ပိုင်ပြီ"လို့တောင် တွက်သွားလိမ့်မယ်"

"အဲဒီတော့မှ ထငြင်းလေ ..."

"ဟာ ... မကောင်းလှပါဘူး နှင့်အကြံက ...။ ခုလောလောဆယ်ဆယ်တော့ လုပ်လို့ရတာကိုပဲ စလုပ်ထားမယ် ... ဖွင့်ပြောထားတဲ့ လူကိုပဲ ငြင်းမယ် ..."

အငယ်မက တယ်လီဖုန်းရှိရာဆီသို့ ဘောက်ဆတ် ဘောက်ဆတ်နှင့် ထထွက်သွားပါသည်။ လရောင်မှာတော့ "ပြော မထားကဲ့လူမို့ ငြင်းလို့မရတာ"ဆိုတဲ့ အင်မတန်ရှင်းလင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်လေးကိုပဲ ... "မငြင်းချင်လို့လား" ...။ "အားလုံးငြင်းထုတ်ပစ်မယ်လို့ ပြောမိပြီးမှ ... ချန်ထားချင်တာလား" ...။ "တကယ်ပြောလာခဲ့ပြီ ဆိုရင်ကော ... ငြင်းကော ငြင်းဦးမှာ ဟုတ်လို့လား ..."။ "မပြောရသေးဘူး ဆိုတာရော ... တကယ်ဟုတ်ပါ့မလား ..." ... နှင့် "လား"ပေါင်းများစွာထပ်ကာ ... ထပ်ကာ ... တစ်ဦးတည်း မငြိမ်းချမ်းနိုင်အောင် ဖြစ်ကျန်ရစ်ရပါတော့သည်။

ငယ်ကတော့ ...တမင်မှတ်ထားမိသည်လည်း မဟုတ်ပါဘဲ ... မ,နှိပ်ဆက်လိုက်စဉ်က ... လက်ကွက်ကိုမြင်ပြီး အလိုလိုနေရင်း မှတ်မိလိုက်သော ဖုန်းနံပါတ်လေးတစ်ခုကို ... တတောက်တောက် နှိပ်ချလိုက်ကာ ...

"ဒီမယ် ... ရှင် ... စိတြလား ... ကျွန်မ ... ငယ် ..."

"ငယ် ... ! "

"ဟုတ်ပါ့ ..."

"ငယ် ... ငယ် ... ကျွန်တော့်ဆီကို ဖုန်းဆက်တယ် ... ဟာ ... ငယ် ..."

"ကျွန်မ ... ရှင့်ကိုလုံးဝမချစ်ဘူး၊ အပြတ်ငြင်းတယ် စိတြ ... ရှင် တမင်သက်သက် ... မသိချင်ယောင်ဆောင်မနေနဲ့ ..."

စိတြဆီက နောက်တစ်ခွန်းလောက် ထပ်ထွက်လာရင် ... ထပ်တူကျ လက်စားချေရရာ မရောက်တော့မှာ စိုးတာမို့ ငယ်က ဖုန်းကို ကသောင်းကနင်း နိုင်လှအောင်ပင် အမြန်ဆုံးပစ်ချပစ်လိုက်သည်။ ဟိုဘက်မှာ ပါးစပ်အဟောင်းသားကြီးနဲ့များကျန်ရစ်တယ်ဆိုရင် ... ဒီကိစ္စက ပိုတောင်ဝမ်းသာစရာ ကောင်း



ပါဦးမည်။ ငယ်က လရောင်တို့ရဲ့အိမ်က လိုင်းဖုန်းနှင့် ဆက်လိုက်တာမို့၊ ဖုန်းချအပြီးမှာ ဖုန်းလက်ကိုင်ကို ဖုန်းခွက်ပေါ် သေချာပြန်ကျအောင် မတင်ဘဲ ခပ်ခွာခွာလေး လုပ်ထားလိုက်ပါသည်။

ငယ့်အိတ်ထဲက လက်ကိုင်ဖုန်းကလေးက "တတင်တင်"ဆက်တိုက်ပင် မြည်ဟီးလို့ လာနေပါတော့သည်။ ငယ်က မကိုင် ...။ ယူတောင်မကြည့်ပါ။

○ ✧ ○

www.burmeseclassic.com

www.burmeseclassic.com



## စိတ်ညစ်စရာတွေ ... ချန်ထား ...

အာယုတို့ သူငယ်ချင်းတစ်သိုက် ... ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးရဲ့ ခွဲစိတ်ကုသဆောင် ပေါ်တီကိုအောက်မှ အပြင်သို့ ထွက်လိုက်ကြလျှင် ... ဒါမျိုးနေရာမှာ မျက်စိအလွန်ကောင်းသည့် တစ်ယောက်က ... မလှမ်းမကမ်းရှိ ဂိတ်ပေါက်သို့ တန်းခနဲ စပြီးမြင်ပါသည်။

"ဂိတ်မှာ ... Motion Craft ဘီး ... အပြာလေးနဲ့ ..."

"ဟာ ... လရောင် ..."

"မင်းကို လာစောင့်နေတာလား အာယု ..."

"ထင်တာပဲလေ ... အသိတွေပဲ ..."

"အသိ ! စကားလုံးကြီးကလည်း တစ်မျိုးကြီးပဲ ... သူငယ်ချင်းတို့ ... အအိတို့ ... လာလတ္တံ့တို့ ... လက်ရှိတို့ ..."

"ဒါ တစ်ခုမှ မဟုတ်ဘူးကွ ... အသိပဲ ..."

"မန္တလေးကပဲလား ..."

"ဟင့်အင်း ... ရန်ကုန်ကပါပဲ ..."



လရောင်ဝင်းဟာ လှတပတ ချစ်စရာကောင်မလေးမို့ ... အာယုမှာ အလိုက်တသိ နောက်ချန်ရစ်မနေကြဘဲ ... "အသိတဲ့ဟေ့" ... ဟု ... ဟေးဟေးဟားဟား အသံများနှင့်အတူ မခွဲမခွာ ကပ်ပါလာသော သူငယ်ချင်းကောင်များကို ဖြုတ်ချမရဘဲ ... တစ်အုပ်လုံး ... အပူးလိုက်ကြီးပဲ အပြင်သို့ ထွက်လာရပါတော့သည်။

"အာယု ... ရှင် ... အားသွားပြီ မဟုတ်လား ..."

"အား ... အဲ ... မအား ..."

"လမ်းမတော်ကျောင်းမှာ အတန်းပြန်တက်ရမှာက နေ့လယ်တစ်နာရီကျော်မှပါ ..."

အာယုက ပြိုင်ငြင်းမနေတော့ဘဲ ... "အတန်းပြန်မတက်ခင် ဗိုက်ကတော့ ဖြည့်ရဦးမှာပေါ့" ... ဟုသာ ပြောလိုက်ရပါတော့သည်။ လရောင်ကလည်း ခပ်အေးအေးပင် ...။

"ဒါဖြင့် လရောင်နဲ့အတူ ဖြည့်ကြမယ် ... ကားပါလား"

"မပါဘူး ... ကျောင်းမှာ ရပ်ခဲ့တယ် ... ဒီကောင့်ကားနဲ့ စုလာကြတာ ..."

"ဒါဆို သူတို့ကို ပြန်ခိုင်းလိုက်တော့လေ ... လရောင်မှာ ဘီးပါသားပဲ ..."

"ဘီး ! ဒီ Motion Craft နဲ့က ဘာလုပ်ရမှာလဲ ..."

"အမယ် ... နောက်ဘက်မှာ ထိုင်ခုံက ချိုးခေါက်ထားတာ ... အရှင် ...။ ချလိုက်လို့ ရတယ် ..."

"အဲဒီကယ်ရီယာပေါ်မှာ ကျွန်တော်မျိုးက ထိုင်ရမယ် ...။ ပြိုင်ဘီးကို ကယ်ရီယာလာတပ်ထားတာကိုက အလုပ်မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တာ ...။ အဲဒီဟာပေါ်မှာမှ ထိုင်ရဦးမယ် ဟား ဟား ဟား"

"ဘယ်သူက အတင်းထိုင်ခိုင်းသေးလဲ ! ... လရောင်က ထိုင်မှာ ... အာယုက နင်း ..."

"ဗျာ ... အရှေ့ပိုင်းဆေးရုံကနေ ... လမ်းမတော်ကျောင်း အထိ ..."

"ရှင် မန္တလေးသား မဟုတ်ဘူးလား ..."

"အဲဒီမှာ ... စစီးတတ်ကတည်းက ဆိုင်ကယ်ပဲ ... ဘီး တော့ မဟုတ်ဘူး ..."

"လမ်းမတော်ကျောင်းအထိ မနင်းခိုင်းပါဘူး ... စားသောက် ဆိုင်တစ်ခုခုထိပဲ နင်းပေါ့ ... အဲဒီကနေမှပြီးရင်... ကျောင်း ကို ဘတ်စ်ဆက်စီးစီး၊ တက္ကစီပဲငှားငှား ... ရှင်ကြိုက်သလို လုပ်။ လရောင်က အဲဒီကနေပဲ ပြန်မယ် ..."

အာယုမှာ လှည့်ပတ်ငြင်းထုတ်ဖို့ ကြိုးစားကြည့်ပါ သော်လည်း ဒီ့ထက်ကတော့ ပိုပြော၍မကောင်းတော့ပြီ။ နံဘေး က သကောင့်သားတွေရဲ့ မျက်နှာတွေကလည်း ပြုံတီတီ ပြုံးစိစိ တွေ ဖြစ်ကုန်ကြပြီ။ လရောင်လို မိန်းကလေးမျိုးနှင့် နေ့လယ်စာ အတူထွက်စားကြဖို့၊ ဘီးကလေးတစ်စီးမှာ နှစ်ယောက်တည်းဖြစ် နေဖို့ဆိုတာတွေဟာ ... အာယုတို့ အသိုင်းအဝိုင်းထဲတွေမှာတော့ "နေရာချင်းလဲမလား"ဟု ပြောကုန်ကြမည့်သူတွေ တစ်ပုံကြီးပင် ...။

အာယု အဖို့ကလည်း အရင်တွေတုန်းကလိုဆိုရင် ဘာများ အရေးစိုက်စရာရှိသလဲ ...။ "လာပါလေ့"ပေါ့။ သို့သော် ခုချိန်က အရင်ကနဲ့ မတူပြီလေ ...။ အာယုဟာ ဣန္ဒြေကြီးမြတ်



လှသော တော်ဝင်ပန်း အဖိုးတန်တစ်ပွင့်ကိုမှ မျှော်မှန်းရူးဆွတ် တော့မည့်သူမို့ ... ကိုယ့်ဘက်ကလည်း စတင်ပြီး အနေအထိုင်၊ အသွားအလာ၊ အပြုမူ အပြောဆိုများကို ပြင်ဆင်ထားဖို့ ဆုံးဖြတ် ပြီးနေတဲ့အချိန် ...။

မမကတော့ အာယုရဲ့ ပြောင်းလဲပြင်ဆင်မှုများ အတွက် တန်ဖိုးထားချင်မှ ထားမည်။ ဘယ်လိုနေနေလဲ ... (သူ့ ကမ္ဘာလေးနှင့်သူ ငြိမ်းချမ်းနေတတ်သူမို့) ပြန်သိချင်မှလည်း သိ မည်။ ဒါပေမဲ့ ... ဟိုကောင်မလေးကလည်း ရှိသေးသည်လေ ...။ ဟိုစပ်စပ်သည်စပ်စပ်နဲ့ ကြောက်စရာကောင်းမဲ့ပုံရသော "အငယ်မ" ဟာ "အာယုက သူ့အစ်မကို"ဟု သတင်းရတာနဲ့ ... ကာယကံ ရှင်ထက်ပင် မျက်စိမွှင့်၊ နားစွင့်ကာ အပြစ်ရှာဖွေကြည့်နေတော့မဲ့ ဒီဇိုင်းကလေး။ သူ့ပဲ ကြောက်နေရမဲ့ပုံ။ သူ့ဆီ ဘာသတင်းမှ ပြန်မရောက်ဖို့ အရေးကြီးသည်။

အဲဒီမှာမှ ဒီကလေးမ "လရောင်"ကိုတော့ အာယု က ပိုပြီးတောင် လန့်လေသည်။ တခြားမဟုတ်တဲ့ သတင်းဆို ရင်မှ နေ့ဆိုင်းချင် ဆိုင်းဦးမည်။ လရောင်ကတော့ ဘယ်လိုအဆက် အစပ်မှန်းသာ မသိတာ ... အဲဒီအိမ်နဲ့ တစ်နည်းတစ်ဖုံ ပတ်သက် နေတဲ့ မိန်းကလေးဆိုတာ သေချာနေပြီးသားပဲ ...။ တစ်ခုခုဆို စက္ကန့်မဆိုင်းကို ပြန်ရောက်သွားမှာလေ။

အာယုက သူ့ဘီးလေးကို ပြောင်းဒိုင်းနှင့် ချိုးချက် ပြင်ဆင်ပြီး ကယ်ရီယာထိုင်ခုံ ချနေသည့် လရောင်ကို စိတ်ရှုပ် ရှုပ်နှင့်ပဲ ကြည့်နေမိပါတော့သည်။ ဒီဟာမလေးဟာ ဘယ်လို အကြံအစည်တွေနဲ့များ အနားကို ရောက်,ရောက်လာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... ရပြီ အာယု ..."

"ဟော့ကောင် အာယု ... ပထမဦးဆုံးအချိန် Micro ချိန်က ဟိုဆရာကြီး အချိန်နော် ... ပျင်းစရာကြီး ... ဒီတော့ အရေးတကြီး၊ အလောသုံးဆယ် ပြန်လာနေစရာ ... မလိုပါဘူး ...။ Patho practical ချိန် ပြန်မီရင်ရပြီ"

အာယုရဲ့ တွန့်ဆုတ်ဆုတ်ဟန်ကို ရိပ်မိနေကြတဲ့ အုပ်စုတစ်သိုက်က တမင်သက်သက်ဝင်ပြီး ဘေးတီးပေးလိုက်ကြပါသေးသည်။ ကျောပိုးအိတ်ကို ကိုင်းနှစ်ဖက်စလုံး လက်လျှိုကျောပိုးလိုက်ကာ ... Motion craft ပေါ် လွှားကနဲ တက်လိုက်ရပြီဖြစ်သည့် အာယုက ... ထိုသတ္တဝါကောင်များကို လရောင်မမြင်အောင် မျက်နှာအမူအရာများနှင့် အသံတိတ် ... ဆဲရေးလိုက်၏။

"အာယု ..."

"အင်း ..."

စက်ဘီးကလေး စထွက်လာပြီ ဆိုသည်နှင့် လရောင်ရဲ့ ခေါ်သံလေးက တစ်မျိုးကလေး စထွက်လာပါသည်။

"အငယ်မဆီ ရောက်ဖြစ်နေတယ်ဆို ..."

"ဟင်း ဟင်း ... သူ ပြန်ပြောတာလား ..."

"ဟုတ်တယ် ... အငယ်မကို အာယုရဲ့သူငယ်ချင်း စိတြကလိုက်နေတယ်ဆိုတာရော သိလားဟင် ..."

"သိတာပေါ့ ... ဒီကောင် ကိုယ်တိုင် အိမ်လာပြောသွားတာပဲ ... ဟား ဟား ... ကြည့်လှမဲ့ ဓာတ်လမ်းပဲ ... တံတိုင်းတွေကို ဒီကောင် ဘယ်လိုနည်းနဲ့ ဖြတ်မှာလဲဆိုတာ စောင့်ကြည့်ရမယ် ..."



"စောင့်ကြည့်ပြီးရင် ... နည်းခိုးဦးမလို့လား ..."

"လရောင်က ကိုယ့်ကိုတွေ့ရင် 'သူခိုး'လို့ မရိုးစွပ်တဲ့ အကြိမ်ကို မရှိပါလား"

လရောင်ရဲ့ အသံကလေး ခဏတိတ်သွားလျှင် အာယုက ကိုယ်သိချင်ရာကို ...

"လရောင်က ဘာဖြစ်လို့ ကိုယ့်ကို အဲဒီအိမ်ကပဲလိုလို ... ဘာလိုလိုနဲ့ လိမ်ထားချင်ရတာလဲ ! ... အဲဒီအိမ်က ဦးခင်မောင်လွင်ရဲ့ သမီးနှစ်ယောက်မှာ လရောင်မှ မပါဘဲ ... မဟုတ်ဘူးလား ..."

"ဘယ်တုန်းကကော ... ရှင့်ကို လရောင်က ... 'ကျွန်မ ဦးခင်မောင်လွင်ရဲ့ သမီးပါရှင် ...'လို့ ပြောဖူးလို့လဲ ...။ လူကို 'လူလိမ်မကြီး'လို့ လာပြောမနေပါနဲ့"

လရောင်ရဲ့အသံလေးက မခံမရပ်နိုင်စွာ စူးကျယ်ပြီး ထွက်ပေါ်လာသည်။

"မဟုတ်ဘူးလေ ... အဖြစ်အပျက်တွေက ... အဲဒီလိုပဲ ..."

"ဘာအဖြစ်အပျက်မှ မရှိဘူး ... လရောင်က 'လရောင်ဝင်း' ပဲ ... ဦးခင်မောင်ဝင်းရဲ့သမီး ... ဦးခင်မောင်လွင်နဲ့ဆိုတူမ ... အဲဒီတော့ ဘာဖြစ်သေးလဲ"

"ဟုတ်ပြီ ... ဟုတ်ပြီ ... ဘာမှမဖြစ်တော့ပါဘူး ..."

အမလေး ... မောင်အာယုမှာ ... ကြောက်ရမဲ့၊ သတိထား ဆက်ဆံရမဲ့၊ မထင်ရင် မထင်သလို ကိုယ့်ဘက်မပါမဲ့ လူတွေ ... တဖြည်းဖြည်း များများလာရမလိုလိုပါလား ...။ ဒီ

www.burmeseclassic.com

www.burmeseclassic.com



ဟာမလေးဟာလည်း သူ့ညီအစ်မတော် ‘ငယ်’နဲ့ ဘာမှသိပ်မထူးမဲ့ အစားမျိုးလေးထဲကပဲ ... ဖြစ်လောက်သည်။ ဟိုးတုန်းကတော့ ခုလို သေချာရှင်းမပြဘဲ ငြိမ်နေခဲ့ပြီး ...၊ ခုမှ ပြောမိတဲ့လူကိုပဲ ထ,စိတ်ဆိုးနေရသေးတယ်လို့ ...။

“အငယ်မကို ဘာ့ကြောင့် ... သဘောကျတာလဲ ...”

“ဘယ်သူလဲ ... ကိုယ်ကလား ... ဘာလို့ သဘောကျရမှာလဲ ... သဘောမကျပါဘူး ...။ အဲ ... သဘောမကျဘူးရယ်တော့လည်း ဘယ်ဟုတ်မလဲ ... ဟာ ... ရှုပ်ကုန်ပြီ ... ဘာလဲ ... ဘယ်လိုသဘောနဲ့ မေးတာလဲ ... မေးခွန်းကြီးက မရှင်းဘူး ...”

ဘုရား ... ဘုရား ...။ ဘာသံတင်းတွေရပြီး ဘယ်လိုရည်ရွယ်ချက်နှင့်မှန်းမသိ ဖွတ်ကပ်လာသော ကောင်မလေးတစ်ယောက်ရဲ့ စကားတွေကို အားလုံး အဆင်ပြေချောမွေ့အောင် ဘယ်လိုများ ပြန်ဖြေနေရပါ ...။ စက်ဘီးနင်းနေသူနဲ့ နောက်ခုံ ကယ်ရီယာပေါ်က လူဆိုတော့လည်း ... သူ့မျက်နှာပေး အခြေအနေကိုလည်း ကိုယ်က မြင်မနေရ ...။ အကဲခတ်နေလို့မရ ...။ မျက်စိမှိတ် တိုက်နေရတဲ့ တိုက်ပွဲလိုလို ဘာလိုလိုနဲ့ တူနေသည်။

“ရှင်းပါတယ် ... အာယုက အငယ်မကို လူကြီးချင်းအစီအမံတွေ ရှိကြလို့ ... ကိုယ်နဲ့ အဆင်ပြေနိုင် မပြေနိုင် ... ဆက်အကဲခတ်ကြည့်ချင်တာမျိုးလားဟင် ...။ အဲဒါအထင်တွေ မှားနေမှာစိုးလို့ ...။ ခုလူကြီးချင်းက အဆင်ပြေသွားကယ်ဆိုတာ သေချာတော့လို့လား ...။ အန်ကယ်လွင်က လိုလိုလားလားပဲလို့ ထင်နေသေးတာလား ... အဲဒါဘာမှဖြစ်လာမှာ မဟုတ်တော့ဘူးနော် ...။ အငယ်မကပြောတော့ ဖေဖေ့ဘက်က ‘လုံးဝပဲ’လို့တောင် သဘောထားလိုက်ပြီဟာကို ... အာယုတို့က ဘာများဆက်ဖြစ်ချင်နေသေးတာလဲ မသိဘူးတဲ့ ...”



အာယုရဲ့ စိတ်ထဲမှာ ... တစ်စုံတစ်ခုကို မအီမလည်၊ မသက်မသာကြီး စဖြစ်ဖို့ ... ခုမှသတိစရပါသည်။ အား ... အန္တရာယ်။ မမရဲ့ဝမ်းကွဲညီမငယ်ဟာ ... ဘာကိုဦးတည်နေသလဲ ... အာယုက သဘောပေါက်စပြုပြီ ...။

မလွယ်ဘူးဟေ့ ...။ လူမှုရေး ...၊ ယဉ်ကျေးမှု သဘောတရားတွေအရ ... ယောက်ျားလေးဆိုတဲ့ဘဝက ... တစ်ဖက်က စတင်လာမှုတွေကို မိန်းကလေးတွေလိုမျိုး ...ပေါ်တင် ပြန်ငြင်းပယ်ခွင့် လုံးဝမရှိတဲ့ ဘဝလိုလို ဖြစ်နေတာ ...။ “မျှော်လင့်ချက်လုံးဝမရှိနိုင်တဲ့အကြောင်း” တစ်ဖက်လှည့်နဲ့ (ဒါပေမဲ့ အတိအကျ) ပြထားနိုင်မှ ... တော်ရုံကျကြရမဲ့ဘဝလေ ...။

“အာ ... ဒါက ဒီလိုရှိပါတယ် ... အန်ကယ်ဦးခင်မောင်လွင်ရဲ့ စိတ်သဘောကိုလည်း ... အဲဒီနေ့ကတည်းက ရိပ်မိခဲ့ပါတယ် ... လူကြီးချင်း နဂိုလို ... ဆန္ဒတွေ ရည်ရွယ်ချက်တွေ ဆက်ထားနေဖြစ်ကြဦးမယ်လို့လည်း မထင်ပါဘူး ...”

“ငါ့အဖေကလည်း ဒီလိုပါပဲ ...”ဆိုတဲ့ စကားမျိုးကတော့ ရင်ထဲမှာ မျိုသိပ်ထားရပေမပေါ့လေ ...။ မမထံ ပြန်ရောက်သွားလို့ လုံးလုံးမဖြစ်တဲ့ စကား။

www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် အာယုက အငယ်မကို လူကြီးတွေရဲ့ ဆန္ဒအရမို့ အကဲခတ်ချင်တာမျိုး မဟုတ်ဘူးပေါ့နော် ..."

လရောင်ရဲ့ အသံလေးဟာ စိတ်ပျက်လက်ပျက် အသံမျိုးကြီးကို ဖြစ်နေပါတော့သည်။ အထပ်ထပ် အပြန်ပြန် စဉ်းစားပြီး ... အကောင်းဆုံး ဖြစ်နိုင်ချေကို ရှာဖွေဖော်ထုတ်လာခဲ့သော မျှော်လင့်ချက်တွေဟာ ... ခုပဲ ပျက်ပြားရတော့မှာလား။ လရောင်ရဲ့ စိတ်ကူးတွေထဲမှာတော့ "အာယုဟာ အငယ်မကို လူကြီးတွေရဲ့ဆန္ဒအရသာ စလေ့လာကြည့်မှာ ..."။ အဲဒီလိုတွေးလိုက်မိတုန်းက ... ကိုယ့်ရဲ့အတွေးအကောင်းစားလေးအတွက် ... လရောင် ဘယ်လောက်ထိ ကြည်နူးပျော်ရွှင်သွားခဲ့ရသလဲ ... ရှင်မသိနိုင်ပါဘူး ... အာယုရယ် ...။

ဟုတ်ပြီ ...။ လူကြီးတွေက ဖြစ်စေချင်တဲ့ဆန္ဒရှိလို့ လူငယ်ချင်း လေ့လာကြည့်ကြရမှာဆိုရင် ... လူကြီးတွေ ကိုယ်၌က မဖြစ်မြောက်စေချင်တော့ဘူး ...၊ သဘောမတူနိုင်တော့ဘူးဆိုရင် ... ဘာမှ လေ့လာနေစရာ မလိုတော့ ... ဇာတ်လမ်းကပြတ်ပြီပေါ့ ...။ ဒါပဲလေ ...။

လရောင်လေ ... ဒီအတွေးကို တွေးမိတော့ ညှိုးချုံးစိတ်ပျက်နေရာကနေ ... နှစ်ချက်လောက်တောင် ထခုန်လိုက်မိသေးတာ ...။

မေမေကတောင် "ဘာဖြစ်ပြန်တာလဲ" လို့ လာမေးရသည်။ လူကြီးတွေရဲ့ဆန္ဒအမှန်ကို အာယု ပြန်သိသွားရင် ပြီးပြီ ... ဟုထင်ခဲ့တာလေ။ မဟုတ်တော့ဘူးလား ...။



"မဟုတ်ဘူး ... မဟုတ်ဘူး ...။ လူကြီးတွေရဲ့ ဆန္ဒအရ အကဲခတ်ချင်တာ မဟုတ်ဘူးဆိုလို့ ... ကိုယ့်ဘာသာကိုယ့် ဆန္ဒအရ အကဲခတ်ချင်တာလားလို့လည်း ထင်နေဦးမယ် ... အဲဒါလည်း မဟုတ်ဘူး ...။ အာ ... သိပြီ ... ဒေါ်လရောင်ဝင်းနဲ့ ဒေါ်ငယ်ငယ်နဲ့ ပူးပေါင်းပြီး ... ကျွန်တော်မျိုးကို အစ်ကြည့်ချင်ကြတာပေါ့နော် ... ဘာအဓိပ္ပာယ်လဲ ... လို့ တစ်ဖက်လှည့်နဲ့ လာမေးတဲ့ သဘော ... ဟား ဟား ဟား ဒါပေမဲ့ လွတ်လိုက်တဲ့ ကိုယ်စားလှယ်က မပိုရိတော့ ... ကိုယ်က ရိပ်မိသွားပြီဗျာ ... ခင်ဗျားတို့တစ်တွေ ... ပိပိရိရိကြီး မအောင်မြင်ပါဘူး ..."

လရောင်ဝင်း မမြင်သာသည့် အာယုရဲ့မျက်နှာတစ်ခုမှာတော့ ... ပါးစပ်ထဲတွေ့ရာ၊ ကောင်းမယ်ထင်တဲ့ ဇာတ်လမ်းတစ်စပုဒ်ကို ဆွဲထွင်ပြီး အိုက်တင်ပါပါကြီးနဲ့ ပြောနေရတဲ့အတွက် စိတ်ပျက်လက်ပျက်ကြီးကို ရှုံ့တွနေရပါတော့သည်။

ယောက်ျားလေး ဖြစ်နေရတဲ့ဘဝမှာ တစ်ဖက်မိန်းကလေးတော့ ဘာကိုရည်ရွယ်နေပြီလဲဆိုတာ ... သိပင်သိသော်ငြား ... တိုက်ရိုက်ကြီး ငြင်းပယ်ထွက်ပြေးနိုင်ခွင့် မရှိတာကတစ်မျိုး၊ မျှော်လင့်ချက်မရှိကြောင်း သိစေအောင် ကြိုးစားလှည့်ပတ်ပြောရမှာက တစ်မျိုးအပြင် ...။ ကိုယ်ရိပ်မိသွားတာ သူပြန်မသိစေနိုင်ဖို့၊ ကျန်ရစ်ရရင်လည်း သူ့မှာ လူကြားကောင်းတဲ့ ... ကိုယ်တိုင်လည်းဖြေသာမဲ့ ဇာတ်သွားလေးတစ်ခုနဲ့ဆိုရင် ... အကျန်ရသက်သာအောင် ကိုယ်ကပဲ ပြန်ထွင်ပေးခဲ့နိုင်ရင် ပိုကောင်းတာက တစ်မျိုး ...။

www.burmeseclassic.com

www.burmeseclassic.com



လုပ်မပေးခဲ့လည်းရရက် ... ကိုယ်က, ကရုဏာသွား ထားနေတာကိုး မောင်အာယုရဲ့ ...။ ခံပေါ့ ... အပင်ပန်းခံ၊ ဦးနှောက် အစားခံလိုက် ...။ အာယုရဲ့ စကားတွေကြောင့် လရောင်ခမျာ ခါးလေးပင် မတ်လာကာ ...

"ဒါဖြင့် ဘာလဲ"

"ကိုယ်က ရန်ကုန်မှာ အပေါင်းအသင်း ခင်ခင်မင်မင်ရယ် လို့လည်း သိပ်မရှိသေးဘူးလေ ..."

"ဟာ ! ဒါများ ...။ လရောင်ကိုကျတော့ စာရင်းထဲမထည့် ဘူးလား ... ဘယ်သွားထား,ထားမှာလဲ ..."

"အဲ ... ထည့်ပါတယ် ... ထည့်တာပေါ့ ... လရောင်ကော ... အငယ်မပါ ကိုယ်ခင်ခင်မင်မင် ပေါင်းချင်တဲ့ ကိုယ့်သူငယ် ချင်းတွေ ... ညီမတွေပဲ ..."

လရောင်က ခပ်လွင်လွင် အော်ရယ်လိုက်ရင်း ... နောက်ကနေ အာယုရဲ့ ညာဘက်လက်မောင်းကို "အုံး"ခနဲတစ် ချက် ထုထည့်လိုက်ကာ ...

"ဟား ဟား ... လရောင်ဝင်းတို့များ အ,တာ ...။ အကောင် လိုက်ပြမှပဲ အရိပ်အယောင် မြင်တော့တာပဲ ...။ သဘော ပေါက်ပြီ ...။ ပေါက်ပြီ ...။ အေးပေါ့လေ ... လရောင်က တော့ သူ့သူငယ်ချင်းကြီး စိတြ လိုက်ကြိုက်နေရတဲ့ တစ် ယောက်မှ မဟုတ်တာ ... ဒီလောက်ဘယ်အရေးပါပါ့မလဲ ...။ အငယ်မကိုကျတော့ စိတြ အတွက် တစ်ဖက်တစ်လမ်းက လှော်ဖို့ ကြော်ဖို့ ... အချိန်မီ ပိုရင်းနှီးဖို့လိုတာပေါ့ ...။



အမယ်လေး ... ကိုယ့်အဆင့်အတန်းကို ကိုယ် သဘောပေါက်ပါပြီ ... ဟွန်း ! ဘာများလဲလို့ ...။ လက် စသတ်တော့ ဒီလိုကိုး ... အဲဒါကြောင့် တစ်ပြိုင်နက်တည်း ကြီးကို နှစ်ယောက်ပူးကြီး ကပ်လာကြတာ ...။ အစက တည်းက ပြောပါလား .... ဟား ဟား ဟား ဟား ..."

တစ်လွဲတော့ ဆွဲတွေးသွားပြန်ပြီ ...။ ကောင်းပါပြီ လေ ...။ ရှိစေ။ ဒါနဲ့ ... ဒီမိန်းကလေးကို မျှော်လင့်ချက် ပျက် သွားအောင်တော့ ဘယ်လိုဓာတ်မျိုးကို ထပ်ဆင်ရပါ့ ...။ "အာယု ရဲ့ရင်ထဲက မြတ်နိုးမှု အစုစုသည် 'မမ'တစ်ယောက်တည်းအတွက် သာပါ ..."ဆိုတာမျိုး ...။ ကာယကံရှင်ဆီ မရောက်နိုင်သေးခင် ... ကြားထဲက ... ပေါက်ကျော်မလေးတွေဆီ အရင်ရောက်သွားရတာ မျိုးလည်း မဖြစ်ချင်ဘူးလေ ...။

ရုတ်ခြည်း ရွှင်လန်းလာသော လရောင်သည် နောက် ဘက်မှာ ငြိမ်ကုပ်၊ မလှုပ်မယှက်ကြီး ရှိနေရာက ... ခြေထောက် နှစ်ချောင်းလုံးကို တယမ်းယမ်းနဲ့လွဲ၊ ကိုယ်လုံးလေးကလည်း တလှုပ်လှုပ် တရွရွ ...။ လက်ကလည်း အငြိမ်မနေဘဲ အာယုရဲ့ကျော ပိုးအိတ်က ကြိုးစတွေကို ဆွဲလိုက် ...၊ Buckle တပ် အိတ်ကပ် များက ... Buckle ခလုတ်တွေကို ဖွင့်လိုက် ပိတ်လိုက် ...။

အဲဒါမှ လုံးဝ "ခွ"ပဲ ...။ မျှော်လင့်ချက်ကို ပျက်စေချင် ကာမှ ... ပိုတိုးတက်သွားစေပြီ ... ထင်ပါသည်။ တစ်နေ့ကျ ... ကံပါရင် ... (အား ... ကံပါရင် မဟုတ်ဘူးလေ ... မလွဲမသွေ ... ဟဲဟဲ)အမျိုးတော်နေရဦးမဲ့ သူကလေးမို့ ... အရမ်းကဲရောကြီး

www.burmeseclassic.com

www.burmeseclassic.com



စိတ်နာကျင်သွားအောင် … ပေါ်တင်ကြီး၊ အတိအလင်း တဲ့တိုးကြီး … ဆိုတာမျိုးကလည်း မဖြစ်သေးဘူးလေ …။ ဝှူး …။

"ငြိမ်ငြိမ်နေဟ … နင်းသာ နင်းနေတာ … သိပ်ကျွမ်းတယ် မထင်နဲ့ …"

"ဒါဆို ရပ်လိုက်တော့ … ဟိုးရှေ့က Burger ဆိုင်လေးတွေ့လား … အမဲသားစားလား … အဲဒီမှာလေ … Beef နဲ့ဆိုရင် ရှယ်ပဲ …။ လရောင်က ကျွေးမှာနော် … မနေ့က အိမ်မှာ မားသားကြီးကို စာရင်းတွေ ဝိုင်းတွက်ပေးသလိုလိုနဲ့ အိချွဲထားလို့ … ဘတ်ဂျက်တွေ အမြင့်ဇယားမှာ ပြနေတယ် … ဟိ ဟိ ဟိ …"

"အဲဒါနဲ့ပဲ ကိုယ့်ကျောင်း ကိုယ်သွားမတက်ဘဲ … သူများဆေးရုံကို ရောက်လာတယ်ပေါ့ … သမီးလိမ္မာပဲ …"

"အမယ် … အာယုနဲ့ စားသောက်ပြီးရင် … ကျူရှင်သွားတက်မှာပါ … သံချေးနား … ဆူးလေဘက်ပဲ …။ လမ်းမတော်ကျောင်းနဲ့မှ မဝေးတာ"

"ဘာ ! သဘောကတော့ ဒီကအပြန် … လမ်းမတော်အထိ ထပ်နင်းဆိုတဲ့ သဘောလား …"

"ဟဲ ဟဲ ဟဲ … 'စက်ဘီးမဝင်ရ ဧရိယာ'တွေ ဘာတွေနဲ့ ဆိုတော့ နည်းနည်းလေး ကွေ့ကွေ့ကောက်ကောက် ရှိနေတာလေးပါ … ဟဲ ဟဲ ဟဲ …"

အာယုမှာ "အမြန်ရုန်းထွက်ရမည်။ မျှော်လင့်ချက်မပေးရ"ဟု ကိုယ့်ကိုယ်ကိုယ် အတင်းသတိပေးနေရတဲ့ ကြားကပင် … မျက်နှာကြီး ရှုံ့မဲ့ပြီး ပိတ်မိမျောပါနေရပြန်လေပြီ။ ရွှင်ပျနေသော လရောင်က စိုင်းထီးဆိုင်ရဲ့ "ဘီးကလေး"အလိုက် တေးသွားကို "ဒါဒါဒါ … ဒီဒီဒီ"နှင့် အသံထွက် ညည်းလာခြင်းကိုတော့ … နောက်သလိုလိုနှင့် … "နားငြီးတယ်"ဟု ခပ်မာမာသံဖြင့် အော်ဟစ်ကာ တားဆီးထားလိုက်သည်။

○✧○



www.burmeseclassic.com

www.burmeseclassic.com



## လူဆိုးလေးမို့ ...

"အမလေး ... အမလေး ... ဘုရား ... ဘုရား ... ဘုရား ... ဘယ်လိုမောင်းလိုက်တာလဲ ဦးလေးရယ် ... ကားကြီး တစ်စီးလုံးလုံးကို မမြင်ဘူးလား ... တိုက်ပြုကုန်ရင် ဒုက္ခပါပဲ ... ကြည့်စမ်းပါဦး ... တကယ့်ကို နီးနီးလေးပဲလို တော့တယ် ..."

"ဦးလေးလုပ်တာ မဟုတ်ဘူး ... မ,။ ရှေ့ကားကိုလည်း ကြည့်ဦး ..."

ဒရိုင်ဘာဦးလေးကြီးနှင့် မတို့ အပြန်အလှန်တွေ ပြောဆိုလိုက်ပြီးသည့် သကာလ ... ညာဘက်ကနေ တအားကြီး ပွတ်ကပ်ဖြတ်ကျော်တက်သွားသည့် ကားမှာ ... ရှေ့ကနေ ကွေ့ ကောက်ပိတ်သလိုလို ...၊ လမ်းဘေးပဲ ထိုးကပ်တော့မလိုလို ဖြစ်နေပြီးမှ ... ရုတ်တရက် မ,တို့ကားရှေ့မှာပဲ တစောင်းကြီး ကန့်လန့်ဖြတ် ပိတ်ကာ ရပ်ချလိုက်ပါလေတော့သည်။

"ဟာ ... (—)ခွေး ..."



ဒရိုင်ဘာဦးလေးကြီးမှာ တစ်ချက် အော်ဆဲလိုက်ပြီး ... အသံကြီးပေမဲ့ လျှင်မြန်မှုကတော့ အပြည့်ရှိရှာပါသည်။ ရှေ့ကားက ကန့်လန့်ဖြတ် ပိတ်ရပ်ချလိုက်သည်နှင့် သူကလည်း ဒက်စတော့အုပ်ကာ ရပ်ပြီးသား ဖြစ်နေပါတော့သည်။

"ဘာကောင်တွေလဲကွ ... မိုက်ရိုင်းလှချေလား ..."

မ,ရော ငယ်ပါ ... "အား ... အမလေး"တွေ ...။ "သေပါပြီ"တွေ ဆူညံအော်ဟစ်၊ နဖူးနဲ့ရှေ့ခုံနောက်မှီတွေနဲ့ ပစ်ပျက်ဆောင့် ...။ အမျိုးမျိုးတွေ ဖြစ်နေကြပြီးမှ ... မ,က တုန်တုန်ယင်ယင်နှင့် ငယ်က ဒေါသနှင့် ... ရှေ့ကားထဲ အကြည့်ရောက်ကြရပါသည်။ ဆဲလည်းဆဲ ... ဒေါသထွက်ထွက်နှင့် အော်လည်း အော် လုပ်လိုက်မိသည့် ဒရိုင်ဘာကြီးကပင် စတင်ပြီး ... ရှေ့ကားက သမားရိုးကျ လမ်းတောင်းကျော်တာ၊ သူ့ဘာသာကိစ္စရှိလို့ ပိတ်ရပ်မိတာ မဟုတ်နိုင်တော့ဘူးဆိုတာကို ရိပ်မိသွားပါသည်။

"သမီးတို့ရေ ... နည်းနည်းတော့ သတိထားကြဟော့ ... ဘာသဘောတွေလဲတော့ မပြောတတ်ဘူး ..."

ထိုအခိုက်မှာ ရှေ့ကားရဲ့ တံခါးတစ်ချပ်က ရုတ်တရက်ပွင့်လာပြီး ဖျတ်ခနဲ ဆင်းချလာသူကို အားလုံး လှမ်းမြင်လိုက်ရပါသည်။ နဂိုတည်းက "ဘာတွေလဲ"ဟု ရှိန်တိန်တိန်နှင့် အကဲသာခတ်နေရတာ ... ဒေါသကတော့ ထွက်နေပြီဖြစ်တဲ့ ငယ်က ဆင်းလာသူကို ကြည့်လိုက်ပြီးသည်နှင့် ..."ဟင် ... နင် ..."ဟု အကျယ်ကြီး အော်ဟစ်ပစ်လိုက်မိ၏။

သူလည်း ဆင်းချသွားဖို့ ဟန်ပြင်လိုက်သည်ငယ့်ကို မ,က လက်ကနေ လှမ်းဆွဲထားလိုက်ကာ ... တံခါးချက်ကို

www.burmeseclassic.com

www.burmeseclassic.com



ပါ ဖိချထားလိုက်ပါသည်။ မ,ကား ရင်တုန်ပန်းတုန်နှင့် အလန့်အထိတ် ဖြစ်ရတာတွေ မပြောချင်သေး။ ညာဘက်ကြီးကနေ ကပ်ကပ်ကလေး ဖြတ်ပွတ်တက်သွားကတည်းက ..."ဘုရား"စ,တနေမိတဲ့ မ,ဟာ ... ကိုယ့်ရှေ့ကနေ တမင်သက်သက်ကြီး ကန့်လန့်ဖြတ် ပိတ်ရပ်လိုက်ပြီ ဆိုတာလည်း သိရော ... ရင်ထဲ ... "ဒိုင်း" ခနဲ တုန်လှုပ်သွားရကာ ... ဆင်းလာသူကို မြင်လိုက်ရတော့လည်း "တဒုတ်ဒုတ်" မြန်မြန်ကြီး ခုန်နေဆဲရင်က ... အရှိန်လျော့ငြိမ်သက်ဖို့ကို မဖြစ်နိုင်တော့ပေ ...။

စိတြ ...။ တစ်ဖွတ်ထိုးနဲ့ ... ဟီးရိုးကြီးဆန်ဆန်ပါလား ...။ ဘယ်လိုလဲကွယ် ...။ မျက်နှာထားကလည်း နီရဲတင်းမာလျက် ...။

"မ, ဆောရီး ... ကျွန်တော် ... ဒီမှာ စကားနည်းနည်းပြောချင်လို့ ..."

"စိတြ ... စကားပြောချင်တာများ အေးအေးဆေးဆေး ငြိမ်းငြိမ်းချမ်းချမ်း ပြောလို့လုပ်လို့ မရနိုင်ဘူးလား ..."

"မရဘူး ... ဒီမှာ ... သူက ဘယ်လိုမှ ပြောလို့မရဘူး"

ကားမှန်တံခါးဘောမှာ ကိုယ်ခန္ဓာကြီး ကုန်းကိုင်းပြီးလာစကားပြောသော စိတြက ငယ့်ဘက် လက်ညှိုးဆတ်ခနဲညွှန်ကာ ပြောလိုက်သဖြင့် မ,မှာ ဘာမှနားမလည်နိုင်အောင် ဖြစ်သွားရပါသည်။

"မောင်ရင်လေး... ဒီလိုလုပ်တာတော့ မကောင်းဘူး ထင်တယ်ကွယ် ... သူများတကာ ရပ်ကွက်ကြီးထဲ ... လူပြတ်၊ ကားပြတ်နဲ့ အချိန်မျိုးမှာ ...။ လူသိချင်းတွေဆိုတော့



ပိုလို့တောင် ဆင်ခြင်ရဦးမဲ့ကိစ္စ ...။ မောင်ရင်လေးတို့ဟာက နိုင်လှိုမင်းထက်နဲ့ ... လူဆိုးလူမိုက်ဆန်ဆန်ကြီး ဖြစ်လွန်းမနေဘူးလား"

စိတြက ဒရိုင်ဘာကြီးရဲ့ စကားကို လုံးဝဂရုမစိုက်ဘဲ ..."ငယ် ... ကျွန်တော် ခင်ဗျားနဲ့ စကားပြောမယ်"ဟုပဲ ကျုံးအော်လိုက်သည်။ ငယ်ကလည်း စိတြထက် မလျော့တဲ့အသံနှင့်ပင် ... "နင်နဲ့ငါ ဘာပြောစရာရှိသလဲ ... ဘာမှမပြောချင်ဘူး... ဦးလေး ... မောင်း ... မောင်း ... မပြောဘူး ..."ဟု ပြန်အော်ထည့်သည်။

ဒရိုင်ဘာကြီးမှာ မောင်းချင်လျှင်တောင် မောင်းခွင့်ကမသာတော့ပါ။ ရှေ့မှာက ကန့်လန့်ဖြတ် ကားတစ်စီး ...။ နောက်မှာလည်း စိတြရဲ့ သူငယ်ချင်းများက ဘာလိုလိုနှင့် ဆင်းရပ်နေလိုက်ကြပါပြီ။

"စိတြ... ခုဟာကဘာဖြစ်ချင်နေတာလဲ... ဘာကြောင့်လဲ..."

"မ, ... မ,ကိုတော့ ကျွန်တော် လေးစားပါတယ် ... အားလည်း နာပါတယ် ... မ,ပါလာမှန်းသိရင် ... ဒီလိုလုပ်တောင် မလုပ်ချင်ပါဘူး ...။ ဒါပေမဲ့ ... မ,ညီမက ဖုန်းဆက်လည်း မကိုင်ဘူး ...။ ကျောင်းလိုက်သွားလည်း ပုန်းနေတယ် ... ကျူရှင်အိမ်ထဲ အတင်းဝင်ရှာတာတောင်မမိဘူး ... အဲဒါတွေဟာ တစ်ခါတည်းကိစ္စ မဟုတ်ဘူးနော်... အကြိမ်ကြိမ် အလီလီပဲ ... ဒီလိုမှ အပိုင်ကိစ္စ မဖြတ်ရင် သူ့ကို ကျွန်တော် ဘယ်လိုလုပ်ပြီး တွေ့ခွင့် ဆက်သွယ်ခွင့်ရတော့မလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ် ... ဘယ်လို ... အဲဒါတွေက ဘာကြောင့် ဖြစ်နေတာလဲ ... ဘယ်တုန်းက ဘာတွေ ဖြစ်ပျက်နေကြတာလဲ။ ငယ် ... ဘာတွေလဲ ..."

ငယ်ကား ... မ,ပါ ပါလာလို့ မနည်းကြီး စိတ်ထိန်းနေရတဲ့ အဖြစ်ကို ဒေါသထွက်ရလွန်းစွာ ... ငိုပင်ငိုချင်လာသည်။ တစ်နေ့ထက်တစ်နေ့ ဆိုးဆိုးလာတဲ့ ပိုက်စိပ်တိုက် ဖွေရှာဆက်သွယ်မှုတွေကို အလွှတ်ရှောင်နေရတာလည်း ဒေါသကထွက်လှပြီ ...။ မိမဲ့မိတော့ မ,ပါ ... ပါလာတဲ့နေ့ကျကာမှ ...။ မ,က ဘာမှမသိသေး ...။ ဘာဆိုဘာမှ မသိသေး ...။ ခု သိတော့မည်။ ငယ်က ငိုချင်လာမိလေသည်။

"ဒီမှာ ... မ, လူတစ်ယောက်နဲ့ တစ်ယောက် ... ချစ်ကြတယ် ... မြတ်နိုးကြတယ် ဆိုတာ ..."

ငယ်က မျက်စိစုံမှိတ် ... နားနှစ်ဖက်ကိုပါ လက်နဲ့ပိတ်ကာ ..."မကြားချင်ဘူး ..."ဟု သံရှည်ကြီးဆွဲပြီး အော်ဟစ်ပစ်လိုက်သည်။ မ,ကတော့ ဝိုင်းစက်ပြူးကျယ်သွားသော မျက်လုံးလေးများနှင့်ပင် ...

"ဘာ ... ဘာ ..."

"တစ်ယောက်နဲ့ တစ်ယောက် ချစ်ခင်နှစ်သက်မှု ရှိတယ်ဆိုတာ ... မင်္ဂလာတစ်ပါး မဟုတ်ဘူးလား ...။ ကိုယ့်ထိုလူတစ်ယောက်က ချစ်တယ်ဆိုရင် ... ဒါ သူ့ရဲ့ရင်ထဲကတကယ့်စိတ်၊ ခံစားချက်လည်း ဖြစ်နိုင်တယ် ...။ အဲဒါကိုမထိမဲ့မြင် လုပ်ပစ်ရလား ...။ အပြတ်ကျော၊ ပိုင်းချပြီးမှ ... ရှောင်ပြေးနေရလား ..."



မ,မှာ မျက်နှာကလေးလည်း တွတ်တွတ်ရဲသွားရကာ ... ရင်ဘတ်လေး အသာဖိလျက် ငယ့်ကို လှည့်ကြည့်သည်။ ငယ်က မ,ကိုတစ်လှည့် ... ဒရိုင်ဘာကြီးကိုတစ်လှည့် မသိမသာလေးတွေ ခိုးကြည့်ကာ ..."စိတ်ညစ်လိုက်တာကွာ"ဟု အော်လိုက်ပြန်လေသည်။

"မ, ခု ကျွန်တော် ရိုင်းကောင်း ရိုင်းမယ် ... ဒါပေမဲ့ချစ်တယ်ဆိုတာ ... နောက်နေတာ မဟုတ်ဘူးကွာ ... စိတ်တိုလာပြီ ..."

"အောင်မယ် ... သူကပဲ စိတ်တိုရတယ် ရှိသေး ... ဘယ်သူက စိတ်တိုရမှာလဲ အစုတ်အနုပ်ရဲ့ ... နင်ကလား ... ငါကလား ... ပြန်စဉ်းစားစမ်းပါဦး ..."

"ကျွန်တော်က ခင်ဗျားကို ... တကယ်ချစ်လို့ ချစ်တယ်လို့ ပြောနေတာ ..."

"နင့်လိုလူမျိုးကလား ..."

"ကျွန်တော်က ဘယ်လိုလူမျိုးလို့ ခင်ဗျားက ထင်နေတာလဲ ..."

"ကိုယ် ဘယ်လိုလူလဲဆိုတာ ... ကိုယ့်ဘာသာ ကိုယ်သိလေ ... သိလေ ... ဟင် ! ... ငါကပဲ ပြောပြနေရဦးမှာလား ... ငရောအေ ညှိုငယောက် ... ဟင် ... ကဲ ..."

"ခင်ဗျား အဲဒီလို ... ဒီတံဆိပ်တစ်ခု ကပ်ထားရင် ... ဒါပဲဖြစ်ရမယ်လို့ လေ့နံ့ခါးထစ်ဝါဒကို ကျင့်သုံးလို့ရမလား။ လူတစ်ယောက်မှာ တကယ်ချစ်တတ်လာတဲ့ တစ်နေ့ဆိုတာ ... မရှိရတော့ဘူးလား ..."

www.burmeseclassic.com

www.burmeseclassic.com



"အား ... တော်ကြပါဦး ... ခဏရပ်ကြပါဦး ... အကျယ်ကြီးတွေ ... မရှက်ကြဘူးလား ..."

မ,မှာ သူတို့ရဲ့ အသံကျယ်ကြီးတွေကို ဖုံးလွှမ်းအောင် မအော်နိုင်သော်ငြား အသံတုန်တုန် တိုးတိုးလေးနှင့်ပဲ အတင်းဝင်ပြောလိုက်ရပါသည်။ ဒရိုင်ဘာကြီးကတော့ သူ့အတွက် ဘာအန္တရာယ်မှ ရှိမလာနိုင်တော့တာ သေချာသွားပြီမို့ ... ခေတ်လူငယ်နှစ်ယောက်ရဲ့ ပြဇာတ်ကို ပွဲကြည့်ပရိသတ်ပဲ အေးဆေးထိုင်လုပ်နေတော့ဖို့ ... ရည်ရွယ်လိုက်ပုံရပြီ။

"ဒီမှာ ... ဒီမှာ ... စိတြ ... မ,တို့အခု ... သွားတော့လို့ မရဘူးလား ..."

"မရဘူး မ, ... မ,ညီမက မတရား အထင်တွေစွတ်မှားနေတယ် ... သူ သဘောပေါက်တဲ့ထိ သေချာဆွေးနွေးမှ ဖြစ်မယ် ..."

"ဘာပြောတယ် .. နင့်စကားတွေကို လက်မခံမချင်း ဒီနေရာမှာ ညပဲမိုးချုပ်ချုပ် ... နှစ်ပဲပေါက်ပေါက် ...။ နင်က အဲဒီလိုလား ... ခု ... နင်လုပ်နေတာ ဥပဒေနဲ့မလွတ်ကင်းဘူးနော် ... ဒုက္ခရောက်သွားချင်လို့လား ..."

"ကဲကွယ် ... ငယ်ကလည်း ခဏလောက် ပါးစပ်ပိတ်ထားပါဦး ...။ စိတြ ... မ,ပြောမယ် ... ကဲ ... ဆယ်မိနစ်စကားပြောကြချေ ...။ တိုးတိုးသက်သာတော့ လုပ်ကြပါ။ သူများရပ်ကွက်ကြီးထဲမှာ ...။ ခြံဝင်းတွေနဲ့မို့ ခုထိလူတွေအုံ့မလာသေးတာ မင်းတို့ ကံကောင်းတယ်မှတ်ပါ ...။ ဆယ်မိနစ်ပြော ... ပြီးရင်တော့ လမ်းဖယ်ပေးတော့ ...



ကဲ ... ငယ် ... ဆင်း ... သွား ... ဟိုအပင်အောက်မှာ သွားပြောလိုက်ချေ ... မအော်နဲ့ ... အေးဆေးပြော ..."

"မ, သူအားလုံးနားလည်သွားဖို့က ဆယ်မိနစ်နဲ့ ဘယ်လိုလုပ် လောက်မလဲ ..."

"အို ... မင်းက ... ခွင့်ပြုပေးကာမှ ... ကမ်းတက်လာတယ် ..."

"ပလိစ် ... မိနစ်သုံးဆယ် ... နော် ..."

"မရဘူး ... ဆယ်မိနစ်ပဲ ..."

"လာဗျာ ... ဒေါ်ငယ် ... ဆင်း ... ဆင်း ... မ,ဟိုအပင်အောက်ရောက်မှ ... စရေနော် ... ဆယ့်ငါးမိနစ် ..."

ငယ်က မ,တို့ဘက်ကို ကျောပေး၊ စိတြက မျက်နှာချင်းဆိုင်လျက်။ "တိုးတိုးလုပ်ကြ"ဟု မှာလိုက်၍ တကယ့်ကို တိုးတိုးကျိတ်ကျိတ် ပကျစ်ပကျစ် လုပ်နေကြသော နှစ်ယောက်သားမှာ ... နှစ်ဦးလုံး ဒေါသတွေနှင့် ဖြစ်နေလေသည်။ တစ်ချိမှာတော့ ငယ်က ... "ပြောရင်း ပြောရင်းနဲ့ ဒီလောက် ကပ်,ကပ်မလာနဲ့ ... ဘယ်လိုဖြစ်နေလဲ ..."ဟု ကျယ်ကျယ်အော်လိုက်လျှင် ... စိတြက နောက်ဘက်သို့ ခြေတစ်လှမ်းဆုတ်ကာ ... "ကြား့မှ မကြားရတော့ဘဲ"ဟု ပြန်အော်လေသည်။ ပြီးလျှင်တော့ ပကျစ်ပကျစ် ပြန်ဖြစ်သွားကြပြန်လေသည်။

မ,သည် ကိုယ်ဘာမှမသိလိုက်ရသော ... အပြောင်းအလဲမြန်မြန် အခြေအနေတစ်ခုထဲ၌ မှင်သက်မိကာ အံ့ဩတွေဝေနေရာက ... စိတ်ပြန်ငြိမ်သွားလျှင် ... ရင်ထဲ တစ်မျိုးကြီး အောင့်သက်ခါးသီးလာသလို ဖြစ်လာသည်။ လိုက်မမီနိုင်တော့ပါဘူး ...။

www.burmeseclassic.com

www.burmeseclassic.com



ဒီကြားတည်းမှာ မ, "မလေးရှား"သို့ ခဏသွားလိုက်သေးတာ... ငါးရက်လောက်မျှတည်းပါ ...။ ဒါပေမဲ့ လိုက်မမီဘူးဆိုတာ...ဒီငါးရက်စာရဲ့ အဖြစ်အပျက်တွေကို ဆိုလိုတာမဟုတ် ...။ ဒီခေတ် ယောက်ျားလေးတို့ရဲ့ သဘောသဘာဝနဲ့အပြု အမူများကိုသာ။

ဩော် ... ကိုယ့်မှာတော့ လူကြီးတစ်ယောက်မို့ လူကြီးပီပီ ပြောလွှတ်လိုက်ရသော "ရှေ့ဆက်ပြီးလည်း ပတ်သက်နေစရာ မလိုတော့ပါဘူး"ဆိုတဲ့ စကားအတွက် သိပ်များ ... များသွားလွန်းသလား ...။ နောင်တရ,ရရင်များ ကောင်းမလားတောင် ... တောင်တောင်အီအီ လျှောက်တွေးဖြစ်နေ ...။ ဒီလိုနဲ့ပဲ ... ဒီဇာတ်လမ်း ဒီလူဟာ ဒီမှာတင်ပဲ တစ်စခန်းရပ်သွားပါပြီလေဟု ... ပဲ တွေးထင်၊ စိတ်မကောင်းဖြစ်နေ။

သူတို့ကျတော့ အလွယ်သားနော် ...။ "မ,ဆိုင်ကို အဝင်ကောင်းအောင် တမင် ရုပ်ပြ ... ဟဲဟဲ"ဟု ဝန်ခံခဲ့သူ ...။ တမ,မနဲ့ ညုတုတု ရိုတိုတို ... အထင်လွဲဖွယ်လေးတွေကိုသာ ရွေးလုပ်နေသလို ဖြစ်နေတဲ့သူ ...။ ယောက်ျားလေးကိစ္စနဲ့ ပတ်သက်လို့ အင်မတန် စည်းနဲ့ ကမ်းနဲ့ စောင့်စည်းထိန်းသိမ်းနေတတ်ခဲ့တဲ့ မ,ရဲ့လက်ကလေးနှစ်ဖက်စလုံးကိုမှ ... သူ့လက်ဖဝါးကြီးနှစ်ဖက်ထဲ ...(ရုတ်တရက်) ကျစ်ကျစ်ပါအောင်ဆွဲဆုပ်၊ လှုပ်ယမ်းမွှေ့ခါပစ်ခဲ့တဲ့သူ ...။

အဲဒီလူတစ်ယောက်ဟာ ... ခုနေခါမှာတော့ ... မ,ရဲ့ညီမလေးက သူ့ချစ်ခြင်းမေတ္တာတွေကို နားလည်မပေးတဲ့အတွက် ... ပေါက်ကွဲရမ်းကားနေလေတဲ့ ကောင်ကလေးတစ်ယောက် ဖြစ်နေပြန်ရောတဲ့ကွယ် ...။



မ,မှာ ... တစ်ခွတ်ထိုး၊ တစ်ရှူးထိုးတွေ ဆက်တိုက်ပြောနေပုံရသော်လည်း အတော်ကြီးကို တောင်းပန်တိုးလျှိုးနေပုံလည်း ရနေတဲ့ စိတြေရဲ့ရုပ်ကလေးကို လှမ်းငေးကြည့်နေပြီး ... ရင်နင့်နေမိလေသည်။

"မ,သမီး ... ဆယ်မိနစ်ဆိုရင်တော့ ပြည့်ပြီထင်တယ် ..."

"နေပါစေဦး... ဦးလေးရယ်၊ သူ စိတ်မကျေနပ်ရင် မဖယ်ဘူးဆိုတော့ ဘယ့်နှယ်လုပ်မတုန်း ..."

"ဆရာတို့သိရင် ကြိုက်မယ်မထင်လို့ပါ ..."

"ဖေဖေကိုယ်တိုင်ကတော့ ... 'တွေ့ရာအရပ်မှာ ငါသတ်မိမဲ့ကောင်မျိုးလေးပဲ"လို့ သတ်မှတ်ထားတဲ့သူပဲ ဦးလေးရေ...။ ဒီကနေ့ အဖြစ်အပျက်ကို ဖေဖေ့ကို ပြန်ပြောမယ် ဆိုရင်တော့ ဦးလေးပါ ဒေါသစက်ကွင်းထဲ မပါအောင် ကြည့်ကျက်ပြောပေါ့ ..."

ဒရိုင်ဘာကြီးလည်း အတော်တော့ စိတ်ညစ်သွားပုံရပါသည်။

"အဲဒါမျိုး ကျောင်းလာရမ်း ...၊ ကျူရှင်လာရမ်း ...၊ အိမ်ရှေ့လာရမ်းတွေ လာလုပ်မနေနဲ့ မကြိုက်ဘူး ..."

ငယ်က သူ့အသိစိတ်နှင့်သူ ဆယ်မိနစ်ပြည့်လောက်ပြီဟု စကားဖြတ်ကာ လှည့်ပြန်လာပုံ ရပါသည်။ စကားစတွေက မပြတ်နိုင်သေးတော့ စိတြေကလည်း တကောက်ကောက် ကပ်ကာပါလာဆဲ ...။

"အဲဒါမျိုးတွေ လာလုပ်မနေရင်ကော ..."

www.burmeseclassic.com

www.burmeseclassic.com



"မကြိုက်တာကတော့ ဘာလုပ်လုပ်၊ ဘာမလုပ်မလုပ် ... ကြိုက်ကို မကြိုက်တာ ..."

"ဒါဖြင့် မလုပ်လည်းမကြိုက်၊ လုပ်လည်းမကြိုက် ဆိုရင်တော့ ဘာထူးလဲ ..."

"ထူး,မထူး သတ်မှတ်တာကတော့ ကိုယ့်ကဏ္ဍနဲ့ကိုယ်ပဲ ... မိဘကလည်း သဘောမတူ၊ ကိုယ်တိုင်ကလည်း မကြိုက်တဲ့ သူတစ်ယောက်က ... အဲဒီလိုမျိုး၊ ခုလိုမျိုး ရှုးရှဲဝုန်းဒိုင်းတွေ လာ,လာလုပ်နေဖန် များလာရင်တော့ ... မကြိုက်တာထက်သာတဲ့ ... အော့နှလုံးနာတာတွေ ...၊ အငြိုးထားတာတွေ၊ ဘယ်တော့မှ မပြေနိုင်တော့မှာတွေပါ ... ဆက်တိုက် ဆက်ပါလာမှာပေါ့"

"ခင်ဗျား ... တော်တော်ကြာကျ ဒီထက်ဆိုးဝါးတဲ့ စကားမျိုးတွေနဲ့ ထပ်ထုနှက်ဖို့ လိုအပ်လာရင် စကားလုံးမကျန်ဘဲ နေတော့မယ်။ တစ်ခွန်းပြောရင် ... တစ်မျိုး၊ တစ်ခါတည်း၊ တစ်လုံးပဲ သုံးပါလား ..."

ငယ်က စိတြရဲ့စကားကို ရယ်ချင်သွားဟန် ရှိပေမဲ့ ခပ်တည်တည်နှင့်ပင် ကားပေါ်ပြန်တက်ထိုင်လိုက်သည်။

"မ, ကျွန်တော် ... အများကြီး ကျေးဇူးတင်ပါတယ် ...၊ မ,တစ်ယောက်တော့ ကျွန်တော့်ဘက်က အမြဲရှိမယ်ဆိုတာ ကျွန်တော့်ခေါင်းထဲမှာ လုံးဝထည့်ထားမယ် ..."

"ဟာ ... အဲဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ ..."

စိတြက မ,ရဲ့ ပျာပျာသလဲ ငြင်းပယ်မှုကို ဂရုပြုမိဟန်ပင် မရှိတော့ဘဲ သူ့သူငယ်ချင်းတွေကို "ယောကောင်တွေ"ဟု



အော်ကာ မျက်ရိပ်ပြ၊ သူကိုယ်တိုင်လည်း ငယ့်ကို လက်တပြပြနှင့် သူ့ကားဘက်ဆီသို့ နောက်ပြန်၊ နောက်ပြန်လေး ပြန်ပြေးထွက်သွားလေတော့သည်။

"မ, ... အဲဒါကလေ ... အဲဒီသတ္တဝါက ... ဟို ..."

ငယ်ကလည်း ဘာတွေကို လာရှင်းပြချင်နေမှန်းမသိ။ မ,ကလည်း လက်ဝါးလေးကာပြ၊ ခေါင်းကလေးညိတ်ပြနှင့် ... "အေး ... အေး ... အေး ..."ဟု ငယ့်စကားကို ဖြတ်ပစ်လိုက်လေသည်။

○ ✧ ○

www.burmeseclassic.com

www.burmeseclassic.com



## မမ ... မုန်းမှာလား ...

"မ ..."

ဆိုင်ထဲသို့ အော်ဟစ်ပြီး ပြေးဝင်လာသည့် ကလေးမလေးရဲ့နောက်မှာ ခပ်ကုပ်ကုပ်ကလေး ပါလာသူကိုကြည့်ကာ မ,က မျက်ခုံးလေးတွေ ပင့်သွားမိပါသည်။ စိတြနဲ့ ငယ်တို့ရဲ့ အပြောင်းအလဲ ခပ်များများ အခြေအနေကို ခေါင်းထဲ အမြဲလိုရှိနေမိသော မ,သည် ... ဒီတစ်ယောက်နဲ့ ဒီတစ်ယောက်ကို တွဲရက်ကလေး မြင်လိုက်ရပြန်သောအခါ၌လည်း ... ခေါင်းပင် ကိုက်ချင်လာရပါတော့သည်။ ဒီနှစ်ယောက်ကရော ... ဘယ်လိုလဲ ...။ သူတို့လည်း ဘယ်တုန်းက ဘာတွေပြောင်းလဲ၊ ဖြစ်ပျက်နေကြပြန်ပြီလဲ ...။

"လရောင် ... ဘာလာလုပ်တာလဲ ..."

မ,က ဖားချင်သလိုလို ... အောက်ကျို့သလိုလို လာပြုံးပြနေသော ကောင်ကလေးကို တစ်ချက်ကြည့်လိုက်ပြီး ... လရောင်ကိုပဲ ဦးတည်ကာ မေးလိုက်ပါသည်။

"လရောင်က ဘာမှမလုပ်ဘူး ...။ သူသာသူ ...။ လရောင်က မြို့ထဲက ကျူရှင်က ပြန်လာတာ ... မ,တို့ဆိုင်ရှေ့



က ဒီတိုင်းပဲ ဖြတ်ပြန်တာ ...။ ဒီနေ့ မမေက သွားစရာရှိတယ် မြန်မြန်ပြန်ခဲ့ ... လို့ ပြောထားလို့ ခါတိုင်းလိုတောင် ခဏလောက် မဝင်နိုင်တော့ဘူး ဖြစ်နေတာ ...။ အဲဒါ ... သူ့ကို လှမ်းတွေ့လိုက်လို့ ..."

လရောင်က ... ရွှင်နေသော မျက်နှာကလေးနှင့် ... အာယုဘက်သို့ မေးလေးထိုးပစ်ပြလိုက်ကာ ...

"သူလေ ... ဆိုင်ရှေ့ကနေ ဖြတ်လျှောက်လိုက်၊ ဆိုင်ထဲ ချောင်းကြည့်လိုက်၊ ဟိုနားလောက်မှာ သွားပြန်ရပ်နေလိုက်၊ ကားထဲပြန်ထိုင်လိုက်။ ပြီးကျတော့ ဆိုင်ရှေ့ကနေ ခေါက်တုံ့ခေါက်ပြန်, ပြန်ဖြတ်၊ ဆိုင်ထဲ မသိမသာကိုင်းချောင်း ... အဲဒါတွေ လုပ်နေတာ ... ဟိုးအဝေးကြီးတည်းက လှမ်းမြင်လာလို့ပေါ့ ..."

မ,က အာယုကို အံ့အားတသင့် ကြည့်လိုက်ပါသည်။ အာယုမှာ မ,ကို အလကားနေရင်း လာကြောက်ရွံ့နေသလို ဖြစ်နေကာ ... မျက်လုံးချင်း မဆိုင့်တဆိုင်နှင့် ...

"ကျွန်တော် သူ့ကို 'မမ'ဆီ လိုက်ပို့ပေး ...၊ မိတ်ဆက်ပေးလို့ ... အကူအညီ မတောင်းပါဘူး ... မမ ..."

"အမယ် ... ဟုတ်ပါတယ်နော် ... သူများကပဲ မနေနိုင်၊ မထိုင်နိုင် ... အလိုက်တသိနဲ့ ဆွဲသွင်းလာခဲ့ရတာပါ ...။ ဟုတ်တယ် ... မ,။ သူက ကန်တောင်ငြင်းနေသေးတာ ... နေပေ့စေတဲ့ ...။ ချောင်းနေတာတော့ ဝန်ခံတယ် ...။ လာပါ မိတ်ဆက်ပေးပါ့မယ်ဆိုတော့ ကန်ငြင်းနေတယ် ...။ မ,များ ကြောက်စရာကြီးကျလို့ ...။ လရောင်တို့ ငယ်တို့

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ခင်မင်ရဲရင် ... မ,ကိုလည်း မခင်မင်ရဲစရာ ဘာမှမရှိဘူး ... မ,က ပိုးတောင် သဘောကောင်းသေးတယ်လို့ ပြောပြီး ခေါ်လာခဲ့တာ ..."

"သူက ... ဘာလုပ်ဖို့ ..."

"ဟဲဟဲဟဲ ... သူက ခုတလော ... ငယ်တို့ မ,တို့နဲ့ ဒီလိုပဲ ခင်မင်ချင်နေတာ ...။ သနားပါတယ် ... မိတ်ဆွေသူငယ်ချင်း မရှိရှာဘူး ...။ ကူညီလိုက်ပါ ... မ,ရယ် ... အပေါင်းအသင်း လိုနေရှာတာပါ ... ဟဲဟဲဟဲ ..."

အာယုမှာ သူ့ထင်မြင်ချက်နှင့်သူ ... လုပ်ချင်ရာတွေ လျှောက်လုပ်ပေးပြီး မြူးရွှင်ပျော်ပိုက်နေသော ကလေးမကြောင့် စိတ်ထဲ ... နေမထိထိုင်မသာ ရှိရလှပါသည်။ ထင်ရာစွတ်ဗွတ်တတ်သော မိန်းကလေးသည် ... အာယုက မ,ကိုချဉ်းကပ်ချင်ပြန်သည်မှာလည်း ... သူငယ်ချင်းဖြစ်သူ စိတြအတွက် ငယ့်ကိုပြောပေးဖို့ ..., နားချပေးဖို့ ... အကူအညီတောင်းရန် ... ဟုသာတစ်ထစ်ချ မှတ်ယူနေပုံပင် ...။

ကိုယ်တွေနဲ့ အရွယ်မတူ၊ နေပုံထိုင်ပုံ အသိုင်းအဝိုင်းမတူသော ... တသီးတခြား "မမ" တစ်ယောက်ဆီသို့ ဘလိုင်းကြီးတိုးဝင်သွားရမှာ ... အနေခက်လှသော အာယုက ... တစ်စုံတစ်ယောက်ရဲ့ အကူအညီကို မဖြစ်မနေ ယူရတော့မယ်ဆိုရင် ... အဲဒီတစ်ယောက်ဟာ "လရောင်" တော့ ဘယ်နည်းနဲ့မှ မဖြစ်စေချင်မိပါပေ ...။ ဘယ်နည်းနဲ့မှ မကောင်းနိုင်ဘူး ... ဆိုတာကိုသိသည်။ ဒါပေမဲ့ ... အခြေအနေက ဘယ့်နှယ်မှ မတတ်နိုင်ဘဲ ဒီလိုပဲ ဆက်တိုက်ဖန်လာခဲ့ပြီ ...။



နို့မို့ ... မြို့ထဲ ပလက်ဖောင်းပေါ်ကြီး၊ ဆိုင်ရှေ့ကြီးမှာ ... ကျောကုန်းကနေတွန်း၊ လက်ကနေဆွဲ၊ အင်္ကျီစတွေကိုဆွဲ။ ဆိုင်ထဲ မလိုက်မချင်း ... တွန်းခေါ်၊ ဆွဲခေါ်နဲ့ လူမြင်လို့တောင် မကောင်းတော့ပေ ...။ အထူးသဖြင့်ကတော့ ... အဲဒီရှန်းရင်းဆန်ခတ်ပုံစံကြီးကို "မမ" သာ ဆိုင်ထဲက အရင်လှမ်းတွေ့သွားရင် ... ပြီးပါလေရောလေ ...။

မ,က လရောင်ကိုရော ... အာယုကိုပါ စိတ်ရှုပ်ရှုပ်ပုံစံလေးနှင့် ကြည့်နေသည်။ လရောင်က မ,ရော ... အာယုကိုပါ ရယ်ကျဲကျဲလေးနှင့် လက်ညှိုးနှင့် လက်ခလယ် နှစ်ချောင်းထောင်ပြလိုက်ကာ ...

"ဟဲ ဟဲ ... ပိစ် ... လရောင်က အဲလိုပဲ ထင်ရာစွတ်,စွတ်လုပ်တတ်တယ် ... စိတ်မဆိုးကြကြေး ...။ ကဲ ... ကဲ ... ဆက်ပြောကြ ...။ မ, ခင်လိုက်နော် ... လရောင်ရဲ့မျက်နှာကို မဖျက်နဲ့ ...။ အာယု ... ဘာမှမကြောက်နဲ့ ... အားလုံးအိုကေတယ် ... ကဲ ... နှစ်ယောက်လုံးပဲ ... လရောင်တော့ သွားပြီ ...။ နို့မို့ ချစ်မေမေကြီးက ခုလောက်ရှိ အိမ်မှာ နှုတ်ခမ်းတွေ ထော်နေလောက်ပြီ ...။ ဒီ့ထက်ကြာလာရင် မြို့လုံးပတ် လိုက်ရှာပြီး ... ရိုက်တော့မယ် ...။ သွားပြီနော် ... တာ့တာ ..."

လရောင်တစ်ယောက် ပြောပြောဲပြေးပြေး ပျောက်ကွယ်သွားလျှင် မ,ခမျာ ... ကိုယ်က အိမ်ရှင်အိမ်ခံလိုလည်းဖြစ်နေ ...။ အစ်မအရွယ်ကလည်း ဖြစ်နေတာမို့ ကိုယ်ကပဲ စတင်ဦးဆောင်ဖိတ်ခေါ်လိုက်ရကာ ...

www.burmeseclassic.com

www.burmeseclassic.com



"လာလေ ... အာယုနော် ... လာပါ ... ဝင်ထိုင်ပါဦး ..."

နေ့လယ်ဘက်မို့ ဆိုင်မှာ လူတော့ အနည်းငယ်ရှင်းပါသည်။ မ,ထိုင်သည့် ဆိုင်ရဲ့နောက်နားကျကျပိုင်းက ကောင်တာရှည်လေးရဲ့နောက်မှာ ... ညှော်သည်တွေအတွက် ညှော်ခန်းလို နေရာလေးတစ်ခု လုပ်ထားတာ ရှိသေးသည်။ မ,က အာယုကို ထိုနေရာလေးဆီထိ ခေါ်သွားလိုက်ပြီး ... ဆိုင်ကမိန်းကလေးတစ်ယောက်ကို ..."သမီးရေ ... ကော်ဖီ"ဟု မှာလိုက်ပါသည်။

"ဟာ ... မမ ... နေပါစေ ... မသောက်ဘူး ..."

"သောက်ပါ ... ညှော်သည်လာရင် ကော်ဖီတိုက်ရမှာပေါ့၊ ဒါ ထုံးစံပဲ ..."

"ဟို ... ညှော်သည်တော့လည်း မဟုတ်ဘူး ခင်ဗျ ..."

ကိုယ့်ထက် အသက်အရွယ် ကြီးနေသည့် ဣန္ဒြေရှင် မမတစ်ယောက်ထံ အဝင်ခက်ရတဲ့အထဲ ... သူ့ကို ချစ်စကားပြောဖို့လူကို သူက ကော်ဖီနှင့် ဆီးညှော်ခံမိနေ ... ဆိုတဲ့ အဖြစ်မျိုးကြီး ရောက်စေတာလည်း ... မဟုတ်သေးပါဘူး ...။ ခက်လိုက်တာ။ တော်ကြာ ..."ဟင် ... ငါက ကြိုဆိုမိတဲ့သဘောနဲ့ ကော်ဖီတွေ ဘာတွေတောင် တိုက်ရလို့ပါလား"ဘာညာ ထ,စိတ်ဆိုးနေမှ ဒီ"ကော်ဖီ"သည်လည်း နှေ့ရင်းထိုင်ရင်း တစ်မှုဖြစ်နေရပေဦးမည်။

"ညှော်သည်မဟုတ်လည်း ... မ,က ညှော်ခံတယ်ပဲ သဘောထားပေါ့ ..."

မ,ရဲ့စိတ်ထဲမှာ ... အာယုကို "ငယ်"အတွက်ပဲ ချဉ်းကပ်လာသည်ဟု ထင်နေမိပါပြီ ...။ ဒီကောင်လေးနှစ်ယောက်ဟာ ပြိုင်ဘက် ...။ တစ်ယောက် ဘာလုပ်မလဲ တစ်ယောက်က



စောင့်ချောင်းနေတတ်ကာ ... အနိုင်မခံ၊ အရှုံးမပေးတွေလည်း ရှိနေတတ်ကြတာဆို ...။ ဒီတော့ကာ ... တစ်ယောက်က "ငယ် ... ငယ် ..."ဆို နောက်တစ်ယောက်ကလည်း ..."ငယ်မှငယ်"ပဲဖြစ်နေပြန်လိမ့်မည်လေ ...။

မ,သည် ... မ,နဲ့တောင်မှ ရင်မဆိုင်ဝံ့သလို မျက်လွှာလေးချပြီး ငြိမ်သက်နေတဲ့ အာယုကို ...(ကိုယ်က လူကြီးမို့ အပြင် ... သူက မျက်လုံးလွှဲထားသေးတော့) စေ့စေ့ကြီး စိုက်ကြည့်ခွင့်ရနေသလို ဖြစ်နေသည်။ ဒီတစ်ယောက်ကလေးက ပို အေးချမ်းမဲ့ပုံ ရတယ် ...။ ဖြစ်ချင်းဖြစ် ... ငယ့်ကို ဒီလိုကောင်လေးမျိုးနဲ့သာ ဖြစ်စေချင်မိတာပေါ့ ...။

ဒီလိုတွေးပြီး,ပြီးချင်းမှာ ... မ,က ကိုယ်လိုရာကို ဆွဲတွေးမိသော အတွေးမျိုးများ ဖြစ်နေပြီလားဟု ... အရှက်ကြီးရှက်သွားရပြန်လေသည်။ မဟုတ်ဘူး ... မဟုတ်ဘူး ...။ မ,ခေါင်းထဲ ဘာကိုမှ ရည်ရွယ်ပြီး ဒီလိုတွေးလိုက်မိတာ မဟုတ်ရပါဘူး။ မ,သည် ... ဘယ်သူမှ မသိနိုင်မည့် ကိုယ့်ပထမတွေးနှင့် ဒုတိယတွေးတို့ ကိုယ့်ခေါင်းထဲမှာပဲ ... အပြန်အလှန် ငြင်းဆန်ချေပကာ... တစ်ယောက်တည်း အလုပ်ရှုပ်၊ ဒုက္ခရောက်လျက် ရှိနေပေတော့သည်။

"ငယ့်အတွက်လား ..."

မ,က ကိုယ်ကမှ စကားမစရင် ... စလာနိုင်ဖွယ်ရာ မရှိတော့သည့် တစ်ယောက်ကို ... တစ်ချက်ပြုံးပြကာ စ,မေးလိုက်ပါသည်။ အာယုက နားမလည်လိုက်သည်မို့ ...

"ခင်ဗျာ ..."

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အာယုတို့ သူငယ်ချင်းတွေက တစ်ဆိတ်ရှိ ... မ,ကိုပဲ ပုဏ္ဏားတိုင်အဖြစ် ဆွဲ,ဆွဲထည့်ချင်နေကြပုံရတယ်။ မ,က လူကြီးဟာကို ... မိဘစကား နားမထောင်တဲ့ ညီမလေးကိုပဲ ဝိုင်းတိုက်တွန်းပေးမယ်များ ထင်နေကြသေးတယ် ...။ စိတြလည်း တောက်လျှောက် ... အဲဒီအတိုင်းချည်းပဲ ...။ သြော် ... စိတြကလည်း ငယ့်ကို စိတ်ဝင်စားနေတာတော့ ... သိတယ်နော် ..."

မ,က တမင်ပင် စပြောချလိုက်သည်။

"မ,ဘာမှမကူနိုင်ပါဘူး ...။ ငယ့်အစ်မ ဆိုပေမဲ့ ငယ့်ကို မ,လည်း ပိုင်တာမဟုတ် ... ချုပ်ကိုင်ထားလို့လည်း မရပါဘူး ...။ အချင်းချင်းပဲ ရအောင်ညှိကြပေါ့ ... မ,ဘာမှဝင်မပါချင်ဘူး ..."

"မမ ... ကျွန်တော် ငယ့်အတွက် မမဆီ ရောက်လာတာ မဟုတ်ပါဘူး ..."

"ဟင် ... ဒါဆို ဘာလဲ ..."

"မမရဲ့ အလုပ်ထဲမှာ လာတွေ့ရတာတော့ အားနာပါတယ်၊ ဒါပေမဲ့ အိမ်ကလည်း လာခွင့်မရှိတော့ဘူး ...၊ ဖုန်းနဲ့ဆိုရင်လည်း မလေးစားရာ ကျမှာစိုးရတယ် ... နို့မို့ရင်တော့ မမက ... ဆိုင်နဲ့အိမ်ကလွဲရင် ... ဈေးလေးဘာလေး သွားတာလောက်ပဲ ရှိတော့တာဆိုတော့ ... ကျွန်တော် ဘယ်နေရာကို ရွေးရမလဲ မသိတော့ဘူး ..."

မ,က မျက်လုံးလေး ပြူးလာသည်။ ခုနကတော့ အားယူနေသလို မျက်လွှာချ ငြိမ်သက်လျက်ရှိသော အာယုသည်



စပြောလိုက်မိတော့လည်း တစ်ဆက်တည်း နှုတ်သွက်လာသလိုလို၊ တွန်းအားရသွားသလိုလို ဖြစ်သွားကာ ... (ဆိုင်က ကောင်မလေးတွေနှင့် အတန်ငယ် ဝေးကွာ ... လှမ်းနေသော်လည်း ... ကြားသွားမှာ စိုးရပုံနှင့်) ခန္ဓာကိုယ်ကို ရှေ့ကိုင်း ... မမနား ဆတ်ခနဲ တိုးလိုက်ပြီး ... တိုးတိုးကလေး ...

"မမ ... ကျွန်တော် မမကို ချစ်နေလို့ပါ ..."

အာယုရဲ့ တိုးတိုးဖွဖွလေးဟာ ... မရဲ့နားစည်ထဲ ဗုံးတစ်လုံး ဖောက်ခွဲထည့်လိုက်သလိုကို ... အထပ်ထပ် ကျယ်လောင်မြည်ဟည်းသွားခဲ့ပြီးမှ ... မ,က ဒေါသတွေ ထွက်လာရတော့သည်။

"အဲဒါ ... ဘာဖြစ်တာလဲ ... အဓိပ္ပာယ် လုံးဝမရှိဘူး ... ဘာဖြစ်လို့ အဲဒီလို လာပြောရတာလဲ ..."

"မမ ... ကျွန်တော်က ..."

"လုံးဝမဖြစ်နိုင်ဘူး ..."

မ,က အာယုကို စကားမဆက်သာအောင် ပိတ်ဟောက်ထည့်လိုက်ပြီးမှ ... ဆိုင်ကမိန်းကလေးများရဲ့ အချိုးအချိတ်ကို အကဲခတ်ကာ မျက်နှာကို ပြင်လိုက်ပါသည်။ ရင်ထဲကတော့ စိစိ ... စိစိနှင့် ဘယ်အရာကိုမှ ပေါက်ပေါက်ကွဲကွဲ ပြင်းပြင်းထန်ထန် မရှိလှဖူးသော မ,သည် ... ဒီတစ်ချီတော့ ... ကမ္ဘာတစ်ခုလုံး ကြားသွားနိုင်အောင် "အား ... ..."ဟု အကျယ်ကြီး အော်ဟစ်ပစ်လိုက်ချင်မိလာလေသည်။

အေးဆေးငြိမ်းချမ်းခဲ့တဲ့ မ,ဟာ အော်ဟစ်ပေါက်ကွဲခြင်းရဲ့ အရသာကို ဘယ်တုန်းကမှ မသိခဲ့ ...။ ခုမှလူတွေဘာ့

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပေါက်ပေါက်ကွဲကွဲ အော်ဟစ်နေတတ်ကြသလဲ ... ဆိုတာ အနည်းငယ် ရိပ်စားမိတော့မယောင် ရှိရသည်။ အဲဒီလိုအော်ပစ်လိုက်ရရင် ... ရင်ထဲ"တစိစိ" ဖြစ်နေရတာတွေ ... အတော်ကြီးကို သက်သာသွားမှာ ...။

စိတြရဲ့ အိလုံးသွားမှု တစ်ခုမှာ မျက်စိလည်၊ ရှက်မော၊ နင့်သီးပြီး ကျန်ရစ်ခဲ့ရသော မ,ဟာ ... အာယုရဲ့ထပ်မံချဉ်းကပ်လာပြန်မှုကိုတော့ ... ဘယ်လိုနည်းနဲ့မှ ခံစားလို့မရနိုင်တော့ပေ ...။ "ခံမှန့်ဖုံးသည့် စာသူငယ်လား" အဲဒီလို တင်စားရမှာလား ...။ ခုတော့ဖြင့် မ,သည် ... "ချစ်ပါသည်"ဟု အတိအလင်း ဖွင့်ဟလာတာကိုပင် ..."ငါ့ကိုမှရွေးရွေးပြီး ... ဘာဖြစ်လို့ လာ,လာထိပါး ... ခလုတ်တိုက်,တိုက်သွားချင်ကြပါလိမ့် ..." လို့ပဲ တွေးတတ်ပြီ ...။

မ,တို့ဆိုင်က ... ကလေးမများက ... မ,နဲ့ အာယုတို့ရဲ့ စကားသံများကို မကြားရသော်လည်း ... လှမ်းတော့ဖြင့် မြင်သာနေသော ... မ,ရဲ့မျက်နှာ အချိုးအချိတ်ကြောင့် အံ့အား အသင့်ကြီးသင့်ကာ ..."ဘာဖြစ်ပါလိမ့် ..."ဟု တွေးနေမိကြလေသည် ...။

"မမ ... ကျွန်တော် ..."

"ပြန်တော့ ..."

မ,က ထိုင်နေသော ကုလားထိုင်ကို တွန်းတွန်းတိုက်တိုက်နှင့် ထိုင်နေရာမှ ... ထ,ရပ်လိုက်သည်။ ချက်ချင်းဆိုသလိုပင် ဆိုင်ရှေ့ကမှန်တံခါးတွေဆီ လျှောက်လှမ်းသွားနေလျှင်တော့ ... အာယုမှာ အလိုက်တသိနှင့် ထိုင်ရာမှ လိုက်ထ,ကာ မမနောက်သို့ ကုပ်ကုပ်ကလေး လိုက်ပါခဲ့ရပါတော့သည်။



ပွဲထွက်က မလှပလိုက်တာ ...။ မမရဲ့အခြေအနေ ... အဆင့်အတန်း အနေအထားနှင့်ဆိုလျှင် ... အာယုဟာ ... ကိုယ့်ရဲ့ချစ်ခြင်းကို တုံ့ပြန်လက်သင့်ခံဖို့ထက် ...၊ ဖွင့်ပြောခွင့်ရဖို့ ...၊ အေးဆေးနားထောင်ပေးထားဖို့ကိုပင် ... အတော်ကြီး ကြိုးစားယူနိုင်မှ ... ဆိုတာ နဂိုတည်းကကို သိပါသည် ...။ ဒါပေမဲ့ ဒီလောက် ဒေါသတကြီး၊ ဆိုးဆိုးဝါးဝါး ... ခုချက်ချင်း"ပြန်တော့" ဆိုတာမျိုးလောက်ထိ ဖြစ်သွားလိမ့်မယ်လို့ထိတော့ ထင်မထားမိပေ ...။ အေးချမ်းတဲ့ မမဟာ ... ဒေါသနဲ့ တုံ့ပြန်ဖို့ထက် မထုံတက်တေးနှင့် စကားမပြန်ဘဲ တည်တည်ပိတ်ပိတ်ကြီး လုပ်လွှတ်လိုက်လိမ့်မည်ဟုသာ ထင်ထားသည်။

"ဒေါသထွက်စရာ ကောင်းလိုက်တာ ..."

အာယု ပြန်သွားလျှင် ... မ,သည် ... ကလေးမလေးများရဲ့ရှေ့မှာ မျက်ရည်ကျမလာမိအောင် အတန်တန်ထိန်းရင်း ... နှာသီးဖျားလေးတွေ၊ မျက်ခွံလေးတွေ ... ပါးအို့လေးတွေက နီနီရဲလျက် ...။ နှုတ်ခမ်းဖျားလေးကတော့ တုန်ခတ်လျက်ရှိသည်။

"လာစော်ကားတာ"လို့ ဘာလို့ထင်မိလိုက်ပါသလဲ။ ကိုယ့်ကိုယ်ကိုယ်တော့လည်း သိပ်တော့နားမလည်နိုင်ချေ ...။

○✧○

www.burmeseclassic.com

www.burmeseclassic.com



## ယိမ်းမိပေါ့ကွယ် ...

"အစကတည်းက ပြောထားတယ် ... ဒီကောင်မျိုး ... ငါ့အိမ်ရှေ့က ဖြတ်လျှောက်ရင်တောင် ... မားနဲ့ နောက်က လိုက်ခုတ်မယ်လို့ ...။ မီဘက အဲသလောက်မြစ်နေရင် ... နည်းနည်းပါးပါးလောက် အနေအထိုင်ကို ဆင်ခြင်ပါလား။ သူကစလာတာပဲ ... သူ့ဘာသာ လာနေတာပဲ ... ဘာဘာညာညာ ... ဘာမှလာမပြောနဲ့ ...။

နောက်တစ်ခါ ... နင့် အနားမှာ ... ဒီကောင့်ကိုတွေ့ရင် ... ကျောင်းထွက်။ အိမ်ထဲက အိမ်ပြင်လည်း မထွက်ရဘူး ...။ တစ်လောကလုံး ဘယ်သူနဲ့မှလဲ အဆက်အသွယ်မလုပ်ရဘူး ...။ ဖေဖေက ပြောရင် ပြောသလိုလုပ်တတ်တာသမီးသိတယ်နော် ...။ အေး ... မယုံရင် စမ်းကြည့် ..."

ဦးခင်မောင်လွင်က စုပုပ်တင်းမာပြီး ထိုင်နေသည့် ငယ့်ကို လက်ညှိုးတထိုးထိုး တကြိမ်းကြိမ်းနှင့် ပြောနေရာက ... "ဟိုနှစ်ယောက်"ဟု လှည့်အော်လိုက်ပါသည်။ ငယ်နဲ့အတူ သူတို့ပါ ရောယောင် အဆူခံဖို့ရာ ညှော်ခန်းထဲ ငုတ်တုတ်လေးတွေ လာထိုင်ပေးနေကြရသည့် လရောင်နှင့် မ,တို့ ... တုန်ခနဲ ဖြစ်သွားကြသည်။



"နင်တို့လည်း တွေ့လာရင်၊ တစ်ခုခု သိလာရင် ... လူကြီးတွေကို ပြန်တိုင် ... မတိုင်ဘဲ ဝိုင်းမြှိုထားပေးတာတို့၊ ကူညီပါပေးနေသေးတာတို့ တစ်ခုခု ပြန်သိရရင်တော့ နင်တို့လည်း ... သေပြီသာမှတ် ..."

မ,က မျက်နှာငယ်ကလေးနှင့် ခေါင်းညိတ်သော်လည်း လရောင်ကတော့ (မျက်လွှာတော့ ချထားပေမဲ့) ခေါင်းပြန်မညိတ်ပြဘဲ ... ခပ်ပေပေသာ လုပ်နေသည်။ "လူကြီးတွေများ ... သူ့ဘာသာ သူ့သမီးသူ နိုင်အောင်ပြောပါလား ... မဆိုင်တဲ့အေးလူကိုပါ ထည့်မဲနေသေးတယ် ..."ဟု အန်ကယ်လွင့်ကို မကျေမနပ်တွေလည်း ဖြစ်နေလိုက်သေးသည်။

ဖြစ်ရပုံကတော့ ... မေမေနှင့် ကြီးတော်ကြီးနှစ်ယောက်ပူးတို့ ကိုယ်တိုင် ... ကျူရှင်လာကြိုကြကာမှပင် ... ငယ့်ကို ကျူရှင်ဝိုင်းရဲ့ တိုက်အောက်ထပ် လှေကားရင်းမှာ ကောင်လေးတစ်ယောက်နှင့် အခြေအတင်တွေ စကားပြောနေကြတာကို တွေ့လိုက်ကြရ၍ပင် ...။

ငယ့်အမေတို့ ကြီးတော်တို့ဟာ ... ငယ်တို့ညီအစ်မကို ယောကျ်ားလေးသူငယ်ချင်းထားလည်း အိုကေ။ ထိုသူငယ်ချင်းများနှင့် သွားသွားလာလာ ... အတူတွဲ စကားပြော၊ စားသောက်၊ အိမ်လည်ဆိုတာမျိုးတွေရှိလည်း ... ရိုးရိုးသားသားဆို ... အိုကေ။ "ဆန်းချင်လာပြီလား"... သင့်သင့်တော်တော် ကောင်းကောင်းမွန်မွန်ထဲကဆို ... ဆက်လက်၍ "အိုကေ"နိုင်သေးသော သူမျိုးတွေပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုလည်း ... ထိုကောင်လေးနှင့် ငယ်တို့ရဲ့ အပြန်အလှန် အခြေအတင် ဖြစ်နေကြတာကို ... စိတ်ထဲတွေမှာ ဘယ့်နှယ်မှ မနေကြဘဲ ..."ပြီးအောင်ပြောကြပါစေ"ဟု ... လှမ်းတောင် မခေါ်ဘဲ ... ကားထဲကပဲ ထိုင်စောင့်ပေးကြဆဲ ...၊ စောင့်ကြည့်နေကြဆဲကပင် ... တဖြည်းဖြည်း ကြည့်နေရင်း၊ ကြည့်နေရစ်းကပင် ... မသက်ာသလိုလိုတွေ ... ဖြစ်လာကြရကာ ...

"မမရေ ... ဟိုတစ်ယောက် မဟုတ်ဘူးလား ..."

"အေးအေးသီရေ ... သေချာတယ် ... ဟိုကောင်လေး ပါပဲ"

အမေရော ကြီးတော်ပါ ကားပေါ်ကနေ ဖြုန်းစား ကြီးတွေ ခုန်ဆင်းကြ။ ငယ့်ကို အတင်းဆွဲ ခေါ်တင်လာကြ။ ပြီးကျတော့ ဒီပြဿနာဟာ နောက်တစ်နေ့မနက်ကျတော့ ဖေဖေ့ဆီထိ ဒုတ်ဒုတ်ထိ ... ဆိုက်ရောက် ...။ ငယ့်မှာတော့ ကိုယ်လည်း ဘာအပြစ်မှ သေချာမလုပ်ရသေးပါဘဲ... တစ်ဖက်သားက အတင်းလာကပ်နေရုံနှင့် ... ရာဇဝတ်သားကြီးလို ဆူပူကြိမ်းမောင်းခံနေရတော့ကာ ... ကမ္ဘာလောက တစ်ခုလုံးကို မကျေမနပ်နှင့် ... ဒေါသတွေ အလိပ်လိုက် ထ,နေရတော့သည်။

လူကြီးတွေ ထွက်သွားကြလျှင် မ,နှင့် လရောင်တို့ကလည်း သံပြိုင် ...

"ငယ်ရယ် ... ဒီတစ်ခါ မျက်နှာချင်းဆိုင် မတော်တဆ ဆုံမိရင်တောင် ထွက်သာပြေးပါတော့ ... ဖေဖေတို့က ဒီပုံအတိုင်းဆို စောင့်ကို ကြည့်နေကြတော့မှာ ..."



"နင့်ကြောင့် ငါတို့ပါသေပြီ ... ဆိုတာကတော့ အဓိပ္ပာယ်ကို မရှိဘူး ...။ ပြီးကျရင် နင့်အဖေက ... ငါကပဲ ... လျော်သလိုလို ... ငါကပဲ ဓာတ်ဆရာမကြီးလိုလို ... ငါ့အဖေကို လာကိုပြောဦးမှာ ...။ နင့်အဖေက အဲဒါမျိုး ... ကိုယ့်အပြစ်ကို သူများအပြစ် လုပ်တတ်တာ သိပ်ဝါသနာပါတာ ... ခံရပေါင်းက များနေပြီ ..."

ကိုယ့်ဘာသာ စိတ်တိုနေသည့် ငယ်က ..."အမလေး 'လဲနေတုန်း တစ်ချက်ဝင်ထောင်းလိုက်ဦးမှ'ဆိုတဲ့ ဟာတွေပါလား ... ဖေးမချော့မော့ကြမယ်တော့ ... တစ်ယောက်မှ မရှိဘူး ..." ဟု နှစ်ယောက်စလုံးကို အော်ထည့်ပစ်လိုက်ပါသည်။ သူ့ထိရင် နည်းနည်းလေးမှ မခံတတ်သည့် လရောင်ကတော့ ...

"အေး ...မထောင်းစေချင်ရင် နင်လည်း ကြည့်နေကျက်ပေါ့"

ပြောပြီးတာနဲ့ "သူ့တာဝန်ကုန်ပြီ ..."ဆိုသည့်နှယ် ဆောင့်အောင့်ပြီး ထပြန်သွားတော့တာမို့ ... ငယ့်မှာ ဖိမဲစရာ ... မ,ပဲ ကျန်သည်။

"မ ... ငယ်လည်း ဘာမှလဲ မလုပ်ဘဲနဲ့ ..."

မ,ကပါ ငယ့်ကို ဘာစကားမှ ထပ်မဆိုလေတော့ ငယ် ပိုပြီးခံပြင်းသွားသည်။ "ကိုယ့်အပြစ် ဘာမှမရှိဘူး"ဟုသာ ခံငြင်းနေရတာ ... တကယ်တမ်းကျတော့ လာ,လာပတ်သက်နေသည့် သူကို ... လုံးဝဂရုမစိုက်၊ အရေးကိုမလုပ်ဘဲ ပစ်ပယ်ထားလိုက်ရင်လည်း ရပါရက် ... ပြိုင်,ပြိုင်ရန်ဖြစ်နေတာ ...။ စကားဖိုင်ပြန်လုပ်ပြောနေတာ ...။ သူက တစ်ခွန်းဆို ... ကိုယ်က ပါ တစ်ခွန်း အတုံ့အလှယ်တွေ ရှိနေမိတာ ... ငယ် လုပ်ချင်ပို့(ငယ်

www.burmeseclassic.com

www.burmeseclassic.com



ပျော်လို့)ပြန်လုပ်နေမိတာတွေပဲ ... ဆိုတာ ကိုယ့်ဘာသာကိုယ်တော့ နည်းနည်းသိနေသည်လေ ...။

ငယ် မငြင်းလိုပါ ...။ ခုဆို ငယ်ဟာ ... "ပြန်ငြင်းဖို့၊ ယောက်ထုတ်ပစ်ဖို့ ...၊ လုံးဝပဲဆိုတာ ပြောမလို့ ..."စတဲ့အကြောင်းပြချက်တွေ (ဘယ်သူ့ကိုမှ မဟုတ် ... ကိုယ့်ဘာသာ)ပြန်ပေးကာ... ဖုန်းလာတာကိုပင် ... သူ့နံပါတ်မှန်း သိသိကြီးနဲ့ ကောက်ကိုင်၊ ဖွင့်နားထောင်၊ တစ်ခွန်းမခံ ပြန်လှန်ပြောနေတတ်ပြီ ...။

ကိုယ့်ရဲ့ပြောင်းလဲမှုကို ကိုယ့်ဘာသာ မလုံလဲရလေ ... သူများက ရိပ်မိမည် ... အပြစ်ပြောချင်မည်ဆိုရင် ... ဆတ်ဆတ်ထိကို မခံချင် ... ဖြစ်မိရပြီလေ ...။

"ဖေဖေတို့နဲ့ တကယ်တမ်း ရင်ဆိုင်ပစ်တော့မယ် ...အပြတ်ကို စွန့်စားပစ်တော့မယ်လို့ ရည်ရွယ်ချက် မရှိသေးဘူး ... ရှိလာမှာလည်း မဟုတ်ပါဘူး ... ဆိုရင်တော့ ... ဒီကြားထဲမှာ မထိခလုတ်၊ ထိခလုတ်တွေနဲ့ အဆူခံ,ခံနေရမယ်ဆိုရင် ... မတန်ဘူးပေါ့ ... ငယ် ...။ အပြင်းအထန် ဆန့်ကျင်ဖို့ စိတ်ကူးမရှိရင်တော့ ... မတန်တာတွေ မလုပ်နဲ့ ... ရှင်းရှင်းပြတ်ပြတ်ပဲ နေတော့ ..."

မ,ရဲ့ ပညာသားပါ၊ ပညာရှိဆန်လှသော စကားကြောင့် ငယ့်မျက်နှာလေးက ရဲခနဲ ဖြစ်သွားပါသည်။ မ,မှာကလည်း တစ်မျောက် ...။ မိဘမကြိုက်တာကို မလုပ်ဖို့ ကိုယ့်ညီမငယ်ကို ကိုယ်ဆုံးမနေရတာကိုပင် ..."လိုရာဆွဲပြောသည်"ဟု အထင်ခံရမှာကို ...တစ်ဖက်ကနေ သေမတတ် ကြောက်နေမိသည့် မလုံလဲမှုက ရှိနေရသေးသည်ကိုး ...။



"လုပ်ချင်ရင်တော့လည်း လုပ်ပေါ့ ... လုပ်ပြီဆိုရင်တော့ ... လုပ်ရဲရင် ခံပေတော့ ...။ ငယ်မှ ဘာမှမလုပ်တာတွေ ... ဘာမှလဲ မလုပ်မိဘဲနဲ့ ဆူခံရတယ်တွေ ... လာမနေနဲ့တော့ ..."

မ,ကပါ ထထွက်သွားတော့လျှင် စူပုပ်ကောက်ချိတ်ပြီး ကျန်ရစ်ရသော ငယ်က ... ဆူခံရတာနဲ့တန်အောင် အရွဲ့တိုက်ပစ်လိုက်ချင်စိတ်ကလေးတွေ ရင်ထဲမှာ လှစ်ပြူလာသည်။ တကယ်ကကျတော့ ငယ်ကလေ ... မ,ရဲ့မျက်နှာကို ကြည့်နေမိလို့သာ ... သိလား ...။ မိုက်ရူးရဲဆန်တယ်လို့ သတ်မှတ်ရမှာ ဖြစ်ပေမဲ့ အဲဒီတစ်ဇွတ်ထိုးနိုင်မှုတွေကိုပဲ ... ရင်ဆိုင်လို့ ကောင်းနေခဲ့တာ ကြာပါပြီ ...။

သူက တခောက်ကန်း ထင်ရာစွတ်လုပ်ကာ ရမ်းရမ်းကားကား နိုင်လျှင် ... ကိုယ်က ... မကျေနပ်ကြောင်း၊ အင်မတန်မှ မုန်းတီးကြောင်း ပြော,ပြောပစ်နေရတဲ့ အရသာကိုကြိုက်သည်။ သူ ခါးသီး၊ နာကျင်၊ အောင့်သက်သွားအောင် ပြန်ပြောနေရတာကို သဘောကျသည်။ အဲဒီအတွက် သူက နောက်တစ်ချီကျ ဒီ့ထက်ပိုဆိုးကာ ဟီးရိုးကြီး ပိုဆန်ပြလာရင် ... မျက်လုံးမျက်ဆန်ပြူးနေကြတဲ့ ပွဲကြည့်ပရိသတ် သူငယ်ချင်းမများကြားမှာ ... ရင်ကော့၊ ခေါင်းမော့ ဟန်လုပ်ရတာကိုပဲ ငယ်က အင်မတန်မှ စွဲမက်ကာ သာယာနေရပါပြီတည်း ...။

ဒါပေမဲ့ ... မ,ဘယ်လိုနေမလဲ ... ငယ်ကသိချင်သည်။ စိတြဟာ စတာကတော့ မ,ကိုပဲ စခဲ့တာပါ ... ဟု ငယ်ပင် တစ်ထစ်ချယုံကြည်နေဆဲဖြစ်လျှင် ... မ,ကကော ဘယ့်နှယ်နည်း ...။

www.burmeseclassic.com

www.burmeseclassic.com



ငယ်တို့အိမ်ရှေ့ကနေ "သိပ်ချစ်တာပဲ ..."ဆိုတဲ့ သီချင်းတစ်ပုဒ်တည်းကိုပဲ အထပ်ထပ် အကျယ်ကြီးဖွင့်ကာ ဖြတ်နေတတ်သော ထိုလှည်း၊ ထိုစက်ဘီးသည် စိတြမှ စိတြ ... ငယ်ကတစ်ထစ်ချ သိနေသလို ... မ,ကကော သိနေဦးမှာလား ...။ အိမ်ရှေ့မှာ အလကားနေရင်း လာဖြတ်၊ အော်ရောင်းနေတတ်သော လက်ဆွဲ့ဂျာနယ်သမားများကလည်း ...

"ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို သိပ်ချစ်နေလို့တဲ့ ... ကောင်မလေး ယုံကြည်အောင် ဘယ်လိုလုပ်ပြရမလဲ မသိဘူး ဖြစ်နေတယ် ... ကောင်ကလေး တစ်ယောက်ရဲ့ အချစ်အကြောင်း ...။ စစ်မှန်တဲ့ အချစ်တစ်ခုအကြောင်း ... သီချင်ရင် ဝယ်ဖတ် ...၊ နားထောင်နေရုံနဲ့ ... အမြတ်မရှိဘူး ..."

ထပ်ခါတလဲလဲ ... ဒါချည်းပဲ ...။ ငယ်က နားစွင့်ကာ ကျိတ်ရယ်ပြီးလျှင် ... မ,ရော ကြားများကြား ...၊ ရိပ်များရိပ်မိသွားပြီလားဟု မှုရပြန်သည်။ ဒီခေတ်ကြီးထဲမှာ ဘယ်ဂျာနယ်သည်ကများ အဲဒီလောက် စစ်စစ်ပေါက်ပေါက်၊ တဖွဲ့တနွဲ့ အော်ရောင်းနေတတ်လို့လဲလေ ...။

ဗေဒင်ဟောစာတမ်း၊ သင်္ကြန်စာ အော်ရောင်းသည့် ဈေးသည်တွေကလည်း ..."အင်္ဂါသားက တနင်္လာသမီးကို စွဲလမ်းလွန်းလို့ သေရမတတ်ပဲတဲ့ ..."ဆိုတာမျိုးကိုသာ တစ်ပတ်ပြီးတစ်ပတ် ... ဟောစာတမ်းက ဒါမျိုးချည်း ...။ "သီချင်ဝယ်ဖတ်" ဆိုလို့ အဟုတ်ဝယ်ဖတ်တော့ ဘာမှမပါချေ ...။ ငယ့်မှာ ကိုယ့်ဘာသာ ဝယ်ဖတ်ပြီး ... ကိုယ့်ဘာသာ စိတ်တိုကာ သင်္ကြန်စာ



ဟောစာတမ်းကို ဆုတ်ဖြဲချိန်၌ ... မ,များ ဖတ်ချင်ဦးမလားဆိုတာ ... ငယ့်ခေါင်းထဲ ... အမြဲဝင်သည်။

အမျိုးမျိုး အဖုံဖုံ "ရွှေနားတော်သွင်း"နေမှုများမှာ "မမ"တို့ "မ"တို့ သီချင်းတွေ စာသားတွေ ... ထည့်အော်တာတွေ ... မပါတာရယ် ...။ ဗေဒင်ဟောစာတမ်းမှာလည်း "ကြာသပတေးသမီး"ကိုဟု တစ်ခါမှ မအော်တာရယ်ကြောင့် ငယ့်မှာ ကျိတ်ကျေနပ်ရတာက တစ်ဖက်။ အားနာစရာကြီးများလား ... လို့ တွေးရတာကတစ်ဖက် ...။

သမီးလိမ္မာလေးဖြစ်သော ငယ်သည် ... ဖေဖေတစ်ယောက် မနက်ပိုင်းကပဲ အော်ဟစ်ဆူပူ ကြိမ်းမောင်းသွားခဲ့သော်လည်း ... နေ့လယ်စောင်းဘက် အပြင်တစ်ခေါက်အထွက်မှာတော့ ... သူတို့ နိုင်ငံခြားဘာသာသင်တက္ကသိုလ်ရှေ့က ကားကိုတလှိမ့်လှိမ့် ... ဖြတ်မောင်းနေပြီးသား ဖြစ်နေပြန်တော့လေသည်။

နို့မို့ သွားဖို့စိတ်ကူးတောင် မရှိနိုင်ပေါင် ...။ ဖေဖေက ဆူတော့ ... ရွဲ့ချင်လာတာရယ် ...။ ပြီးကျ ဒီလောက် ဗရုတ်ကျ၊ ဆတ်စလူးထတဲ့လူဟာ သူကချည်း လာတွေ့ရတာမဟုတ်ဘဲ ကိုယ်က ရုတ်တရက် သွားတွေ့လိုက်တဲ့အချိန်မှာ ဘယ်လိုနေမှာပါလိမ့် ... လို့ သိချင်လာတာရယ် ...။ ပြီးကျ ... အဆူခံလိုက်ရကာမှ ... ပိုတောင် သတိတရ ရှိသွားမိရလို့ရယ် ... ပေါ့လေ ...။

တွေ့မဲ့တွေ့တော့ ... အင်းလျားလမ်းမီးပွိုင့်အကျော် သူတို့က လှည်းတန်းဈေးဘက်သို့ ဦးတည်သွားနေကြသခိုက် ... ဆရာများအဆောင်တွေရှေ့က ပလက်ဖောင်းလမ်းမကြီးပေါ်မှာ ...။ ငယ်တို့ကားကတော့ လှည်းတန်းဘက်မှလာပြီး အဲဒီအင်းလျား

www.burmeseclassic.com

www.burmeseclassic.com



လမ်းမီးပွိုင့်မှာ မီးနီမိနေခဲ့တာ …။ ငယ်နဲ့ သူဟာ မျက်နှာချင်းဆိုင် ဖြစ်တော့မလို အနေအထားကြီးမှာ …။

ကောင်မလေးတစ်ယောက်က ရှေ့ကသွား၊ သူက နောက်ကနေ ကျောပိုးအိတ်ထဲ တစ်ခုခုလိုက်ထည့်နေ …။ ကောင်မလေးက ဆွဲထုတ်ပြီး လွှင့်ပစ် …။ သူက ပြေးကောက်ပြီးပြန်ထည့် …။ သူ့မှာလည်း အုပ်စုနဲ့ …။ ကောင်မလေးမှာလည်း အုပ်စုလိုက်ပါပဲ …။ ဒါပေမဲ့ အခိက ပတ်သက်နေကြတာက သူနဲ့ အဲဒီကောင်မလေးသာ …။

ရင်ထဲတင်းကျပ်မောပန်းလာပြီး မချိတရိကြီး ဖြစ်လာသော ငယ်သည် … တစ်ချိန်တည်းမှာပင် … အိမ်ရှေ့ကထိသည်၊ ဂျာနယ်သည်၊ ဗေဒင်သည်တို့ကြောင့် မ,ကော ခု ငယ် ဖြစ်နေသလို ခံစားနေရဦးမှာလား … ဆိုတာကိုပါ ခေါင်းထဲရောက်လာမိပါသည်။

"ဦးလေး … ဘယ်ဘက်ကွေ့မဲ့ ယာဉ်ကြောထဲ ပြောင်းယူလိုက်လို့ မရဘူးလား …"

"သမီးက နိုင်ငံခြားဘာသာသင်တက္ကသိုလ်ရှေ့ကမောင်းဆိုလို့ တည့်တည့်သွားဖို့လိုင်းယူထားပြီးပြီ … ရှေ့နောက်ဘေးကားတွေလည်း ပိတ်နေပြီ… မလွယ်တော့ဘူးလေသမီးရယ်"

ငယ်ကား "သူ … ငယ့်ကို ခုချိန်မြင်သွားရင် … ငယ်တော့ အင်မတန် အောက်ပါပြီ"… ဟု ကြိတ်ငိုကာကွယ်ချင်ပါသော်လည်း မကြာခင်မှာပင် ငယ့်ညာဘက်ဘေးကနေ အုပ်စုလိုက်ကြီးနှစ်ခု တရုန်းရုန်း လာနေကြသူတို့က … ငယ့်ကားဘေးသို့ ရောက်လာခဲ့ပြီတည်း …။

"ဟာ … ငယ် …"



ငယ်က ဖျတ်ခနဲ မျက်နှာလွှဲလိုက်ပေမဲ့ သူကမြင်ဖြစ်အောင်မြင်ကာ ငယ့်ကားဆီ ပြေးလာ၊ သော့နိပ်ချထားသော ကားတံခါးသော့ဘုကို ဆွဲတင်၊ ကားတံခါးကို ဆွဲဖွင့် …။

"ဟော့ … သူငယ် … ဟော့ … သူငယ် …"

သူ့အကြောင်းတော့ အစဉ်းသိပင်ဖြစ်သော ဒရိုင်ဘာကြီးက အော်ဟစ်ကာ တားဆီးပါသော်လည်း … စိတြက ငယ့်ကို ညာဘက်လက်ကောက်ဝတ်ကနေ ကိုင်ဆွဲကာ ကားအောက်သို့ ရောက်အောင် ဆွဲချလိုက်ပါပြီတည်း။ ထိုအချိန်မှာ မီးပွိုင့်ကစိမ်းသွားသည်။ သူက ကားတံခါးကို ဒိုင်းခနဲ ပြန်ပိတ်ပေးလိုက်ကာ ငယ့်လက်ကို ကိုင်ဆွဲလျက် ကားကြိုကားကြားတို့မှ အသည်းယားစဖွယ်ဖြတ်သန်းကာ နှစ်ယောက်သား ပလက်ဖောင်းပေါ်သို့ပြေးတက်လိုက်ကြပါသည်။ ငယ်က ပလက်ဖောင်းပေါ် ရောက်ရောက်ချင်း သူ့လက်ထဲက ကိုယ့်လက်ကို "ဆောင့်"ဖြုတ်လိုက်သည်။

ဒရိုင်ဘာကြီးမှာတော့ နောက်ကားများက ဆက်တိုက်နှင့်မို့ …"ဦးလေး ပြန်ကွေ့လာခဲ့မယ်"ဟု အော်ဟစ်ကာ ဆက်မောင်းသွားရပါလေပြီ …။

တကယ်ဆို ငယ့်အနေနဲ့က … သူက ဘယ်လောက်ပဲ လာဆွဲဆွဲ … အတင်းကန်ရုန်းလည်း ရတာပဲ …။ သူဆွဲဖွင့်တဲ့ ကားတံခါးကို ပြန်ပိတ် …။ သူ့ကို တွန်းထုတ်။ လာဆွဲရင် အတင်းကန်ရုန်းဆိုရင် … လက်မောင်းပြုတ်အောင်၊ ကတ္တရာလမ်းပေါ် ပြုတ်ကျအောင်အထိတော့ သူလည်း ဆွဲလို့မရနိုင်ဘူးလေ …။ ငယ်ဟာ ပလက်ဖောင်းပေါ်ထိ (ရုန်းသလို မရုန်းသလိုနဲ့)ရောက်သွားစရာ အကြောင်းကို မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ … ငယ့်ကို လှမ်းမြင်လိုက်တဲ့အခါ … အပြစ်ရှိသလို လန့်ဖျပ်ထိတ်လန့်မသွားဘဲ … သူ အဲဒီလိုလာလုပ်တာ ရှင်းပြတော့မလို့ပဲ … ဆိုတာ ငယ်သိလိုက်သည်။ သူရှင်းပြမှာကို ငယ်က နားထောင်ချင်သည်။ ကားပေါ်က ရုန်းရင်းဆန်ခတ်ဆင်းလိုက်ရပြီး(သူတို့ကျောင်းက ဆင်းနေချိန်မို့ … အဲဒီနားတစ်ဝိုက်မှာ ထူထပ်များပြားနေတဲ့) … လူတွေဝိုင်းကြည့်နေတာကို ခံနေရတာထက် … မချိတရိ ဆုတ်ဆုတ်နစ်နစ်ကြီး ကားပေါ်ဆက်ပါသွားရမှာက … အများကြီး ပိုအခံရခက်စေမှာ သေချာနေပြီမို့ပါကွယ် …။ အဲဒါကြောင့်ပဲ … မနက်ကလေးတင် … "သေမယ် ကြေမယ်" အကြိမ်းခံထားရသော ငယ်ဟာ … နေ့မကူးသေး ခင်ပင် … သူ့ဆွဲခေါ်ရာ ပါမိလျက်သား။

"ဒီမှာ သွယ်သွယ် … ခုန နင့်အိတ်ထဲ ငါလိုက်ထည့်နေတာ ဘာလဲ …"

ခုနက သူနဲ့ ရှုပ်ယှက်ခတ်နေကြတဲ့ ကောင်မလေးက သူ ကားထဲက သွားဆွဲထုတ်လာခဲ့သော ငယ့်ကို ပြုံးစိစိနဲ့ ကြည့်ကာ …

"ဘယ်သိမလဲ …"

"အရစ်မ … ကောင်းကောင်း ပြောစမ်းပါဟာ …"

"နင် လိုက်ထည့်နေတာ နင်က ပိုသိရမှာပေါ့ …"

"ကျွတ် … ငါကပြောရင် ငါ့စကားပဲ ဖြစ်မှာပေါ့ … ကဲ… ကဲ … နင့်ရည်းစားက ဘယ်သူလဲ …"

ကောင်မလေးက ဝါးလုံးကွဲနီးပါး ရယ်ချလိုက်ကာ… နောက်ဘက်နားကို လက်ညှိုးလေးညွှန်ရင်း …



"ရန်လင်းနိုင်လေ …"

"နင့်အိတ်ထဲ ငါလိုက်ထည့်နေတာ … စာတစ်စောင်လေ… တောင်းပန်စာ … ဒီတော့ အဲဒီစာဟာ ဘယ်သူ့စာဖြစ်မလဲ … ဘယ်သူက နင့်ကို တောင်းပန်ချင်တာလဲ"

"ရန်လင်းနိုင်က ဖြစ်ချင်ဖြစ်မှာပေါ့ …"

စိတြက ငယ့်ဘက် လှည့်ကြည့်ကာ … "အဲဒါပဲ" ဟု ပြောလိုက်ပါသည်။

"အဲဒီတော့ ဘာလုပ်ရမှာလဲ …"

ငယ်ကား ထုံးစံအတိုင်း ဘယ်လောက်ပဲ ကျေနပ်နပ် … ရန်စကားပင်။

"ဘာမှမလုပ်ပါနဲ့ …။ ဟိုဘက်လမ်းမှာ … ကားပြန်ရောက်လာပြီ။ သွားပြန်တွေ့လာတာကလည်း မြန်လိုက်တာ … လမ်းစည်းကမ်းနဲ့မှ ညီညွတ်ရဲ့လား မသိဘူး … ဂယ်မတွေ့ရမဲ့နေရာလောက်မှာ တွေ့ချလာပုံရတယ် … လာ … လာ … ပြန်လိုက်ပို့မယ် …"

ဒီတစ်ခါ သူက ခြေမြန်လက်မြန်နှင့် ငယ့်လက်ကို လှမ်းဆွဲလိုက်ပြန်လျှင်တော့ … ငယ်က ရုန်းမထွက်မိတော့ဘဲ အသာတကြည်ပင် သူ့နောက်က ကပ်လိုက်လာကာ လမ်းကူးလာခဲ့ရင်း … ဟိုဘက်ကမ်းမှာ လာပြန်ရပ်ထားသောကားဆီ လျှောက်လာကြပါသည်။ Hair Gel တွေ အစိုလိုက်၊ အတောင့်လိုက်နှင့် စုစုစု အချောင်းလိုက်လေးတွေ ဖြစ်နေကြသော သူ့ဆံပင်ကုပ်မိုးစပ်လေးကို နောက်ကနေ မော့ကြည့်လိုက်ပါနေမိရင်း … ငယ့်ရင်တွေ ပူနွေးစွာ တစ်စထက်တစ်စ … အခုန်မြန်လာခဲ့ရတော့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်မတန်မှ ဗရုတ်ကျလှသော်လည်း ... လောကမှာ ငယ်သာလျှင် တစ်ယောက်တည်းလို့ ... လူလယ်ကောင်မှာလည်း ကြေညာဝံ့ပုံရတဲ့ ... လူဆိုးကို ငယ်တော့ ချစ်မိသွားပြီထင်သည် ကွယ်။

"အဲဒီလောက် ဗရုတ်မကျလို့ ... မရဘူးလား ..."

ငယ့်နှုတ်ဖျားက လွတ်ခနဲ ထွက်သွားမိလျှင် သူက "သိပ်ရတာပေါ့ ... အဲဒီလိုဆို ပြန်ချစ်ပြီလား ..."ဟု ချက်ချင်း တုံ့ပြန်မေးလေသည်။

"ဘာဆိုင်လဲ ... ကြည့်မကောင်းလို့ ပြောနေတာ ..."

"ဒါဆို ကြည့်ကောင်းကောင်းနဲ့ ကြည့်နေချင်တဲ့သဘော ပေါ့နော် ..."

ငယ်က ဘာမှမပြောတော့ဘဲ နေလိုက်သည်။ ဘေးနားသို့အရောက်မှာ စိတြက ကားတံခါးကို ဆွဲဖွင့်ပေးလိုက်ရင်း ... "အာ ... မ,အတွက် စာတစ်စောင် ပေးစရာရှိလို့ ... အတော်ပဲ။ နက်ဖြန်တောင် ငယ်တို့ကျောင်းကို လိုက်ပေးရရင် ကောင်းမလား ... ငယ့်နာမည်ပဲတပ်ပြီး ငယ်တို့အိမ်ရှေ့က စာပုံးလေးထဲ လာထည့် ထားရကောင်းမလား ... စဉ်းစားနေတာ"ဟု ပြောပြောဆိုဆို ... သူ့ကျောပိုးအိတ်ထဲက စာအိတ်လေးတစ်ခု ထုတ်ယူလိုက်ကာ ...

"ငယ် ... ရော့ ... မ,ကိုပေးပေးပါ ...။ မ,အတွက်နော် ... သစ္စာရှိပါစေ ... ငယ် ဖွင့်မဖတ်နဲ့ ..."

"အောင်မာ ..."

သို့သော် ... ငယ်သည် သူကွယ်သည်နှင့် တထိတ် ထိတ်သောရင်နှင့် ဖွင့်ပဲဖတ်လိုက်ရာ ...



"ငယ် ဖွင့်ဖတ်မယ်ဆိုတာ သိပါတယ် ... မ,ကိုပြောပေး ပါ ... အာယုနဲ့ဗုတ်သက်လို့ ... Congractulations ! ပါလို့ ..."

ငယ်က "ဟာ"ဟု အကျယ်ကြီး ဝမ်းသာအားရ အော်ဟစ်လိုက်သည်။ ဘာတွေ ... ဘယ်တုန်းက ... ဘယ်လိုလဲ ...။ သို့သော် ... အဲဒီဗရုတ်ဟာ ယုံရတာမဟုတ်။ ငယ်က မ,ဆီချက်ချင်း ဖုန်းကောက်နှိပ်လိုက်သည်။

"ငယ် ... မ,ဆီ ခုပဲသတင်းရောက်တယ်နော် ... တော် သေးတယ် ... ပြောတဲ့သူက အိမ်မှာသွားမပြောဘဲ မ,ကိုပဲ ဆိုင်ကိုပဲ ... လာပြောပေလို့ ... ငယ် အခုဘယ်မှာလဲ ... ဘယ်သူနဲ့လဲ ..."

"လှည်းတန်းနားမှာ ... ဦးလေးကြီးနဲ့ ..."

"ဟုတ်ရဲ့လား ..."

"မယုံရင် ဖုန်းပြောလိုက်ပေါ့ ... ဦးလေး ... ဦးလေး ... ရော့ ... ရော့ ..."

ဘယ်ဘက်ကမှ မပါလိုသော၊ သူ့အပြစ်လွတ်အောင် ကြည့်ကျက်နေရမည်ဖြစ်သော ဦးလေးကြီးထံမှ ..."အင်း ... အဲ ... ကတော့ ..."ဟု စကားသံ ထွက်လာပါသည်။ ငယ်ကဖုန်းကို ...ားမောင်းနေသူထံမှ ဖွတ်အတင်းပင် ပြန်လုယူလိုက်ကာ ... မ, ... ငယ့်ကို အပြစ်မတင်နိုင်ခင် ...

"မာ ... ... Congratulations ! တဲ့ ... သူက ..."

မ,ဆီက အသံလေး ပြန်ထွက်မလာဘဲ ခေတ္တမျှ ...တ်နေပြီးမှ ...

"ဘာလို့လဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"အာယု ..."

မ,ဆီမှ သက်ပြင်းရှည်ကြီး မပြီးနိုင်တော့အောင် ထွက်လာပါတော့သည်။ ပြီးကျ ... သူ့အကြောင်းကိုဖြင့် မပြော ပြဘဲနဲ့ ...။

"ငယ် ... အဲဒီတစ်ယောက်ကို လက်ခံတော့မလို့လား ... မ,မနက်က ပြောလိုက်မိတဲ့ ... လုပ်ချင်ရင်လည်းလုပ် ... တန်တယ်ထင်ပြီး ခံနိုင်မယ်ဆိုရင်လုပ် ... ဆိုတာကို အတည် ယူလိုက်ပြီလား ..."

ငယ်က ... အိညှောင်ညှောင် အသံလေးနှင့်ပင် ... "ဘယ်သူ့မှ ငဲ့မနေရ ... အားနာစရာလည်း မလိုဘူးဆိုရင် ..." ဟု စကားစလိုက်ရာ ... မ ... က ...

"မိဘတွေကိုတော့ ငဲ့ရ ... အားနာရမှာပေါ့ ..."

ငယ်က ဘာမှပြန်မဖြေဘဲ နေနေလိုက်တော့သည်။ မ,ကို မငဲ့ရ၊ အားမနာရရင် ပြီးတာပါပဲ ...။ မိဘတွေကို ရင်ဆိုင် ချင်ရင်တော့ ဇရုတ်ကျတာ၊ အီလုံး ထွေလုံး လုပ်လွန်းတာတွေ ကို အပြီးသတ်ရပ်ပြီး လူကြီးမျက်စိနဲ့ တွေ့အောင်နေဖို့၊ မရှမ်း ကား ... မရှုးရဲဖို့တွေကို ညှိယူနိုင်ရင် ... ရမလား မသိ ...။

ဟက်ဟက်ဟက်ဟက် ...။ အာယုက ဘယ်လိုလုပ် မ,ဖြစ်နေရတာလဲ မသိ။ ငယ်ကဖြင့် လရောင်ကိုများလားလို့ ... ကိုယ့်လူ ... လူလည်လေးဟာလေ ... တကယ်လည်တယ် ... အမှန်ကတော့ ... မ,ကို ပြောချင်တာထက် ... ငယ့်ဆီကိုပဲ သတင်း ကို အရောက်ပို့၊ ဖြေရှင်းသလိုလုပ်ချင်နေတာ ဖြစ်ပါလိမ့်မည် ...

○ ✧ ○



## မ, မသိစေချင် ...

"အိမ်အောက်ထပ်မှာ ဘဘဝင်းရဲ့ အသံဝါဝါ ... အောင်အောင်ကြီးကို ကြားနေရပါတယ် ..." ဟု ငယ်က တွေးနေခိုက် ပဲ ရှိသေး ...၊ အိမ်ပေါ်တက်သည့် လှေကားမှ "တဒိုင်းဒိုင်း" ပြေး တက်လာသံကို ကြားလိုက်ရကာ ...

"ငယ် ... ငယ် ..."

အခန်းတံခါးကို လာထုသည့် အသံဟာ လရောင်ရဲ့ အသံဖြစ်ပါသည်။ ဒါဆိုခုနအောက်ထပ်က အသံကြီးဟာ ဘဘဝင်း ပဲ ... သေချာတာပေါ့ ...။ ငယ်က လရောင်ကို တံခါးထဖွင့်ပေး လိုက်သည်။

"ဟဲ့ ... ငယ် ... ဖေဖေက အောက်ထပ်မှာ အန်ကယ်လွင့် ကို ဘာလာပြောပြနေတာလဲ ... သိလား ..."

"ဘယ်သိမှာတုန်း ..."

လရောင်ရဲ့ မျက်နှာလေးက အမောတကော ပြေး တက်လာရလို့လား မသိ ...။ ချွေးတွေပြန် ရွှဲနေပြီး ပါးမို့နှစ်ဖက် ကလည်း ရှမ်းမလေးတွေလို ... ရဲရဲတွတ်တွတ် ကလေးတွေ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေကြလေသည်။ ငယ်က ... လရောင်ရဲ့ စိတ်ပါလက်ပါ၊ အမော တကောကြီးကိုကြည့်ကာ ... ငယ်ဆီက သတင်းအသစ်ဖြစ်တဲ့ "မနဲ့အာယု"တို့အကြောင်းကို ... "လရောင် ပြောချင်ရာပြောပြီး မှ ... နောက်မှ ပြောပြပါတော့မယ်လေ ..."ဟုပဲ တေးထားလိုက် တော့သည်။

"မန္တလေးက မိတ်ဆွေတွေကလေ ဖေဖေ့ဆီမှာ ... သားပေး သမီးတောင်း စကားကမ်းလှမ်း လာကြလို့တဲ့ ... ဖေဖေက အဲဒါ အန်ကယ်လွင်တို့လည်း သိထားရအောင်တဲ့လေ ... အဲဒါ လာပြောပြနေတာ ..."

"အမလေးတော် ... 'အစပ်'ခံရတာများ ... အားရပါးရ ချွေးတစ်ချွေ ဝမ်းသာအားရကြီးကို လာပြေးပြောတော့တာ ပါလား ...။ သိပ်မကြိုက်ဘူး ...၊ မလိုချင်ရာဘူးနဲ့တူ တယ်"

ငယ်က ..."အဖေကလည်း သမီးအတိုင်းပဲ ... အတော် ဝမ်းသာအားရနေတဲ့ပုံ ပေါ်နေပါလား ... အံ့ပါရော ..."ဆိုတဲ့ စကားကိုတော့ ရင်ထဲမှာပဲ မျိုချထားလိုက်သည်။ ကိုယ်ကတော့ လျောင်ပြောင် ဟားချင်တာထက်၊ ကိုယ့်အစ်မ၊ ကိုယ့်ဘကြီးကို စချင်တာသက်သက်ပါ ...။ ဒါပေမဲ့ လူကြီးကို မခန့်လေးစားနိုင် ရာကျမှာက စိုးရသည်။ လူကြီးကလည်းပဲ ... အဲလောက်ကို ဖြစ် နေတာလေ ... တကယ်ပါပဲ ...။

"မဟုတ်ဘူးဟဲ့ ... ငါ ထင်တယ် ... ဖေဖေတို့က လက်ခံ မှာ ...။ အဲဒါကြောင့် ငါက နင်တို့ကို ပေးမသိရာကျမှာ စိုးလို့ ... မြန်မြန်လာပြောရတာပါ ...။ တော်ကြာ အား



လုံးပြီးမှ ပေးသိတယ်ဆိုရင် နင်က ငါ့ကိုပြောနေဦးမယ် ...။ နင့်ကိစ္စဆိုရင်တော့ ရည်းစားထားလိုက်ပြီ ဆိုတာတောင် အနီးဆုံးဖြစ်တဲ့ ငါက ကြိုသိလိုက်ရတာ မဟုတ်ပေမဲ့ ... ငါ့ကိစ္စဆိုရင်တော့ ... နင့်ကို ဦးဦးဖျားဖျားကို ပြောတဲ့ သဘောပါ ..."

"အောင်မာ ... ဘယ်မှာ ရည်းစားထားလိုက်လို့လဲ ..."

"နင် စိတ္တကို လက်ခံလိုက်ပြီ ... အဖြေပြန်ပေးလိုက်ပြီ မဟုတ်ဘူးလား ..."

"ဘယ်တုန်းကလဲ ..."

"ဘယ်သိမလဲ ... ကဲပါ ... ထားပါ ... နင့်ကိစ္စက မဟုတ် သေးဘူး ဆိုလည်း ရှိပါစေ ...။ ဒါဖြင့် နင်က ငါ့ကိုမကျော် သေးဘဲ ငါကသာ နင့်ကို အရင်ကျော်နိုင်မှာပေါ့ ... ဟီဟီ ဟိ ..."

"နင့်ဟာကလည်းဟာ ... လူကြီးချင်းတောင် ခုမှ စ,စပ် တယ်သာ ပြောတယ် ...။ မိန်းမ ... နင်ကဖြစ်ပျက်နေလိုက် တာ ...။ ပါးစပ်တောင် မစေ့နိုင်ဘူး ... ဘယ်လိုဖြစ်တာ လဲ ... မြင်ကော မြင်ဖူးပြီးပြီလား ...။ နင် ဒီလောက်ဖြစ် နေပုံနဲ့ဆို တော်တော်ပဲ ချောသလား ... နင့်ဟာကလည်း မြင်တာနဲ့ တန်းသဘောကျသွားတော့တာပဲလား ...။ ကိုယ် နဲ့ မရင်းမနှီး ... မသိကျွမ်းသေးဘဲနဲ့လေ ..."

"ဟယ် ... ငယ်ကလည်း ... တခြားလူမှ မဟုတ်တာကြီး ... အာယုပဲဟာ ..."

"အာယု ! "

www.burmeseclassic.com

www.burmeseclassic.com



ငယ့်အသံက အကျယ်ကြီး မြည်ဟီးသွားပြီးမှ ... ကိုယ့်ပါးစပ်ကို ကိုယ့်လက်နှစ်ဖက်နဲ့ အမြန်ဆုံး အုပ်ပိတ်လိုက်မိသည်။ ပြီးလျှင် ... အခန်းဝသို့ ပြေးသွားကာ အောက်ထပ်က ဖေဖေနဲ့ ဘဘဝင်းတို့ကို ပြေးချောင်းသည်။ ဖြစ်နေကြပြန်ပြီ... ထုံးစံအတိုင်း ...။ အဲဒီညီအစ်ကိုနှစ်ယောက်ဟာလေ ... လရောင်နဲ့ ငယ်နဲ့ထက်တောင်မှ ဆိုးပါသေးသည်။ ငယ်တို့ ဝမ်းကွဲနှစ်ယောက်ကမှ စိတ်တူကိုယ်တူ တည့်နေကြချိန်လည်း ရှိသေးသည်။ သူတို့ အရင်းနှစ်ယောက်ကတော့ ... တွေ့တာနဲ့ ... စကားစလိုက်တာနဲ့ ငြင်းခုန်ပြီး ... ပြဿနာစနေတတ်ကြတော့သည်။

အခုလည်း နဂိုတည်းကိုက အောင်ပြီးကျယ်နေတဲ့ ဘဘဝင်းရဲ့ အသံဝါဝါကြီးနောက်မှာ ဖေဖေ့ရဲ့ မာကျောကျောဘုဆတ်ဆတ်သံတွေက လိုက်လာတာမို့ ... ဘဘဝင်းကလည်း မြန်အော်စပြုနေပြီ။ အရမ်းတွေ ကျယ်လာကြရင်တော့ ဥပုသ်နေ့ ဆိုင်ပိတ်ရက်မို့ ... အိမ်မှာပဲ ရှိနေပြီး သူ့အခန်းထဲ သူအောင်းနေတဲ့ ... မ,တော့ ကြားသွားတော့မှာပဲ ...။

တော်သေးတာက မ,ဟာ ဘဘဝင်းရဲ့ မိန်းမ,မပါဘဲ ဘဘဝင်း တစ်ယောက်တည်း အိမ်ရောက်လာရင် ... အပေါ်ထပ်ကနေ အောက်ထပ်ကို ဘယ်တော့မှမဆင်း ...။ အခန်းထဲကနေ အခန်းပြင်ထွက်ကိုမထွက် ...။ အဲလိုဆိုရင် ညီအစ်ကိုနှစ်ယောက်ဟာ စကားများကြတော့မယ် ဆိုတာ ကျိန်းသေပေါက်မို့... ကြောက်လို့ရှောင်ကိုနေတာ ... ဆိုကာ ဘဘဝင်း ပြန်တဲ့အထိ တကယ်ပဲ အခန်းအောင်းနေတတ်သူ ဖြစ်ပေလို့ပေါ့ ...။



နို့မို့ ... အာယုကို သမက်တော်ခွင့်ရမဲ့အရေး အတော်တက်ကြွနေဟန်ရှိသော ဘဘဝင်းရဲ့စကားသံများကို မ,ကြားသွားမှ အခက်လေ ...။ ခုလည်း ငယ်က ကိုယ့်အခန်းထဲက ပြေးထွက်ကာ ... မ,ရဲ့အခန်းနားသို့ အရင်ပြေးချောင်းလိုက်သေးသည်။ မ,အခန်းက ... လှေကားထိပ်တင် ရှိနေသော ငယ့်အခန်းနဲ့စာရင်တော့ ညှော့ခန်းနဲ့ နည်းနည်းပိုလှမ်းပါသည်။ မကြားနိုင်လောက်သေးဘူး ထင်ပါရဲ့ ...။ မကြားပါစေနဲ့ ...။ ငယ့်မှာ ဟိုပြေးဒီပြေးနဲ့ ဗျာများနေရလေတော့သည်။

"ဘာဖြစ်နေတာလဲ ... ငါပြောတာကိုပဲ ငြိမ်ငြိမ်လာနားထောင်စမ်းပါ ..."

"အောက်မှာလေ နင့်အဖေနဲ့ ငါ့အဖေ ..."

"ဖြစ်ကြပစေလေ ... ဖြစ်ဖြစ်ပေါ့ ...။ ဖေဖေ ဒီလာပြောမယ်ဆိုကတည်းက အန်ကယ်လွင်တော့ ထအော်,သောင်းကျန်းတော့မယ်ဆိုတာ ငါ သိသားပဲ ...။ အန်ကယ်လွင့်ဆီ ဒီကိစ္စက အရင်ရောက်သွားပြီး ... မပြေမလည်တွေ ဖြစ်ထားကြပြီးသား ... ငြင်းပယ်ထားပြီး မျက်နှာချင်းတောင်မဆိုင်ချင်တွေ ဖြစ်နေကြမှန်း ငါက ဖေဖေ့ကို ပြန်ပြောပြထားပြီးသား ..."

"ဒါနဲ့များတောင်ဟယ် ..."

"ဘာ ... ဒါနဲ့များလဲ ...။ အန်ကယ်လွင်က ငြင်းပေမဲ့ ဖေဖေက ငြင်းချင်မှ ငြင်းမှာပေါ့ ...။ လူတစ်ကိုယ် အကြိုက်တစ်မျိုးစီပဲဟာ ...။ အာယုတို့အဖေက ဖေဖေ့

www.burmeseclassic.com



ထက်စာရင် အန်ကယ်လွင်တို့ အန်တီအေးအေးတို့နဲ့ ပိုခင်လို့ နင်တို့ဆီ အရင်ရောက်လာတယ် ...။ အဆင်မပြေတော့လည်း ငါရှိနေသေးတာ သတိရပြီး ဖေဖေ့ဆီ ထပ်ရောက်ချင်လည်း ရောက်မှာပေါ့ ...။ ဘာဖြစ်လဲ ... ငါတို့မိသားစုကတော့ အဲဒီလိုပဲ ... ပွင့်ပွင့်လင်းလင်း ရှင်းရှင်းပဲ တွေးတယ် ... မြင်တယ် ...”

“ဖေဖေ့ဆီမှာက အတီအလင်းကြီး စပ်တဲ့သဘောတော့ မဟုတ်သေးပါဘူး ...”

“အေးလေ ... ပိုတောင်အဆင်ပြေသေးတယ် ...။ ငါ့အဖေကိုတော့ အတီအလင်းကို စပ်တာပဲ ...”

“ထင်တာနော် ... ထင်တာပြောတာ ... ထ,မသောင်းကျန်းနဲ့ဦး ...။ အဲဒီ မန္တလေးက အာယုရဲ့မိဘတွေက ဖေဖေနဲ့ အဆင်မပြေကြလို့ ... တမင့်ကို ဘာဘဝင်းကိုပဲ ရွေးချယ်ပြီး ထပ်စပ်ပစ်လိုက်တာမျိုးကော ... မဖြစ်နိုင်ဘူးလား ...”

“ဖြစ်ချင်လည်း ဖြစ်မှာပေါ့ ...။ ဒါပေမဲ့ ဖေဖေတို့ကသာ လက်ခံနိုင်လောက်စရာ မိဘအသိုင်းအဝိုင်းမျိုး ဖြစ်မနေခဲ့ရင် ...။ ငါကလည်း ဟုတ်ဟုတ်ကြားကြား ကောင်းကောင်းကန်းကန်းထဲက မဟုတ်ဘဲ နှစ်ခွဲစုတ်ပြတ်၊ အကျင့်ပျက်၊ ဆယ်တန်းမှ မအောင်ဆိုရင် ... သူတို့အနေနဲ့က နင့်အဖေကို ရွဲ့ချင်ရုံနဲ့တော့ ဒီလိုတမင်လုပ်ပါ့မလား ...။ သူတို့အတွက်လည်း ကောင်းကို ကောင်းမယ်ဆိုတာ သေချာယုံကြည်လောက်လို့ ... ဝမ်းသာအားရ တောင်းတာပေါ့ ...”



“အာ ... အာယုကရော ...”

“ကျွတ် ... နင်ကလည်း ... နင်တို့နဲ့တုန်းကသာ လူငယ်ချင်းက မြင်တောင် မမြင်ဖူးကြသေးလို့ မယုတ်မလွန်လောက်နဲ့ပဲ စ,ဝင်တာလေ ...။ ခုဟာက ငါ့ကိုကျ အတီအလင်းကို စပ်ဟပ်တာ၊ တောင်းတာ ...။ ဒီခေတ်ကြီးထဲမှာ ကာယကံရှင် လူငယ်ရဲ့ဆန္ဒ မပါဘဲ မိဘတွေက အတင်းအကျပ် ထ,လုပ်လို့ ရကြသေးလို့လား ...။ သဘောပေါက်ပေါ့ ... ၄ဲ ၄ဲ”

“ဟို ... အဲ ... အဲဒီလိုလာစပ်ကြတဲ့ နေ့တုန်းက သူလည်း လိုက်လာပြီး ... သူ့မိဘက နင့်မိဘကို ပြောနေခိုက်မှာ ... သူကကျတော့ နင့်ကို ပြောနေတယ် ... အဲလိုပေါ့နော်”

“ဟင့်အင်း ... သူပါမလာပါဘူး ...။ ဒါပေမဲ့ ငါက အောက်ထပ်မှာ သူ့မိဘတွေတောင် မပြန်ကြသေးဘူး ... ရှိနေသေးတုန်းချက်ချင်း ... သူ့ဆီ ဖုန်းကောက်ဆက်လိုက်တာပေါ့ ... သူနဲ့ ငါ ဖုန်းပြောပြီးကြပြီ ...”

“ဘာတွေပြောကြလဲ ... သူက ဘာပြောလဲ”ဆိုတာလောက်ထိ လိုက်မေးထုတ်လို့ကတော့ မကောင်းတော့ဘူးလေ ...။ ငယ့်ရင်ထဲ တစစ်စစ်နင့် ဖြစ်လာသည်။ ငယ်ဟာ စိတြကို “ပြန်ချစ်မိပြီ”ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိလိုက်ရတော့ မ,ဘယ့်နှယ်နေမလဲ ... ဆိုတာ အရင်စုံစမ်းကြည့်ချင်မိသေးတာပါ ...။ အဲဒီအချိန်မှာပဲ စိတြရဲ့ ကောင်းမှုနဲ့ “မ,နဲ့အာယု”ဆိုတဲ့ ဇာတ်လမ်းကို ကြားတော့ ...“ဘယ်လိုဖြစ်ကြတာလဲ”လို့ မ,နဲ့အာယုအကြောင်းကို ထပ်စုံစမ်းရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အာယုက လာ,စ,မပြောဘဲနဲ့တော့ မ,ဘက်ကစမိတာမျိုး ... ဘယ်နည်းနဲ့မှ မဖြစ်နိုင်တာ သေချာနေလေတဲ့အခါ "အာယုက လာပြောတော့ မ,က ဘယ်လိုပြန်ပြောလိုက်သလဲ ...။ မ,ရဲ့ စဉ်းစားပုံ၊ ဆုံးဖြတ်ပုံက ဘယ်လိုလဲ"ဟုသာ စုံစမ်းရတော့ပေါ့ ...။ မ,က အာယုကို ... "လုံးဝမဖြစ်နိုင်ဘူး ...။ မဖြစ်နိုင်ဘူး ... ပြန်တော့ ..."ဟုတော့ ဒေါသနှင့် ပြောလွှတ်လိုက်သတဲ့။

မ,လို တည်ငြိမ်၊ ဣန္ဒြေရ၊ ရင့်ကျက် အရွယ်ရောက်၊ ပြည့်စုံနေပြီး ကိုယ့်ထက်လည်း အသက်ပိုကြီးနေသေးတဲ့ မိန်းမတစ်ယောက်ထံက ပထမဦးဆုံး တုံ့ပြန်မှုဟာ ဒီလောက်ထက် ဘယ်နည်းနဲ့မှ မပိုနိုင်လောက်တာ ... အာယုက သိရမှာပေါ့ ...။ တကယ်တမ်း ချစ်မြတ်နိုး၊ တန်ဖိုးထား၊ နှစ်လို၊ လိုချင်မှုရှိလျှင် "ဇွဲ"တစ်ခုကို လက်ကိုင်ထားပြီး ... ဘယ်လောက် ငြင်းလွှတ်လွှတ် အကြိမ်ကြိမ် အလီလီ ကြိုးစားယူနေရမည်။

သတ်မှတ်ချိန် တစ်ခုခုကတော့ ရှိရမှာပေါ့လေ ...။ ယောကျာ်းတစ်ယောက်ဟာ ဒီမိန်းမတစ်ယောက်ကို စ,လိုက်မိတဲ့ အချိန်ကစပြီး ... တစ်သက်လုံး ငြင်းနေတိုင်း တစ်သက်လုံးပဲ မသေမချင်း လူပျိုကြီးဘဝနဲ့ ဆက်စောင့်ကြိုက်၊ ကြိုးစားနေရဦးမယ် ... လို့တော့ မဆိုလိုပါဘူး ...။ သူတို့မှာလည်း အချိန်အခါနဲ့ ဘဝအစီပွာယ်ဆိုတာ ရှိရဦးမှာပါ ...။ နားလည်ပါတယ် ...။

ဒါပေမဲ့ မြတ်နိုးမှု အတိုင်းအတာအရ ... ဘယ်လောက်၊ ဘယ်မျှတော့ ဇွဲရှိရှိနဲ့ ဆက်ကြိုးစား ကြည့်နေရဦးမယ်ဆိုတာ ... ရှိကိုရှိရမှာပေါ့ ...။ ဒါမှလည်း နှစ်ဦးနှစ်ဖက် တရားမျှတတဲ့ လူမှုဆက်ဆံရေးပုံစံမျိုး ဖြစ်မှာပေါ့။ တစ်ခါငြင်းလွှတ်



ရုံနဲ့ "ဖျတ်"ခနဲ နောက်တစ်ဦးဆီ ... ဆိုတာကတော့ ... တည်ငြိမ်အခြေကျချင်တဲ့ ယောကျာ်းကောင်းတို့ရဲ့ လုပ်ရပ်တော့ မဟုတ်ဘူးထင်တာပဲ ...။ သူတို့လာစ,တင်တဲ့ မိန်းကလေးဟာ ဘယ်လိုအဆင့်အတန်းနဲ့ အခြေအနေက မိန်းကလေးမျိုးလဲ ... ဆိုတာရှိသေးသည်လေ ...။ "စဉ်းစားဆုံးဖြတ်ချိန်"ဆိုတာ မရှိရတော့ဘူးလား။

အဲဒီတုန်းက ငယ်ဟာ ... မ,ရဲ့ရင်ထဲက "အမှန်တရား"ကို တကယ်သိလိုသေးတာမို့ ..."မ, အာယုလို လူတစ်ယောက်ကို ဘယ်လိုနေလဲဟင် ... မ,သာဆိုရင် မ,ကြိုက်တဲ့ပုံစံက ဘယ်လိုရှိမှာမျိုးလဲ ..."လို့ပင် အတိအကျ မေးခဲ့သေးတာပါ။

"အာယုက ခုချိန်ထိတော့ ... အပြစ်ဆိုရာ မမြင်သေးတဲ့သူမျိုးပါ ...။ မ,ရဲ့အတွေးထဲမှာ ငယ့်အတွက် ... စိတ်ြလို လူထက်စာရင် ... အာယုလိုလူကမှ ပိုတော်နိုင်သေးရဲ့ ... လို့တောင် တွက်မိသေးတာ ...။ ဒါပေမဲ့ ကိုယ်ညီမအတွက် သဘောကျနိုင်တိုင်း ... ကိုယ့်အတွက်တော့ ကိုယ်သဘောကျချင်မှ ကျမှာပေါ့ ...

အာယုတင် မဟုတ်ပါဘူး ... မ,ဘဝမှာ ဘယ်ယောကျာ်းတစ်ယောက်ကိုမှ သဘောမကျတော့တာ မရွေးချယ်ချင်တော့တာမျိုးလည်း ဖြစ်နိုင်တယ် ...။ အဲဒီလိုပဲ အာယုပဲဖြစ်ဖြစ် ... တခြားဘယ်သူပဲဖြစ်ဖြစ် ... မ,ကိုလာကမ်းလှမ်းထားကြတဲ့သူတွေထဲက တစ်ယောက်ယောက်ကို ရွေးချယ်ချင်လာတာမျိုး၊ မ,ဘဝအတွက် နေရာပေးချင်လာတာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပါ ... ကြိုမပြောနိုင်ပါဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



မ,ရဲ့စကားကို ငယ်က ..."မ,သည် အာယုကို ရွေးချင်ရွေးမယ် ... မရွေးချင် မရွေးဘူး ...။ ဒါပေမဲ့ ငယ့်ကိုမှ လာကမ်း လှမ်းထားတဲ့ စိတ်ကြကတော့ ... မ,ရင်ထဲ ဘဝထဲမှာ မရှိဘူး ...။ နေရာပေးမထားဘူး ..."ဟု အဓိပ္ပာယ်ကို ကိုယ်ယူချင် ကောက်ချင်သည့်ဘက်က ရွေးကောက်ကာ ... စိတ်တိုင်းကျစွာ ... အပြစ်ကင်းစိတ်နဲ့ နေပျော်နေချိန်မျိုးလည်း ဖြစ်ပါသည်။

အဲဒီအချိန်မှာ အာယုဟာ ... လရောင်ကို သွားကမ်းလှမ်းတော့မဲ့ သူ့မိဘတွေရဲ့စကားကိုပါ မငြင်းပယ်ပြန်တဲ့ သားတစ်ယောက်ပါ ဖြစ်နေပြန်တော့တာလား ...။

မ,အနေနဲ့ ... သိပ်ကို အောက်သွားတာပေါ့ ...။ အာယုက သိပ်ဆိုးတာပဲ ... မ,က သိပ်သနားစရာကောင်းနေပြီ ...။ ငယ်သိပ်စိတ်ညစ်သည်။ မ,ရဲ့ညီမတွေဟာ တစ်ယောက်ပြီး တစ်ယောက် ... မ,အတွက် နာကျင်ခြင်းတွေကို ယူဆောင်လာပေးကြသူတွေ ဖြစ်နေကြပြီလား ...။ မ,ဟာ တစ်ခုမှ အနည်ထိုင်မယ် မကြံသေး ... နောက်တစ်ခု ထပ်ကြုံပြန်သလို ဖြစ်နေပြီ ...။

"ဟဲ့ ... လရောင် ... နင် ... မ,ကို မပြောနဲ့ဦး ... သူမသိစေနဲ့ ..."

"နင်က တစ်မျိုးပဲ ... နင့်ကို စိတြက လိုက်ပြီဆိုတုန်းကလည်း တစ်လောကလုံးမှာ မ,တစ်ယောက်ကိုပဲ မဆီမဆိုင်ကြီး နင်ဖုံးဖိသိုဝှက်ချင်နေတယ် ...။ ခုလည်း အာယုတို့က ငါ့လာစပ်တာကို ဖေဖေကတောင် နင့်မိဘတွေကို လာပြောသေးတာ ...။ ငါကတောင် နင့်ကိုပါ လာပြောပြသေးတာ။ မ,ကျမှ ကွက်ဖုံးထားသေးချင်တာက ဘာလဲ ...။ ထားပါ။



ဟိုတစ်ခါကတော့ ... စိတြဟာ မ,ကို မကြိုက်ပေမဲ့ ရောချင် လုံးချင်တာမျိုးတွေ အရင်စ,ပြခဲ့လို့ ... မ,ကို နင်က အားနာတာ ... ထား ...။ ဒီတစ်ခါကတော့ ဘာကြီးလဲ ...။ အာယုက စိတြလိုပဲ မ့ကို စ,အီခဲ့ပြန်တဲ့လူပဲ ဖြစ်နေပြန်ပြီလား ..."

"အဲ ... အဲလိုတော့လည်း ..."

"ဟုတ်ရင်လည်း ငါကတော့ နင့်လို ဂရုစိုက်မနေပါဘူး ...။ မ,က ငါတို့နဲ့စာရင် မနိုင်းသာ မယှဉ်သာအောင် ဒီလောက်ရှေ့ကပြေးပြီး လွတ်ချောနေတာ ... ဘယ်ယောက်ျားလေးပဲဖြစ်ဖြစ်ဖြစ် ... စ,စတွေ့တွေ့လိုက်ချင်းမှာတော့ ... မ,ကိုပဲ ဂရုပြု အလေးထားမိကြမှာချည်းပဲပေါ့ ...

ဒါပေမဲ့ Appreciate (သဘောကျ နှစ်လိုလေးစား) ဖြစ်တာ၊ ခင်မင်ကျွမ်းဝင် ပတ်သက်ချင်တာနဲ့ ... ချစ်တာကြိုက်တာ အိမ်ထောင်ပြုဖို့ ရည်ရွယ်တာနဲ့ကတော့ မတူဘူးလေဟာယ် ... သပ်သပ်စီပဲ ...။ မြင်မြင်ချင်း မ,ကိုဘယ်သူမဆို Appreciate ဖြစ်ကြပေမဲ့ ... ရွေးချယ်တော့ နင့်ကို၊ ငါ့ကို ဆိုတာမျိုးလည်း ဖြစ်နိုင်တာပဲ ...

အဲဒီအတွက် ... နင့်အနေနဲ့၊ ငါ့အနေနဲ့၊ မ,အနေနဲ့ အောက်တာ၊ ပူတာ၊ မခံနိုင်တာမျိုး ဖြစ်နေစရာလည်း မလိုပါဘူး ...။ ဘာဆိုင်လို့လဲ ..."

"ဒါပေမဲ့ ... ငါ့တုန်းကနဲ့လည်း မတူဘူး ... ခုဟာက ချစ်ပါတယ်ပြောပြီး လက်ထပ်ခွင့် လာတောင်းထားတာပဲ လို့ ပြန်အော်လို့ မရလို့သာနော် ...။ လရောင်ရဲ့ သတင်းထူးကို

www.burmeseclassic.com

www.burmeseclassic.com



အရင်ကြားလိုက်ရတဲ့ ငယ်ခမျာ ... ကိုယ့်ဘက်က သတင်းထူးကို ကျတော့ တစ်သက်တာ လျှို့ဝှက်ထားရတော့မဲ့ ဘဝမျိုး ရောက်သွားတာ ... နင် မသိဘူးနော် ... ဒေါ်လရောင်ဝင်းရေ ...။

"ဆိုင်ဆိုင် မဆိုင်ဆိုင်ဟာ ... နင်ကလည်း တမင်ကြီးဖုံးထားတာထက် ... နင်ရှည်ပြီးသွားကြွားမနေပါနဲ့တော့လို့သာ ဆိုလိုတာ ...။ နင်ပဲစဉ်းစားကြည့်လေ ... ငါတို့က အငယ်နှစ်ယောက် ... သူက အကြီး ...။ တကယ်ဆို သူကသာ အရွယ်ရောက်၊ အချိန်တန် ..."

လရောင်က "အပျိုကြီးတောင် ဖြစ်တော့မယ်"ဟု ရွှင်နေသောစိတ်ဖြင့် ဝင်အော်လိုက်သေးသည်။

"အေးပါ ထားပါ ... သူက အပျိုကြီး ... ငါတို့က ... ကလေးတွေ ...။ အဲဒီမှာ ကလေးတွေက တစ်ဓာတ်လမ်းပြီး တစ်ဓာတ်လမ်း အရင်။ သူက အစ်မဖြစ်ရက် အရင်မဖြစ်ရဘူးဆိုတော့ ... ကောင်းမလား ..."

"ဘာမှတော့ မဆိုင်သေးဘူး ... သူလည်း မရနိုင်လို့ တစ်ယောက်တည်း ဖြစ်နေတာမှ မဟုတ်တာ ... လာသမျှငြင်းပုတ်ထုတ်နေလို့ပဲဟာ ...။ ကဲပါ ... ထားလိုက်ပါ ... ပြောရမှာ ... ပို့လည်း မဟုတ်ပါဘူး ... ငါက နင့်ပဲပို **ပြောပြချင်တာပါ** ... မ,ကိုမပြောနဲ့ဆိုလည်း ရပါတယ် ... ဖြစ်ပါတယ် ...။ ဒါပေမဲ့ သူ့ဘာသာ လူကြီးတွေဆီက သိနေရင်တော့ ... ငါမဟုတ်ဘူးနော် ... ဒါပဲ ..."

လရောင်ဝင်းဟာ ... ဖင်ကလေးကို ကောက်ချိတ်၊ ကောက်ချိတ်၊ ကိုယ်လုံးလေးကို လိမ်တွန့်လှုပ်ယမ်း၊ ခေါင်းခါခါ



ခြေခါခါ လက်ခါခါနှင့် ... ပါးစပ်ကလည်း တေးသွားတစ်ခုကို ဆိုညည်းကာ ... ငြိမ်ငြိမ်မနေနိုင်အောင် ဝမ်းပန်းတသာ စိတ်လှုပ်ရှားဖြစ်နေပုံရပါသည်။ အံ့သြစရာ ... သိပ်ဝမ်းသာနေတယ်ဆိုတော့ လရောင်ဟာ ဤအဖြစ်ကို သိပ်ကျေနပ်ပျော်ရွှင်လို့ပေါ့နော်။ လရောင်ဟာ အာယုကို နှစ်နှစ်လိုလိုကြီးကို လက်ခံချင်လို့ပေါ့နော် ...။ လရောင်ဟာ အာယုကို ချစ်နေလို့ပေါ့နော် ...။

အစတည်းက သူတို့နှစ်ယောက်က ပိုခင်၊ ပိုလုံးသလိုမို့ အာယုဟာ လရောင်ကိုသာ နှစ်သက်လိမ့်မယ်လို့တော့ ထင်မိဖူးသားပါပဲ။ လရောင်ဘက်က ဒီလောက်ထိ ပျော်ဝင်နေမှန်း သတိကို မထားမိ။ ဒီလိုဆိုလည်း ... ဒီလိုနဲ့ ဒီလို ... ဒီလူနဲ့ဒီလူ ... ဒီလောက် လိုက်ဖက်အဆင်ပြေနေနိုင်ပါရက် ... အာယုဟာ ဘာကိစ္စကြောင့်များ မ,ကို သွားဆွ ... ဖွင့်ပြောလိုက်ရသေးတာပါလိမ့် ...။

အောက်ထပ်မှာတော့ ညီအစ်ကိုနှစ်ယောက်ရဲ့ ... "ဘယ်သူ အာပိုကျယ်နိုင်သလဲ" ပြိုင်နေကြသည်ဟုပင် ထင်ရသော စကားနိုင်လုပွဲကြီးက အတော်ကြီးကျယ် ပြင်းထန်လျက်ပင် ရှိလေသည်။

"အဓိပ္ပာယ်မရှိတာ ကိုဝင်း ...။ ကိုတင်ဦး ဆိုတဲ့သူဟာ တမင်လုပ်တာ ... ကျွန်တော့်ကို ကျောချင်လို့ ကြံရွယ်လုပ်ဆောင်တဲ့ကိစ္စကို ဖြစ်မြောက်အောင် ... သူ့အကြံအောင်၊ အောင် ... ကိုဝင်းက အားတက်သရော ဝင်ကူညီပေးသလို ဖြစ်ရဦးမယ်လို့ ...။ သူကတော့ ကျွန်တော့်ကိုလည်း ... အကြောင်းပြရ ... ကျွန်တော့်တူမကိုလည်းရ ...။ အခုလေးဗျာ ... အမြတ်ချည်းပဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကလည်း ... တစ်နေ့ ဆရာဝန်ဖြစ်မဲ့ ... မိကောင်းဖကောင်း သားသမီးတစ်ယောက်ကို ရမယ်လေ ...။ တစ်ဦးတည်းသောသား၊ သူ့မိဘများကလည်း စီးပွားရေး၊ လူမှုရေးအရ ဘာမှပြောစရာမလိုဘူး ...။ ကဲ ... ဘယ်လောက်ဟန်ကျထားလိုက်သလဲ ...။ ကလေးချင်းကလည်း အသိအကျွမ်းတွေပဲ ဖြစ်နေတယ်။ ငါက မင်းတို့ချင်း ပြဿနာကြားထဲဝင်ပြီး ... သူစိမ်းမြတ်အောင် ကူညီတာ မဟုတ်ပါဘူးကွ ... ငါ့ဘာသာ ငါ့စိတ်ကြိုက်၊ ငါ့သမီးလေး အတွက် ကောင်းမယ် ထင်တာကိုသာ လုပ်မှာမျိုးပဲ ..."

"ဒါပေမဲ့ ကျွန်တော့်ဘက်လည်း တစ်ချက်တော့ ထည့်တွက်ဦးပေါ့ ... ကျွန်တော် ဒီလောက်ခါးသီးတာ၊ မနှစ်မြို့တာ၊ ငြင်းထားတာ ဆိုတာကိုလည်း ကိုဝင်း အရင်ကမသိရင်တောင်၊ ခုသိပြီပဲ ..."

"အရင်ကတည်းက သိပါတယ် ... လရောင်က ပြောပြတာပဲ ...။ ဒါပေမဲ့ မဆိုင်ဘူးလေကွာ ... မင်းက လက်ခံထားရင်သာ ငါက မင်းကို ထည့်တွက်ရမှာပေါ့ ... ခုဟာက ငြင်းထားတာ ... မင်းနဲ့ အလွတ်ကြီး ဖြစ်နေပြီပဲ ... ကျန်တာက **ငါ့အပိုင်းနဲ့ ငါ** ..."

"ပြောမရဘူးလား ... ဘာကိစ္စနဲ့များ ဒီလောက်ထိ မက်နေတယ် မပြောတတ်တော့ပါဘူး ...။ ပြဿနာရှိပါတယ်ဆိုလည်း ဖွတ်လုပ်မှာပဲတဲ့ ...။ အမျိုးတွေ တော်လာကြရတော့ ဘယ်လိုမျက်နှာချင်း ပြန်ဆိုင်ကြရမတုန်း ...။ သိပ်ခက်တာပဲ ..."



"ဟော့ ... မင်း အခုအချိန်မှာ မင်းမိန်းမရဲ့ ဦးလေးတွေ အဒေါ်တွေ အိမ်ကို ကိစ္စဝိစ္စ၊ အလှူအတန်း ဘာညာမရှိဘဲ ... ခဏခဏ ရောက်ဖြစ်နေတယ် ဆိုတာမျိုး ရှိနေသေးလား ...။ အမြဲတွေ့ဆုံ၊ ချိန်းချက်၊ ပတ်သက်နေကြလို့လား ...။ အဲဒီဦးလေး အဒေါ်တွေနဲ့ မင်းမိဘတွေနဲ့က ရော ... ဂဒီး ဂဒီး စကားပြောဆို ဆက်ဆံနေကြရမဲ့ကိစ္စတွေ အများကြီးပဲလား ...။

မပူစမ်းပါနဲ့ကွာ ...။ တကယ့် အရင်းအချာချင်းတွေ မဟုတ်တော့ရင် ... နောင်အရှည်သဖြင့်မှာ ကိစ္စရှိမှ၊ ပွဲရှိမှ ... ဆွေရယ် မျိုးရယ် ဆိုတာ ဆုံကြရတာပါ ...။ ဆုံပြီဆိုရင်လည်းကွာ ... မင်းတောင် မင်းမိန်းမရဲ့ဦးလေးကို စကားသွားမပြောချင်လို့ ရသေးရင် ...၊ ဟိုက အဘိုးကြီးကလည်း မင်းကို လှည့်မကြည့်ဘဲ ... ရှိတယ်လို့ မမှတ်ဘဲ နေလို့ရသေးရင် ... ခု မင်းပူနေတဲ့ ..."နောင်တစ်ချိန် အမျိုးတွေ တော်လာတော့ ဘယ်လိုလုပ်ရမတုန်း" ဆိုတာ ဘာမှ တွေးနေစရာ ... ခက်နေစရာ မရှိတော့ဘူး ...၊ ဒီလိုပဲ သူ့အလိုလိုနဲ့ ပြီးသွားမှာပဲ ...

မက်တာကတော့ မက်တယ်ပြောလည်း ခံရမှာပဲ မောင်ရေ ...။ ငါကတော့ မင်းလိုသမီးကညာတစ်ယောက် တင့်တင့်တယ်တယ်နဲ့ အရွယ်ရောက်လာတာကို စီးပွားရေးထဲပဲ စိတ်ထည့်ပေးလိုက်ပြီး ... ကျန်တဲ့အချိန်မှာ မိဘမျက်စိအောက်မှာပဲ နေနေလေ ... ကျေနပ်လေပဲဆိုတဲ့ အထဲကတော့ မဟုတ်ဘူး ...။ မိဘဆိုတာ မရှိတော့ရင် ... ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လိုလုပ်မတုံး ...။ ငယ်သေးတာပဲလို့ကော ပြောမလို့လား ... ငယ်လေ ... စိတ်ချရမဲ့ လူကောင်းလေးမျိုးတွေ့ဖို့လိုလေပဲ ...။ မက်တယ်ဆိုတာကတော့ဗျာ ... အတည်တကျကြီး မဟုတ်သေးတောင် ... ကောင်းကောင်းကန်းကန်းလေးထဲက လာတုန်းဖမ်းချိတ်ထားရမှာ ...။ ဒါ ... ဒီခေတ်သမီးရှင်တိုင်း လုပ်သင့်တဲ့ကိစ္စ ...”

“ခင်ဗျားနဲ့ ကျွန်တော်နဲ့က သိပ်စကားပြောချင်တာ မဟုတ်ဘူး ကိုဝင်း ...။ ခင်ဗျားက ဘယ်လိုအတွေးတွေနဲ့ ဘယ်လို လူကြီးမှန်းကို မသိဘူး ... ကျွန်တော် ငြင်းထားတာကိုတန်း လက်ခံချင်တယ် ဆိုကတည်းက အလုပ်ကိုမဟုတ်ဘူး ...”

“ဟ ... ဒါကတော့ ... မိဘက မကောင်းလို့၊ ကလေးကိုယ်တိုင်က မကောင်းလို့ ... စီးပွားရေး၊ လူမှုရေးကြောင့်၊ အကျင့်စာရိတ္တတွေကို မကြိုက်လို့ ...၊ အဲဒါတွေကြောင့်သာ မင်းငြင်းထားတာဆိုရင် ငါကကော ဘာလက်ခံနေစရာ ရှိမှာလဲ။

ခုဟာက ကြားထဲကလူ ဝင်နှောက်လို့ ပြဿနာတက်သွားရတယ် ဆိုတာပဲဟာ ...။ သူ့အပြစ်လည်း တိတိကျကျ မဟုတ် ...။ မင်းဘာသာ မင်းရဲ့အတ္တမာနနဲ့ ငြင်းတာပဲ ... ငါက ဘာပြောစရာ ရှိရမလဲ”

“ဒါဖြင့် အဲဒီသူတို့သား ဆိုတာကကော ဒီမှာတုန်းကလို ဟိုချောင်း သည်ချောင်း ဓာတ်လမ်းထွင် အကဲ့ခတ်တွေ လုပ်မနေတော့ဘဲ ... ခင်ဗျားသမီးကို တန်းလက်ခံတယ် ပေါ့ ...။ လိုချင်တယ်ဆိုတာ သေချာပြီပေါ့ ...”



“ဒါကတော့ ... ဒီခေတ်ကလေးတွေဆိုတာ သူတို့မနှစ်သက်ကြရင် မိဘက ရိုက်ပေးစားလို့ ရရိုးထုံးစံများ ရှိကြလို့လား ...”

ဦးခင်မောင်လွင်မှာ ... သူတို့အလွန်ကောင်းမွန်သည်ဟု ထင်နေပြီး ... နှစ်သက်သဘောကျနေသော ... သူတို့သမီးရဲ့ မင်္ဂလာရေးကိစ္စကို တစ်ဖက်သတ် ဝင်ဖျက်နေတယ်လည်း ဖြစ်မှာစိုးရသေးတာမို့ (မိန်းမလုပ်သူကလည်း လက်တကုတ်တဲ့ည်း ကုတ်ကာ သတိပေးနေပြီမို့) မကျေမနပ်ကြီးနှင့်ပင် စုစုပုပ်ပုပ်ကြီး ငြိမ်သက်ပေးနေလိုက်ရပါတော့သည်။ လူရှုတ်ကြီးဖြစ်သော အစ်ကိုဖြစ်သူကတော့ ...

“ခုဟာကတော့ မြန်းတယ် ... လက်ခံစဉ်းစားတယ်၊ သဘောတူချင်တယ် ဆိုတဲ့ အဆင့်လောက်ပဲ ရှိသေးတာပါ ... ဒါပေမဲ့ တကယ့်တကယ် ကိစ္စက ဖြစ်မြောက်ပြီဆိုတာမျိုးလည်း ခပ်မြန်မြန်ကြီး ဆက်တိုက်ဆက်ဖြစ်ချင်ဖြစ်သွားမှာပဲ။ အဲဒီအခါကျ ... ဦးလေးအရင်းတစ်ယောက်အနေနဲ့ ... ငါနဲ့ မတည့်လို့ လာမချီးမြှင့်ဘူး ဆိုတာမျိုးတော့ မဖြစ်စေနဲ့ ...။ အဲဒါလေးတော့ ကြိုတောင်းပန်ထားလိုက်တယ်”

မိန့်မိန့်ကြီးတွေပြီးကာ ပြန်သွားကြသော သားအဖနှစ်ယောက် မရှိတော့လျှင်တော့ ... ဦးခင်မောင်လွင်က အော်ဟစ်သောင်းကျန်း၊ ငယ်က သိပ်စိတ်ညစ် ရင်လေးကာ အသီးသီး ကျန်ရစ်ကြရပါသည် ...။

www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စအတွက် ဘာဘဝင်းရဲ့ ရှုတ်တွတ်တွတ်သဘောထားကို မကျေမနပ် ဖြစ်သွားတဲ့ မေမေဟာ ... ငယ်နဲ့ စိတြတို့ရဲ့ အရေးမှာ ပိုပြီး ကန့်ကွက်၊ အပြတ်ဖြတ်၊ (ဘာဘဝင်း ပြောသလိုဆို)အတ္တမာနတွေ ပိုကြီးပြနေဦးတော့မည်ဆိုတာ ... ငယ်က ရိပ်စားမိပါသည်။

○✧○



## နားမလည်

"မဟုတ်ဘူး ... ငယ်က စိတြကို အပြတ်ကို ဖြတ်နေတာ ...။ ရှင် ... ငယ်နဲ့ လာမပတ်သက်နဲ့တော့ ... အပြတ်ပဲ ...။ အဲဒါကို ပြောတာ ..."

"ဖြတ်တယ်တို့ ... အပြတ်ပဲတို့ဆိုတာ ... လက်ခံထားမှ ... ပတ်သက်နေကြမှ ... ချစ်သူတွေချင်းကျမှ ... လုပ်လို့ရတာလေ ... ဘာမှမဟုတ်တဲ့ လူနှစ်ယောက်ကြားမှာက ဖြတ်လို့မရဘူး ... အပြတ်ပဲလို့ အပိုင်ပြောလို့ မရဘူး ..."

အဲ ...။ ငယ့်မှာ ဒုက္ခကို ရောက်နေရတော့သည်။

"ဒါမှမဟုတ်ရင် ... အဲလိုဖြတ်တယ်တွေ ပြတ်တယ်တွေ ပြောချင်နေရင် ... ပတ်သက်ထားပြီးကြသူတွေချင်းလို့ ယူဆထားလို့သာပဲ ... လို့ တွက်လိုက်ရမလား"

"မတွက်လိုက်နဲ့ ..."

"ဖြည်းဖြည်းပြောပါ ... တစ်စက္ကန့်လောက် နောက်ကျပြောမိရင်ပဲ တွက်ပြီးသားပဲ ... လို့လည်း ဘယ်သူမှမပြော

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး …။ အဲဒီလို တွက်လိုက်ဆိုရင်လည်း … ပက်သက်ထားပြီးကြသူတွေ၊ သက်ဆိုင်ကြသူတွေ … ဆိုတာကိုသာ လက်ခံထားမယ် …။ ပြတ်ပြီ ဖြတ်ပြီ ဆိုတာကို လက်သင့်မခံဘူး …။ နားထဲတောင် မထည့်ဘူး … ကိုယ့်စကားကိုယ်ပြန်ယူသွား …။ မျိုချထား …"

"ဘယ်လိုဖြစ်နေတာလဲ … ဖြတ်တယ် အပြတ်ပဲ ဆိုတာကို လက်မခံရင် … ရှင့်ကို ငယ်က ငြင်းထားတယ်ဆိုတာတော့ ရှင်သိပြီးသား လက်ခံထားပြီးသားပဲလေ … ပြီးပြီပေါ့ … လာမနေနဲ့တော့ … ကျွန်မလည်း ရှင့်ကို ကြိုဆိုဧည့်ခံမနေနိုင်ဘူး … ပေါ်ကိုမလာနဲ့တော့ … အဲဒါပဲ …"

"ခုကော … ကြိုဆိုဧည့်ခံနေလို့လား …။ ငြင်းထားတယ်ဆိုတာက ဟုတ်တယ်လေ …။ ဒါပေမဲ့ အဲဒီလိုငြင်းထားတာကို ဒီဘက်ကနေ ပြန်လက်ခံထားတယ်လို့တော့ ဘယ်သူက ပြောသလဲ … လက်မခံဘူး …။ ကိုယ့်ဘာသာ ငြင်းထားတယ် မဟုတ်လား … ရတယ် …။ အဲဒါက ငယ့်ကိစ္စပဲ …။ လက်ခံတယ် မခံဘူးဆိုတာက တော့ ကိုယ့်ကိစ္စလေ …။ ငြင်းတဲ့လူကလည်း တစ်ခါငြင်း ထားပြီးပြီဆိုရင်ပြီ … ထပ်,ထပ်ငြင်းနေစရာ မလိုတော့ဘူး …၊ အဲလို ထပ်ငြင်းနေလို့လည်း မရဘူး။ ငြင်းတာကို လက်ခံမထားတဲ့သူကတော့ … သူ့သဘောနဲ့သူ … လက်မှခံမထားဘဲ … လာနေလို့ရတယ် … ဘာလုပ်လုပ်ရတာပဲ …"



ငယ့်မှာ သူ့ကိုနိုင်အောင် မပြောနိုင်ပေ …။ သို့သော် တစ်ခါငြင်းလိုက်သည်ဆိုရုံနှင့် လူကြီးမိဘရဲ့ အစီအစဉ်ကို တန်းလက်ခံပစ်သူနဲ့စာရင်တော့ … ငယ်က စိတ်ကို(ဖြတ်သည်၊ ပြတ်ပြီဆိုသော်ငြား) အမှတ်တွေ အများကြီးပေးနေမိပြန်သည်ပေါ့ကွယ် …။

"တစ်ခါမှ မကြားဖူးဘူး … ငြင်းပြီးရင် ပြီးပြီပဲ … ကိုယ့်အကြောင်း ကိုယ်သိပြီး အသာတကြည် ပြန်ဆုတ်သွားကြတာပဲ ကြားဖူးတယ် …"

"ဥပမာ … အာယု …"

ငယ်က စိတ်ကို အထိတ်တလန့် ကြည့်လိုက်မိပါသည် …။ အာယု နောက်ပြန်ဆုတ်သွားပြီဆိုတာ စိတ်က ဘယ်လိုလုပ် သိနေသလဲ …။ မ,ရဲ့ဇာတ်လမ်းဟာ တစ်ကမ္ဘာလုံးနီးပါး ဒီလိုပဲ လိုက်သိ၊ ပြန့်ပွနေပြီး အရှက်ကွဲရတော့မှာလား …။

"ကဲ … အာယုလေ … ဘယ်တုန်းက ပြန်ဆုတ်သွားသလဲ။ ဒါ ဥပမာတစ်ခုပဲ ရှိသေးတယ် … အားက နှစ်ယောက်လုံးနဲ့ သိတဲ့ အနီးဆုံးလူတစ်ယောက်ကို ဆွဲပြလိုက်ရုံ ရှိသေးတယ်"

ငယ့်မှာ ခုမှ သက်ပြင်းချရကာ …

"ဆုတ်ရင် ဆုတ်သွားမှာပေါ့ … အားကနေဝင်ပြီး "မဆုတ်ဘူး" လို့ ဘယ်လိုလုပ် အတိအကျ လိုက်ပြောနေနိုင်မှာလဲ"

"မဆုတ်လို့ ခုဆိုင်ရောက်နေတာပေါ့ … ငယ်မယုံရင်သွားကြည့်၊ ခုလောက်ရှိ ဒီကောင် … မ,ရဲ့ဆိုင်မှာ …"

"ဟင် ! ဘယ်လိုလုပ် သိသလဲ"

"ဒီလိုပါပဲ … နည်းတွေ ရှိပါတယ် … လွယ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ငယ်က အိတ်ထဲက ဖုန်းလေးကို ဆွဲထုတ်ကာ လှမ်းဆက်လိုက်တော့မည် ရှိပြီးမှ ..."လိုက်ပဲသွားကြည့်လိုက်မယ်"ဟု ဆုံးဖြတ်လိုက်ပါသည်။

ထိုအချိန်မှာ မ,ရဲ့ဆိုင်၌ တကယ်ပဲ အာယုက ရောက်နေခဲ့လေသည်။

"မမ ... တကယ်ပြောတာပါ ... ကျွန်တော် ဘာမှမသိလိုက်ဘူး ... လရောင်က ဖုန်းလှမ်းဆက်ပြောမှပဲ သိတော့တယ် ... ကျွန်တော် ကြိုသိလိုက်ရင် ဖေဖေတို့ အဲဒီအိမ်အထိ ရောက်မသွားနိုင်အောင်တော့ တစ်နည်းနည်းနဲ့ တားနိုင်မှာပါ ... ခုတော့ တကယ့်ကို မသိလိုက်လို့ ...။ ကျွန်တော့်အဖေက အဲဒီလိုပဲ ... စိတ်ထဲပေါ်လာရင် ဖျတ်ခနဲ ထလုပ်ပစ်လိုက်တတ်တာ ...။ ဘယ်သူ့ကိုမှ တိုင်ပင်မေးမြန်းမနေတော့ဘူး"

မ,သည် မျက်နှာလေးငယ်ပြီး အောက်ကို့ကာ လာတောင်းပန်နေသူ ကောင်ကလေးကို ကြည့်ကာ ..."ဘာဖြစ်သလဲကွယ် ... ဘာမှမဖြစ်ပါဘူး"ဟုပဲ ပြောလိုက်ပါသည်။ ဒီကောင်လေး မနက်က ဆိုင်ရောက်လာကတည်းက ..."ပေါက်ကရစော်ကားရှုမ်ကားတွေ ထပ်လာပြောမှာမျိုး မဟုတ်ရင် ... ပြောစရာရှိတာ ပြောနိုင်ပါတယ် ..."ဟု စကားကုန်ပြော၊ ကြိုပိတ်ထားပြီးသားလေ ...။

စိတြရဲ့ ပုလင်းတူဘူးဆို့ သူငယ်ချင်းဖြစ်သူ အာယုရဲ့ ချစ်စကား ကြိုက်စကားကိုတော့ "စော်ကားသည်"ဟု မြင်ခဲ့



တဲ့ မ,ဟာ ... လရောင်နဲ့ သတင်းကို (အိမ်က)ကြားကြားချင်းမှာတော့ ... စိတ်ထဲ ဘယ့်နှယ်မှကို မနေပေ ...။ "ဘဘဝင်းက ကောင်းမယ်ထင်လို့ လုပ်တာဖြစ်မှာပေါ့ ..."လောက်သာ စိတ်ထဲရှိသည်။ ကိုယ့်လာပြောထားတဲ့သူဟာ ... သူ့မိဘတွေ သဘောတူ၊ သဘောကျတဲ့ လရောင်ဝင်းကို လက်မခံရ၊ မိဘတွေကို ဆန့်ကျင်ပြီး ငြင်းကိုငြင်းမှာပေါ့ရယ်လို့တော့ လုံးလုံးကိုမထင်မိ။ မတွေးမိပါချေ ...။

မမရဲ့ ... နူးညံ့အေးချမ်းနေတဲ့ လေသံလေးကို ကြားလိုက်ရတော့ အာယု တစ်ယောက် တော်တော်စိတ်ချမ်းသာသွားပါသည်။ မမ ... အရမ်းကို နားလည်တတ်တဲ့ မမ ...။ ချစ်စရာကောင်းတဲ့ မမ ...။

"မမ အထင်လွဲမှာ စိုးတယ် ..."

"အထင်လွဲမှာ ဆိုတာက ဘာကိုပြောတာလဲ ... မိဘက ကောင်းမယ်ထင်လို့ စီမံပေးတာ ... အာယု အနေနဲ့ လက်ခံချင်ခံ၊ မခံချင် မခံနဲ့ပေါ့ ...။ မ,အနေနဲ့ကတော့ အာယုရဲ့ လက်ခံခြင်း မခံခြင်းနဲ့ ဘာမှမပတ်သက်ပါဘူး ... မပတ်သက်ပါရစေနဲ့"

"ကျွန်တော် နှစ်သက်လို့ လက်ခံလို့ ဖေဖေတို့က လရောင်တို့အိမ်ကို ရောက်သွားကြတာ မဟုတ်ရပါဘူး ..."

"အဲဒါ ... အာယုတို့ရဲ့ကိစ္စပဲလေ ..."

"ကျွန်တော်က အဲဒီ အစီအစဉ်ကို ... လက်ခံမှာ မဟုတ်ဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်း အာယုရဲ့ကိစ္စပဲ … တစ်ခုပဲရှိတယ် …။ မ,ကို ဆွဲမထည့်နဲ့ …။ ခုလောလောဆယ်အထိ … အာယုရဲ့မိဘတွေ မ,ဘကြီးတို့အိမ် ရောက်သွားကြတဲ့ ကိစ္စကို မ,ဘယ့်နှယ်မှ မနေဘူး …။ ဒါ ဒီလိုပဲရှိချင် ရှိကြမှာပဲ … နားလည်တယ် …။ ခု အာယု လာတောင်းပန်နေတာကိုတောင် တောင်းပန်နေစရာ မလိုပါဘူးလို့ပဲထင်တယ် …။ မ,အတွက် စိတ်ဆိုး စိတ်ခုစရာ အကြောင်းတစ်ခုမှ,မှ မရှိဘဲ …

ဒါပေမဲ့ … မ,ကို ဆွဲထည့်မယ် ဆိုရင်တော့ မ,စိတ်ဆိုးရလိမ့်မယ် …။ အာယု ဘာသာ လက်ခံချင်ခံ၊ မခံချင်နေ … မ,ကြောင့် မဖြစ်စေနဲ့ …။ မ,နာမည် မပါနဲ့"

အာယုမှာ အခြေအနေက ကိုယ်ဖြစ်စေချင်သလို ချက်ချင်းဖြစ်မလာနိုင်သော်လည်း … မ,ဘက်က ဒီလောက်လေး "နားလည်ပါတယ်လေ … ဘာဖြစ်လဲ"ဆိုတာမျိုးလောက်ကိုပဲ လောလောဆယ်ဆယ်အတွက် လက်ခံထားရမည် ဖြစ်ပါသည်။ ကိုယ့်ဆီကို လရောင်ဝင်း ဖုန်းဆက်လာခဲ့တုန်းကတော့ ထိတ်လန့်သွားလိုက်ရတာ ဆိုတာလေ …။

ကိုယ့်မိဘတွေက ခုဖုန်းဆက်နေတဲ့ အချိန်ထိ အဲဒီအိမ်မှာ ရှိနေကြတုန်းဆိုတော့ … လရောင်ဝင်းကိုလည်း ဝူးတူးဝါးတားနဲ့ ဘာမှ တစ်ခါတည်း မလုပ်လိုက်ရဲ။ အာယုရဲ့အခြေအနေဟာ … မမတို့အိမ်မှာ လူကြီးမိဘ သဘောမကျလောက်တဲ့ ကောင်ကလေးအဖြစ် …ဖြစ်နေခဲ့ရပြီးပြီ။ သူတို့ရဲ့ နောက်ထပ်



အမျိုးအိမ်တစ်အိမ်မှာ … မိဘကို အရှက်ခွဲ၊ အိမ်ရှင်လူကြီးလင်မယားကို ရိုင်းပျရာကျပြီး … သမီးဖြစ်သူကို စော်ကားမော်ကားနိုင်သွားတဲ့ သူတစ်ယောက်တော့ ထပ်မဖြစ်လိုတော့ပြီလေ …။

ကိုယ့်မိဘတွေကိုပဲ စိတ်ပျက်ညြချချင်သည်။ ဦးခင်မောင်လွင်ကြီးကို မုန်း,မုန်းပါစေဦး။ ဦးခင်မောင်ဝင်းရဲ့သမီးလေး အကြောင်းကိုပါ ထပ်သိပေးပြီး မျက်စိထဲတွေ့ အကြိုက်ကျ,ကျပါစေဦး …။

ဘယ်လောက်ပဲဖြစ်ဖြစ် …၊ ဘာကြီးပဲဖြစ်ဖြစ် အာယုကိုတော့ အရင်တိုင်ပင်သင့်သေးသည်ဟု ထင်ပါသည်။ ခုတော့ ဒီသတင်းသာ ဆွေမျိုးချင်းအနေနဲ့ ဦးခင်မောင်လွင်တို့အိမ်သို့ ရောက်သွားရင် … အာယုက အဲဒီက မိသားစုတွေ အပေါ်မှာ ဘယ်လိုဆက်စခန်းသွားရတော့မှာလဲ …။

မမအနေနဲ့ "ဟင်"ခနဲ ထပ်ဖြစ်သွားနိုင်တာက တစ်မျိုး …။ "ဒါ ငါ့ကိုသက်သက်မဲ့ရွဲ့တာ"ဟု ထင်သွားနိုင်သော ဦးခင်မောင်လွင်ကြီးကို … နောက်ပိုင်းကျ (သူ့သမီးအကြီးနဲ့ ပတ်သက်ပြီး ထပ်မံရင်ဆိုင်ချင်လာတဲ့အခါ) ဘယ်လိုမျက်နှာပြန်ပြရကောင်းမှန်း မသိနိုင်တော့တာက တစ်မျိုး …။ အာယုရဲ့ "အချစ်ရေး"ကို ရှေ့ရေးမျှော်တွေးပြီး စဉ်းစားကြည့်လိုက်ရင် … ရှူးတောင် ရှူးထွက်သွားချင်မိလေသည်။

ခုကျတော့ မမဆီက …"ဆွဲမထည့်နဲ့" ဆိုပြီး "နားလည်ပါတယ်"ဆိုတာမျိုး တစ်လုံးလောက်ပြန်ရတဲ့အတွက်… ချက်ချင်းကြီး ရှူးမသွားရသေးခြင်းပင် ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အာယု ... ကိစ္စပြီးရင် ပြန်တော့လေ ... မ,ကလည်း ဆိုင်အလုပ် ရှိသေးတယ် ... အာယုလည်း ဒီနေ့ကျောင်းဖွင့်ရက် မဟုတ်လား ... ဆေးရုံတို့ ကျောင်းတို့ မသွားရဘူးလား"

"ဆေးရုံကအပြန် ... ကျောင်းကိုအသွား ကြားထဲမှာဝင်လာတာပါ မမ ... အချိန်ရပါတယ် ..."

"ဒါပေမဲ့ ပြန်တော့နော် ... ဟုတ်ပြီလား ..."

"မမ ... ကျွန်တော့်ကို ခုလို အေးအေးဆေးဆေး လက်ခံတွေ့ပေးတဲ့အတွက် ... ကျွန်တော်ပြောပြချင်တာတွေကို နားထောင်ပေးတဲ့အတွက် ... ကျေးဇူးတင်ပါတယ် ..."

"အဲဒါလည်း ... အာယုကို လိုရာဆွဲတွေးမသွားဖို့ မ,က ပြောချင်သေးတယ် ...။ ဟိုတလောက အာယု လာတယ်။ ပေါက်ကရတွေ လျှောက်ပြောသွားလို့ မ,ဒေါသထွက်ရတယ် ...။ ပြီးကျတော့ အာယုဟာ မ,တို့အိမ်က လူကြီးတွေအနေနဲ့ မနှစ်သက်တဲ့လူ၊ သူ့သမီးတွေနဲ့ မပေါင်းစေချင်တဲ့လူ ဖြစ်တယ် ...။ အဲဒါတောင်မှ မ,က အခု အာယု ဒီကိုလာတွေ့တဲ့အခါမှာ ... အေးအေးဆေးဆေးပဲ လက်ခံတယ်။ သေချာစကားပြောတယ် ...

အဲဒါ ... ဘာလို့လဲဆိုတော့ ... အာယုဟာ မ,မိဘတွေနဲ့ မသင့်ပေမဲ့ ... မ,ဘကြီးတို့ကတော့ လက်ခံကြိုဆိုလိုက်ကြပြီဆိုတဲ့သူ ဖြစ်နေလို့ ...။ မ,ညီမကလေးတစ်ယောက်ပဲဖြစ်တဲ့ လရောင်နဲ့ ပတ်သက်လာရင် မ,တို့နဲ့ပါ



ဆက်လက်ပတ်သက်ကောင်း ပတ်သက်လာရမဲ့လူ ဖြစ်သွားပြီမို့လို့ ...

အဲဒါပါပဲ ... အဲဒါ အာယု ရှင်းရှင်းပြတ်ပြတ် မြင်တတ်ပါ ...။ မ,ရဲ့သဘောထားတွေကို သဘောပေါက်နားလည်စေချင်တယ် ... ဒါပါပဲ ..."

ရှင်းပါ ... ပြတ်ပါပေ့ မမရယ် ...။ အာယုကို ရှင်းရှင်းပြတ်ပြတ် မြင်ပါဆိုတဲ့အတိုင်း ... ကိုယ်တိုင်ကလည်း ရှင်းရှင်းပြတ်ပြတ် ပြောတတ်၊ ပြတတ်ပါပေရဲ့။ သဘောကတော့ ... စကတည်းက "မ,ကတော့ နားလည်ပါတယ် ... အာယု အနေနဲ့လည်း ကိုယ့်သဘောနဲ့ကိုယ် လက်ခံချင်ခံ ... မခံချင်မခံနဲ့ ... မမ,နာမည်တော့ မပါစေနဲ့" ဆိုတာသည်လည်း ... အာယုသည် မမရဲ့ ဘကြီးတို့နဲ့၊ မမရဲ့ ညီမတော်နဲ့ ထပ်ပတ်သက်စရာ မရှိတော့ဘူး ဆိုရင်တော့ ... သူ့အဖေကလည်း မကြိုက်တဲ့အတွက်၊ သူကလည်း ဒေါသထွက်ဖူးတဲ့ အတွက် ... ထိုအာယုကို ထပ်မံပတ် သက်ဆက်ဆံဖို့ အကြောင်းမရှိနိုင်ပါ ... ဆိုတဲ့သဘောပေါ့ ...။

မမက နားလည်ပေးသလို ...၊ အာယုကလည်း သဘောပေါက် နားလည်ရမတဲ့ ...။ အင်မတန် အေးချမ်းနူးညံ့စွာ ပြောဆိုနေသော စကားလုံးလေးတို့သည် အာယုအတွက်တော့ ရင်ထဲ သံချွန်ပုနှင့် ဝင်မွှေ့သလို ... ပူပြင်းတောက်လောင်ပြီး အခံရခက် နာကျင်နေစေသော ..."ရက်စက်တတ်ခြင်းလေး"များ ဖြစ်နေပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အာယုမှာ ခေါင်းငိုက်စိုက်ကျကာသာ ... မမရဲ့ဆိုင်ကနေ ပြန်ခဲ့ရပါတော့သည်။

ထိုအချိန်မှာ ... ငယ်က ... စိတြကို လိုက်ပို့ခိုင်းပြီး မမတို့ဆိုင်ရှေ့က လမ်းမကြီးပေါ်သို့ ရောက်နေပြီ။ "မ,ရဲ့ဆိုင်ကို အာယုက ဘာလို့ ရောက်နေရမှာလဲ ... မ,ကကောဘာလို့လက်ခံတွေ့ဆုံပေးနေရမှာလဲ ..."ဟု စိတ်တွေရှုပ်ထွေးလာမိသော ငယ်သည် ..."လိုက်ပဲသွားကြည့်လိုက်တော့မယ် ..."ဟု ဆုံးဖြတ်လိုက်ချိန်၌ ... အိမ်ကကားကို ကျောင်းသို့မှာခေါ်ယူလိုက်ဖို့ထက် တက္ကစီပဲငှားစီးသွားလိုက်တော့မယ်ဟု တွက်လိုက်ပြီးသား ...။

အဲဒီမှာ ရန်လင်းနိုင်ရဲ့ကားကို အတင်းဆွဲလာသော စိတြက "သူပို့ပါ့မယ်"အတင်းထ,ဖြစ်တော့တာနဲ့ပဲ ..."ဘာဖြစ်သေးလဲ"ဟု သူ့ပဲလိုက်ပို့ခိုင်းလိုက်တော့ခြင်း ဖြစ်ပါသည်။

မတူဘူး ...။ ငယ်က စိတြကို"ငြင်းပါသည်။ မလာပါနဲ့"ဘယ်လောက်အော်အော် ... ပြတ်ကိုမပြတ်သားနိုင် ... ပတ်ပတ်သက်သက် ဆက်,ဆက်ရှိနေမိတာ ... ငယ် စိတြကို ငြင်းထုတ်နေရတဲ့ အကြောင်းရင်းက မိဘတွေကြောင့်။ (ဒီထက်တိတိကျကျ ပိုပြောရရင် မေမေ့ကြောင့်)ဒီတစ်ချက်ပဲ ရှိတာလေ။

မ,ကတော့ မတူဘူး ...။ ငြင်းပြီးပြီဆိုရင် (အစကတည်းကလည်း ငြင်းစရာမငြင်းရသေးပါဘူး ဆိုရင်တောင်) ခုကတော့ ငယ့်လိုမျိုးပြတ်ပြတ်သားသားကို မရှိနိုင်သေးဘဲ တစ်မြစ်တွယ်တွယ် ... ဆက်ရှိနေလို့ မရတော့ဘူး ...။ မ,ဟာ အာယုနဲ့ လရောင်တို့ အကြောင်းကို သိပြီးသား ဖြစ်သွားပြီလေကွယ် ...။



အဲဒီနေ့က ငယ်ကဖြင့် မ,ကြားမှာ စိုးနေသည်။ အောက်ကစကားသံတွေ မ,အခန်းထဲ ဝင်ပြီလား ပြေးချောင်း။ လရောင်ကို "ပြန်မပြောရ"လို့ ပိတ်လိုပိတ် ...။ တကယ်တမ်းကျတော့ မ,က ဘဘဝင်းရဲ့မိန်းမပေါ အိမ်ကိုပါလာလို့ ... ဧည့်ခန်းနဲ့ကပ်ရပ် (သစ်သားအကွက် Partation လေးတစ်ခုပဲ ခြားထားသော)ထမင်းစားခန်းထဲမှာ အတူထိုင်နေကြတာ ...။ ကိစ္စဝိစ္စအားလုံးကို ... ကြီးကြီးရဲ့အပြောနဲ့တင် ... ငယ့်ထက်တောင်မှ ပို,ရေရေရာရာ သိလိုက်နိုင်သေးတာ ...။

မ ...။ အာယု အပေါ် စိတ်ဝင်စားသွားမိခဲ့ပြီ ဆိုရင်တောင် ... တစ်ခုခုတော့ ဆုံးဖြတ်ကာ ဆင်ခြင်သင့်ပြီလို့ ... မ,မထင်ဘူးလား ...။ ဒါမှမဟုတ်ရင်လည်း နောင်လည်း နာမည်ပျက်ရမဲ့တူတူ၊ မိဘနဲ့ ရင်ဆိုင်ရမဲ့တူတူဆိုရင် ... အဲဒီနေ့ကတည်းက ဘဘဝင်းတို့ သိပ်တက်ကြွနေကြကတည်းက ..."မ,နဲ့တော့ ဒီလိုပဲ"ဆိုတာ အပြတ်ပြောပြီး ရင်ဆိုင်ထားလိုက်သင့်သည်။ အဲဒါကမှ မိုက်မဲရာကျပေမဲ့ ပွင့်လင်းရိုးသားရာလည်း ကျသေးသည်ဟု ငယ်ထင်သည်။ သူတို့ဘက်က စ,လာဖွင့်ပြောပြီးမှ ကိုယ့်ဘက်က သစ္စာမရှိ၊ မထောက်မထား ခိုးလုပ်နေမိရာ မကျနိုင်တော့ဘူးလေ ...။

ငယ် တိတိကျကျ မေးတုန်းကတော့ ... မ,ဟာ အာယုမှအာယု ... စွဲလမ်းမိပြီ ... ဆိုတဲ့ အရိပ်အယောင်လည်း မတွေ့ရသလိုပါပဲ ...။ မ, ငယ်က ကိုယ်ချင်းမစာ ပြောနေတာ မဟုတ်ရပါဘူး ...။ ကိုယ်လည်း ဒီလောက်ကြီး စိတ်မဝင်စားလှဘူးဆိုရင် ... ပိုတောင်ဆင်ခြင်နေလိုက်ရဦးမည်ရယ်လို့ မ,မထင်

www.burmeseclassic.com

www.burmeseclassic.com



ဘူးလား ...။ မ,က ငယ့်ထက်တောင် အသိဉာဏ်ကြီးတဲ့သူ တစ်ယောက်လေ ...။

ငယ်သည် စိတ်တွေရှုပ်ထွေးလာမိရာက ... မ,ရဲ့ဆိုင်ထဲက လှမ်းထွက်လာသော အာယုကို အမြင်မှာတော့ ဒေါသတွေပါ ထွက်လာမိပါတော့သည်။ အို ... နှစ်ယောက်စလုံးကိုပဲပေါ့ ...။ ရှိတဲ့အသိဉာဏ်တွေကို ဘယ်မှာသွားသုံးမှာလဲ မသိသော မ,ရယ် ...။ ဟိုဘက်မှာလည်း ငြိမ်လက်ခံ၊ ဒီဘက်မှာလည်း လာပတ်သက်ဖြစ်နေပြန်သော အာယုရယ် ...။ နှစ်ယောက်စလုံးကိုပဲ ...။

"ဟိုမှာ ... ဟိုမှာ ... အာယု ... အာယု ... ထွက်လာပြီ"

"မြင်တယ် ..."

"ဟာ ! ဘာကို စိတ်တိုသွားတာလဲ ... ဟိုရှေ့နားကလမ်းကွေ့မှာ သူ့ကား ရပ်ထားတာ တွေ့တယ် ... အဲဒီကိုသွားမှာပဲ ... အဲဒီအထိပဲ မောင်းလိုက်ရမလား။ မ,ဆိုင်ထဲဝင်မှာလား ...။ သူနဲ့စကားပြောချင်တာမျိုးလား ..."

"အာယုနဲ့ ..."

စိတြာက ပခုံးတစ်ချက်တွန့်ကာ ... မ,တို့ဆိုင်ကိုကျော်မောင်း**သွားလိုက်ပြီး** ... အာယုရဲ့ကားနောက်မှာ သွားရပ်လိုက်ပါသည်။ လမ်းမကြီးပေါ်မှာက ကားရပ်လို့ မရတာမို့ ... လမ်းကွေ့ထဲ ဟာထိုးထားရလေကာ ... အာယုက မ,ဆိုင်ထဲကနေ သူ့ကားအထိ တစ်ကွေ့ ... လမ်းပြန်လျှောက်လာနေရသည်။ ငယ်တို့က ကားထဲကဆင်းရပ်ကာ သူ့ကားဘေးမှာ သွားရပ်စောင့်နေလိုက်ကြသည်။



"ဘာတွေကို ရုတ်တရက် စိတ်ထတိုတာလဲ ..."

"အားလုံးပဲ ... ရှိရှိသမျှ တစ်ယောက်မကျန်ပဲ ..."

"ဒါဆို ကျွန်တော်တော့ မပါပါဘူး ... သေချာတယ် ...။ ကျွန်တော်က ဘာအပြစ်မှလဲ ရုတ်တရက် ထ,မလုပ်မိဘူး၊ ပြီးတော့ ... အားလုံးထဲက တစ်ယောက်မှ မဟုတ်တာ ... သပ်သပ်သီးသန့်တစ်ယောက်ပဲဟာ ..."

ငယ်က စိတြာကို မျက်စောင်းရွယ်လျှင် စိတြာက မျက်နှာလွှဲကာ မသိချင်ယောင် ဆောင်နေလေသည်။ လမ်းကွေ့လေးကို ငိုက်စိုက် ငိုက်စိုက်နှင့် ချိုးချလာသော အာယုက စိတြာနှင့်ငယ့်ကိုမြင်တော့ မျက်ခုံးနှစ်ဖက် ခြင့်တက်သွားသည်။

"အာယု ... မ,ဆီကို လာတာမှတ်လား ... ! ဘာလို့လာတာလဲ ...။ လရောင်ရဲ့အဖေက ငယ်တို့ကို အားလုံးလာပြောပြပြီးသွားပြီ။ အဲဒီမှာ လက်ခံလိုက်ပြီဆိုရင် ... အာယုအနေနဲ့ ဘာတွေဆင်ခြင်ရတော့မလဲ ဆိုတာ သိသင့်ပြီ ...။ လရောင်ကိုတော့ ဘာမှ ပြတ်ပြတ်မငြင်းလိုက်ဘဲ မ,ဆီလည်း ဆက်လာနေတာ ကောင်းတဲ့လုပ်ရပ်လား ...။ လွန်လွန်းတယ် မထင်ဘူးလား ...။ ရှင့်ဟာက ဘာလဲ ... ဘယ်လိုလူလဲ"

စိတြာက လရောင်နဲ့အကြောင်းကို ခုမှရိပ်မိကာ ပါးစပ်လေး ပွင့်ဟပြီး (တမင်) အာယုကို ကြည့်နေသည်။ အာယု အဲဒီဆိုင် ရောက်နေတာ ... ခုပဲ ဆိုင်ရှေ့က ဖြတ်သွားတဲ့ ကျော်မျိုးက လှမ်းပြောပေးလို့သိတာပါ ...။ မ,က အာယုကို လက်

www.burmeseclassic.com

www.burmeseclassic.com



မခံသေးဘူး ဆိုတာကလွဲပြီး တခြားဘာကိစ္စမှ ကြိုသိမထားတဲ့ စိတြကအာယုရဲ့ အခြေအနေတွေကကျတော့ မ,ဆီမှာ တအားကြီး တိုးတက်အောင်မြင်နေချိန်မှာ ကိုယ့်မတော့ ငယ့်ထံမှာ ရှေ့ဆက်မတိုးသာဘဲ ... အပြတ်ကြီး ဖြတ်ခံနေရတဲ့အတွက် ... မနာလိုစိတ်ပုပ်လေး ဝင်မိတာတော့ အမှန်ပင် ...။ ဒါကြောင့်လည်း ငယ့်ကို ဥပမာပေးချိန်မှာ ခုလေးတင် လောလောလတ်လတ် သိထားရတဲ့ သတင်းကိုပါ ထည့်ပေးလိုက်မိသည်။

ခုကျတော့ ငယ်က အာယုကို လာချဲတာ ဖြစ်နေကာ ... ပြဿနာက ပြဿနာကြီး ဖြစ်နေသည်။

အာယုက စိတြရဲ့ "ဟော့ကောင် ... ဘယ်လိုလဲဟ" ဆိုတဲ့ ခပ်ပြောင်ပြောင် မေးခွန်းပါ အကြည့်ကို တန်းသိလိုက်သည်။ ဂိုယ်ကတော့ ရှုံးမတတ် လူးလိမ့်လှိမ့်ပိမ့်ကျဆုံး၊ စိတြကျတော့ ကောင်မလေးကို ကားပေါ်တင်ခေါ်ပြီး ကမ္ဘာပါ ပတ်နိုင်တော့မဲ့ အခြေအနေနဲ့တဲ့လား ...။ ကျွတ် ...။

မ,နဲ့ တအားသည်းခံ စိတ်ချုပ်ထိန်းလာခဲ့ရသော အာယုသည် ... တခြား ဘယ်သူ့ရဲ့ပြောင်လှောင်မှုကိုမျှ မခံနိုင်။ အမိန့်ပေး ငေါက်ငမ်း အပြစ်တင်မှုမျိုးကိုလည်း မခံနိုင် ...။

"အဓိက,က ... မမပဲ ... မမကမှ ... အားလုံးနားလည်ပါတယ် ဆိုရင်ပြီးပြီ"

"ဘာဖြစ်တယ် ... မ,က နားလည်တယ် ..."

ငယ်က ရှေ့ကိုတစ်လှမ်းတိုးပြီး လှမ်းတက်လိုက်မိလျှင် စိတြက ငယ့်ကို ဖမ်းဆွဲထားလိုက်ရလေသည်။



"လရောင်ကို ချက်ချင်း ပြန်မပြောလိုက်သာသေးဘူး ဆိုတာ ... မမကို ကျွန်တော် ပြောပြပါတယ် ..."

အာယုက ကိုယ့်ကားပေါ်ကိုယ် အေးအေးဆေးဆေးပဲ တက်လိုက်တော့သည်။ ဒေါသစိတ်နှင့် တဆတ်ဆတ်တုန်နေသော ငယ်က စိတြရဲ့လက်ထဲက ရုန်းထွက်လိုက်ပြီးလျှင် ...

"ရှင်လည်းသွားတော့ ..."

"သွားမယ်လေ ... ဒါပေမဲ့ ... မ,ဆိုင်ထဲ ဝင်မကြမ်းနဲ့နော် ... မ,မှာ သူ့သိက္ခာနဲ့သူ ရှိသေးတယ် ...။ ကြားထဲမှာ တကယ့်အကျိုးအကြောင်းကတစ်မျိုး၊ ကိုယ်နားလည်လိုက်တာက တစ်မျိုးလည်း ဖြစ်နိုင်တယ် ...။ ဒီကောင်မဟုတ်တန်းတရား လျှောက်ပြောနေတာလည်း ဖြစ်နိုင်သေးတာပဲ ... မ,ဆီက အဖြစ်မှန်ကို ကိုယ့်ဘာသာ အေးအေးသက်သာ မေးမြန်းကြည့်နိုင်ရမယ် ..."

ငယ်က စိတြနှင့် အာယုတို့ အသီးသီး ထွက်သွားကြလျှင် ... မ,ရဲ့ဆိုင်ဘက်သို့ ငူငူကြီး ထွက်ခဲ့မိပါသည်။ ဆိုင်ရှေ့က ဖြတ်လျှောက်ရုံ ဖြတ်မိပြီး ဆိုင်ထဲ လှမ်းမဝင်လိုက်မိတာ ဘာ့ကြောင့်မှန်း ကိုယ့်ဘာသာ မသိ ...။ ငယ်သည် ထုံပေပေကြီး ဖြစ်နေမိကာ ... "ဝမ်းကွဲမိသားစုထဲမှာ အရင်းတစ်ယောက်အတွက် ဘယ်လိုရင်ဆိုင်ရတော့မလဲ ..." ဆိုတာတွေပဲ ခေါင်းထဲမှာ ပြည့်သိပ်ကျပ်ညပ်နေသည်။

မှန်ချပ်တွေကတစ်ဆင့် လှမ်းမြင်လိုက်ရသော မ,ရဲ့မျက်နှာကလေးကတော့ ထာဝစဉ် အချိန်တွေလိုပဲ ... ကြည်လင်

www.burmeseclassic.com

www.burmeseclassic.com



တည်ကြည်နေဆဲပင် ...။ ငယ်တစ်ယောက် ... မ,ဆိုင်ရှေ့ကနေ သုံးလေးခါက်လောက် ကုပ်ချောင်းချောင်း ... ခိုးဝှက်ကြည့်ကာ ဖြတ်လျှောက်နေမိပြီး ဆိုင်ထဲဝင်လိုက်နိုင်ဖို့ကျတော့ ... မ,ကို မျက်နှာချင်းဆိုင် ကြည့်ရမှာကို တွန့်ဆုတ်နေသည် ...။ ထိုစဉ်မှာ ... ငယ့်ရဲ့အတွင်းစိတ်ကို ကောင်းစွာဖတ်ခဲ့နိုင်တဲ့ စိတြကဲ... ကားပြန်ပတ်လို့ရတဲ့ နေရာလောက်ကနေ တစ်ကွေ့ကြီး သွားပြန်ပတ်လာခဲ့ပြီး မ,ရဲ့ဆိုင်နဲ့ မနီးမဝေးသို့ ကားကလေးနှင့် ပြန်ရောက်လာခဲ့ပါသည် ...။

“ချွတ် ... ချွတ် ... ဆိုင်ထဲလည်း ဝင်မှာလည်း မဟုတ်ဘူး ...။ ဒီလိုပဲ ငူငူကြီး ဖြတ်ဖြတ်လျှောက်နေပြီးရင် ... တက္ကစီနဲ့ပဲ အိမ်ပြန်ဖြစ်တော့မယ် မဟုတ်လား ... လာလိုက်ခဲ့တော့ ... အိမ်ပြန်ပို့ပေးမယ် ...”

ငယ်က စိတြနှင့်ပဲ ပြန်ပါလာခဲ့လေသည်။

○✧○



## ချစ်သူ့လိုအင်

“လရောင်ကို ပြောစရာရှိလို့ ကိုယ်လာတာ ... အားလားမသိဘူး ...”

“ပြော ပြော ပြော ပြော ... ပြော ... အားတယ် ...အလကားနေရင်းကို အားနေတာ”

“မဟုတ်ဘူး ... တစ်နေရာရာမှာ အေးအေးဆေးဆေး ပြောပြချင်တာမျိုးပါ ... ဒါပေမဲ့ ကိုယ်နဲ့အပြင်ထွက်ကြတယ်လို့လည်း ဒီအိမ်က လူကြီးတွေကို မသိစေချင်ဘူး... ဘယ်လိုလုပ်ရမလဲ ...”

“ဒါများ ... ပြန်တော့ ... တွေ့မဲ့နေရာမှာ စောင့်နေ ... လရောင်က ဘီးနဲ့ပဲ လိုက်လာခဲ့မှာပေါ့ ... လွယ်လွယ်လေး ... လူကြီးတွေကတော့ သိစေချင်ရင်တောင် မသိနိုင်တော့ဘူး ... ခု သူတို့မှ အိမ်မှာမရှိကြဘဲ ...”

လရောင်က ပြောပြောဆိုဆို လက်ထဲက Table Dog ကလေး ဂျက်စီကို ကလစ်ရောင်စုံလေးတွေ ပန်ပေးနေရာကနေ “ဖြတ်”ခနဲ ဆံနားမှာ ချထားလိုက်ပါသည်။ ဂျက်စီလေး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပတ်သက်လို့ သူနဲ့စဆုံကြရတာ ဖြစ်ပေမဲ့ ... ခုချိန်မှာတော့ ဂျက်စီသည် သူ့လောက် အရေးမကြီးတော့ ...။ လရောင် ချစ်ရသူက လရောင်ကို အပြင်မှာ၊ တစ်နေရာရာမှာ တွေ့ကြဖို့ လာချိန်းတယ် ...။ ဒါကသာ ကမ္ဘာမှာ အရေးအကြီးဆုံးလေ ...။

သူ့မျက်နှာအနေအထားအရ၊ သူ့လုပ်ပုံကိုင်ပုံအရ... လရောင်တို့ နှစ်ဖက်မိဘတွေ စီစဉ်ကြသည့် အကြောင်းကို ဆွေးနွေးချင်တာမှန်း သိသားပဲ ...။ သူ့ဘက်က သိပ်စိတ်မပါနိုင်တဲ့ပုံ ဆိုတာလည်း သိသားပဲ ...။ လရောင်ဟာ ငအမလေးမှ မဟုတ်တာ ...။ ဒီအခြေအနေမျိုးမှာ ... "ပြောစရာတစ်ခုရှိလို့"ဆိုရုံနဲ့ ... "ငါ့ကိုတော့ ချစ်စကား ဖွင့်ပြောလာတော့မို့ ဖြစ်မှာပဲ ..."ဆိုပြီး တစ်ထစ်ချ ဝမ်းသာအူမြူးနေရမဲ့လူမျိုး ... မဟုတ်ဘူးလေ ...။

ဒါပေမဲ့ ... အဲလိုသာ မပျော်တာ ... ဟိုလိုတော့ ပျော်တယ်လေ ...။ သူ့ဘက်က စိတ်မပါသေးဘူးလို့ ပြောမယ် မှတ်လား ...။ ဩော် ... ရတာပေါ့လေ ... သိပ်ရ ...။ ဘယ်လို ခေတ်ယောကျ်ားလေးမျိုးဟာ ... မိဘစီစဉ်မှုကို တန်းခေါင်းညိတ်ချင်ကြမလဲ ... ဂေါ်မစွံတို့၊ လူပျိုကြီးတို့၊ အဖြစ်မရှိတို့ထဲကပဲ ဖြစ်မှာပေါ့။ အာယုလို လူအတွက်ကတော့ အချိန်မရွေး ... ပေါ တယ်လေ ...။ ဒီတော့"အင်"မှာပေါ့။ "အောက်"တယ်ထင်မှာ ပေါ့။ ရတယ် ...။ ခုဘာဖြစ်ဖြစ် ... အချိန်တန်လို့ နွားပိန်ကန် ရင် ပြီးတာပဲ ...။ နောက်ဆုံး Result ကသာ တကယ်အရေးကြီးတဲ့ ဟာကို။

လရောင် မြို့ထဲက "တင်းလီ"သို့ ရောက်သွားချိန် တွင် အာယုက ...(စိတ်မောမောနှင့် ထင်ပါရဲ့)စားသောက်ထား



တာ ပန်းကန်လွတ်ကလေးတွေ တော်တော်တောင်မှ များနေခဲ့ပြီ။ လရောင်က အာယုရဲ့ စားပွဲမှာ ဝင်ထိုင်လိုက်တော့ ..."သူ့ဆီက ချစ်စကား ကြားရမယ်ထင်ပြီး ... အတော်ကြီး ပြင်ဆင်လာခဲ့တာ များလား ..."ဟု ထင်ကာ လရောင်ရဲ့ အပြင်အဆင်တွေကိုကြည့် ပြီး ... အာယုရဲ့သက်ပြင်းသံကြီးက ရှည်လျားသွားလေသည်။

ကိုယ်ချစ်ရတဲ့သူက ကိုယ့်အလှကို နှစ်သက်သဘော ကျသွားမှုများရှိမလားလို့ ပြင်လာတာဗျို့ ...။ ချစ်စကားကို ကြိုဆို မျှော်လင့်တဲ့ အပြင်အဆင်များ မဟုတ်ရပါဘူး ... ဒီလောက်လည်း စိတ်ညစ်မသွားပါနဲ့ ...။ ကဲ ... ကဲ ... "စိတ်မပါဘူး ... အဲဒီလို မျိုး စီစဉ်မှုကြီးကို သဘောမကျဘူး ... စပ်ဟပ်တဲ့ အိမ်ထောင်ရေး ထုံးစံကို မယုံကြည်ဘူး ..."ဒါတွေပဲ မဟုတ်လား ...။ ပြောပါတော့ ဗျို့ ... ဘယ်လိုမျက်နှာနဲ့ လက်ခံရမလဲ ... ဘာပြန်ပြောရမလဲ ဆိုတာ ... ပြင်ဆင်လာခဲ့ပြီးပါပြီ။

"လရောင် ... ကိုယ့် လရောင်ကို ဝန်ခံစရာရှိတယ် ..."

လရောင်က လရောင်မှာထားသော စားသောက်စရာ များ ရောက်မလာသေးခင် ... အာယုရဲ့ပန်းကန်တွေထဲကပဲ တူ အပိုတစ်စုံနှင့် ကောက်ကက်နိုက်စားနေရာက ..."အင်း"ဟု ပလုပ် ပလောင်းသံနှင့် "အင်း"လိုက်,လိုက်သည်။

"ကိုယ်က 'မမ'ကို ချစ်နေမိလို့ ... ချစ်နေပါတယ်လို့ ဖွင့် ပြောထားတယ်"

လရောင်မှာ ပါးစပ်ထဲက ပလုပ်ပလောင်းတွေကို ယောင်ပြီး ကမန်းကတန်း မျိုချလိုက်မိသည့်အတွက် ... ရင်ထဲမှာ နင်ဆို့ပြီး နင့်နင့်ကြီး ဖြစ်သွားရပါသည်။ သူ့ရှေ့ကပဲ ရေတစ်ခွက်

www.burmeseclassic.com

www.burmeseclassic.com



ကို မြန်မြန်ဆွဲယူ၊ သောက်ချ၊ ရင်ဘတ်ကိုထု။ ခဏတွင်းချင်းမှာပင် လရောင်ရဲ့ မျက်လုံးပြူး မျက်ဆန်ပြူးများထဲမှ မျက်ရည်များက ဒလဟောကြီး လိမ့်ဆင်းကျလာကြပါတော့သည်။ လရောင် ငိုမိပြီ ...။ လရောင် ကြုံပြင်လာခဲ့တဲ့ အထဲမှာ ... အဲဒါကိုရင်ဆိုင်ရဖို့ မပါဘူး ...။ ထမင်းနှင်တာလည်း မပါဘူး။ နှလုံးသားတစ်ခုလုံး နှင့်ဆို့သွားရတာမျိုးလည်း မပါဘူးလေ ...။

အာယုက လရောင်ရဲ့ မျက်ရည်တွေကို စိတ်မကောင်းစွာ စိုက်ကြည့်နေရင်းက ...

"အရမ်းနင်သွားသလား ... လည်ချောင်းထဲမှာ ဆို့နေသေးလား ..."

လရောင်သည် အားရပါးရ ရှိုက်ကာ ရှိုက်ကာ စိတ်တိုင်းကျ ဆက်ငိုနေလိုက်ပြီးမှ ...

"နင်တာက ဒီလောက် မဟုတ်ပါဘူး ... လည်ချောင်းထဲမှာတော့ ဆို့နေတာပဲ ... အများကြီးပဲ ... အစားအသောက်တွေ မဟုတ်ပါဘူး ... ဘာတွေလဲ မသိဘူး ..."

"ဖေဖေတို့က ကိုယ့်ကိုလည်း မတိုင်ပင်ဘဲ ဖြုန်းစားကြီး ထလုပ်လိုက်ကြတော့ ဒါကို လရောင် သိဖို့ ကြိုမပြောပြလိုက်နိုင်ဘူး ... ဒါပေမဲ့ သိထားသင့်တယ်လို့တော့ ထင်တယ်လေ ... တစ်ဖက်က တစ်ယောက်က တခြားလူမဟုတ်ဘူး ... မမလည်း ဖြစ်နေတော့ ..."

"ကြိုသိဖို့"...။ အင်း ... ဘယ်လိုမှတော့ အချိန်မမီနိုင်ပါဘူး ...။ ကြိုပြောပြလို့လည်း မရနိုင်ပါဘူး ...။ အာယုက မ,ကို တွေ့တောင်မှ မတွေ့ဖူးရသေးခင် ... အာယုနဲ့ လရောင်



တို့ရဲ့ ဒုတိယအကြိမ်မြောက် တွေ့ဖြစ်ကြခြင်းမှာကတည်းက ... လရောင်ကဖြင့် သူ့ကို ချစ်မိပြီးပြီ ...။ ကဲ ... မီမလား ... အချိန်က ! ။

"ဒါဖြင့် ... ခု ဘယ်လိုလုပ်ကြမလဲ ..."

မျက်ရည်တွေ ဘာတွေသုတ်ပစ်လိုက်ပြီး ... တက်တက်ကြွကြွ ပုံစံနှင့်ပဲ စကားစပြောလာသည့် လရောင်ကြောင့် အာယုက စိတ်သက်သာရာတော့ အနည်းငယ်ရ,ရကာ ...

"ဘာကို ဘယ်လိုလုပ်ရမှာလဲ"

"လူကြီးတွေကို ပြေလည်စေမဲ့နည်းလေ ..."

အာယုက လရောင်ကို "ဟာ"ခနဲနေအောင် လေးစားသွားရပါတော့သည်။ ရင်ထဲက ခံစားချက်တွေကို ထိန်းသိမ်းထားဖို့ထက် ... တစ်ဖက်လူ မြင်သာနေအောင်ပဲ ထုတ်ပြထားတတ်သော ကောင်မလေးမျိုးကို အထင်မသေးဘူးဆိုရင်တောင် အထင်ကြီးပေးဖို့ ဆန္ဒမရှိခဲ့တဲ့ အာယုဟာ ... ခုလိုကျတော့ သူမကလေးရဲ့ စိတ်ဓာတ်လေးကို တအား လေးစားသွားရသည်။ အရာရာမှာ ပေါ်တင်ပဲ ... ဆိုတဲ့ သူ့မူအတိုင်း ... တကယ့်ကို ပေါ်တင်ငိုချလိုက်ပြီးချိန်မှာ ... သူ့အတွက်ကို ခေါင်းထဲမထားတော့ဘဲ ... တခြားတစ်ဖက်သား (အားလုံး)အတွက် အရင်စဉ်းစားလိုက်တဲ့ပုံ။

"လူကြီးတွေကို ပြေလည်စေနိုင်ဖို့ ဆိုတာကတော့ ... ပုံမှန်သမားရိုးကျလမ်းကြောင်းအတိုင်း ... ဘယ်လိုမှမဖြစ်နိုင်တော့ဘူးနဲ့တူတယ် ... လရောင်။ အားလုံးအဆိုးတွေ ...၊ အဆိုးတွေဘက်ကို ဦးတည်ပြီး လုပ်ပြီးသွားကြသလိုဖြစ်နေပြီ..."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကတော့ ... တကယ် ဟုတ်တယ် ...။ ဟိုတစ်နေ့က အန်ကယ်ဦးတင်ဦးတို့ လာကြတဲ့ အကြောင်းကို အန်ကယ်လွင်တို့အိမ်မှာ သွားပြန်ပြောကြတော့ ... ဖေဖေက အန်ကယ်လွင်နဲ့ ပြဿနာဖြစ်လုနီးနီး ပြောဆိုထားတာ ...။ အန်ကယ်လွင်ကလည်း တစ်ဖက်က ကောင်လေးရဲ့ တုံ့ပြန်မှုကို စောင့်ကြည့်ကြမယ်ဆိုတဲ့ သဘောမျိုးအထိ ပြန်ပြောထားတာ ...။ သူ စောင့်ကြည့်နေတဲ့သူဟာ သူ့သမီးအကြီးအတွက် သူ့သမက်ပဲ ဖြစ်ချင်နေတဲ့ လူဆိုတာ သူ မသိဘူး ..."

"မမက ကျွန်တော့်ကို လက်မခံပါဘူး ... ငြင်းထားတယ်"

"ဒါပေါ့ ... ဒါပဲရှိတာပဲဟာ ... မ,က အဲလိုတိုက်(ပ်)ပဲဟာ ...။ သူ့စိတ်ထဲ အခုလောလောဆယ်ဆယ်မှာ ရှိမနေသေးတဲ့ လူမှန်ရင် ... တန်းငြင်းလွှတ်တာချည်းပဲ ...။ အရှည်ဆွဲထားတယ် ... ဘာညာ သတ်မှတ်မှာကို မကြိုက်တဲ့သူမျိုးပဲဟာ ... ငြင်းထားမှာပါလို့ ... သိသားပဲ ..."

"ဟာ ... ဟုတ်လား ..."

"အာယုကိုတော့ ... ဆယ့်နှစ်ပြန်လောက်တောင် ငြင်းဦးမယ် ...။ သူနဲ့ သက်တူရွယ်တူ၊ သူ့ထက်ကြီး ...။ ဘယ်လိုမှ မငြင်းသာ၊ မငြင်းချင်စရာလို့ ထင်ထားတဲ့လူတွေကိုတောင် ... တစ်ယောက်မကျန် ငြင်းထားတာပဲ ..."

"ကိုယ့်ကိုတော့ ဒေါသတောင် ထွက်တာ ..."

"အသက်ကလည်းငယ် ...၊ အဖေကလည်း မကြိုက် ...၊ ဘယ်လိုမှလဲ ထင်မထားလို့ ဖြစ်မှာပေါ့ ...။ သိပ်တော့



မထင်ဘူး ...။ ဒါပေမဲ့ ဘာလို့ အားလျှော့ရမှာလဲ ... ဆက်လုပ်ပေါ့"

"လရောင်ရဲ့စကားတွေက စိတ်ချမ်းသာစရာ ကောင်းလိုက်တာ ..."

လရောင်ကတော့ သူ့အတွက် စိတ်မချမ်းသာပါ။ ဒီအဖြစ်အပျက်ကြီးဟာ အပြီးသတ်ကျ ဘယ်သူမှ ပျော်ရွှင်ရသူ မကျန်ရစ်ဘဲ ... အားလုံး သောကကိုယ်စီနဲ့ ဇာတ်သိမ်းမရှိမဲ့အဖြစ်မျိုးကြီးဆီ ဦးတည်သွားနေပြီ ... ဆိုတာ ... လရောင်က ကြိုမြင်နေနိုင်ပြီလေ ...။

"နေဦး ... ငယ်နဲ့ လရောင် ညှိလိုက်ဦးမယ် ..."

"သူက ကိုယ့်ကို နှစ်ဖက်ချွပြီး မပြတ်မသား လုပ်တတ်တဲ့သူလို့ ထင်နေပုံရတယ်၊ စိတ်တိုနေတယ် ..."

ဩော် ...။ ဒါဖြင့် မ,နဲ့ အာယုတို့ကိစ္စ ... အငယ်မ ကြိုသိတယ်ပေါ့ ...။ ဟုတ်တာပဲ ... အငယ်မဟာလည်း ဤသို့သော တိုက်(ပ်)ပဲလေ ...။ ဟိုလူဟိုဟာ မသိစေနဲ့ ...။ ဒီလူ ဒီဟာ မသိစေနဲ့ ... နဲ့ပဲ ... သူ့မှာ ဟိုဖုံးသည်ဖိ ...။ အဲဒီပူပန်မှု အလုံးတွေပဲပိနေရသည်။ ပြီးကျ သူ ဖုံးဖိထားတဲ့သူတွေက ... သူ မသိစေချင်တဲ့ ကိစ္စတွေကို အလိုလိုနေရင်း သိနိုင်သွားကြရော ...။ သူ့မှာတော့ အလုံးတွေ ပိနေရတာပဲ အဖတ်တင် ကျန်ရစ်သည်။

ခုလောက်ဆို သူ့ခများလည်း ... သူ့ကိုယ်ပိုင်ကိစ္စက အိမ်နဲ့ ဘယ်လိုမှ အဆင်မပြေနိုင်လို့ စိတ်ညစ်ရမှာက တစ်ဖက် ...၊ မ, အာယုနဲ့ လရောင်တို့ရဲ့ သုံးပွင့်ဆိုင် လှည့်ပတ်ရှုပ်ထွေးနေကြတဲ့ ... ဇာတ်လမ်းကြီးကတစ်ဖက်နှင့်။ ဖုံးဖိချင်တတ်

www.burmeseclassic.com

www.burmeseclassic.com



တာတွေက မုန်းစရာကြီး ဖြစ်နေသေမဲ့ ခုလိုဆိုတော့လည်း သူ့ခမျာ သနားစရာလည်း ကောင်းပြန်သေးသည်။

အခိက အရေးကြီးတာကတော့ သူ့ခံစားချက်အမှန်ကို မျက်နှာပြင်ပေါ် တင်ပြထားဖို့ ခဲယဉ်းလှသော မ,သည် ... သူ့စိတ်ထဲက ..."အာယု"ကို ဘယ်လိုနေမည်နည်း။ ဘယ့်နှယ် သဘောထားမည်နည်း။

လရောင်သည် ... ဖြစ်နိုင်လျှင်တော့ ကိုယ်ချစ်ရသူကို ကိုယ်ပဲ ပိုင်ဆိုင်ခွင့် ရချင်ပါသည်။ အဲဒါကတ္တော့ နံပါတ်တစ်ဆန္ဒပင် ...။ အဲဒါကမှ မဖြစ်နိုင်တော့ဘူး ... ဖြစ်အောင်လုပ်ယူလို့ မရတော့ဘူး ဆိုရင်တော့လည်း ... နောက်ဆက်တွဲ နံပါတ်နှစ်က ... သူ တကယ်စိတ်ချမ်းသာသွားနိုင်စေဖို့တည်း ...။ သူရော ကိုယ်ပါ တစ်ယောက်မှ စိတ်မချမ်းသာနိုင်တော့ဘူး ဆိုရင်တော့ ... ဒါ အရှုံးထွက်သည့် အခြေအနေမျိုး ဖြစ်သွားပြီ ...။ ဘယ်ဟုတ်ပါ့မလဲ ...။ လက်သင့်မခံနိုင်ပါ ...။

"ငယ်နဲ့တိုင်ပင်ပြီး လုပ်ကြည့်ရမယ်ဆိုတာ ... သူက လူကြီးတွေကို ပိုင်လို့လား ..."

"ဟင့်အင်း ... သူတောင် သူ့အန္တရာယ်နဲ့သူ ... မနည်းကြီး ကြည့်ရှောင်နေရမှာ ... ဒါပေမဲ့ အဲဒီမိန်းမက သူ့ခေါင်းထဲမှာ မဟုတ်က ဟုတ်က အကြံဉာဏ်ကောင်းတွေ အမြဲပြေးနေတတ်တယ် ... သူကြံရင် အောင်မြင်တတ်တာများတယ်"

ဟိုးတစ်နေ့က ဝမ်းသာရလွန်းလို့ ငယ့်အခန်းထဲမှာ ပါးစပ်ဆိုင်းတီးလုံးတစ်ခုနှင့် ... ကောင်းကောင်းကြီး ကခဲ့မိသေးသော လရောင်က ... ငယ်တစ်ယောက်ကတော့ ကူညီချင်းကူညီ၊



အကြံထုတ်ချင်းထုတ် ..."လရောင်နှင့်အာယု"ဆိုတဲ့ ခေါင်းစဉ်ကို ဦးတည်ပြီးတော့သာ ... လုပ်ချင်တော့မှာပဲ ... ဆိုတာကိုလည်း အတတ်ကြိုသိနေပြန်သည်။

လရောင်ကား ... ခန္ဓာကိုယ်လေးကို ရှေ့သို့အနည်းငယ်လေးကုန်းပြီး ပြင်ထိုင်လိုက်ကာ ..."စိတြကတော့ အင်မတန်မိုက်ရူးရဲဆန်ဆန်နဲ့ တစ်ယူသန် တစ်ဇွတ်ထိုး သိပ်နိုင်တယ်လို့ ကြားဖူးတယ် ... အာယုကကောဟင် ..."ဟု မေးကြည့်လိုက်သည်။

○ ✧ ○

www.burmeseclassic.com

www.burmeseclassic.com



## လူဆိုးတွေနဲ့ ... ချိန်းတာ ... မောင့်စိစဉ် ...

"သူ့အိမ်က လူကြီးတွေကော ..."

"တစ်ယောက်မှ မတွေ့ဘူးကွ ... အားလုံး အပြင်ထွက်သွားကုန်ကြပြီ ထင်တယ် ... အိမ်တစ်အိမ်လုံးမှာ သူ့တစ်ယောက်တည်းပဲ တွေ့တယ် ...။ သူ့ပုံစံ ကြည့်ရတာတော့ သိပ်အကဲမရဘူး စိတြ ...။ ခွေးရူးတစ်ကောင်လိုပဲ ... တစ်အိမ်လုံးကို ရှေ့ထွက်လိုက် နောက်ပြန်ဝင်လိုက် ... ပတ်ပြေးနေပုံ ပေါက်နေတယ် ...။ တစ်ခုခုတော့ တစ်ခုခုပဲ ..."

"ထူးခြားချက် ဘာရှိသေးလဲ ..."

"အိတ်တစ်လုံး ပြင်နေတယ်လို့ ငါထင်တယ် ... ခရီးဆောင်အိတ်ကွ ... မန္တလေးများ ပြန်မလို့ပဲလား မသိဘူး ..."

"မင်းမန္တလေးကို ပြန်ချင်ရင် ... ခွေးရူးလို အိတ်ပြင်နေစရာ လိုမလား ...။ ငါအတပ်ပြောမယ် ... အဲဒီအိတ်ကို အိမ်မှာ လူကြီးတွေရှင်းသွားမှ စပြင်တာ ... ဒါမှမဟုတ် တစ်နေရာရာကနေ ဆွဲထုတ်လာတာ ဖြစ်လိမ့်မယ် ... ဟုတ်တယ် မဟုတ်လား ..."



ကျော်မျိုးကား ... အနီးကပ်နေ့နေတဲ့ သူ့မှန်းဆချက်က သိပ်မထိမိဘဲ ... အဝေးတစ်နေရာမှ စိတြရဲ့ လှမ်းခန့်မှန်းတာကသာ ဒက်ထိမှန်နေတာမို့ ... "အင်း ..." ဟု ပြန်ဖြေလိုက်ရသံမှာ မကျေမနပ်နှင့် အောင့်သက်သက် ...။

"မင်း ဆက်စောင့်ကြည့်ပေးထား ကျော်မျိုး ... မင်းရဲ့မျက်စိရှေ့မှောက်အောက်ကနေ ... အဲဒီကောင်ကို တစ်စက္ကန့်လောက်တောင်မှ ပျောက်မသွားစေနဲ့ ... ကုန်ကုန်ပြောမယ် ... မင်း အီးပါ ရှူးပေါက်ချင်ရင်တောင် မအောင့်နိုင်ရင် ... နေရာတင် ပါချထား၊ ပြီးမှပြန်ကျုံး ...။ အိမ်သာထဲဝင်လိုက်ရလို့ လွတ်သွားတယ် ဆိုတာမျိုးတော့ မဖြစ်စေနဲ့ ..."

ဖုန်းထဲမှ ... ကျော်မျိုးရဲ့ဆဲသံတစ်ချက် ထွက်ပေါ်လာပါသည်။

"ဒီကောင် ကားနဲ့ထွက်ပြီ ဆိုရင်တော့ ... မင်းလည်း နောက်က လိုက်ထွက် ... သူ့နောက်က ကားနဲ့လိုက်နေတဲ့ တစ်ချိန်လုံးမှာလည်း ငါ့ဆီ တောက်လျှောက်ဖုန်းလှမ်း၊ လှမ်းဆက်ပေးနေဖို့လည်း မမေ့နဲ့ ..."

"မင်းအဘ ... ဘာကားနဲ့ လိုက်ရမှာလဲ ... ပြီးတော့ ဘယ်မှာလဲ ဟဲန်းဖုန်း ..."

"ငါ့အဘက မန္တလေးမှာ ...၊ မင်းအဘက မင်းအိမ်တင် ...။ အဲဒီမင်းအဘရဲ့ပစ္စည်းတွေက ... မင်းပစ္စည်းတွေချည်းပဲ ပေါ့ကွ ..."

www.burmeseclassic.com

www.burmeseclassic.com



ကျော်မျိုးထံမှ ဒေါသထွက်ထွက်နှင့် ဆဲသံတွေ မွန်ထွက်သွားစဉ်မှာ စိုးတြက ဖုန်းချလိုက်ပြီ ဖြစ်ပါသည်။ သူ့အိမ်က သူ့ကို ကားပေးမမောင်း၊ ဖုန်းပေးမကိုင်လေတဲ့ ကျော်မျိုးအတွက် ... ကားရော ဖုန်းပါ တစ်ပြိုင်နက်ခိုးပြီး အပြင်ထွက်ရမှာ အတော်ခက်ခဲတဲ့ အလုပ်မျိုးပဲ ဖြစ်မယ် ... ဆိုတာ စိုးတြက နားလည်ပါသည်။

သို့သော် ... မတုတ်နိုင် ...။ ကိုယ့်ကို အမြဲတမ်း "ဖြတ်တယ် ... ပြတ်တယ်"ချည်း လုပ်နေလေတဲ့ မချောလေးဆီက ... "အာယုကို မျက်ခြည်မပြတ် စောင့်ကြည့်ပေးထားပါနော်" ဆိုတဲ့ အကူအညီ တောင်းသလိုလို (အမိန့်)ကလေးကို ဖီဆန်ပျက်ကွက်ရမှာက ... ကားနဲ့ဖုန်း တစ်ပြိုင်နက် ခိုးယူရမှာထက် ... ပိုမိုခက်ခဲ၊ အပြစ်ကြီး၊ အရေးပါလှပေတာကိုးကွယ် ... နော် ...။

မနေ့ကတော့ ... ညကြီးမိုးချုပ်ကျကာမှ ... အင်မတန် ခိုးကြောင်ခိုးဝှက် နိုင်လှတဲ့ အသံတိုးကလေးနဲ့ ...

"အာယုရဲ့ အခြေအနေတွေ ဘာထူးသေးလဲ ..."

"ဘာမှမထူးပါဘူး ... ဘာလို့လဲ ငယ် ..."

"မထူးဘူးဆိုတာ စောင့်ကြည့်မနေလို့ ဖြစ်မှာပေါ့ ...။ ပြောတော့ဖြင့် အိမ်ချင်းအနီးကပ်မှာပဲ အစောင့်တစ်ယောက်ချထားသလိုလို ...။ အခြေအနေ ထူးရင်တော့ ပြောမနေနဲ့ ... သူ့ဘာသာ တစ်ချက်လောက် လှုပ်လိုက်ရင်တောင် 'တန်း' ခနဲ သိပြီးသားပါ ... လိုလိုဆို ...။ အလကားပဲ ...။ တကယ်တကယ်ကျတော့ 'ငအာ'ဆိုတဲ့ နာမည်ဟာ သူသာဖြစ်ဖို့ကောင်းတာ ...။ နှုတ်ဖျားကတော့ဖြင့် ညွှန့်နေတာပဲ ..."



"ဟား ဟား ဟား ဟား ... ထစ်ခနဲရှိ စိတ်ကအရင်တိုတော့တာပဲလား ... ကောင်မလေးရဲ့ ...။ ခင်ဗျားက "မျက်ခြည်မပြတ်ပါစေနဲ့"ဆိုရင် ... ကျုပ်က မျက်ခြည်ရော၊ မျက်လက်ရော၊ မျက်တစ်ကိုယ်လုံးရော ပြတ်လို့ဖြစ်ပါတော့မလား ...။ ထူးရင် ထူးထယ် ... လှမ်းပြောမှာပေါ့ ... ဘာမှမထူးတာ ... တကယ် မထူးသေးလို့ပေါ့ ..."

အမှန်ကတော့ ငယ်ပြောတဲ့ "ငအာ"ဟာ စိုးတြပါပဲ ဆိုတာလည်း တကယ်မှန်သလိုလိုပါ။ ဒီဘက်မှာ အာမဘန္ဓေတွေသာ ရဲရဲကြီး ပေးထားတာ ... ဟိုဘက်မှာက အုပ်စုကို တပ်လှန့်ထားဖို့တို့၊ အထူးသဖြင့် ကျော်မျိုးကို ပိုပြီးဖိအားပေးကာ၊ စေ့စေ့စပ်စပ်ခိုင်းထားဖို့တို့ ... စိုးတြက ဘာတစ်ခုမှ လုပ်မထားရသေး။

"ထူးတော့မယ် ... သေချာတယ် ..."

"ဘယ်လိုလုပ် သေချာသလဲ ... ငယ့်ကို ဘယ်သူက ဘာပြောလို့လဲ ... ဒီကောင်ကလား"

"ဘယ်သူကမှ ဘာမှမပြောတဲ့ပြင် ... ဟိုနှစ်ယောက်ဟာ သူတို့ဘာသာ တိုးတိုးကျိတ်ကျိတ် ... ကိစိကွစိနဲ့ ငယ့်ကိုတောင် ပ,ထုတ်ထားကြသလိုပဲ ..."

"ဘယ်နှစ်ယောက်လဲ ..."

"မ,နဲ့ လရောင် ..."

"ဟင် ... သူတို့က ငယ့်ကို စကားမပြောကြဘူးလား ... ဘာလို့လဲ ..."

"ငယ်က စ,မပြောတာ ...။ ဟိုးတစ်နေ့တည်းကစပြီး ... မ,ကို ငယ်က စကားမပြောတော့တာ ...။ ဘာရယ်မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး ... စိတ်ညစ်လို့ ...၊ မပြောချင်လို့ ...။ ပထမတော့ သူကလည်း ခါတိုင်းလိုပဲ လိုက်ချော့ပါသေးတယ် ... နောက်ကျတော့ ဘာစိတ်ကူးပေါက်တယ် မသိဘူး သူ့ဘာသာပဲ အေးအေးလေး နေ့နေတော့တယ် ... ဆက်လာမချော့တော့ဘူး ...

လရောင်ကကျတော့ ငယ်နဲ့လည်း ဘာမှဖြစ်မထားကြဘဲနဲ့ ...။ မ,ကိုချည်း လာလုံးနေတယ် ...။ ငယ့်ကိုရှိတယ်တောင် မမှတ်ဘူး ...။ အဲဒါ ဘာသဘောလဲ ... အဲဒါကြောင့် ပြောတာ ... ထူးတော့မယ် ... သေချာတယ် ... လရောင်ဆို ... ခုနကလေးတင်ကမှ ... အိမ်ကပြန်သွားတာ ... တစ်ခုခုဆို ... မ,ရော လရောင်ရော ... သူတို့ပဲ ဒါရိုက်တာ ...၊ သူတို့ပဲ ဇာတ်ဆောင်တွေ ဖြစ်နေကြမှာ ငယ်သိပ်စိတ်ညစ်တာပဲ ..."

"အေး ... အေး ... စိတ်မညစ်နဲ့ ... ငိုသံမပါနဲ့ ... ကျွန်တော် တကယ်မခံစားနိုင်ဘူး ...။ ဒီညတစ်ညလုံး မအိပ်ဘဲ စောင့်ကြည့်ခိုင်းထားပေးမယ် ... ဟုတ်ပြီလား ..."

စိတြက တကယ်ပင် ကျော်မျိုးကို ..."ဟော့ကောင် ... မင်း တစ်ညလုံး မအိပ်နဲ့"ဟု ဖုန်းလှမ်းဆက်ပါသည်။ အင်မတန်သဘောကောင်း၊ အပေါင်းအသင်း ခင်တွယ်တတ်သလောက် အဆဲလည်းသန်လှသော ကျော်မျိုးက ထုံးစံအတိုင်း အဆဲအရေးလေးနှင့်ပင် ...

"ဟော့ကောင် ... မင်းကောင်မလေးတို့ အသိုင်းအသိုင်းထဲက မိန်းကလေးတွေဟာ ညကြီးမင်းကြီး ခိုးရာလိုက်ကုန်



ကြမဲ့ အတန်းအစားတွေထဲက ဟုတ်သလား ... မဟုတ်ဘူးလား ... ဒါပဲပြော"

ဘယ်သိပါ့မလဲ ...။ သူတို့ဘာသာ သူတို့စိတ်ထဲ ဘယ်လိုရှိကြမလဲ ... စိတြက သိထားနှင့်စရာလား ...။ သို့သော် ... လေကတော့ တစ်ပြားစာမျှ မလျှော့စေရဘဲ ...

"မင်း အခုလို မေးတယ်ဆိုတာ ပြန်သိကြရင်တောင် ... သူတို့အနေနဲ့ နစ်နာကြလုပြီ"

"အေး ... ဒါဆိုပြီးရော ...။ ငါ အိပ်ပြီ ...။ မနက်ကျ မနက်(၆)နာရီက စကြည့်ပေးမယ် ...။ ဒီကြားထဲမှာ တစ်ခုခုဖြစ်ပျက်ပြီး လွတ်သွားရင်တော့ ... ငါ တာဝန်မကျေတာ မဟုတ်ဘူး ... သူတို့ကိုက အတန်းအစားမကောင်းတာ၊ မတတ်နိုင်ဘူး"

စိတြ ခမျာ ... အပြောတွေ ဟိုကြီး၊ ဒီကြီး လုပ်မိပြီးမှ ... တစ်ညလုံး ဘာများဖြစ်တော့မလဲပဲ ... တထိတ်ထိတ် တလန့်လန့်နှင့်ပါ။ ငယ်က "ထူးတယ်"ဖုန်းဆက်တိုင်းလည်း ထူးချင်မှထူးမှာဆိုတာ သိပေမဲ့ ... ကိုယ့်ကိုက ရှည်ပြီး (ငယ်ပြောသလိုဆို ငအာလုပ်ပြီး)"တစ်ညလုံး မအိပ်ဘူး" ပြောလိုက်မိတာကိုး။ မနက်ကျတော့ ကျော်မျိုးက အဟုတ်ပင် ဖုန်းဆက်လာပြီး ...

"ထူးခြားတယ် ... ထူးခြားတယ် ... ဟိုကောင် မနက်အစောကြီးထဲကထပြီး ပျာလောင်ခတ်နေပြီ ..."တဲ့ ...။ စိတြက ... ဝဏ္ဏ၊ ရန်လင်းနိုင်နဲ့ ဇင်မောင် သုံးကောင်ကိုလည်း ဖုန်းတွေရှောက်ဆက်ကာ တပ်လှန့်ထားလိုက်သည်။ တစ်ခုခုဆိုရင် သူတို့လည်း ကားတစ်စီးနဲ့ ဖြန်းစားကြီး ထထွက်လိုက်လို့

www.burmeseclassic.com

www.burmeseclassic.com



ရအောင် ဝဏ္ဏနဲ့ ဇင်မောင်က ရန်လင်းနိုင်ရဲ့အိမ်မှာ သွားစုနေကြမည် … ဖြစ်သည်။

"သားစိတြ … ဒီနေ့ ကျောင်းလည်းမရှိ … အပြင်လည်းမထွက်ဘူးဆိုရင် … အဘွားကို မန္တလေးအသင်းမှာ အလှူပွဲရှိလို့ လိုက်ပို့ပေးနိုင်မလား …။ မင်းအဘိုးက နေသိပ်မကောင်းလို့ … အပြင်မထွက်ချင်ဘူး ပြောနေလို့ …"

"ဟာ … အဘွား … ဟို … အဲ …"

စိတြ တစ်ယောက် … ဒုက္ခများသွားရစဉ် ကျော်မျိုးထံမှ ဖုန်းဝင်လာသည်။

"ဟေ့ကောင် … ငါ လစ်တော့မယ် …၊ ဟိုကောင်လည်း … အရှူး မီးလောင်သလို … ခုန်ပေါက် ပြေးဆင်းသွားပြီ … ထွက်ပြီ …။ ဟား … ငါ့အဘလည်း ဖုန်းရော ကားသော့ပါ ပျောက်နေလို့ မီးတောင်ပေါက်ကွဲနေပြီဟေ့ … ကဲ … ကဲ … ငါကြည့်လစ်တော့မယ် … မင်းလည်း လိုက်ခဲ့ပေတော့ … ဒါပဲ … ဒါပဲ …"

ဖုန်းချလိုက်တော့ အဘွားက စိတြကို မျက်ခုံးကြီးမြှင့်တင်ပြီး ကြည့်နေသည်။

"ဘာလဲ … ထွက်ခဲ့လို့ ခေါ်ကြပြီလား …"

"ဟိုသင်းလေ အဘွားရဲ့ … အရူး … မီးလောင်နေပြီတဲ့ …"

"ဘာရယ် … ဘာဖြစ်တယ် …"

စိတြက အဘွားရှေ့က ခုန်ပေါက်ကာ ထွက်ပြေးလာခဲ့ရင်း … အဘွားအလှူသွားမည့် ကားကိုပါ တစ်ခါတည်း သုတ်ပြေးလာခဲ့ပါတော့သည်။ "အဖော်လိုက်မပေးနိုင်တော့ဘူး"



လောက်ထင်ပြီး စိတ်ထဲ ခပ်တင်းတင်းနှင့် ဒရိုင်ဘာကြီးကိုပဲ လှမ်းခေါ်ဖို့ ကြံနေတော့မည့် အဘွားလည်း "တဟဲ့ဟဲ့"နှင့်သာ ကျန်ပေမည်။

ကိစ္စမရှိ … ဘာမှမဆိုင်လှသည့် ကျော်မျိုးပင် … မီးတောင်ပေါက်ကွဲရာမှ ထွက်လာမည့် ချော်ရည်ပူလိုဟာမျိုးတွေကို ညနေကျ … ပြန်ရင်ဆိုင်ဖို့ရာ … အားမွေးနိုင်လိုက်ပြီဆိုရင် … စိတြသည်လည်း သွေးတိုးကျန်ရစ်ကြမည့် အဘိုးနှင့် အဘွားအတွက် အိမ်ပြန်ကျ သွေးကျဆေးလေးတစ်ကတ် ဝင်ဝယ်သွားနိုင်လျှင် အိမ်ပေါ်ပြန်တက်ဖို့ လုပလောက်ပါပြီ။

ကျော်မျိုးထံမှ …"ငါတို့ ဘယ်ရောက်နေကြပြီ … ဘယ်လိုက်ခဲ့ …"ဟု ဖုန်းထပ်ဝင်မလာခင် … စိတြက … ထင်မိထင်ရာ … မ,ရဲ့ဖိနပ်ဆိုင်ဆီသို့ပဲ ကားကို ဦးတည်ပြီး မောင်းလာခဲ့လိုက်ပါသည်။

မ,နဲ့ လရောင်တို့ရဲ့ … ညနက်နက်အထိ ပကျိပကျိ။ ဟိုသတ္တဝါကောင်ရဲ့ အရူး မီးလောင်နေသလို … မရှုနိုင်မကယ်နိုင် ဖြစ်နေမှု။ ညကြီးမင်းကြီး လူကြီးတွေ မသိနိုင်ချိန်မှာ မလှုပ်ရှားကြဘဲ … မိုးစင်စင်လင်းကာမှ ပြေးလွှားဗျာများနေကြမှု …။ ဒါတွေအားလုံးကို ခုမှ ခြုံပြီးတွက်ကြည့်လိုက်ရရင် … (မ,ရဲ့သိက္ခာနဲ့ ဣန္ဒြေကြီးမှုကိုပါ ထပ်ထည့်ပေါင်းရရင်) မ,ဆန္ဒ၊ မ,သဘောမပါဘဲ … မ,ကိုယ်တိုင် ဘာတစ်ခုမှ ဂဃနဏ … မသိလိုက်ရဘဲ …(သို့သော် … အမိကဓာတ်ဆောင်တစ်ယောက် အဖြစ်တော့ ပါဝင်ရတော့မည်ဖြစ်သော) ဓာတ်လမ်းတစ်ပုဒ်က ကြောခင်မှာပဲ … ဖြစ်ပွားလာတော့မည် … ထင်သည်ပေ …။

www.burmeseclassic.com

www.burmeseclassic.com



မ,ကတော့ ခါတိုင်းလိုပင် ပုံမှန်အတိုင်း အလုပ်ဆင်းဖို့အတွက် သူ့ဖိနပ်ဆိုင်သို့ပဲ ... သူလာနေလိမ့်မည်ထင်သည်။ အဲဒီကို ကြိုလိုက်ထားရင် ... မလွဲနိုင် ...။ စိတ်ကြ ... မ,တို့ဆိုင်ရှေ့က ကားနဲ့အဖြတ်မှာ ... ဆိုင်ထဲသို့ ... သုတ်သီးသုတ်ပျာလေး ဝင်ရောက်သွားသည့် ... လရောင်ဝင်းကို "ဖျတ်"ခနဲ လှမ်းတွေ့လိုက်ရလေသည်။

○✧○



## ခွန်အားမြင့်ဆေး

လရောင်က ငယ်တို့ရဲ့ ခြံထဲကို ခပ်သုတ်သုတ်ကလေး ဝင်လိုက်ချိန်မှာ ... ခြံထောင့်ပိတောက်ပင်ကြီးအောက် ... နေရိပ်ကောင်းသည့် တစ်နေရာက သံကုလားထိုင် အဖြူလေးတွေထက်မှာ ဝိုင်းထိုင်နေကြသည့် လူအုပ်ကိုမြင်ပြီး ... ကိုယ်ရှိန်အနည်းငယ် တန့်သွားပါသည်။ လူအုပ်ထဲမှာ ... ဖေဖေနဲ့ အန်ကယ်လွင်တို့ကိုပါ မြင်လိုက်ရတဲ့အတွက် စိတ်ထဲလည်း စိုးထိတ်ပူပန်သွားပြီး "ပြာ"ချင်သလိုလို ဖြစ်သွားရသည်။ အန်ကယ်လွင်ကလည်း ခါတိုင်း စနေတွေ ... အလုပ်သွားရက်နဲ့ကို ...။ ဒါနဲ့ ကိုယ့်အဖေကရော ... မနက်စောစောစီးစီးကြီး ... ဒီအိမ်ဘာလာလုပ်နေရပါလိမ့် ... ကျွတ် ...။

စိတ်ပူပင်ပြီး "ပြာ"သွားသော လရောင်သည် ... အမြဲတစေ စကားချည်း များနေတတ်ကြတဲ့ ညီအစ်ကိုနှစ်ယောက်ရဲ့ အရယ်အမော၊ အပြုံးအရွှင်တွေမှာ ... တွေတွေကြီးလည်း ခေတ္တမျှ ငြိမ်သက်သွားရပါသေးသည်။ ကျားသားမိုးကြိုး ... ဒီနေ့ကျတာမှ ထူးထူးခြားခြား လာတည့်နေကြတဲ့ မြယောက်

www.burmeseclassic.com

www.burmeseclassic.com



တော့ … များမကြာမီ … (ဒီနေ့အတွင်းမှာပဲ) အကြီးအကျယ် … ထ,စကားများ ရန်ဖြစ်ကြရတော့မည် …။

လရောင် … ဘာတွေများ လျှောက်လုပ်ခဲ့မိပါပြီနည်း …။ "ကိုယ်က 'မမ'ကို ချစ်နေမိလို့ …"ဆိုတဲ့ စကားတစ်ခွန်းကို ကြားလိုက်ရပြီးကတည်းက ဒီနောက်, နောက်ပိုင်းအချိန်တွေရဲ့ … အသက်ရှူ၊ အသက်ရှင်သန် နေမှုတွေဟာ စိတ်နဲ့လူနဲ့ လုံးလုံးကပ်တော့ပုံ မရတဲ့ လရောင်ဟာ … ရူးသွပ်နေတဲ့ စိတ်အစဉ်နဲ့ပင် … ဖြစ်ဖြစ်ပြီးသမျှ အားလုံးအတွက် ဇာတ်ဆရာ …။ အာယုကား "အရူးနောက်လိုက်"ပင်တည်း။

ခုလောလောဆယ်မှာတော့ … ဘာတွေဆက်လက်ဖြစ်ပွားကုန်လို့ … ကိုယ့်ရဲ့အရူးနောက်လိုက်ကလေး တစ်ယောက် ဘာများဆက်လုပ်ကုန်ပြီနည်း … လရောင်က မသိနိုင်တော့ …။ ဇာတ်ဆရာ လရောင်ဟာ … ကိုယ်တိုင်လည်း ဇာတ်ထဲ ဝင်က, ရန် … မျက်နှာသေလေး ပိပိရိရိစွပ်လို့ … မ,တို့ရဲ့အိမ်သို့ ရောက်လာနေခဲ့ပါပြီ …။

ရယ်မောနေကြတဲ့ လူကြီးလေးယောက်တို့ရဲ့ကြားမှာ … တစ်ယောက်တည်း မျက်နှာသေကလေးနှင့် ထိုင်နေသည့် ငယ်က … လရောင်ကို အရင်လှမ်းမြင်သွားပါသည်။

"ဟေး … လရောင် … ငါတို့ ဒီမှာ …"

လရောင်က ပထမဆုံး သရုပ်ဆောင်ကွက် အနေနှင့် ဟိုဟိုဒီဒီတွေကို အရင်ကြည့်လိုက်သည်။ ပြီးမှ … ငယ့်တစ်ယောက်တည်းကို တိတ်တိတ်ကလေး လက်ယပ်လှမ်းခေါ်လိုက်ကာ … ဇဝေဇဝါဟန်နှင့် အနားရောက်လာတဲ့ ငယ့်ကို …



"မ, ပြန်ရောက်ပြီလား …"

"ဘာဖြစ်တယ် …"

"ဟာ … တိုးတိုးလုပ်စမ်းပါ … မ,လေ … မ, … ဒီအိမ်ကို ပြန်လာသလား …"

"ဘာလို့ လာရမှာလဲ … ဆိုင်သွားတဲ့ဟာ … ဒီအချိန်မှာ ဆိုင်မှာပဲ ရှိလိမ့်မှာပေါ့ …"

"ဆိုင်မှာ မရှိဘူး … ငါ ဆိုင်ကို … လိုက်ကြည့်ခဲ့ပြီးပြီ …"

"ဒါဆိုလည်း သူ့ကုန်သည်အိမ်တို့ …၊ FE Bank တို့၊ Clearing agent ဆီတို့ …၊ ဟာ … မ,သွားလေ့ရှိတဲ့နေရာတွေမှ တစ်ပုံကြီး … တစ်နေရာရာမှာ ရှိမှာပေါ့ … ဦးလေးကြီးနဲ့ ကားနဲ့မှ ပြန်မရောက်သေးတာ … ခုထိ ဆိုင်မရောက်သေးဘဲ တစ်နေရာရာကို အရင်သွားတာဖြစ်ဖြစ်၊ ဒါမှမဟုတ် ဆိုင်က ပြန်ထွက်ပြီး သွားနေရတာဖြစ်ဖြစ် ဖြစ်မှာပေါ့၊ ခါတိုင်းလည်း ဒီလိုပဲဟာ … နင်က ဘာတွေဖြစ်နေတာလဲ … နင့်ပုံစံ ကြည့်ရတာ … အလန့်တကြား၊ ရေးကြီးသုတ်ပျာနဲ့ … လိုလိုပါလား …"

"မ, မနက်ကတင်ပဲ … အိမ်ကထွက်သွားတုန်းက … ငါနဲ့ …"

ငယ့်ပုံစံက တစ်မျိုးလေး ဖြစ်သွားသည်။

"ငါတို့ ကိစ္စတစ်ခုရှိလို့ အဲဒီကို အရင်သွားကြတာ …"

"ဘာကိစ္စလဲ …"

"ကိစ္စက အရေးမကြီးပါဘူး …"

www.burmeseclassic.com

www.burmeseclassic.com



"ကြီးချင် ကြီးမှာပေါ့ ... နင်တို့နှစ်ယောက်တည်း မိုးလင်းလင်းချင်း တစ်နေရာကို သွားကြတယ်ဆိုတာက ဘာအကြောင်းလဲ ... ငါ့လည်း ခေါ်မသွားကြဘဲနဲ့ ..."

"ထားပါ ... အဲဒါ ... ငါက ငါ့ကိစ္စနဲ့ငါ ...။ မ,ကအဖော်လိုက်တဲ့သဘောလောက်ပဲ ... အဲဒါ ငါ့ကိစ္စတောင် မပြီးသေးဘူး ... မ,နဲ့ ငါနဲ့ လမ်းကွဲသွားကြတယ် ..."

"ဘာဖြစ်တယ် ..."

"ကွဲသွားပါတယ်ဆို ..."

"ကွဲသွားရအောင် ... လူအုပ်ထူကြီးထဲမှာ တိုးဝှေ့လျှောက်နေကြတာမို့လို့လား ... မနက်စောစောစီးစီးကြီး ဘယ်နေရာမှာ လူအုပ်ကြီးက ထူနေသလဲ ..."

"ဘုရားမှာဟဲ့ ... ဒီနေ့ အဖိတ်နေ့ ..."

ငယ်က လူကြီးတွေဆီ ဖျတ်ခနဲ ဦးတည်လိုက်သဖြင့် လရောင်က ငယ့်လက်ကို မြန်မြန်ဆွဲထားလိုက်သည်။

"ဘယ်လဲ ..."

"နင်ပြောပုံနဲ့ နင့်မျက်နှာအရဆိုရင် လူကြီးတွေကို သွားပြောရမှာပေါ့ ... နင်တွေးတောနေပုံက ... မ,ကပဲ ဦးလေးကြီးနဲ့ ကားနဲ့ မရှိဘဲ ... သူ့တစ်ယောက်တည်း တစ်နေရာမှာ လူစုကွဲနေတဲ့ပုံ ဖြစ်မနေဘူးလား ... နင်ပဲ ဆိုင်အထိတောင် သွားပြန်ကြည့်ခဲ့တယ်ဆို ..."

"တော်ကြာ ... နင်ပြောသလိုပဲ ကုန်သည်အိမ်တို့ ... အေးဂျင့်ဆီတို့ ရောက်နေရင်ကော ... ဘဏ်ကတော့ ဒီနေ့ပိတ်တယ် ... ရောက်မနေနိုင်ဘူး ..."



"အဲဒါဆို နင်က ဘာဖြစ်နေတာလဲ ..."

"အဲလို မဟုတ်မှာစိုးလို့ ..."

"လရောင် ...။ ခုတလော နင်နဲ့ မ,နဲ့ တိုးတိုးကျိတ်ကျိတ်တွေ ဖြစ်နေကြပြီး ငါ့ကိုပ,ထုတ်ထားကြတာ ငါသိတယ်နော် ... နင်တို့နှစ်ယောက်စလုံး ... ဒါမှမဟုတ် ... တစ်ယောက်ယောက်မှာ ... ဘာအကြံတွေ ရှိသလဲ ..."

"ဘာဖြစ်လို့ရှိရမှာလဲ၊ ဘာမှမရှိဘူး"

"ဒါဖြင့် နင်က တစ်ယောက်တည်း ဖြစ်သွားတာ။ မ,က အိမ်ကကားနဲ့ပဲ နင့်ကိုပြန်မရှာဘဲ၊ မစောင့်တော့ဘဲ ဘုရားကနေ ပြန်ချသွားတာ ...။ အဲဒီလိုလား ... နင်က ကားကိုတော့ သွားပြန်ရှာတယ်ပေါ့"

"မသိဘူး ... အဲဒါလည်း ..."

"ဟဲ့ ... နင့်ဟာက ဘာလဲ ... ဆိုင်အထိတောင် လိုက်ကြည့်ပါတယ်ဆိုရင် ... ဘုရားမှာ ငါတို့အိမ်ကကား ရှိနေသလား ...၊ မရှိတော့ဘူးလား ဆိုတာလောက်တော့ ... နင် သွားပြန်ရှာကြည့်သင့်တယ် ... မဟုတ်ဘူးလား ..."

"အဲ ... အင်းလေ ... ရှာတယ်လေ ... ရှာတာပဲဟာ ... တွေ့မှ မတွေ့ဘဲ ... မတွေ့တော့ဘူး ..."

ငယ်က လရောင်ကို မျက်တော်မခတ်စတမ်း ... စိုက်စိုက်ကြီး ကြည့်နေပါတော့သည် ...။

ထိုအချိန်မှာ ... အိမ်က ကောင်မလေးက "မငယ် ... ဖုန်းလာပါတယ်"ဟု လာပြောပါသည်။

"ငါ့ကိုလား ..."

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မငယ် ... အန်တီတို့ကို ခေါ်တာပဲ ... ဒါပေမဲ့ လူကြီးတွေဝိုင်းကို သွားမခေါ်ရဲလို့ ... ပြီးတော့ ဆက်တာကလည်း ဦးသိန်းညွန့်ပဲ ဆိုတော့ ..."

"ဘယ်သူ ! ..."

"ဦးလေးဦးသိန်းညွန့်ပါ ..."

ငယ်က အိမ်ပေါ်သို့ ချော်လဲမတတ် ပြေးတက်သွားပါသည်။ ဦးသိန်းညွန့်ကား ငယ်တို့အိမ်က ဒရိုင်ဘာကြီးပင် ...။ ခုပဲ "မ,နဲ့ဦးလေးကြီးနဲ့ ကားနဲ့ တစ်နေရာရာမှာ" ဆိုတဲ့ ကိစ္စကို ငယ်တို့ ငြင်းခုန်နေကြတာလေ ...။

"ဦးလေး ... ငယ်ပါ ..."

"အေး ... ငယ်ရေ သမီး ... မနက်ကပဲ ဦးလေးနဲ့ မ,နဲ့ ဘုရားလာကြတာ ... ခုထိ ဘုရားပေါ်ကနေ မ,ပြန်ဆင်း မလာသေးလို့ ... ဦးလေး တစ်ခေါက်တောင်တက်ပြီး ပတ်ရှာလိုက်ပြီးပြီ ... အဲဒီအချိန်ပဲ ကားနားက ခဏခွာတာပါ ...။ ဦးလေးတက်ရှာတုန်း မ,ပြန်ရောက်လာပြီး လွဲနေရင်လည်း ကားနားကပဲ ရပ်စောင့်နေမှာပဲ ... လို့ ထင်တာလေ ...။

အဲဒါအပေါ်မှာလည်း မတွေ့၊ ကားနားလည်း ခုထိ မလာ ...။ သူ့ဆိုင်တောင် ဖုန်းလှမ်းဆက်ကြည့်ပြီးပြီ ... ပြန်မလာသေးဘူးတဲ့။ အဲဒါ ... အဲဒီအိမ်များ ပြန်ရောက်နေသလား သမီးရေ ...။ သူ ကားနားပြန်လာတုန်း ဦးလေးကို မတွေ့လို့ ... ပြန်များသွားသလားလို့ ... မ,က ခါတိုင်းတော့ အဲလိုတစ်ခါမှ မရှိပါဘူး ..."



"ဦးလေး ... ဘုရားပေါ်တစ်ခေါက် ထပ်တက်ရှာလိုက်ပါ ... ပြီးရင်တော့ အိမ်ပဲပြန်လာခဲ့တော့ ...။ မေမေတို့ ဦးလေးကို ဘာသုံးချင်စရာရှိမယ် မသိဘူး ..."

ငယ်က ဖုန်းချ,ချပြီးချင်း ... နောက်ကနေ မယောင်မလည်လေး ကပ်ပါလာသော လရောင်ရဲ့လက်ကို ခပ်တင်းတင်း ဆွဲကိုင်ဆုပ်လိုက်ကာ ...

"လာခဲ့ ... လူကြီးတွေကို ပြောပြမှ ဖြစ်တော့မယ် ..."

လရောင်သည် ပြုတ်တူနှင့် အညှပ်ခံထားရသလို မြဲစွဲခိုင်မာနေသော ငယ့်ရဲ့လက်ချောင်းတွေကြားက မရုန်းသာ ရုန်းသာလေး ကျိတ်ရုန်းနေရင်း ... ဆက်လက်သရုပ်ဆောင်ရမည့် အကွက်များကို မြန်မြန်ထက်ထက် ... စိတ်တွက် တွက်နေမိပါသည်။ လရောင်ဝင်းရဲ့ သရုပ်ဆောင်မှုကို "အတု" ရယ်လို့ အမှန်ဆုံး၊ အရင်ဆုံး ရိပ်မိသွားနိုင်မဲ့သူများ ရှိနေဦးမလား ...။ ရှိမယ်ဆိုရင် ... အဲဒီတစ်ယောက်ဟာ ဘယ်သူပါလိမ့် ...။ ဖေဖေလား ...၊ မေမေလား ...၊ အငယ်မပဲလား ...။ အဲဒီတစ်ယောက် လွယ်လွယ်ကူကူ မရိပ်မိနိုင်အောင် ဘယ်လိုများ ပိပိရိရိ ဟန်လုပ်လို့ ရနိုင်ပါမည်လဲ ...။

တကယ်တော့ ..."မ,ဘယ်ရောက်နေပြီလဲ ..." သရောင် တကယ်မသိတော့ပေမဲ့ ... "မ,ဘာဖြစ်သွားပြီလဲ" တော့ လရောင်က သိနေပါသည်။ သိဆို ... သွက်သွက်လည်း ရှုးနှမ်းနေတဲ့ ဇာတ်ဆရာနဲ့ အရှုးနောက်လိုက်တို့ရဲ့ အစီအစဉ် အတွက် ချမှုတွေကတိုင်း ... ခုဆက်လက်ဖြစ်ပွားနေခဲ့တာမျိုးပဲဟာလေ ...။

www.burmeseclassic.com

www.burmeseclassic.com



လူကြီးမိဘတွေအနေနဲ့ကလည်း သဘောမတူ ...၊ မ,ကိုယ်တိုင်ကလည်း မေတ္တာမပါနိုင်ရင် ... လရောင်ရဲ့ချစ်သူကောင်ကလေးဟာ ... သူချစ်နေတဲ့ "မမ"နဲ့ နှစ်ကိုယ်တူ နီးစပ်နိုင်ကြဖို့ရာ ... ဘယ်မှာလဲ ကံကြမ္မာ၊ ဘယ်မှာလဲ အခွင့်အရေး ...။

"ကြိုးစားက ဘုရားဖြစ်နိုင်သည်"ဆိုတဲ့ စကားပုံတော့ ရှိပေမဲ့ ... ဘယ်လိုကြိုးစားကြိုးစား ... သေလုအောင်ကြိုးစား ...၊ ဘယ်လိုမှ အရာမထင် ...၊ ဖြစ်မြောက်မလာနိုင်တော့သည့် အဖြစ်အပျက် ဆိုတာမျိုးလည်း လောကမှာ ရှိသေးသည်ပင် ...။ အာယုဟာ ပုံမှန်လမ်းကြောင်းအတိုင်းဆိုရင် "လူကြီးတွေရဲ့ သဘောတူညီမှုနဲ့ မ,ရဲ့မေတ္တာကိုရဖို့ ..."ကြိုးစားရင်းသာ အသက်ထွက်သွားမည် ... ဖြစ်မြောက်လာတော့မှာကို မဟုတ်ပါ။

လရောင်ရဲ့ဦးတည်ချက်ကတော့ ကိုယ်ကိုယ်တိုင်စိတ်ချမ်းသာချင်သာရ ...။ နို့မဟုတ်ရင်တော့ ... ကိုယ်ချစ်ရတဲ့သူစိတ်ချမ်းသာမှ ကိုယ်လည်း မုဒိတာပွားရင်း ကြည်လင်အေးမြနေနိုင်တော့မှာပေါ့ ...။

"ခိုးပြေးဖို ... ကားတင်ပြေး ... ပုံမှန်အတိုင်းကတော့ ရှင်သာ အို,သေသွားမယ် ... ဒီတစ်သက် ... ရှင် ... မ,ကို ဘယ်နည်းနဲ့မှ မရနိုင်တော့ဘူး ... သေချာပေါက်ပဲ ...။ ကားတင်ပြေးလိုက်နိုင်ပြီ ဆိုရင်တော့ ... ဣန္ဒြေသိက္ခာကြီးတဲ့ မ,က အာယုကို ဘယ်နည်းနဲ့မှ ဆက်ငြင်းပယ်ဖွတ်ရန်းထွက်တော့မှာ မဟုတ်ဘူး ... ဒါလည်းသေချာပေါက်ပဲ"

လရောင်ရဲ့ စိတ်လိုက်မာန်ပါ အပြောမှာ ... ပါးစပ်အဟောင်းသားဟ, ထွက်သွားပြီး ခေတ္တမျှ တောင့်တောင့်ကြီး



အံ့သြငြိမ်သက်သွားရသည့် ... အာယု၏ မျက်နှာကလေးကို ပြန်မြင်ယောင်မိပါသည်။ တစ်ခါတစ်ရံကျတော့ ... မိုက်မဲရိုင်းပျသည့် စိတ်ရှူးတို့ဟာ ... နူးညံ့လှပလှတဲ့ ချစ်ခြင်းမေတ္တာပေါ်မှာ အခြေခံပြီး ပေါက်ဖွားလာကြတာ ဖြစ်သတဲ့။ အာယုနဲ့ လရောင်ဟာ ... ချစ်ခြင်းရဲ့ မှိုင်းမိခံလိုက်ရတဲ့ သတ္တဝါလေးတွေ ဖြစ်ခဲ့ကြပြီ ...။

အံ့သြတွေဝေခြင်းတို့ရဲ့ အဆုံးမှာ တက်ကြွနီရဲလာတဲ့ မျက်နှာထားနဲ့ "ကောင်းပြီ"လို့ ပြတ်သားစွာ အော်ဟစ်ပစ်လိုက်တဲ့ အာယုကို ပြန်လည်မြင်ယောင် တွေးတောလိုက်မိလျှင်တော့ ... တစ်မျိုးလုံး၊ တစ်ဆွေလုံးကို ပိပိရိရိ ရင်ဆိုင်နိုင်ဖို့ လရောင်မှာ အားအင်တွေ ပြည့်စုံနေနိုင်ခဲ့ပြီ ...။

○ ✧ ○

www.burmeseclassic.com

www.burmeseclassic.com



## အချစ်တွေနဲ့ ... ဝုန်းဝုန်းဒိုင်းဒိုင်း

"ဟော့ကောင် ... ငါတို့ အခု(...)မှာ ... အဲဒီကိုတန်းလိုက်ခဲ့"

"နေဦး ... မင်းတို့က ဘယ်လိုက ဘယ်လို ..."

"ကျော်မျိုးဆိက ဖုန်းဝင်တယ် ... မင်းဖုန်းက ဆက်မရလို့တဲ့ ... ထုံးစံအတိုင်း ဘောင်းဘီနောက်အိတ်ထဲထည့်ပြီး ဖင်နဲ့ ဖိထိုင်ထားတယ် မဟုတ်လား ..."

"ဒီကောင်ကကော ... အခု ..."

"ငါတို့ကားရှေ့မှာ ... လှမ်းမြင်နေရပြီ ..."

ဝဏ္ဏတို့ထံမှ ဖုန်းဝင်လာသဖြင့် စိတြမှာ လရောင်ဝင်းကို မြင်,မြင်နေရရက်ကြီးနှင့်ပင် ... မ,ရဲ့ဖိနပ်ဆိုင်သို့ ဝင်မနေနိုင်တော့ဘဲ ... ဒီကောင်တွေ လှမ်းခေါ်သည့် (......)သို့လိုက်ရပါတော့သည်။ ရန်လင်းနိုင်ရဲ့ကားကို မီလာနိုင်တဲ့အခါ ... စိတြက နောက်ဘက်ကနေ မီးကြီးတောက်ကာ အချက်ပြလိုက်ပြီးမှ ... ဖုန်းကို ပြန်ဖွင့်လိုက်ကာ ...

"ဟော့ကောင် ... ကျော်မျိုး ..."

"စိတြ ... မင်း ဘယ်မှာလဲ ..."



"မင်းကား နောက်မှာ ...။ ခု ဘာထူးနေလို့လဲ ... ပုံစံကြည့်ရတာတော့ ... မြို့ပြင်ထိ ရောက်တော့မှာလား ..."

"ထင်ရတာပဲ ... ခုကားပေါ်မှာ မိန်းမတစ်ယောက်ပါ,ပါလာတယ် ..."

"ဟိုက် ! ဘယ်သူတုန်း ..."

"ဘယ်သိမှာလဲကွ ... မင်းကောင်မလေးတို့ မျိုးရိုးကညကြီးမင်းကြီး ခိုးရာလိုက်မဲ့ အတန်းအစားထဲက မဟုတ်ပေမဲ့ ... မနက်ကြီး လင်းလင်းချင်းချင်းကြီး ဆိုရင်တော့ အိုကေတယ် ... ရယ်ဒီပဲ ... ဆိုတဲ့ အတန်းအစားမျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့ ..."

"ဝက်မသား ... ကားပေါ်ပါလာတဲ့ မိန်းမက ... သူကလေးတို့ မျိုးရိုးထဲက ဆိုရင်တော့ ဒါအလိုမတူဘဲ ကားတင်ပြေးမှု ...၊ သေချာပေါက်ပဲ ..."

"အလိုတူ မတူတော့ မသိဘူးကွာ ... ငါ့ရှေ့တင် အသာတကြည်နဲ့ ... အေးအေးလေး ကားပေါ်တက်၊ ပါသွားတာပဲကွ ...။ ပထမ ဒီကောင် ရေးကြီးသုတ်ပျာနဲ့ ထွက်သွားတာက ဘုရားကို။ သူ ဘုရားပေါ်တက်သွားတော့ လူရှုပ်လွန်းလို့ မျက်ခြည်ပြတ်မှာစိုးလို့ လိုက်မသွားတော့ဘဲ ငါက သူ့ကားဘေးမှာပဲ ပါကင်ထိုးပြီး ရပ်စောင့်ကျန်ရစ်တာ ...။ ဘုရားပေါ်က စုံတွဲလိုက် ပြန်ဆင်းလာကြတာပဲလေ ... ပြီးတော့ ခုလို မောင်းနှင်နေတာပဲ ...

သူတို့ဘာသာသူတို့ ဘယ်ဆက်သွားပြီး ပျော်ရွှင်ကြဦးမလဲ မသိနိုင်တဲ့ကိစ္စ ...။ ဟိုကောင်ကြည့်ရတာသည်း

www.burmeseclassic.com

www.burmeseclassic.com



မနက်ကလို အရှုး မီးလောင်တဲ့ရုပ်နဲ့မှ မဟုတ်တော့တာ...။ ကိစ္စက ထူးမှထူးသေးရဲ့လားတောင် မသိပါဘူး။ ငါ့အဖေကြီး မီးတောင်ပေါက်ကွဲဖို့အတွက် တန်ရဲ့လားတောင် မပြောတတ်ဘူး ..."

စိတြက ..."ငါကြည့်လိုက်ဦးမယ် ..."ဟု ကိုယ့်ရှေ့က ကားတွေရော ...၊ ရန်လင်းနိုင်ရဲ့ကား ...၊ ကျော်မျိုးရဲ့ကားတွေကိုပါ ရအောင်ကျော်တက်လိုက်ပါသည်။ ငယ်တို့အိမ်သို့ ပထမဦးဆုံး အခေါက်ရောက်ဖြစ်စဉ်က အသုံးပြုထားသော(အဘွားဆီက ခိုးဝှက်တိုယူထားရတဲ့)နေကာမျက်မှန်မည်းမည်း အဝိုင်းကြီးကြီးကိုလည်း ထုတ်တပ်ထားလိုက်သည်။ အော့ကားကို လှမ်းမြင်လိုက်ရချိန်မှာ ကားပေါ်၌ ကျော်မျိုးပြောသလိုပဲ မိန်းမတစ်ယောက်နှင့်။ အဝေးကြည့် အခြေအနေနှင့်ပင်... မ,ဆိုတာ သေချာသလောက် ဖြစ်နေတော့ ..."ကိစ္စက ထူးမှထူးသေးရဲ့လားတောင် မသိပါဘူး ..."ဆိုတဲ့ ကျော်မျိုးရဲ့စကားက အတည်မဖြစ်နိုင်တော့ပြီ။

သူတို့ဘာသာသူတို့ ဘာမှ မျက်ကလဲဆန်ပျာ မဖြစ်ကြဘဲ ... မ,ကို အောက အိမ်ပြန်ပို့ပေးနေတာ ဆိုရင်တောင် ... ငယ်ကလေး မဖြစ်စေချင်တဲ့ "မ,နဲ့အော"ဆိုတဲ့ ဇာတ်လမ်းက သေချာလုကြီးနီးပါးနှင့် အဆိုးဘက်သို့ ထူးသွားတာ ကျိန်းသေပြီ။ ကျော်မျိုးအတွက် မထူးလောက်ရင်တောင် စိတြအတွက်ကတော့ ထူးသည်။

ဒါပေမဲ့ ... ခုလည်း ... မနက်က အော့ရုပ်၊ လရောင်ဝင်းရဲ့ရုပ်တို့နဲ့၊ ခု ... တစ်ချိန်လုံး စကားတွေအဆက်မပြတ် တတွတ်တွတ်နဲ့ အခြေအတင် ဖြစ်နေပုံရတဲ့ မ,ရဲ့ရုပ်တို့ကိုပါ



ဆက်စပ်စဉ်းစားရရင်တော့ ... ဘုရားတက်ဖို့ အတူတူချိန်းလာကြပြီး၊ ဘုရားကအပြန်မှာ မ,ကို အောက အေးအေးဆေးဆေး အိမ်ပြန်ပို့နေတာ ... ဆိုတာမျိုးလည်း ဟုတ်ချင်မှ ဟုတ်ဦးမှာလေ ...။ စိတြရဲ့စိတ်ထဲမှာ ... အကောင်းမြင်ကြည့်ဖို့ထက် ... အဆိုးမြင် သံသယတို့ကသာ ကြီးစိုးနေပါသည်။

ရုတ်တရက် ... အောက လမ်းကြောင်းပြောင်း မောင်းပစ်လိုက်တာ ... ကားရှိန်ကိုလည်း မြှင့်တင်လိုက်ပါသည်။ အဆက်မပြတ် စကားပြောလာတဲ့ မ,လည်း ... ဟိုကြည့်ဒီကြည့် ပျာပျာသလဲ ဖြစ်သွားကာ ... (ဒီလောက် တည်ငြိမ်အေးချမ်းတဲ့ မလှုပ်တလှုပ် ပုံစံလေးက) ကားဒက်ရှ်ဘုတ်ကို "တဘန်းဘန်း" ထုရိုက်ပစ်လိုက်တာကိုလည်း မြင်လိုက်ရသည်။ စိတြက နောက်က ကားတွေကို လက်ထုတ် ... အချက်ပြကာ ... ကိုယ်တိုင်လည်း ကားကို အတင်းချိုးကွေ့ချလိုက်ရပါတော့သည်။

သေချာတာပေါ့ ...။ လမ်းကြောင်းက မြို့ပြင်သို့ ဦးတည်လိုက်ပြီ ...။ မ,ရဲ့ဟန်က ထိတ်ထိတ်ပျာပျာဟန်မျိုး ဖြစ်လာပြီ ...။ ဟိုကောင့်ကိုတော့ မထိချင်၊ မထိရဲဟန်နှင့် ... ကားပေါ်က ရှိရှိသမျှ သက်မဲ့ပစ္စည်းတွေကို ထုရိုက်ပေါက်ကွဲပစ်နေပြီ ...။

တဖြည်းဖြည်းနှင့် ကားတွေက မြို့ထဲရိပ်ယာက ထွက်ကာ... ဘုရင့်နောင်၊ နဝဒေး၊ လှိုင်သာယာတွေဘက် ရောက်ရှိလာပါပြီ။ အင်မတန် ကားမောင်းကြမ်းရမ်းကာ ကျွမ်းကျင်မြန်ဆန်လှတဲ့ အကောင်ပဲ ...။ စိတြရဲ့ရင်ထဲမှာ ပြိုင်ဘက်ရဲ့ကျွမ်းကျင်မှုအပေါ် မနာလိုစိတ်နှင့် ... ကိုယ့်ဘက်က ရှုံးသွားရမှာ၊ မမီ

www.burmeseclassic.com

www.burmeseclassic.com



လိုက်နိုင်မှာ၊ လွတ်သွားမှာကို စိုးရိမ်စိတ်တို့က ပြည့်လျှံလို့လာကြသည်။ ငယ်သာ ပြန်သိရင် ..."ငါ့အစ်မကို လွတ်သွားမှာစိုးရိမ်စိတ်ထက် ... နင် သူ့ကိုရှုံးမှာကို ပိုကြောက်နေတာ မဟုတ်လား" ဆိုတဲ့ စွပ်စွဲချက်နဲ့ စိတ်တိုဒေါသထွက်လာတာတွေကို ရင်ဆိုင်ရတော့မှာ ... ကေနီပင် ...။

အရေးထဲ ကံတရားက အော့ဘက်ကမှ ဖေးမနေကာ ... မီးပွိုင့်ရှိနေသေးတဲ့ ရေိယာတွေတောက်လျှောက် ဒီကောင်က မီးနီတစ်ချက်မှကို မမိပါ ...။ စိတြမှာတော့ ပွတ်ကာသီကာ မနည်းလွတ်အောင် ... မောင်းလိုက်ခဲ့ရကာ နောက်ဘက်က ရန်လင်းနိုင်တို့၊ ကျော်မျိုးတို့ဆို မီးနီနဲ့ ပြတ်ကျန်နေရစ်ကြပြီးမှ ... နံသားပါးရား ပြန်အမီကြို လိုက်လာကြရတာတွေရှိသည်။

ခဏကြာတော့ အောဟာ သူ့နောက်က ထက်ကြပ်ဒင်းကြမ်းပါလာတဲ့ စိတြရဲ့ကားတစ်စီးကိုတော့ ... ရိပ်မိပြီး သိသွားပုံရပါပြီ။ နောက်ကြည့်မှန်ကကော ...၊ ပြတင်းကခေါင်းထွက်လာပြီးတော့ပါ နောက်လှည့်ကြည့်တာကို မြင်လိုက်ရသည်။ လှုပ်ရှားပြာနှမ်းနေပုံရတဲ့ မ,တစ်ယောက်လည်း အော့လိုပင် ... ပြတင်းကနေ ထွက်မျှော်ကြည့်ပြီးမှ ... သူ့နဂိုမူလပုံစံအတိုင်း ဣန္ဒြေခြုံလွှာအပြည့်နှင့် ငြိမ်ငြိမ်ကြီး ပြန်ဖြစ်နိုင်သွားလေသည်။ ခဏခဏတော့ နောက်လှည့်၊ နောက်လှည့်နဲ့ "ပါလာသေးလား" လို့ အကဲခတ်နေရတာတော့ ... အမော ... ဖြစ်ပုံရ၏။

လှိုင်သာယာမြို့နယ် လွန်လာပြီ၊ အိမ်ခြေတွေလည်း စကျဲလာပြီ ...။ ဟိုနောက်က နှစ်ကားလည်း အလူးလူးအလိမ့်လိမ့်နဲ့ တော်တော်ကြီး နီးနီးအထိ လိုက်ပါလာနိုင်ပြီ ... ဆိုတာနဲ့



စိတြက ကားရှိန်ကို မြှင့်တင်ပစ်လိုက်ကာ ... အော့ရဲ့ကားကို မရမက ကျော်တက်၊ ဘရိတ်အုပ်ပြီးရပ် ...။

အောကတော့ ... ငယ်တို့ရဲ့ဒရိုင်ဘာကြီးလို အရှိန်လျှော့သတိနဲ့ ထိန်းမောင်းနေတာ မဟုတ်လေသောအခါ ...၊ ကန့်လန့်ဖြတ်ကြီး လာပိတ်လိုက်သလို ဖြစ်သွားတဲ့ စိတြရဲ့ကားကို (မနည်းကြီး ဘေးဆွဲချ ကွေ့ကောက်ပြီး ရှောင်တိမ်းလိုက်ပါသော်လည်း) နောက်ဘက်ပိုင်းကနေ ဘေးတိုက် ..."ဒုန်း"ခနဲ "ခပ်"တိုက် တိုက်လိုက်ပြီးမှ ... ကားက ထိုးရပ်သွားပါသည်။

ချက်ချင်းဆိုသလိုပဲ ... ရန်လင်းနိုင်တို့ ကားနှင့်၊ ကျော်မျိုးရဲ့ကားက ရှေ့ဆင့် နောက်ဆင့် ဆိုသလို ရောက်ရှိလာကြသည်။ အားလုံး ဆင်းချလာကြကာ ... ကြောင်ငေးငေးကြီးလုပ်နေသည့် အော့ကို ရှေ့ခန်းကနေ ... နောက်ခန်းထဲပြောင်းထိုင်လိုက်ပြီးမှ ... ဘေးတစ်ဖက်တစ်ချက်ကနေ ... နှစ်ယောက်ညှပ်၊ ပိတ်ထိုင်ထားလိုက်ကြသည်။

"ဟိတ်ကောင်တွေ ... ဘာလုပ်မလို့လဲ ... ဘာမှလွန်လွန်ကျူးကျူးတော့ မဖြစ်စေနဲ့"

ဝဏ္ဏက အော့ကားပေါ်ကို မောင်းသူနေရာကနေ ဝင်တက်ထိုင်လိုက်ကာ ...

"ဘာမှမလုပ်ပါဘူး ...။ သူ့အိမ်ပဲ သွားပြန်လိုက်ပို့လိုက်မယ်လေ ... ကားရော၊ လူရော။ ငါ့ဟိုကားတွေတော့ ဒီနားမှာပဲ ခဏရပ်ထားပစ်ခဲ့ရမှာပဲ"

မ,ခမျာ ... ရုပ်ရှင်ထဲက လူဆိုးဂိုဏ်းကြီးတစ်ခုလို စနစ်တကျ အကွက်ကျကျ လှုပ်ရှားပြီးစီးသွားကြတဲ့ တစ်သိုက်

www.burmeseclassic.com

www.burmeseclassic.com



ကို မျက်လုံးပြူးကလေးနဲ့ အကဲခတ်လိုက်ကြည့်ကာ ... သူကိုယ်တိုင် ... ဘာဆက်လုပ်ရမလဲ ... ဝေခွဲမရနိုင် ဖြစ်နေပုံရပါသည်။

"မ, ကျွန်တော့်ကားပေါ် တက်လိုက်လေ ... အိမ်ပြန်ပို့ပေးမယ် ..."

အိမ်အပြန်လမ်းမှာတော့ စိတြမှာ ပျော်လွန်းလို့ ... တလှုပ်လှုပ် တရွရွနှင့် ... ကားထဲက ကက်ဆက်ခလုတ်ကိုပင် အငြိမ်မနေနိုင်ဘဲ လှမ်းဖွင့်လိုက်သေးသည် ...။

"ချစ်ရသူရဲ့ ... စေညွှန်မှု မှိုင်း xxx ကျွန်တော့်မှာ စိတ်လှိုင်းမုန်တိုင်း xxx လှုဆိုးလေးတစ်ယောက်လို ... ရမ်းရမ်းရိုင်းရိုင်း ... xxx "

ထွက်လာတဲ့ ဟစ်ပ်ဟော့ပ်တေးသွားအလိုက် ... တွန့်လှုပ်လာတဲ့ စိတြကို မ,က တစ်ချက်ကြည့်ကာ ကားကက်ဆက်ခလုတ်ကို "ထောက်"ခနဲ လှမ်းပိတ်ချလိုက်သည်။

"စိတြ ... ခုအဖြစ်အတွက် စိတြကို ... မ,အမြဲအသိအမှတ်ပြု အမှတ်ရနေပါ့မယ် ... ဒါပေမဲ့ စိတြကတော့ မေ့ပစ်ပေးပါ ..."

"ခင်ဗျာ ..."

"မတို့ ဘာအဖြစ်အပျက်မှ မဖြစ်ခဲ့ကြဘူး ..."

"ခင်ဗျာ ... ဟုတ် ... ဟုတ် ..."

"ငယ်လည်း ဘာမှမသိစေချင်ဘူး ..."

"ဟုတ် ...။ ဟုတ် ... မ, ... ဟုတ် ..."

ဒါဆို ... ဟိုကောင်ကြီးကရော ...။ သူ့အိမ်သူ အစောင့်အကြပ်တွေနဲ့ရပ်ပြီး ပြန်ရောက်သွားတဲ့ အကောင်ကိုရော ... မ,ဘယ်လို အချိန်မီ ညှိလိုက်ပါလိမ့်။



စိတြရော ... မ,ပါ အကြာကြီး ငြိမ်သက်တိတ်ဆိတ်နေကြသည်။ မ,မျက်နှာကို အားနာနာ၊ မျက်နှာပူပူနှင့် မကြည့်ရဲသော စိတြသည် ... ကိုယ့်ကိုတော့ မ,က ခပ်ငေးငေးကလေး လာကြည့်နေတယ် ဆိုတာကို လှည့်မကြည့်ဘဲ ရိပ်စားသိရှိနေရလေသည်။ မ,ဟာ မျက်နှာပြန်မလွှဲ ...။ မျက်တောင်ပင် သေချာမခတ် ...။ စိတြရဲ့မျက်နှာဆီ ငေးစိုက်လို့နေသည် ...။ မ, ဘာတွေတွေးနေ၊ စဉ်းစားနေပါလိမ့် ...။

"ငယ်က နောက်ယောင်ခံပေးနေဖို့ ပြောထားသလား ...။ တိုက်ဆိုင်တာတော့ မဖြစ်နိုင်လောက်ပါဘူး ..."

"ဟင် ... ! အဲ ... ဟို ... မပြောပါဘူး ...။ မပြောထားဘူး ...။ ကျွန်တော်တို့က အဲဒီလိုပါပဲ ...။ မန္တလေးမှာတည်းက တစ်ယောက်ကို တစ်ယောက် ... ဘယ်တော့မှ အလွတ်ပေး လွှတ်မထားကြပါဘူး ...။ အကွက်ချောင်းနေကြတာပဲ ..."

မ,က ငယ့်ကိုလည်း ဘာမှမသိစေ့ချင်ဘူး မဟုတ်လား ...။ ဒီအဖြေကပဲ အကောင်းဆုံး ဖြစ်ပါလိမ့်မည် ...။ စိတြရဲ့အဖြေကြောင့် မ,ဆီက သက်ပြင်းရှည်ကြီးတစ်ချက် ထွက်လာပြီးမှ ... မ,က မျက်ဝန်းတွေကို စုံမှိတ်လိုက်ကာ ... ခန္ဓာကိုယ်ကိုပါ ပြင်ထိုင်လိုက်ရင်း ...

"စိတြကို ... မောင်တစ်ယောက် တော်ရဖို့အတွက် ... မ, လက်ခံပါတယ် ... ပျော်ပါတယ် ...။ စိတြတို့လည်း စိတ်ချမ်းသာရစေမှာပါ ..."

www.burmeseclassic.com



စိတြကာ တလှုပ်လှုပ် တရွရွနှင့် ... ကက်ဆက်ကို ယောင်ယမ်းဖွင့်လိုက်မိပြန်ပြီးမှ ချက်ချင်း ပြန်ပိတ်ချလိုက်သည်။ မှိုလှဲနေသည့် မ,က စိတြထံ အပြုံးယဲ့ယဲ့လေး တစ်ချက်နှင့် ... ခလုတ်ကို ပြန်ဖွင့်နှိပ်ပေးလိုက်လေသည် ...။

"လှဆိုးလေး တစ်ယောက်လို ရမ်းရမ်းရိုင်းရိုင်း xxx ချစ်သူလေးရဲ့ စေညွှန်မှုမှိုင်း xxx ထင်ရာစိုင်းစိတ်နဲ့ ... ဝုန်းဝုန်းဒိုင်းဒိုင်း .... xxx အချစ်တွေ ... အချစ်တွေ xxx ဒီလှိုင်းလို ... ရိုင်း ..."

စိတြမှာ စိတ်မထိန်းနိုင်ဘဲ ..."ရိုင်း ... ..."ဟု လိုက်အော်လိုက်မိပါသည်။ မ,ရဲ့အပြုံးယဲ့ယဲ့လေးက မျက်ရည်လဲ့လဲ့လေးနဲ့။ စိတြတို့အုပ်စုကြီးရဲ့ အတင်းဝင်ဖျက်၊ ချုပ်နှောင်မှုတွေကို ခံနေရတဲ့ကြားက ..."ဟိတ်ကောင် ... မောင်စိ ... မနှောင့်ယှက်ကြေးဆို"ဟုကျုံးကျုံးအော်နေရှာသည့် ... ဟိုအကောင့်မျက်နှာကို တစ်ချက်ပြန်မြင်ယောင်ပြီး ... ကိုယ်ချင်းစာ အားနာစိတ်လေး တစ်ချက်ဝင်သွားရသေးလေသည်။ အခြေအနေမကောင်းကြတာ ချင်းအတူတူ ... ဒီကောင့်ခမျာ .. လုံးဝ အပြီးသတ်"ဂိုး"သွားရရှာပြီလေ...။

○✧○



## မ,ရဲ့ကုသိုလ်

"ဟင် ... ! မ, ..."

အိမ်ထဲကနေ လက်တွဲပြီး ထွက်လာကြသော ... ငယ်နှင့် လရောင်တို့နှစ်ယောက်သား ... အိမ်ထဲသို့ အေးအေးကလေး လှမ်းဝင်လာသည့် မ,ကို မြင်လိုက်ကြလျှင် ..."ဟင်"ခနဲ ကိုယ်စီအံ့ဩထိတ်လန့်သွားကြပါသည်။ မ,က ... ကလေးမလေး နှစ်ယောက်ကို အေးအေးလေးပဲ ရင်ဆိုင်လိုက်သည်။

"ဘယ်က ပြန်လာတာလဲ ... မ,"

"ဘုရားကလေ ... ငယ် ..."

"မ,ပျောက်သွားလို့ဆို ... လရောင်ရော ... ဦးလေးကြီးကော ... ပြောတယ်' ..."

"အင်း ... လရောင်နဲ့တော့ ကွဲသွားကြတယ် ... ကားလည်း ပြန်ရှာတာ ... မတွေ့တော့တာနဲ့ ..."

ငယ်သည် မလွှတ်တမ်း ဆွဲကိုင်ထားသော လရောင်ရဲ့လက်ကို ဖြုတ်ပစ်ခဲ့ကာ ကားတစ်စီး ခမောင်းထွက်သွားသကြား

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသလိုရှိသော ခြံရှေ့သို့အပြေးကလေး ထွက်ကြည့်လိုက်ပါသည်။ သို့သော် ... မမီလိုက်တော့ ...။ ကားရဲ့နောက်ဘက်မီးနီလေးနှစ်ခုကိုသာ ခပ်လှမ်းလှမ်းမှ လှမ်းမြင်လိုက်ရပြီး ... ဘယ်သူမှန်း၊ ဘာကားမှန်းတော့ ... မကွဲပြားနိုင်လိုက်တော့ပေ ...။

ငယ် အိမ်ထဲပြန်ဝင်လာသောအခါ ... မ,နှင့်လရောင်တို့မှာ ဧည့်ခန်းထဲက ခပ်လှမ်းလှမ်း ခပ်ဝေးဝေး ကုလားထိုင်နှစ်လုံးထက် ... တစ်လုံးစီ ဝင်ထိုင်နေကြကာ ... အခြေအနေကလိုအပ်တာထက် ပိုမိုတိတ်ဆိတ်နေသယောင် ... ငယ့်စိတ်ထဲသင်္ကာမကင်းမှုတွေ လှိုင်းထန်နေရသည်။

တကယ်ပဲ လူစုကွဲသွားကာ တခြားစီ တစ်လမ်းစီပြန်လာဖြစ်ကြရရင် ... လရောင်ဟာ ..."ဘယ်လိုဖြစ်တာလဲ ... မ,ရယ် ..."ဘာဘာညာညာနှင့် ပေါက်ပေါက်ဖောက်သလို ဆူညံပွက်လောထနေမှသာ ... ဒါပုံမှန်အတိုင်း ဖြစ်နိုင်ပေသည်။ ခုတော့လူပျံနက်ကအစ ကုပ်ချောင်းချောင်းနှင့် လိုလိုလား ... လို့ ...။ မ,ကိုကြည့်တဲ့ အကြည့်တွေကတောင် ခိုးကြောင်ခိုးဝှက် နိုင်နေသလားလို့ ...။ မ,ကတော့ မှန်းရခက်သည် ...။

ငယ်က မ,ကို မသင်္ကာသလို ...၊ ခြံရှေ့ပြေးထွက်စင်းငိုက်မိသလို ဖြစ်သွားရတာအတွက်တော့ အားနာပြီး ... အပြစ်မကင်းသလိုကြီး ဖြစ်နေမိပေသည်။

"ခုနကားက စိတြလေ ..."

မ,ရဲ့စကားကြောင့် ငယ်ကော လရောင်ပါ တစ်ယောက်တစ်တွေးစီနှင့် "ဟင်"ခနဲ ဖြစ်ကြရပြန်သည်။



"သူနဲ့ လမ်းကြုံခဲ့လို့ ..."

မ,ကား ငယ့်ရဲ့မျက်နှာထားကြီးနှင့် လရောင်ရဲ့တစ်မျိုးအကြည့်ကြီးတွေအောက်မှာ ... ရင်ထဲ ကျဉ်နေအောင်ခံရခက်နေသည်။ တချို့တွေများကျတော့ ရင်ထဲရှိတာကို အော်ဟစ်ပေါက်ကွဲ ဖွင့်ထုတ်လိုက်ခွင့် ရကြတယ် ...။ အသံအကျယ်ကြီးတွေနဲ့ ဘယ်သူကြားကြား ဂရုကိုမစိုက်ကြလေဘဲ ... စိတ်ပေါ့နိုင်ကြတယ် ...။ မ,ကျတော့ အဲလို တစ်ခါမှ ... အခွင့်မရနိုင်ခဲ့။

တချို့တွေများ ... သိမ်မွေ့နူးညံ့တဲ့ ချစ်ခြင်းတရားကိုရိုင်းစိုင်းကြမ်းတမ်းစွာ အမိပွာယ်ဖော် ...၊ ထင်ရာစိုင်းခွင့် ရကြတယ် ...။ အောင်မြင်တာ၊ မအောင်မြင်တာ ...၊ တရားတာမတရားတာ ...၊ နာမည်ကောင်းကျန်တာ မကျန်တာ ... အပ,ထား ...။နှလုံးသားရဲ့အလိုကိုတော့ အစွမ်းကုန် အလိုလိုက်ပစ်နိုင်ခွင့် ရကြတယ် ...။ မ,ကျတော့ ... အဲလို တစ်ခါမှ ...အခွင့်မရနိုင်ခဲ့ ...။

ကိုယ့်အဖြစ်ကိုသာ ကိုယ်ရင်နာပါသည် ...။ လရောင်နှင့် အာယုတို့ကိုတောင် အပြစ်ယူ နာကြည်းမုန်းတီးနေဖို့ မစဉ်းစားမိသော မ,က ... ကိုယ့်အပေါ် တချို့သော အမြင်တွေနှင့်ဘယ်လိုသဘောထားတွေ ရှိနေကြမှန်း မသိသော ညီမငယ်နှင့်စိတြတို့ကိုတော့ ပို၍တောင်မှ အပြစ်မြင်၍ မရနိုင်ပြီတည်း ...။

သူတို့လေးယောက်လုံးဟာ "အချစ်"တစ်ခုကို မျက်စိမှိတ် ကိုးကွယ်ပိုင်ခွင့်၊ ကိုးကွယ်ရဲတဲ့စိတ်တွေ အပိုင်ရနိုင်ကြပြီး ... မ,မှာတော့ မရနိုင်တဲ့အတွက် လူကြီးတစ်ယောက်အနေနဲ့မနာလိုခွင့်ရမယ် ဆိုရင်တော့ . ကောင်းကောင်းကြီး မနာလိုပစ်လိုက်ချင်နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"လမ်းမှာ သူ့ နားပူနားဆာ တိုက်လာလို့ ... ငယ့်ဆီက ခေါင်းညိတ်တဲ့အဖြေရဖို့ မ,တာဝန်ယူပါတယ် ... လို့ပြောခဲ့မိပြီ ငယ် ..."

ငယ်က မျက်နှာကြီး နီရဲသွားကာ ... "အဲဒီမ,ဟာ ... ကိုယ့်သဘောနဲ့ကိုယ် ... တော့ ..."ဟု အကျယ်ကြီး အော်ဟစ်ပစ်လိုက်ပါသည် ...။ ပြီးမှ ...

"ဖေဖေတို့နဲ့ တွေ့ရပြီဆိုရင်တော့ ... မ,ပဲတွေ့ ... ဒါပဲ ... ဟွန်း ... မ,ပဲ စထားတဲ့ကိစ္စကို ..."

မ,နဲ့ ငယ်တို့ကို စိုက်ကြည့်နေသည့် လရောင်က ရုတ်တရက် ... "ဖြတ်"ခနဲ ထိုင်ရာက ထရပ်ကာ ... တယ်လီဖုန်းစင်လေး ရှိရာသို့ လျှောက်သွားလိုက်သည်။

"ဟုတ်ကဲ့ ... ကိုအာယုနဲ့ စကားပြောချင်လို့ပါရှင် ... ဟင် ... ဘယ်လို ... ရဲစခန်း ... ဘာ ... ဘာမှုနဲ့မို့လို့လဲ ... ကျွန်မက ... လရောင်ဝင်းပါ အန်တီ ... ဟုတ်ကဲ့ ... (......)က ဦးခင်မောင်ဝင်းရဲ့ သမီးပါ ... သြော် ..."

ငယ်က မ,ကို ဖျတ်ခနဲ ကြည့်လိုက်လျှင် မ'သည် အသက်လေးကို မှန်မှန်ရှူနေနိုင်အောင် ကြိုးစားကာ ... လရောင်ဘက်သို့ပဲ နားစွင့်နေပါသည်။ လရောင်တစ်ယောက် "အချိန်ကိုက်ယကြာချေဖို့ပါ"ဟု အတင်းပူဆာမှုနဲ့ မနက်ကြီး ဘုရားလိုက်ပို့ပေးရ၊ လရောင်နဲ့ ဘုရားပေါ်မှာ လူစုကွဲသွားကြပြီးတော့ အာယုနှင့်ဆုံ။ အာယုက "ခုပဲ လရောင်နဲ့ အိမ်ကကားနဲ့ ပြန်ထွက်သွားကြတာ သူမြင်လိုက်ပါတယ်"ဆိုပြီး ... ပြန်လိုက်ပို့ပေးဖို့ ကမ်းလှမ်းလို့ ... အဟုတ်မှတ်ပြီး လိုက်ပါသွားမိ ...။ တဖြည်းဖြည်း



စကားကောင်းပြောနေရာက ကြမ်းတမ်းရှုးရှဲလာပြီး ... ကားမောင်းပြေးတော့မှ ကျောချမ်း စားပြမှန်းသိ ...။

လရောင်ကလေးပါ ဒီဖြစ်ရပ်မှာ ကြံရာပါ,ပါကိုပါမယ်မှန်း သိနေသော်လည်း ... ခုလောက် ပေါ်တင်ကျကျကြီး ... ထ,ဆက်သွယ် လှမ်းမေးဝံ့လိုက်မည်ဟုတော့ မထင်သေးလေ ...။ သြော် ... ကလေးတွေများနော် ...။

မ,ရော ငယ်ပါ တစ်မျိုးကြီးတွေ ဖြစ်နေကြဆဲမှ ... လရောင်က တယ်လီဖုန်းလေးကို တမင်ပင် ဆောင့်ပေါက်ပစ်ချလိုက်ပြီး ...

"အငယ်မရေ ... နှင့်လူရော ... သူ့ကြံရာပါတွေပါ ... ရဲစခန်းမှာတဲ့"

"ဘာဖြစ်တယ် ... ခုနက ငါကြားလိုက်တာကတော့ ... အာယုကသာ ရဲစခန်းမှာလိုလို ... မဟုတ်ဘူးလား ..."

"ဟုတ်တယ်လေ ... ဒါပေမဲ့ ... အာယုတို့ဘက်က တရားလို ...။ နှင့်ဗရုတ်ဟာ ... ဟိုတစ်ခါကလည်း အဲလိုပဲ အာယုကို အိမ်ပေါ်တက် ကြိုးနဲ့တုပ်ပြီး နင်တို့အိမ်ကို လုစားထိုး ရောက်လာပြီးပြီ မဟုတ်လား ...။ ဒီတစ်ခါတော့ ... ကားချင်းယှဉ် လိုက်ပြိုင်ပြီး ... အရင်တစ်ခါကလိုပဲ လူအင်အားနဲ့ ချုပ်နှောင်တုပ်ပြီးမှ အိမ်ပြန်ပို့သတဲ့ ...။

ဒီတစ်ခါတော့ သူ့ဦးလေး၊ အဒေါ်တွေက ဘယ်သည်းခံနေနိုင်ကြတော့မလဲ ...။ အာယုက "သူငယ်ချင်းတွေက ကျီစားတာပါ"လို့ ပြောပေးသေးပေမဲ့ ချက်ချင်းခိုင်ရာသွားတိုင်လိုက်ကြတာ ... ခုရဲစခန်းမှာ ... အားလုံး ...။

www.burmeseclassic.com

www.burmeseclassic.com



ကားတိုက်မှုပါ ... ပါလိုက်သေးသတဲ့ ...။ သူ့အဒေါ်ကိုယ်တိုင် ပြောပြတာပဲ ..."

"အဲဒါတွေက ဘယ်တုန်းက ဖြစ်ပျက်ခဲ့တဲ့ အမှုတွေတဲ့လဲ"

"ချက်ချင်း သွားတိုင်ကြတာပါ ... ဆိုမှ ... ခုမနက်ပဲနေမှာပေါ့ ..."

ငယ်က မ,ကို မျက်မှောင်ကုတ်ကြီးနှင့် လှည့်ကြည့်လာကာ ...

"အဲဒီဖြစ်မှုတွေကို ကျူးလွန်နေရသေးရင် ... မ,နဲ့စိတ်ကြက ဘယ်နားမှာ ... ဘယ်လိုဆုံပြီး လမ်းကြုံဖြစ်ကြရတာလဲ။ ခုလေးတင်မှ အဲဒီကားက ကိုယ့်မျက်စိရှေ့မှောက်အောက်က ထွက်သွားတာ ... အဲဒါတွေအားလုံး ဖြစ်ပျက်နေဖို့လည်း အချိန်မရနိုင်လောက်သေးပါဘူး ...။ ဒီမတိုင်ခင်က ဖြစ်တာပါ ဆိုရင်လည်း ... မ,နဲ့ရှိနေတာ ... သူ့အလီဘိုင်ဆိုရင်တော့ ... အဲဒီအမှုမှာ စိတ်ြ မပါနိုင်ကြောင်း မ,က သက်သေပြုပေးနိုင်မှာပေါ့ ..."

မ,သည် ပြီးလိုက်ချင်ကာမှ ပြီးမရနိုင်သည့် ကိုယ့်ကုသိုလ်ကံကို မုန်းတီးစိတ်ကုန်လာမိကာ ... မျက်ရည်မဝဲမိအောင် အသံကိုပါထိန်းရင်း ...

"မ, အဲဒီလို ဟိုဟိုဒီဒီ နေရာတွေတော့ သက်သေခံ မပါနိုင်ဘူး ... ငယ် ..."

"မ,ဒါက တကယ့်အဖြစ်မှန်လေ ... သူ့သူငယ်ချင်းတွေကဲကြတာပါ ဆိုရင်တောင် ... သူတော့ မပါနိုင်တာ ... မ,အသိဆုံး ..."



"ဟင့်အင်း ..."

"ဘယ်လိုဖြစ်တာလဲ ... သူနဲ့ပဲ လမ်းကြုံပြန်လာတာဆို ... လမ်းမှာတောင် ငယ့်အတွက် အာမတွေခံလာခဲ့သေးတယ်ဆို ..."

ငယ်က မ,ကို တရားခံတစ်ယောက်လို ကြည့်ရင်း ... "တဆိုဆို" နှင့် ဒေါသပြန်ထွက်လာပုံ ရှိပါသည်။ သူ့အား ဥက်ဆင်လိုက်သည့် အမှုအခင်းကြီးကနေ ... မ,တစ်ယောက် လွတ်မြောက်လာပြီး ကောင်းမွန်စွာ အိမ်ပြန်ရောက်လာနိုင်ခဲ့စဉ်က ... မ,ကိုရင်မဆိုင်ရဲသလို ကုပ်ချောင်းချောင်းနှင့် ရှိုးတိုးရှန့်တန့် ရှိခဲ့သော (မ,တစ်ယောက် ဘယ်လိုများ ပြန်ရောက်လာပါလိမ့် ... လို့ စဉ်းစားမရနိုင်အောင် ... အံ့သြတကြီးလည်း ဖြစ်နေခဲ့ပုံရသော ...) လရောင်ဝင်းကတော့ ... ခုမှပဲ ... ဖြစ်ရပ်မှန်တွေကို ဆက်စပ်သဘောပေါက်သွားနိုင်တဲ့ ပုံမျိုးနှင့် ...

"ဒီတစ်ခါကတော့ အချင်းချင်း နောက်ပြောင်ဗရုတ်ကျလိုက်တာမျိုး ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး ... တမင်သက်သက်ကို ညစ်ပတ်သတ် စုတ်ပြတ်ပြီး ... သူတစ်ပါးမနာလို ... ကိုယ်အကျိုးမရှိ ... ဖြစ်တာမျိုးပဲ ..."

"နင့်စကားက ဘာစကားလဲ ..."

"နင့်လူလုပ်ပုံကကော ... ဘာကောင်းလဲ ..."

ငယ်က ဒေါသထွက်ထွက်နှင့် ..."မ ... ..."ဟု သံရှည်ဆွဲကာ အော်ဟစ်လိုက်ပါသည်။ မ,သည် ...

"မ,လို ဣန္ဒြေနဲ့ သိက္ခာနဲ့ တစ်သက်လုံးနေခဲ့တဲ့ ပုံမှန်ဥာဏ်အမျိုးသမီးကောင်း တစ်ယောက်အနေနဲ့ ... တခြား

www.burmeseclassic.com

www.burmeseclassic.com



ဒီပြင်တောင်တောင်အီအီ ကိစ္စမျိုးနဲ့ ဆက်စပ်ပတ်သက်မနေခဲ့ဘူး ဆိုရင်တောင် … ယောက်ျားလေးချင်းချင်း ဖြစ်ပွားထားကြတဲ့ အမူအခင်းမျိုးမှာ … ကြားက အလကားကြားချောင် နာမည်အပျက်ခံကာ … သက်သေသွားလိုက်ပေးတာမျိုး … လုပ်ချင်ပါ့မလား” ဆိုတာမျိုးအထိ (ကိုယ့်အစ်မဘက်က တစ်ဆိတ်ကလေးလောက်တောင်) တွေးမပေးနိုင်တော့သည့် ညီမရင်းဖြစ်သူကိုလည်း စိတ်နာ …။

သူချစ်ရသူ ကောင်းစားရင်၊ ပျော်ရွှင်ရင် ပြီးရော …။ ကိုယ်ကိုယ်တိုင်ရော … ကိုယ့်အစ်မဝမ်းကွဲဖြစ်သူပါ … ဘဝပျက်ပျက်၊ စိတ်ညစ်ညစ်၊ သေချင်ချင် … ဘာဖြစ်ဖြစ် … လုံးဝကို ခေါင်းထဲမထည့်နိုင်တော့သည့် …၊ သူ့မဟုတ်ကမဟုတ်က ကိစ္စကြီး အောင်မြင်မလာတာကိုပဲ … သူကတစ်ဖြန်စီး စိတ်လုပ်ကာ နာနေပုံရသေးသည့် … ဝမ်းကွဲညီမဖြစ်သူကိုလည်း စိတ်နာ။

“မ,ကို အဲဒီလို စိတ်တို၊ ဓောင်းမြောင်း၊ ငြူစူနေကြတာကို မ,က ဆက်ခံစားမနေနိုင်တော့ဘဲ … စခန်းမှာ သက်သေသွားထွက်ရပါပြီတဲ့ …။ တကယ့်အဖြစ်မှန်တွေသာ အတိုင်းသားပေါ်လာရင် … နင်လည်း နင့်အဖေနဲ့ …၊ ဒီ တစ်ယောက်လည်းပဲ ကိုယ့်အဖေနဲ့ကိုယ် … တစ်သက်လုံး ရှင်းမရနိုင်တော့ဘဲ … နင်တို့ဓာတ်လမ်းတွေ … နှစ်ခုစလုံး လုံးဝပြတ်တောက် စခန်းရပ်ကုန်ကြရလိမ့်မယ် …။ အဲဒါကို အတိအကျကြီး ပြောလိုက်ပါပေရဲ့ …။ ဘာဆက်လုပ်ကြမလဲ … ကိုယ့်ဘာသာတွေပဲ ဆုံးဖြတ် … အဲဒီဆုံးဖြတ်ချက်အတိုင်းပဲ … ဆက်လုပ်ကြမယ် …”



ပြီးတော့နဲ့ … မ,က ကိုယ့်အခန်းရှိရာ အပေါ်ထပ်ဆီ ပြေးတက်လာခဲ့ပြီး … အခန်းတံခါးကိုပိတ်ကာ … သော့ချနိုင်ထားလိုက်ပါတော့သည် …။ ခုမှပဲ … မ,အပြည့်အဝ ငိုချခွင့်ရပြီ …။ စိတ်ရိုင်းဖောက်နေတဲ့ အာယု တစ်ယောက် ကားတင်မောင်းပြေးစဉ်က … သူ့မျက်နှာကြည့်,ကြည့်ပြီး “လုပ်ရက်လေခြင်း … လရောင်ရယ်”လို့ … ငိုချင်ပေမဲ့ … ငိုမရခဲ့တဲ့ … မ,။

တလှုပ်လှုပ် တရွရွနဲ့ သူ့လုပ်ရပ်ကို သူသိပ်ဂုဏ်ယူပျော်ရွှင်နေပုံရတဲ့ ကောင်ကလေးတစ်ယောက် … မ,ကိုအိမ်ပြန်လိုက်ပို့ပေးစဉ်က … သူ့မျက်နှာလေးကြည့်,ကြည့်ပြီး …“ညီအစ်မအရင်း … ဆိုလည်း ကုသိုလ်ကံချင်းက မတူနိုင်ဘူး … ငယ့်လိုကံမျိုး … မ,မှာဘာကြောင့် မရနိုင်ရတော့တာလဲ …”လို့ တမေ့တမောကြီး ငိုလိုက်ချင်ပေမဲ့ … ငိုမရခဲ့တဲ့ … မ, …။

ခုမှပဲ … အပြည့်အဝ ငိုချခွင့်ရပြီ …။

ခဏနေတော့ တံခါးလာခေါက်သံလေး ခပ်တိုးတိုး စ,ကြားရကာ …

“မ, ငယ်က … သူလွတ်ဖို့ မ,ကို နာမည်ပျက်ချင်လည်း ပျက်စေ … လို့ … အတင်း စခန်းကို လိုက်ပေးခိုင်းနေတာ မဟုတ်ရပါဘူး …။ သူနဲ့မ, မတော်တဆ လမ်းကြုံလာပြီး … သူက မ,ကို ပြန်ပို့ပေးတယ် … ဆိုတာကြီးက တစ်မျိုးကြီးပဲ မဖြစ်နိုင်ဘူးလား … လို့ …။ ဟိုသတင်း ကြားလိုက်ရတော့ … မ,ဆီက အဖြစ်မှန်ကို အမှန်အတိုင်း ကြားရပါစေတော့ … လို့ … အကွက်ထောက် ဖမ်းကြည့်လိုက်မိတာပါ …။ ခု … ငယ့်စကားကို ငယ် ပြန်ရုပ်သိမ်းပါတယ် …”

www.burmeseclassic.com

www.burmeseclassic.com



"မ, ... လရောင်ကတော့ ... အစစအရာရာအတွက် ... မ,ကို တောင်းပန်ပြီးတော့ ... ရှိခိုးချင်ပါတယ် ...။ မ,က ဘယ်လိုပဲ စေတနာဆက်ထားထား ... ဒီစခန်းကတော့ ဒီ တင်ရပ်ပါပြီ ... လို့ လရောင်က စိတ်ဖြတ်ပိုင်းဖြတ်ထား ပြီးသားပါ ...။ မ,ဆီက ခွင့်လွှတ်မှုကလွဲရင် ... သမီးက ဘာမှမလိုချင်တော့ပါဘူး ..."

သူတို့ရဲ့စကားတွေ၊ တံခါးခေါက်သံတွေကို ... ဘာမှ ပြန်မတုံ့ပြန် ... အဖက်မလုပ်ဘဲ ထားလိုက်လျှင် ... ခဏ လောက်ကြာရင် နှစ်ယောက်လုံး ပြန်ထွက်သွားကြလိမ့်မည် ထင် ပါသည်။ မဲ,ရဲ့အိပ်ခန်းထဲက ပြတင်းပေါက်မှတစ်ဆင့် လှမ်းမြင် နေရသော ခြံထဲက ပိတောက်ပင်ကြီးအောက်မှာတော့ ... ဘယ် တော့မှ မတည့်ကြတဲ့ ... အချိန်ကြာကြာ စကားလက်ဆုံကျနေ လို့ မရကြတဲ့ ညီအစ်ကိုနှစ်ယောက်တို့ရဲ့ စကားဝိုင်းက စိုစိုပြည် ပြည်၊ ရယ်ရယ်မောမောနဲ့ ရှိဆဲပင် ...။

အခွင့်သာတိုင်း မျက်ရည်ကျဖြစ်တဲ့ နည်းတစ်ခုနဲ့ ပဲ ... ရှုးကြည့်တော့မည်ဖြစ်တဲ့ ... မ,ကတော့ ငိုနေမိသေးတုန်းပဲ ဖြစ်ပါသည် ...။

○✧○



## ဇာတ်သိမ်း ... မဟုတ်သေးပါဘူး

"ဒီတစ်ခါ ထပ်အငြင်းခံလိုက်ရတာပါနဲ့ဆိုရင် ဒီတစ်ကြိမ် က ဘယ်နှကြိမ်မြောက်လောက် ဖြစ်မလဲ ... မောင်စီ ..."

စိတြက ... မြင်မြင်ချင်း ဆိုသလို ... ကိုယ့်တိုက် ကွက်ကို ကြိုကာထားလိုက်သည့် အနေနှင့် သူက အရင်ဦးအောင် "တွယ်"ထည့်လိုက်သည့် အော့ကိုကြည့်ကာ "တဟက်ဟက်"နှင့် ရယ်ချလိုက်ရင်း ...

"မင်းအဖေလို လူတည် လူမှန်ကြီးတောင် ... အငြင်းခံ,ခံ နေရတာ ... နှစ်ကြိမ်ရှိသွားပြီဆိုရင် ... ငါလိုကောင်က ... ဆယ့်သုံးကြိမ်မြောက်လောက် ဖြစ်ရတာ ... သိပ်အဖြစ်ဆိုး တယ် မခေါ်လောက်သေးပါဘူး ...။ တစ်ခုရှိတာက ... မင်း အဖေကြီးခများမှာတော့ အဲဒီမိသားစု အသိုင်းအဝိုင်းကြီးထဲ ထပ်ဝင်ချင်လို့ ... နောက်ထပ်သမီးမွေးထားပြန်တဲ့ ညီအစ်ကို တစ်ယောက်နဲ့ နောက်တစ်အိမ် ထပ်မရှိနိုင်တော့ဘူး ...

ငါ့မှာတော့ ... တစ်ရာ့တစ်ကြိမ်လောက် အငြင်းခံ ရရင်လည်း တစ်ရာ့နှစ်ကြိမ်အတွက် ... ဆက်ကူညီပေးနေဦး

www.burmeseclassic.com

www.burmeseclassic.com

မှာပဲဆိုတာ သေချာနေတဲ့ ...၊ ကတိပေးထားတဲ့ ... ငါ့ဘက်သား ... မ,တစ်ယောက်လုံး ရှိနေသေးတယ်ကွ ...”

“မမက ခုထိ မင်းဘက်ကလို့ ပြောရဲနေသေးတာများ ... ကလိထိုးခံနေရတာထက်တောင် ရယ်စရာကောင်းသကွာ... မင်း ဖုန်းလှမ်းဆက်လည်း မကိုင် ... ဆိုင်သွားလည်းမတွေ့နဲ့ဟာကိုများ ...”

“ဟဲ ဟဲ ဟဲ ဟဲ ... ဘယ်ရောက်နေသလဲလို့ ... ဒါမျိုးနဲ့ လာမအစ်နဲ့ ...။ သိတယ် ... ဒါပေမဲ့ ... မပြောဘူးကိုယ့်လူ ... ဟဲ ဟဲ ဟဲ ...”

အာယုမှာ ရုတ်တရက် ရှုးရှိုင်းသွားမိသည့် ကိုယ့်စိတ်ဓာတ်၊ လုပ်ရပ်တို့အတွက် ...မမကို တောင်းပန်ချင်ပါသော်လည်း ... ခုချိန်ထိ အခွင့်ကမသာသေးပါ ...။ အာယုရဲ့ဖေဖေ ဦးတင်ဦး ခများမှာတော့ ...

“စိတ်မရှိပါနဲ့ဗျာ ... တောင်းပန်ပါတယ် ... အနုးအညွတ်ကြီး ပြောလိုတာပါ ...။ အိမ်က သမီးကလေး ‘လရောင်ဝင်း’က ဒီကိစ္စကြီးကို လူကြီးချင်း ဖြစ်မြောက်အောင် အတင်း ဆက်ကြိုးစားနေကြရင် ... ကိုယ့်ကိုယ်ကိုယ် သတ်သေရပါလိမ့်မယ် ... ဆိုလို့ပါ ...။ အခင်အမင်တွေတော့ မပျက်ချင်ပါဘူး ...။ ဒါပေမဲ့ သားရေး သမီးရေးကိစ္စကို ကျုပ်တို့ဘက်က လက်မခံပါရစေနဲ့ ကိုတင်ဦးရာ... ငြင်းပါရစေ ...။ တောင်းပန်ပါတယ် ...”

ဆိုတဲ့ လရောင်ရဲ့ဖေဖေ ဦးခင်မောင်ဝင်းရဲ့ စကားတစ်ခွန်းနဲ့တင် ... လောကကြီးမှာ ... အတော်အောက်ကျနောက်



ကျနိုင်၊ နေမပျော်တော့သူ တစ်ယောက်အဖြစ် ... မန္တလေး ပြန်ချသွားခဲ့ပါပြီ ...။

အဖေသား အာယုကတော့ ... နေမပျော်တော့သော်လည်း ... ကိုယ့်ဓာတ်ကိုတော့ ကိုယ်ဆက်က,နေရဆဲ ...။ တခြားဘာ့အတွက်ကိုမှ မဟုတ် ... တောင်းပန်ခွင့်ရဖို့ တစ်ခုလေးအတွက်ကိုပဲ ... မျှော်လင့်အသက်ရှင်နေရဆဲ ...။

အာယုက စိတြာဘက်ကို လက်ကမ်းပေးလိုက်သည်။ စိတြာက “ဘာ့အတွက်ကြောင့်လဲ ...”ဟု ဘုမသိ ဘမသိ ဇဝေဇဝါ ဖြစ်သွားပုံရပြီးမှ ... သူ့ညာလက်ကို အာယုရဲ့ ညာလက်ထဲ ပြန်ထည့်ပေးလိုက်လေသည်။

“ကျေးဇူးတင်တယ် မောင်စီ ...၊ မင်း ဝင်နှောင့်ထည့်လိုက်လို့ ... ငါ့အစီအစဉ်ကြီးက ဒီလောက်ကလေးနဲ့ အဆုံးသတ်၊ ပျက်ထွက်သွားရတာ ... မင်းကို ငါ သိပ်ကျေးဇူးတင်နေမိတယ်၊ နို့မို့ ငါ့တစ်သက်လုံး အဲဒါကြီးက ... အတော်ကြီး ခံစားရချက် ဆိုးနေတော့မှာ ...”

စိတြာမှာ လက်ချင်းဆွဲဆုပ်ပြီး ယမ်းခါနေတဲ့ အာယုရဲ့ လှိုက်လှိုက်လှဲလှဲ အပြုအမူကို သူကိုယ်တိုင်လည်း ... စိတ်ပါလက်ပါ တုံ့ပြန်နေဆဲကပင် ...

“ငါကတော့ မင်းကို သတ်ချင်နေသေးတယ် အော ... မင်းတို့လုပ်လိုက်ကြတာ ... ငါ့မှာ ရဲဘော်ရဲဘက် လေးကောင်လုံး ပြုတ်ထွက်သွားရပြီ ...။ စနေ တနင်္ဂနွေတွေ အချိန်ပိုနေရင်တောင် ... မင်းနဲ့ပဲ လာထိုင်နေရတာ... နည်းတဲ့အော့နှလုံးနာရမှုကြီးလား ...။

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကောင်တွေကို သူတို့အိမ်တွေက ငါနဲ့ပေါင်းရင် ကျောင်းတောင်ထုတ်ပစ် မတတ်လို့ ... ရာဇသံပစ်ထားကြတာကွ ...”

“မပူပါနဲ့ ...။ တစ်သက်လုံးလည်း ... ဘယ်နကြိမ်မြောက်ရောက်ရောက် ... ဆက်ပြင်းနေဦးမဲ့ ... မင်းကောင်မလေးကို ... တစ်ခုခု ကြံစွယ်ချင်လာရင် ... အဲဒီကောင်တွေမရှိလည်း ... ငါတစ်ယောက်နဲ့ပဲ အဆင်ပြေနိုင်ပါတယ် ...”

“မင်းနဲ့ ... ! ... ဟား ဟား ... ကိုယ့်ကိစ္စတောင် ကိုယ်အောင်မြင်အောင် မလုပ်နိုင်တဲ့ကောင်က ... ငါ့ကိုကူဖို့ ကမ်းလှမ်းနေသေးတယ် ... ဟီး ဟီး ... ဟား ဟား ...”

အာယုနှင့် စိုးတြတို့ ... တစ်ယောက်နဲ့ တစ်ယောက်လက်ချင်းဆုပ်ကိုင်ထားကြရာက ... ဖက်လှဲတကင်း အပြန်အလှန်ပွေ့ဖက်လိုက်ကြပြီး ... လှိုက်လှဲ စိတ်ပါစစ်မှန်စွာ ... ရယ်မောနေမိကြပါတော့သည် ...။ ထိုအချိန်မှာပဲ ... စိုးတြရဲ့ဟဲန်းဖုန်းလေးက ထ,မြည်လာကာ ...

“ဒီမယ် ... စိုးတြ ... နင့်ကိုယ်နင် ... ဟုတ်လှပြီ ... ပိုင်နိုင်လှပြီ ... လည်မွတ်လှပြီများ ... ထင်မနေနဲ့ဟဲ့ ...။ ငါ့အိမ်ရှေ့က ‘နှောင်နှောင် ... ဆီးပေါင်းသည်ကြီး’ဟာ ... နင့်လူမှန်း ငါကမသိဘဲ နေရမလား ... ခုချက်ချင်းလာ ပြန်ခေါ်သိမ်းချေ ...။ ငါလိုလူကပဲ ... အငိုက်မိပြီး ... အဲဒီ ဆီးပေါင်းကို ထွက်ဝယ်စားမိရဦးမယ်လို့ ... နင့်မို့တွက်ရဲပလေ ... ကျွတ် ... ဘယ်လိုဗရုတ်သုတ်ခ အစားထဲကမှန်း မသိပါဘူးတော် ... နှမချင်းမစာနာ ...၊ မိဘချင်း မစာနာ ...



နင့်လူကြီး လျှောက်အော်ဟစ်နေတာကို ရပ်ကွက်ကရိပ်မိလို့ ငါ့အဖေ ငါ့မိဘ အရှက်ရပြီး ... ငါ့ကိုပြန်မဲရင် နင့်လည်း ငါကအရှင်မထားဘူးမှတ် ...။ ရဲတင်းနဲ့ ခေါင်းငြုတ်၊ ခုတ်သတ်ပစ်ဦးမှာ ...။ မယုံမရှိနဲ့ ... ခုချက်ချင်း နင့်လူကြီးရဲ့ ပါးစပ်ကို လှာပိတ်ခိုင်းပြီး ... လှည်းရောလူပါ လာပြန်ခေါ် ... ဒါပဲ ...

ဩော် ... ဒီမယ် ... ငါက ဖုန်းစဆက်ရတယ်လို့ များ ... လိုရာဆွဲတွေးဦးမယ် ... မကြံလိုက်နဲ့နော် ...။ နင့်ကို ငါက အပြတ်ကို ဖြတ်ပြီးသား ...။ ဘာမှလာထပ်မပတ်သက်နဲ့တော့ ... အပြီးအပြတ်ပဲ ... လုံးဝပဲ ...”

ငယ့်အသံလေး ပျောက်သွားမှ ... စိုးတြက ခေါက်ဖုန်းလေးကို “ဖြတ်”ခနဲ ခေါက်ပိတ်ချလိုက်လျှင် ... နံဘေးကနေ ကြားမနေရသော်လည်း အားလုံး သိပြီးနေနိုင်ဟန်တူတဲ့ အောက ...

“ဆယ့်လေးကြိမ် ...”

“အဲဒီထက်တောင် ဆိုးသေး ...။ ငါခိုင်းထားရတာလည်း မဟုတ်ဘဲနဲ့ ... ဘယ်ကမှန်း ဘယ်သူမှန်း မသိတဲ့ ... လှည်းနဲ့လူတစ်ယောက်ကို ... အဲဒီလမ်းထဲ ဈေးသွားမရောင်းဖို့ ... သွားတောင်းပန်ပြီး ... အချဉ်ပေါင်းတွေပါ ... ပှည်းတစ်စီးတိုက်စာဖိုး ရှင်းပေးရဦးမဲ့ပုံပဲ ...”

စိုးတြက ခေါင်းတခါခါနှင့် သူ့ကားပေါ် သူပြန်တက်လျှင် ... အာယုကလည်း ဘေးရှေ့တံခါးကို ဆွဲဖွင့်ကာ ... ကားပေါ် အတူတက် ... လိုက်ထိုင်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတြက "ဆယ့္ငါးကြိမ္၊ ဆယ့္ေျခာက္ႀကိမ္၊ ဆယ့္ခုနစ္ႀကိမ္"မ်ားအတြက္ အၿမဲလႈပ္ရွား တက္ႂကြကာ ... အသင့္အေနအထားႏွင့္ အၿမဲရွိေနႏိုင္လွ်င္ ...။

ေမွ်ာ္လင့္ခ်က္တစ္ခုႏွင့္ အာယုသည္လည္း လူကိုယ္တိုင္ကို ႀကံဳေတြ႕ခြင့္ရမည္ မဟုတ္သည့္ ရပ္ကြက္တစ္ခု၊ လမ္းတစ္လမ္း၊ အိမ္တစ္အိမ္ေရွ႕မွာ တစ္ခဏတာ ... ရပ္ခြင့္၊ ျဖတ္ခြင့္တို႔အတြက္ ... အၿမဲအဆင္သင့္ပင္ ... ရွိေနႏိုင္ပါသည္ ...။

○ ✧ ○

ပုဏ္ဏမီ

www.burmeseclassic.com